www.burmeseclassic.com



www.burmeseclassic.com

စာပေလောကစာအုပ် အမှတ် ၁၅၁ – ဒု

ခင်စိုး၊ မိုးကျော်၊ မတာ၊ မညိုပြာ၊ ရီရီမာ

# မြန်မာပြည်မှာနေကြသည်

## မိုးမိုး (အင်းလျား)

ဝ

စာပေလောက စာအုပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့။
[ ဖုန်း – ၃၇၄၃၉၁၊ ၂၈၅၁၆၆ ]
e-mail : splkygn@mptmail.net.mm

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


၁။ ခင်စိုး ကင်ပွန်းစခန်းမှာ နေသည် ၁

၂။ မိုးကျော် ကျောက်ပန်းတောင်းမှာ နေသည် ၃၅

၃။ မတာ မန်ကျည်းစဉ်ရွာမှာ နေသည် ၆၁

၄။ မညိုပြာ ကောလိယချောင်းနံဘေးမှာ နေသည် ၁၁၃

၅။ ရီရီမာ ဆယ့်နှစ်လုံးတန်းမှာ နေသည် ၁၆၁

–။ စာရေးသူ၏ စာပေ နှင့် ဘဝဖြစ်စဉ် မှတ်တမ်း ၂၀၈


www.burmeseclassic.com

www.burmeseclassic.com

## ခင်စိုး ကင်ပွန်းစခန်းမှာ နေသည်

သူတို့ လူစုထဲတွင်တော့ ခင်စိုးသည် အသက်အငယ်ဆုံးဖြစ်သည်။ ခန္ဓာကိုယ်ကလည်း သေးကွေးလှသည်။ သူ့အစ်မဝမ်းကွဲ အေးမြက ခင်စိုးထက် အသက် နှစ်နှစ်ခန့်သာကြီးသော်လည်း အရပ်မြင့်ပြီး ထွားကျိုင်းသည်။ သို့သော် ခင်စိုးသည် သူတို့အားလုံးထဲတွင် အသွက်လက်ဆုံး၊ အလျင်မြန်ဆုံး ဖြစ်လေသည်။

'အားလုံး သုံးဆယ့်နှစ်ပိဿာရှိတယ်၊ မင်းတို့ ဘယ်နှစ်ယောက်လဲ'

အလုပ်သမားခေါင်းဆောင် ကိုအောင်မြင့်က ကတ္တားခလုတ်ကို ဆွဲချရင်း မေးလိုက်သည်။

'နှစ်ယောက်'

'ရမလားကွ၊ နှစ်ယောက်တည်းနဲ့'

'ရပါတယ်'

'မဖြစ်ဘူး၊ မဖြစ်ဘူး၊ နောက်တစ်ယောက်ထပ်ခေါ်'

ခင်စိုးက သူ့နောက်တွင်ရပ်နေသော အေးမြကို လှည့်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com


'အေးလှ ခေါ်လိုက်စမ်းဟာ'

အေးမြက ခပ်လှမ်းလှမ်းတွင်ရပ်ကြည့်နေသော အေးလှကို လက်ယပ်ခေါ်လိုက်လေသည်။ အေးမြ၏ညီမ အေးလှရောက်လာသည်။ ကိုအောင်မြင့်သည် အေးလှကိုကြည့်ပြီး ခေါင်းကို မသိမသာ ခါယမ်းပစ်လိုက်လေသည်။ အေးလှ၏ပုံက အထမ်းထမ်းဖို့မသင့်။ အေးလှသည် အသားမည်းပြီး ခန္ဓာကိုယ်က ပိန်ကပ်နေ၏။ သူတို့အရွယ် လူမမယ်လေးတွေကို အလေးချိန်များများ သယ်ခိုင်းရန် ခွင့်မပြု။ သို့သော် သူတို့ကလည်း ဝေစုနည်းမည်စိုးသဖြင့် လူနည်းနည်းနှင့် အလေးချိန်များများ သယ်ချင်ကြသည်။ မတတ်နိုင်။ ယခု သုံးယောက်မျှသယ်မည်ဆိုတော့ တော်သေးသည်။

ခင်စိုးသည် ကတ္တားပေါ်မှ သားရေအိတ်များ အထုပ်များကို သွက်လက်စွာ ဆွဲချ၏။ ပိုင်ရှင်က သူ့ပစ္စည်းများရေတွက်သည်ကို စောင့်ကြည့်သည်။ သူကလည်း စိတ်ထဲမှလိုက်ပြီး ရေတွက်သည်။ သားရေအိတ်ကြီး လေးအိတ်၊ အိပ်ရာလိပ်တစ်ခု၊ ခြင်းတစ်ခြင်း။

'အစ်ကိုတို့ ခုချက်ချင်း တက်မှာလား'

ခင်စိုးက ပိုင်ရှင်ခရီးသည်ကို မေးသည်။

'ထမင်းစားပြီးမှ တက်မှာ'

'ကျွန်တော်တို့ တက်နှင့်မယ်၊ ရေမြောင်ကြီးမှာ နားမယ်မဟုတ်လား၊ ကျွန်တော်တို့ စောင့်နေမယ်၊ အစ်ကိုတို့ ဘယ်ထမင်းဆိုင်မှာ တည်းမှာလဲ'

'ကောင်းမယ်ထင်တဲ့နေရာ သွားပါကွာ'

'ကျွန်တော်တို့ မေတ္တာလွင်က စောင့်နေမယ်၊ အစ်ကိုတို့လိုက်ခဲ့နော်'

'တို့က မင်းတို့ကို လမ်းမှာ မီချင်မီမှာပေါ့၊ မင်းတို့က ပစ္စည်းတွေထမ်းပြီး တက်ရမှာပဲ'

ခင်စိုးက မထီတရီ ပြုံးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com


'ကြည့်သေးတာပေါ့ အစ်ကိုရာ'

ထိုလူက ခင်စိုး၏ ပခုံးကိုပုတ်ကာ ရယ်လေသည်။

'အေးကွာ၊ မင်းတို့ရောက်နှင့်ရင်လဲ စောင့်နေပေါ့၊ တို့ကတော့ နားနားနေနေပဲ၊ လူကြီးတွေနဲ့ အမျိုးသမီးတွေလဲပါတယ်၊ မင်းတို့နဲ့ကြုံရင်လဲ စောင့်ပေါ့ကွာ၊ အဖော်ရတာပေါ့'

'ဟုတ်ကဲ့၊ ဒီအချိန်ကတော့ လူမပြတ်ပါဘူး'

ခင်စိုးက သွက်လက်စွာပြန်ပြောပြီး သူ့အဖွဲ့ကို လှည့်ကြည့်သည်။ အေးမြနှင့် အေးလှက ပစ္စည်းတွေအားလုံးကို ထမ်းမည့်ခြင်းတွေထဲ အသင့် ထည့်ပြီးလေပြီ။ ခင်စိုးသည် ခြင်းသုံးလုံးကို အညီအမျှဖြစ်အောင် ဆကြည့်သည်။ ပြီးတော့ ခြင်းတစ်ခြင်းကို ဆွေ့ခနဲမပြီး ခြင်းမှာတပ်ထားသော လက်ကိုင်ကွင်းနှစ်ခုကို ပခုံးပေါ် အလိုက်သင့်ကျအောင်စွပ်ချလိုက်လေသည်။

'အေးမြနဲ့ အေးလှ နင်တို့ ရှေ့ကသွားနှင့်'

အေးမြသည် ထဘီကို တိုတိုနှင့်ခိုင်ခိုင် ပြင်ဝတ်လိုက်သည်။ ကျစ်လျစ်သန်မာသဖြင့် အချိန်တစ်ဆယ်ခန့်ပါသော ခြင်းကို ပခုံးပေါ်သို့ ဆွေ့ခနဲ တင်လိုက်နိုင်သည်။ အေးလှကတော့ ခပ်ယဲ့ယဲ့ပင်။ ရာဘာဖိနပ် အမြီးပြတ်ကို စီးထားသော သူ့ ခြေဖမိုးများသည် မည်းညစ်ပြီး အကြော ပြိုင်းပြိုင်း ထနေသည်။ ခြေသလုံးရိုးကလည်း မည်းပြီး ငေါထွက်နေသယောင် ရှိသည်။ သို့သော် သူ့ကိုလည်း ချည့်နဲ့သည်ဆိုပြီး အထင်သေး၍ မရ။ အများနည်းတူပင် ကြိမ်ခြင်းကို နိုင်နိုင်နင်းနင်း ကျောပေါ်ပစ်တင်လိုက်သည်။ ရတ်တရက်တော့ ခန္ဓာကိုယ်မှာ ယိုင်သွားသယောင်ရှိသော်လည်း တောင်ပေါ်တက်ပြီဆိုတော့ သူ ရှေ့ဆုံးက။ သူအမြဲဝတ်လေ့ရှိသော ရှန်သားအပွင့် လက်ပြတ်အင်္ကျီသည် ချွေးစိုသည်ကို မတွေ့ရတတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com


အေးမြတို့ ညီအစ်မ ရှေ့ကထွက်သွားပြီး ငါးမိနစ်ခန့်ကြာမှ ခင်စိုး လိုက်သွားသည်။ တပို့တွဲလဖြစ်သဖြင့် နေမပြင်းလှသေးသော်လည်း မွန်းတည့်ချိန်ဖြစ်၍ နေရောင်လဲ့လဲ့သည် လမ်းပေါ်သို့ ဖြာကျနေသည်။ ထမင်းဆိုင်များ၊ ဝါးပစ္စည်းတွေရောင်းသော ဆိုင်တန်းများကို လွန်လာခဲ့သော် နေရောင်သည် ရိပ်တစ်ခါ သာတစ်လှည့်ဖြင့် ဘုရားဖူးခရီးသည်တို့၏ အတက်လမ်းမှာ သာတောင့်သာယာ ရှိနေလေသည်။

အခေါက်ပေါင်း မရေတွက်နိုင်ပြီဖြစ်သော ကျိုက်ထီးရိုးဆံတော်ရှင်၏ တောင်ပေါ်လမ်းသို့ ခင်စိုးသည် ခြေလှမ်းမှန်မှန်ဖြင့် လှမ်းတက်ခဲ့လေ၏။

*   *   *

'အလွန် တန်ခိုးကြီးတဲ့ဘုရား၊ သုံးခေါက်ရောက်ရင် ချမ်းသာသတဲ့၊ ကျွန်မတို့တော့ တစ်နှစ်တစ်ခါ မှန်မှန်လာတယ်'

အသက်ရှုသံမမှန်သည့်ကြားက ပြောလိုက်သော ဘုရားဖူးအမျိုးသမီးကြီးတစ်ယောက်၏ အသံကို နားထောင်ရင်း ခင်စိုးသည် မပြုံးချင့်ပြုံးချင် ပြုံးမိ၏။ အခြားသူတွေ ချမ်းသာလား၊ မချမ်းသာလားတော့ မသိ။ ခင်စိုးတို့ မိသားစုမှာတော့ ကျိုက်ထီးရိုး၏ တန်ခိုးတော်ကြောင့် ထမင်းနပ်မှန်အောင်စားနေရသည်မှာ ဒိဋ္ဌ ဖြစ်သည်။ ခင်စိုး၏ မိဘများသည် ခင်စိုးကို မမွေးဖွားမီကပင် ကင်ပွန်းစခန်းရွာကလေးတွင် အခြေတကျ နေထိုင်ခဲ့ကြ၏။ တောသူတောင်သားတို့၏ သဘာဝတောင်ယာအလုပ်ဖြင့် အသက်မွေးခဲ့ကြသည်။ ကျိုက်ထီးရိုးစေတီ၏ တန်ခိုးတော်ဖြင့် ဘုရားဖူးခရီးသည်တွေ တစ်စတစ်စ များပြားလာသည့်အချိန်တွင်တော့ ကျိုက်ထိုနှင့် ကင်ပွန်းစခန်းမှ လူများမှာလည်း အလိုအလျောက်စီးပွားရေးလမ်း ပွင့်ခဲ့ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com


ငွေအရင်းအနှီးကလေးရှိသူတွေက ထမင်းဆိုင်တွေ၊ ပစ္စည်းအရောင်းဆိုင်တွေ ဖွင့်ကာ ငွေရှာလာကြသလို ခန္ဓာကိုယ်အင်အားဖြင့် ရင်းနှီးနိုင်သူတွေက သယ်ယူပို့ဆောင်ရေးဘက်မှာ ကျင်လည်တတ်လာလေသည်။ ခင်စိုး၏ အဖေကိုယ်တိုင်က သူ၏ သန်မာထွားကျိုင်းသော ကိုယ်ခန္ဓာအင်အားကို ရင်းကာ ပိုက်ဆံရှာခဲ့သူဆိုတော့ ခင်စိုးတို့ ညီအစ်ကိုတစ်တွေလည်း သည်လမ်းစဉ် လိုက်ခဲ့ရသည်မှာ အဆန်းမဟုတ်တော့ပါချေ။

အဖေသည် အထမ်းသမားဘဝဖြင့် သူတို့ကို လုပ်ကျွေးခဲ့သည်။ ကုန်လွန်ခဲ့သော ကာလများမှာ ဆင်းတောင့်ဆင်းရဲ နေခဲ့ရသည်ဟု မဆိုသာ။ ခင်စိုး၏ အစ်ကိုကို ခုနစ်တန်းအထိ ကျိုက်ထိုကျောင်းမှာ ထားပေးခဲ့သည်။ ထို့နောက် အလုပ်လုပ်ချင်သည်ဆို၍ ဘကြီးရှိရာ စစ်တောင်းသို့ ပို့လိုက်သည်။ ခင်စိုးက မနှစ်ကအထိ လေးတန်းမှာ ပညာသင်ရဆဲ။ သို့သော် ကံမကောင်း အကြောင်းမလှချင်တော့ အဖေ အသည်းရောင်ရောဂါ ဖြစ်ကာ ဆေးရုံတက်ရလေသည်။ အဖေသည် ခင်စိုးကို ကျောင်းမထွက်စေချင်ပေ။ စစ်တောင်းမှ သားကြီးဖြစ်သူကို ပြန်မှာ၏။ အစ်ကိုက ပြန်တော့ လာရှာပါ၏။ သို့သော် သူကလည်း သန်သန်စွမ်းစွမ်း မဟုတ်တော့ချေ။ မဆီမဆိုင် မုတ်ဂမော့တိုက်ပွဲမှာ ကြားထဲက သေနတ်မှန်ခံရ၍ ဆေးရုံတက်ထားရသဖြင့် ခြေထောက်တစ်ဘက် ဆာနေလေပြီ။

ခင်စိုးသည် အပင်ပန်းမခံနိုင်တော့သော အဖေ့ကို နားစေကာ အဖေ့နေရာ လူစားဝင်ရလေသည်။ အဖေကတော့ သူကောင်းစွာ ကျန်းမာလာလျှင် သားဖြစ်သူကို အထမ်း မထမ်းခိုင်းဘဲ ကျောင်းဆက်ထားမည်ဟု တဖွဖွ ပြောဆဲဖြစ်၏။ ခင်စိုးကလည်း မလွဲမသွေကျရောက်လာသည့် သူ့တာဝန်ကို သူ ထမ်းဆောင်ရန် ဝန်မလေးပေ။ ကင်ပွန်းစခန်းမှာ သက်တူရွယ်တူ လူငယ်ပေါင်းများစွာသည် တောင်ပေါ်နှင့် တောင်ခြေကို ပျော်ရွှင်တက်ကြွစွာ ကူးသန်းနေကြပြီ မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com


သူတို့၏ ကျောပေါ်မှ ဝန်ထုပ်ဝန်ပိုးများသည် အသပြာငွေစအဖြစ် ပြောင်းလဲကာ သူတို့ဘဝခရီးကို ဆက်ပေးနေကြလေပြီ။

'ဘုရားတန်ခိုးကြောင့်သာ စိတ်ဆောင်ပြီးတက်ရ၊ အံ့မယ်လေး မောလိုက်တာ'

မိန်းမကြီးတစ်ဦးက ညည်းညူလိုက်၏။

ရေမြောင်ကြီး စခန်းသို့ နီးလာလေလေ၊ အတက်လမ်းကကြမ်း တမ်း လေလေ။ ဘုရားဖူးခရီးသည်တို့သည် ဖွဲနှင့် မာန်နှင့် အားခဲ၍ တက်ကြ၏။ ခင်စိုးသည် ခြေလှမ်းမှန်မှန်နှင့် လှမ်းတက်ရင်း သူ့ဘေးမှပါလာသော ဘုရားဖူးတစ်သိုက်နှင့် အပျင်းပြေ ကပ်လိုက်လာခဲ့၏။

ခင်စိုးတို့အတွက် နေ့စဉ်နှင့်အမျှ အနယ်နယ်အရပ်ရပ်မှ ရောက်လာကြသောလူများနှင့် တွေ့ကြုံရသည်မှာ တစ်မျိုးတော့ စိတ်ဝင်စားစရာ ကောင်းလေသည်။

'နားကြဦးစို့ရဲ့'

မိန်းမကြီးနှင့် သားသမီးများဖြစ်ဟန်တူသူ ကောင်လေးနှင့် ကောင်မလေး နှစ်ယောက်သည် အပန်းဖြေ တဲစခန်းလေးအတွင်းသို့ဝင်ကာ အနားယူကြလေသည်။ ခင်စိုးကလည်း သူတို့နှင့်ရောကာ နားလိုက်သည်။ သားရေအိတ်ကြီးနှင့် ခြင်းတစ်လုံးပါသော သူ့ အထမ်းကို ဝါးခုံတန်းပေါ် ပစ်ချလိုက်သည်။ ရေငတ်သော်လည်း မသောက်ဖြစ်ပေ။ ဝါးရုံပင်များကြားမှ တိုးဝှေ့တိုက်ခတ်လာသော လေပြည်၏အရသာကိုခံရင်း ဝါးတန်းလျားပေါ် ခြေတွဲလောင်းချကာ ထိုင်လိုက်သည်။ ဘုရားဖူးမိသားစုသည် ရေတစ်ခွက် ဆယ်ပြားဟု ရေးထားသော သောက်ရေအိုးစင်သို့သွားကာ ရေကို အလု အယက် ခပ်သောက်ကြလေသည်။ အေးလှတို့အရွယ်လောက်ပင် ရှိမည် ထင်ရသော ကောင်မလေးသည် ချွေးစက်များစီးကျနေသော လည်တိုင်ကို

www.burmeseclassic.com

www.burmeseclassic.com


မော့ကာ ရေစက်များ နှုတ်ခမ်းမှစီးကျလာသည်အထိ အငမ်းမရ မော့သောက်နေလေသည်။

'ဟဲ့ သမီး ဖြည်းဖြည်းသောက်၊ ရေနင်နေဦးမယ်'

မိခင်ဖြစ်သူက လှမ်း၍ သတိပေး၏။ ကောင်မလေးသည် ရေကို တစ်ခွက်နှင့်တစ်ဝက် သောက်ပြီးမှ ရေခွက်ကို သူ၏ဖြူဖွေးသောလက်ချောင်းလေးများအတွင်းမှ လွှတ်ချလိုက်သည်။ သူ့အစ်ကိုက ငွေအကြွေများကို ဂျင်းဘောင်းဘီအိတ်ထဲမှ နှိုက်ကာ ထုတ်ပေးလိုက်သည်။ သူတို့သည် ဝါးခုံတန်းဆီသို့ ပြန်လာကာ ခင်စိုး၏ ဘေးမှာထိုင်လိုက်ကြ၏။

'ဟင်း၊ မောလိုက်တာ၊ အဝေးကြီးလိုသေးတယ်နော်၊ ဒက္ခပဲ'

ကောင်မလေးက ပလတ်စတစ်ဆွဲအိတ်ကလေးကို ဘေးသို့ပစ်ချရင်း ညည်းညူလိုက်၏။ သူ၏ လက်သည်းချွန်ချွန်လေးများပါသော လက်ချောင်းလေးများဖြင့် ဆံပင်တိုတိုများကြားသို့ ထိုးသွင်းကာ ခေါင်းကို ခါယမ်းလိုက်သေးသည်။

'ခုမှ အစရှိသေးတယ်၊ ညည်းမနေနဲ့'

သူ့အစ်ကိုက ပြော၏။

'ညည်းတာ ဘာဖြစ်လဲ၊ မောလို့ မောတယ်ပြောတာပဲ၊ နင်ကော မမောဘူးလား'

'မမောပါဘူး၊ ဒါလောက်လေးများ'

'အံမယ် အာလူး၊ မမောရင် မနားတမ်း တက်သွားပါလား'

'တက်နိုင်ပါတယ်နော်၊ နင်တို့ကို စောင့်နေရလို့'

'မစောင့်ပါနဲ့ ရပါတယ်'

'နင့်တော့ မစောင့်ပါဘူး၊ မေမေ့ကို စောင့်တာ'

'အပိုတွေ'

www.burmeseclassic.com

www.burmeseclassic.com


ခင်စိုးသည် သူတို့မောင်နှမ ချစ်ခင်ရင်းနှီးစွာ ရန်ဖြစ်နေသည်ကို ကြည့်ကာ အလိုလိုကြည်နူးမိလေသည်။ အိမ်တွင်ခင်စိုး၏အောက် အသက် လေးနှစ်သာရှိသေးသော အငယ်မလေး ဂျစ်တူးရှိသည်။ ဂျစ်တူးသည် အသားဖြူဖြူ ဝဝကစ်ကစ်နှင့် ချစ်စဖွယ်လေးဖြစ်ရာ 'ကြီးလာရင် ဒီကောင်မလေးလိုပဲ လှမှာပဲ' ဟု မဆီမဆိုင် တွေးမိလေ၏။ ဂျစ်တူး မွေးပြီးသည့်နှစ်မှာပင်အမေက ချူချာလှသဖြင့် အိပ်ရာထဲတခွေခွေ ဖြစ်နေခဲ့လေသည်။ ယခင်ကတော့ အမေသည်လည်း ဒူးရင်းတို့ တညင်းတို့ လွယ်ကာ ကုန်ကူးခဲ့လေ၏။ ယခုတော့ အမေသည် ထမင်းဟင်းချက်ရုံသာ တတ်နိုင်တော့သည်။

'ကဲ ရန်ဖြစ်မနေကြနဲ့၊ တက်ကြမယ်'

မိခင်ဖြစ်သူက လောဆော်လိုက်၍ စကားနိုင်လုနေကြသော မောင်နှမနှစ်ယောက်သည် မိန်းမကြီးကို အလယ်မှာထား၍ လက်ဆွဲကာ ခရီးဆက်ကြလေသည်။ ခင်စိုးသည် သူ့အထမ်းကို မ ကာ ကျောပေါ်တွင် နေရာချလိုက်၏။

'နင် တကယ်တက်နိုင်တယ်ဆိုရင် အဲဒီ ကောင်လေးလို အထမ်း ထမ်းပြီး တက်ပါလားဟင်'

ကောင်မလေးက ခင်စိုးဘက်သို့ မေးငေါ့ပြကာ သူ့အစ်ကို ကို လိုက်စပြန်လေသည်။ သူ့အစ်ကိုက ပခုံးပေါ်မှ သားရေအိတ်အသေးစား လေးကို ပြောင်းလွယ်ရင်း ခင်စိုးကို လှည့်ကြည့်သည်။ ခင်စိုးက အတက် လမ်းမို့ ခါးတစ်ဝက်ရောက်အောင် ကုန်းထားသော သူ့ကျောကို အနည်းငယ် မတ်ကာ ပြုံးလိုက်သည်။

'သိပ်ထမ်းနိုင်တာပေါ့၊ ထမ်းပြရမလား၊ ညီလေး အဲဒါ အချိန်ဘယ် လောက် ရှိသလဲဟင်'

www.burmeseclassic.com

www.burmeseclassic.com


'တစ်ဆယ်လောက်ပါ'

ကောင်လေးက ပခုံးတွန့်လိုက်၏။ ကင်းပတ်ဖိနပ်စီးထားသော ကောင်လေး၏ ခြေထောက်များသည် နောက်ပြန်ဆွဲနေသဖြင့် တဘုတ်ဘုတ် မြည်နေသည်။

'ဟဲ ဟဲ၊ ဖျားသွားပြီ မဟုတ်လား'

ကောင်မလေးက လှောင်ရယ်၏။ သူတို့ အမေကပါ ခင်စိုးကို စိတ်ဝင်စားစွာ ကြည့်လိုက်သည်။

'အေးဟဲ့၊ ငါတို့များ အဲဒီအထမ်းနဲ့ တက်ရရင် သေလုရောနေမှာ'

ကောင်မလေးသည် ဆံပင်တို့ကို လက်ဖြင့်ထိုးသပ်ရင်း ခင်စိုးကို ပြုံးပြ၏။

'နင် မမောဘူးလား ဟင်'

'မောတာပေါ့ဟဲ့၊ မေးပလေ'

သူ့အစ်ကိုက ကြားဝင်ဖြေသည်။ ခင်စိုးကတော့ ပြုံး၍သာနေ၏။ သူ့ပခုံးပေါ်မှ ခြင်းလက်ကိုင်နှစ်ခုကို နေရာပြင်၍ ခပ်တင်းတင်း ဆုပ်ကိုင်လိုက်သည်။ လောလောဆယ်အားဖြင့် သူ ထမင်းဆာနေသည်။ မနက်ကလည်း အလုပ်သမားရုံးကို စောစောရောက်အောင်လာခဲ့ရသဖြင့် ထမင်းဝအောင် မစားခဲ့ရ။ ခင်စိုးတို့လို ရုံးမှာ မှတ်ပုံတင်ထားသော အလုပ်သမားများမှာ အလှည့်ကျ လိုက်ရသည်မှန်သော်လည်း တစ်ခါတစ်ရံပျက်ကွက်သူများရှိလျှင် လူစားလိုက်နိုင်သည်။ ခင်စိုးသည် ထိုသို့သော အခွင့်အရေးကို အမြဲစောင့်ဆိုင်းနေရသူ ဖြစ်လေသည်။ အခေါက်များများလိုက်နိုင်လေ ပိုက်ဆံများများရလေ မဟုတ်ပါလား။

'မင်းအသက် ဘယ်လောက်ရှိပြီလဲ'

မိန်းမကြီးက မေးသည်။

www.burmeseclassic.com

www.burmeseclassic.com


'ဆယ့်သုံးနှစ်ပါ ခင်ဗျာ'

ခင်စိုးက ရိုရိုသေသေ ဖြေသည်။

မိန်းမကြီးက သွက်လက်ချက်ချာသော ခင်စိုးကို နှစ်လိုဖွယ် ကြည့်ပြီး ခေါင်းညိတ်သည်။

'ကြည့်စမ်း၊ သားထက် လေးနှစ်တောင် ငယ်တယ်၊ သမီးထက် နှစ်နှစ် ငယ်တယ်၊ ငယ်ငယ်ရွယ်ရွယ်နဲ့ အလုပ်လုပ်နေတာ ဘယ်လောက် အားကျဖို့ ကောင်းလဲ၊ သားတို့ဆိုရင် အိမ်မှာ ရေတစ်ပုံးတောင် မဆွဲဖူးဘူး'

မိန်းမကြီးက သူ့သားနှင့် သမီးကိုကြည့်ပြီး ပြော၏။ ခင်စိုးသည် သူ့အတွက် ဝမ်းသာဂုဏ်ယူရမည်လား၊ ဝမ်းနည်း အားငယ်ရမည်လား၊ ဘာကိုမျှ မတွေးမိပေ။ သူတို့ သားအမိတစ်တွေ ပျော်ရွှင်ရင်းနှီးစွာပြောဆို ကြသည်ကိုသာ ကြည်နူးမှုဖြင့် နားထောင်ရင်း လိုက်ပါလာ၏။

'ဟုတ်တယ်နော် မေမေ၊ အစ်ကိုဇော်က အိမ်မှာဆို ဘာမှလဲ အကူအညီမရဘူး၊ အားအားရှိ လျှောက်လည်နေတာပဲ'

ကောင်မလေးက သူ့အစ်ကိုကို စ လိုက်ပြန်သည်။

'အံမယ် နင်ကကော၊ အလကားနေ ရုပ်ပြစာအုပ်ပဲဖတ်နေပြီးတော့၊ ထမင်းတောင် ချက်တတ်လို့လား'

သူ့အစ်ကိုကလည်း ပြန်ပြော၏။

'ချက်တတ်ပါတယ်နော်၊ မီးဖိုထဲဝင်ရင် ဒေါ်ကြီးက အော်အော် ထုတ်လို့ပါ'

'အော်ထုတ်မှာပေါ့၊ နင်က အသုံးမှမကျဘဲ၊ ထမင်းချက်ရင် ထမနဲဖြစ်တဲ့သူကများ'

'ကြည့် မေမေ၊ မဟုတ်ဘဲနဲ့ လျှောက်ပြောနေပြန်ပြီ'

'ပြောတော့ ဘာဖြစ်လဲ၊ နင် ငါ့ကိုမီရင် လိုက်စမ်း'

www.burmeseclassic.com

www.burmeseclassic.com


အစ်ကိုဖြစ်သူသည် အနည်းငယ် မတ်စောက်သော အတက်လမ်းပေါ်သို့ ပြေးတက်သွားလေသည်။ ကောင်မလေးက ပြေး၍လိုက်၏။ သူ့အမေက 'ဟဲ့ ဟဲ့' ဟု အော်နေသည့်ကြားကပင် ကောင်မလေးသည် လျှောခနဲ ပြန်ကျလာကာ လဲသွားလေသည်။

'ကြည့်စမ်း၊ ဒီကလေးတွေဟာ အိမ်လဲအိမ်မှာမို့လို့၊ လမ်းလဲလမ်းမှာမို့လို့ အလကားနေ ရန်ဖြစ်နေကြတာပဲ၊ မှန်းစမ်း သမီး ဘယ်နာသွားသေးလဲ'

'မနာပါဘူး မေမေ၊ အစ်ကိုဖော်တော့ သိမယ်'

သူ့အစ်ကိုသည် ညီမဖြစ်သူ လဲကျသွားသဖြင့် ပြန်လှည့်လာ၏။ ကောင်မလေးလက်ထဲမှ ပလတ်စတစ်ဆွဲအိတ်ကလေးကို လှမ်းယူသည်။ ကောင်မလေးကို လက်တစ်ဘက်ဆွဲကာ မ ထူ၏။ ကောင်မလေးက သူ့အစ်ကို ကျောပြင်ကို လှမ်းထုသည်။ မိန်းမကြီးက သူတို့ကို အော်၏။

'ကဲ၊ ကောင်းကောင်းတက်ကြစမ်း၊ မနက် အရုဏ်ဆွမ်းကပ်ဖို့ ကိတ်မုန့်တွေတော့ ပြားကုန်ပါပြီဟယ်၊ တော်တော်ဆိုးတဲ့ ကလေးတွေ'

\+ \+ \+

ရေမြှောင်ကြီးစခန်းသို့ ဝင်သည်နှင့် သဘာဝ တောတောင် လျှိုမြောင်၏ အငွေ့အသက်ဖြင့် အေးချမ်းလန်းဆန်း၍ လာလေသည်။

အေးမြတို့ညီအစ်မသည် ထမင်းဆိုင်တွင် ခင်စိုးကို စောင့်နေကြသည်။ ဘုရားဖူးခရီးသည်က အထူးတလည်မမှာလိုက်လျှင် ခင်စိုးတို့သည် သူတို့နှင့် အဆင်ပြေရာ ထမင်းဆိုင်ကိုပင် တန်းတန်းမတ်မတ် လာရောက်ကြ၏။ ဤသို့ဖောက်သည်ကို ခေါ်လာပေးခြင်းဖြင့် ခင်စိုးတို့အတွက်လည်း အကျိုးရှိသည်။ ဘုရားဖူးခရီးသည်များက ခင်စိုးတို့ကို ထမင်းမကျွေးလျှင်

www.burmeseclassic.com

www.burmeseclassic.com


ထိုထမင်းဆိုင်က အလကားကျွေးသည်။ ခင်စိုးတို့ကို အလိုက်တသိ စေတနာထားကာ ကျွေးတတ်သူကလည်း ရှားသားကလား။ များသော အားဖြင့်တော့ ကိုယ့်ထမင်းထုပ် ကိုယ်ဖြေစားသည့်အခါစားပြီး ထမင်းထုပ် မပါလျှင်လည်း ပိုက်ဆံငါးကျပ်အကုန်ခံကာ ဝယ်စားကြရသည်။ ခင်စိုးတို့ကို ထမင်းဆိုင်တိုင်းက အဝစားငါးကျပ်နှင့်တော့ စေတနာရှေ့ထား၍ ကျွေးမြဲ ဖြစ်လေသည်။

ခင်စိုးသည် ပထမဆုံး သောက်ရေအိုးရှိရာသို့သွားကာ ရေကို အဝသောက်ပစ်လိုက်လေသည်။ လမ်းမှာ ရေသောက်လျှင် ဗိုက်လေးပြီး ခရီးမတွင်မည်စိုးသဖြင့် မသောက်ဘဲ နေခဲ့ရခြင်းဖြစ်၏။ အေးမြနှင့် အေးလှသည် ထမင်းဆိုင်ထဲမှ ဝါးကြမ်းခင်းပေါ်တွင် ခြေတွဲလောင်းထိုင်ကာ အမောဖြေနေကြသည်။

'အားလုံး ဘယ်နှစ်ယောက် ပါသလဲဟေ့'

ထမင်းဆိုင်ရှင် ဒေါ်ရီက မေး၏။

'ဆယ့်နှစ်ယောက်အဖွဲ့ပဲ အဒေါ်ရေ့၊ လူလဲသန့်တယ်၊ အဒေါ် ရောင်းရမှာပါ'

ဒေါ်ရီက လူသန့်ရဲ့လားဟု မေးတတ်သဖြင့် ခင်စိုးက ဦးအောင် ဖြေခြင်းဖြစ်သည်။ ပိုက်ဆံပေါပေါနှင့်လာတတ်သော ဘုရားဖူးဆိုလျှင် ပို၍ရောင်းရသည် မဟုတ်ပါလား။ ထိုအဖွဲ့မျိုးကို ဓာတ်ပုံဆရာတွေကလည်း တကောက်ကောက်လိုက်တတ်သည်။

'ဒါပေမယ့် သူတို့ ကင်ပွန်းစခန်းမှာ ထမင်းစားခဲ့ပြီးပြီ၊ ဒီမှာ ခဏနားပြီး ဆက်တက်မယ်ပြောတယ်'

အေးမြက ပြော၏။

'အပြန်ကျရင် ဒီမှာ အိပ်မှာတဲ့'

www.burmeseclassic.com

www.burmeseclassic.com


ခင်စိုးက ပြန်ပြော၏။ ထိုစဉ်ပင် ခင်စိုးတို့ ဘုရားဖူးအဖွဲ့မှ လူတချို့ ရောက်လာကြသည်။ ခင်စိုးသည် သွက်လက်စွာပင် ကြိုဆိုပြီး နေရာချပေးထားလေသည်။ မကြာမီ လူစုံလာ၍ မုန့်နှင့် အအေးများ၊ ဆတ်သားကြော်များကို မှာစားကြလေသည်။ အေးမြနှင့် အေးလှက အမျိုးသမီးများ၏ သားရေအိတ်များကိုဆွဲကာ ရေချိုးဆိပ်သို့ လိုက်ပို့ရသည်။ ခင်စိုးကတော့ အမျိုးသားတွေဝိုင်းမှာ စားပွဲထိုးလုပ်ပေးရင်း အကင်းပါးစွာ စောင့်ဆိုင်းနေ၏။ မကြာမီပင် ခင်စိုးကို အားလုံးက သတိထားမိလာကြသည်။

'ဟော့ ချာတိတ် လာပါဦးကွ၊ မင်းနာမည် ဘယ်သူ'

'ခင်စိုးပါ ခင်ဗျ'

'ကောင်းတယ်ကွာ နာမည်ကတော့၊ မင်း ဘယ်မှာနေတာလဲ'

'ကျွန်တော် ကင်ပွန်းစခန်းမှာပဲနေပါတယ်'

'မင်းအသက် ဘယ်လောက်လဲ'

'ဆယ့်သုံးနှစ်'

'ကြည့်စမ်း၊ မင်းကို ဆယ်နှစ်လောက်ပဲ ရှိဦးမယ်ထင်တာ၊ ကျောင်း မနေဘူးလား'

'ကျွန်တော် မနှစ်ကအထိ နေပါတယ်၊ လေးတန်းစာမေးပွဲမဖြေခင် ထွက်လိုက်ရတယ်'

'ဟေ ဘာဖြစ်လို့'

'ကျွန်တော့်အဖေက နေမကောင်းတာနဲ့ ကျွန်တော် အထမ်းသမား ဝင်လုပ်ရတယ် ခင်ဗျ'

ခင်စိုး၏ သွက်လက်ချက်ချာမှုနှင့် ချစ်စရာရုပ်ရည်ကြောင့် အခြား ကလေးများထက် မျက်နှာပွင့်လန်းမြဲဖြစ်၏။ ထိုနည်းဖြင့် ခင်စိုးသည်

www.burmeseclassic.com

www.burmeseclassic.com


ပိုက်ဆံမကုန်ဘဲ စားသောက်ရသည့်အခါလည်း ရှိသည်။ အေးမြနှင့် အေးလှကတော့ မိန်းကလေးများပီပီ ရှက်လည်းရှက်တတ်၍ တစ်နေရာ ရောက်လျှင် ချောင်တစ်ချောင်တွင် ကုပ်ပြီး ထိုင်နေကြသည်က များလေသည်။ သို့သော် ခင်စိုးက ကိုယ်လွတ် မရုန်းတတ်။ စားစရာရှိလျှင် အားလုံးကိုခေါ်ကာ ဝေမျှစားသည်။ အေးမြနှင့် အေးလှတို့ ညီအစ်မသည် စကားပြောရမည်ကိုသာ ရှက်တတ် ကြောက်တတ်သော်လည်း အစားအသောက်ဆိုလျှင်တော့ မည်သူ့ကိုမျှ မကြည့်တော့ဘဲ ခေါင်းမဖော်တမ်း စားပစ်တတ်သူများ ဖြစ်ကြလေသည်။ ယခုလည်း ခင်စိုး၏ကျေးဇူးကြောင့် ဆတ်သားခြောက်အချို့နှင့် မုန့်အနည်းငယ်စီ စားကြရသည်။

ခေတ္တအနားယူပြီး ခရီးဆက်ဖို့ ပြင်ကြလေသည်။ ခင်စိုးသည် ထမင်းဆာသော်လည်း အဆာပြေစားရရုံနှင့် ကျေနပ်ကာ သူ့ခြင်းကို ကျောပေါ်လွယ်ပြီး ရေ့ဆုံးမှ ထွက်ခဲ့လေ၏။ စောစောက သူနှင့်အတူ တက်ခဲ့သော သားအမိသုံးယောက်အဖွဲ့လည်း တက်သွားနှင့်ပြီဖြစ်၍ မတွေ့တော့။ အေးချမ်းသာယာလှသော လှိုမြောင်ကြီးထဲမ၊ ခရီးဆက်၍ တက်ခဲ့သည်။ တောင်ကျစမ်းရေတို့သည် ဝါးခြမ်းရေတံလျှောက်များမှ တစ်ဆင့် တသွင်သွင်စီးဆင်းနေ၏။ သစ်ရွက်ချင်းပွတ်တိုက်သံ၊ လေတိုး သံကို ကြားနေရသည်။ တောင်ပေါ်မှဆင်းလာသူအချို့သည် နတ်ရေကန်ဟု ရေးထားသော သဘာဝစမ်းရေတွင်းဝယ် အမောပြေ ရေသောက်နေကြလေ၏။ ပြီးလျှင် စမ်းရေတွင်းထဲသို့ ငွေအကြွေများကိုပစ်ထည့်ကာ ခရီးဆက်၍ ထွက်ခွာသွားကြ၏။

နတ်ရေကန်ထဲမှာ ငွေအကြွေတွေ မည်မျှစုမိနေပြီကို ခင်စိုးက စိတ်တွက်ဖြင့် ရေတွက်ရင်း တောင်ပေါ်သို့ ဆက်တက်ခဲ့လေသည်။

\+ \+ \+

www.burmeseclassic.com

www.burmeseclassic.com


'ခရီးလမ်းပန်းကလဲ သာမှ၊ လူကလဲ ကျန်းမာမှ၊ ငွေကလဲရှိမှ၊ အကြောင်း သုံးပါး တိုက်ဆိုင်မှ လာနိုင်တာနော်၊ လာရခဲ့တယ်၊ ကြုံကြိုက်ခဲ့တယ်၊ သွားတုန်း လာခိုက် လမ်းခရီးဖြောင့်ဖြူးအောင် အမှိုက်သရိုက် ကျောက်ခဲ မတင်ရအောင် လှည်းကျင်းသန့်စင်ထားပါတယ်၊ စေတနာရှိသလောက် ကုသိုလ်ဒါနပြုခဲ့ကြပါ'

ဖြောင့်ဖြူးသာယာသော အတက်လမ်းပေါ်တွင် တံမြက်စည်း တစ်ချောင်းဖြင့် လှည်းကျင်းသုတ်သင်ရင်း ငွေအကြွေထည့်ရန် ခွက်လေး များကိုထားကာ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ အလုပ်ကို လုပ်သူတွေ ကလည်း မရှား။ မည်သို့ဆိုစေ ဤသို့ဖြင့် တောင်ပေါ်လမ်းသည် တစ်စ ထက်တစ်စ ပြေပြစ်ချောမွေ့လာသည်ကတော့ အမှန်ပင်ဖြစ်၏။

မိုးတွင်းအခါ ဘုရားပွဲပိတ်ရက်များတွင် တောင်ပေါ်လမ်းသည် မိုးရေအရှိန်ဖြင့် ကြမ်းတမ်းပြီး အန္တရာယ်များလှသည်။ ခင်စိုးတို့အဖို့တော့ ဘုရားဖူးများမရှိသည့် အခိုက်တွင်လည်း အနားမနေနိုင်ပေ။ တစ်နှစ်တာ ပတ်လုံး အလုပ်လုပ်မှ မိသားစုစားဝတ်နေရေးက ပြေလည်သည်။ မနှစ်က မိုးတွင်းမှာ အဖေကလည်း ကျန်းမာဆဲရှိသေး၏။ သားအဖနှစ်ယောက် တောင်ပေါ်တက်ကာ ကွမ်းလွယ်သည်၊ တညင်းဝယ်သည်။ မိုးထဲလေထဲမှာ ခိုက်ခိုက်တုန်အောင် ချမ်းလှသော်လည်း စွန့်စွန့်စားစား သွားရသည်မို့ ခင်စိုးက ပျော်၏။ တောင်ပေါ်မှာလည်းနေထိုင် လုပ်ကိုင်စားသောက်နေ သူတွေ အချိန်မရွေး ရှိသည်ပင်။ ခင်စိုးအတွက်တော့ လူတွေသည် မိမိ မွေးဖွားရာဒေသတွင် လုပ်ကိုင်စားသောက်ရသည်မှာ ဓမ္မတာဟုသာ နားလည်ရတော့၏။

မတ်စောက်လှသော လှေကားထစ်များကို ရောက်လာ၏။ ကျော ပေါ်မှ ခြင်းကို ပြင်လွယ်ပြီး ကိုယ်ကိုမတ်ကာ တစ်လှမ်းချင်း လှမ်းတက် ခဲ့သည်။ လှေကားထိပ်တွင် ဘုရားဖူးတစ်သိုက် နားနေကြ၏။ လူရွယ်

www.burmeseclassic.com

www.burmeseclassic.com


လူလတ် ဆယ်ယောက်ခန့်ကို တွေ့ရသည်။ သူတို့ကိုကြည့်ရသည်မှာ စုစုဝေးဝေး ပျော်ပျော်ပါးပါး။ ခင်စိုးသည် အပျင်းပြေအဖော်ကောင်းတော့ တွေ့ပြီဟု အောက်မေ့မိလေသည်။

'ဟော့ ဒီမှာကြည့်စမ်း၊ ဒီကောင်လေးက အထမ်းနဲ့ တက်လာတာ နော်၊ ခြေလှမ်းမှန်မှန်ပဲ၊ မင်းတို့ သူ့ကိုတော့ မီအောင်လိုက်ဖို့ကောင်းတယ်'

သူတို့အုပ်စုထဲမှ တစ်ယောက်က ခင်စိုးကို လက်ညှိုးထိုးပြပြီး ပြောသည်။

'ရပါတယ်၊ စိန်လိုက်'

သူတို့အဖွဲ့သည် ခင်စိုးနှင့် ဘေးချင်းယှဉ်လိုက်လာကြလေသည်။ သူတို့ ပြောစကားအရ ကျောင်းသူ ကျောင်းသားတစ်စုဖြစ်ကြောင်း ခင်စိုး သိလိုက်ရသည်။ သူတို့ကို ကြည့်ရသည်မှာလည်းအားတက်ပျော်ရွှင်ဖွယ် ကောင်းလှသည်။ လွတ်လပ်ပေါ့ပါးသည့် သူတို့ဘဝပါပဲ။ ခင်စိုးကတော့ သူ့ကျောပေါ်မှ ဝန်ကို သတိမထားမိတော့သော်လည်း အနှောင်အဖွဲ့မကင်းသော သူ့ဘဝအကြောင်းကိုတော့ သူ တွေးမိသည်။

ခင်စိုးသည် အိမ်မှာ နားနားနေနေနေရသည်ဟူ၍ သိပ်မရှိလှပေ။ ဘုရားဖူးများ စည်ကားချိန်ဝယ် တောင်ပေါ် ဆင်းလိုက်တက်လိုက်နှင့်သာ အချိန်ကုန်ရတတ်သည်။ အိမ်ပြန်ရောက်သည့်ညများတွင် ထမင်းကို အဝ စားပြီး ခြေပစ်လက်ပစ်အိပ်လိုက်ရသည်မှာ အရသာရှိလှသည်။ အထမ်းခ ရသမျှပိုက်ဆံကို အမေ့လက်ထဲအပ်ပြီးသည်နှင့် ခင်စိုးသည် ပေါ့ပါး လွတ်လပ်သွားကာ ကလေးဘဝကို ပြန်ရောက်သွားတတ်လေသည်။ ခင်စိုးတွင် ကစားဖော်တော့ သိပ်မရှိလှပေ။ သူ့လို သက်တူရွယ်တူတွေ ကလည်း အထမ်းသမားတွေဖြစ်နေသည်က များသည်။ မိန်းကလေးတွေက ဆိုလျှင်လည်း အထမ်းသမားများမဟုတ်သော်မှ တောင်ပေါ်ကိုတက်ပြီး ဟင်းချက်စရာ ရောင်းကြသည်။

www.burmeseclassic.com

www.burmeseclassic.com


'မင်းတို့ စံချိန်ကျသွားပြီ၊ လူတစ်ကိုယ် လွယ်အိတ်တစ်လုံးနဲ့ တက်တာ၊ စထွက်တဲ့အချိန်ကဆိုရင် လေးနာရီနီးပါး ရှိနေပြီ၊ မြန်မြန်တက်ကြ'

သူတို့ထဲမှ ခေါင်းဆောင်ဖြစ်ဟန်တူသူ လူရွယ်တစ်ယောက်က ပြော၏။ မိန်းကလေးသုံးယောက်ခန့်ပါရာ မျက်နှာလေးများမဲ့သွားကြသည်။ သူတို့က ဘုရားဖူးရင်း လေ့လာရေးခရီးထွက်တာ ထင်ပါရဲ့။ ခင်စိုးက အတွေ့အကြုံ ဗဟုသုတရှိ၍ တွေးမိ၏။ နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသူ ကျောင်းသားတွေ အများအပြား ရောက်လာတတ်ကြသည်။ ရုံးသူရုံးသားတွေလည်း စုဝေး၍ လာရောက်လေ့ရှိကြ၏။ အချို့က ကျိုက်ထီးရိုးမှ ဆင်းပြီး မော်လမြိုင်ဘက်ခရီးဆက်ကြသည်။ မိုးကျချိန်နီးမှ လူတွေ တစ်စတစ်စ ပါးလျားကုန်လေသည်။ ထိုအခါမှ ခင်စိုးတို့လည်း နားရ၏။ နားရသည်ဆိုသည်မှာလည်း ပစ္စည်းအထမ်းသမားဘဝမှ နားရ ခြင်းသာ ဖြစ်၏။ တညင်းသီး၊ ဒူးရင်းသီး စသည်တို့ကို ကျိုက်ထိုတွင် သွားရောင်းရသည့်အလုပ်ကိုတော့ ပြောင်းလုပ်ရသေးသည်။

'ကဲ အကြာကြီးနားနေလို့ မဖြစ်ဘူး၊ ဆက်တက်ကြမယ်၊ မိန်းကလေးတွေ ရှေ့ကသွားနှင့်'

မိန်းကလေးသုံးယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြ၏။ အသားညိုညို ပိန်ပိန် မိန်းကလေးသည် သူ့ခြေသလုံးကို သူ နှိပ်နယ်နေလေသည်။

'ငါတော့ နေတောင်နေခဲ့ချင်တော့တာပဲ မသေသူရယ်'

'အားတင်းစမ်းပါ လှဲ့လှဲ့ရယ်၊ ဒီအထိ ရောက်လာမှတော့ ပြန်ဆင်းလို့ ဘယ်ဖြစ်မလဲ၊ ရက်စရာ၊ ငါလဲမောတာပါပဲ၊ ဖြည်းဖြည်းနားပြီး တက်ကြတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com


ကျောင်းသူ မိန်းကလေးနှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက်တွဲပြီး ဆက်တက်ကြ၏။ တစ်ယောက်မှာတော့ မျက်စိမျက်နှာပျက်ကာ ယိုင်နဲ့နေလေပြီ။

ထိုစဉ် အေးမြတို့ ညီအစ်မက သူတို့ကို မီလာသည်။ အေးမြသည် ကျောပေါ်မှခြင်းကို ရှေ့ငိုက်ကျလာသည်အထိ ခါးကိုကုန်း၍ လှေကားထစ်များကို တစ်လှမ်းချင်းတက်လာလေသည်။ အေးလှကတော့ ပိန်လှီသော သူ့ခန္ဓာကိုယ်နှင့် မလိုက်အောင်ပင် ကိုယ်ကိုမတ်၍ ဣန္ဒြေရရ တက်လာသည်။ သူ့ကြည့်ရသည်မှာ ပေါ့ပါးသောလွယ်အိတ်တစ်လုံးကို ကျောပိုးလာသည့်နှယ် ဖြစ်၏။

စောစောက ကျောင်းသူကောင်မလေး သုံးလေးယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေကြ၏။ ပြီးတော့ သူတို့အဖွဲ့ခေါင်းဆောင်က ဘာမျှမပြောမီ တောင်ပေါ်ကို ဆက်တက်ကြလေသည်။ မကြာမီပင် အေးမြတို့နှစ်ယောက်သည် သူတို့ကို ကျော်တက်သွားလေသည်။

ခင်စိုးသည် နောက်မှ ကျောင်းသားတစ်သိုက်နှင့်ရောကာ ဖြည်းဖြည်းမှန်မှန် တက်ခဲ့၏။ ကျောင်းသားများသည် တောင်ပေါ်သို့တက်ရင်း ပတ်ဝန်းကျင် သဘာဝတောတောင်ရေမြေအကြောင်းကိုလည်း အဆန်းတကျယ် ပြောဆိုဆွေးနွေးလာကြလေသည်။ မိမိမရောက်ဖူးသော နေရာမှန်သမျှသည် ထူးဆန်းအံ့သြဖွယ်ပင် ဖြစ်ပေလိမ့်မည်။ ခင်စိုးတို့အဖို့ သဘာဝတောတောင်ရေမြေသည် အဆန်းမဟုတ်တော့။ သို့သော် မြို့ကြီး ပြကြီးတို့၏ အလှအပကတော့ ခင်စိုးတို့ကို ထူးဆန်းအံ့သြစေသည်။

မြို့ဆိုလျှင် ကျိုက်ထိုအထိသာရောက်ဖူးသော ခင်စိုးသည် မနှစ်က ရန်ကုန်တစ်ခေါက် အလည်လိုက်သွားခဲ့လေသည်။ ဟီးနိုးမောင်သည့် ဦးလှဖေနှင့် အသိအကျွမ်းဖြစ်ကာ ဦးလှဖေကခေါ်၍ လိုက်သွားရခြင်းဖြစ်၏။ ရန်ကုန်ရောက်တော့ ဦးလှဖေနေရာ မြောက်ဥက္ကလာပမှာ သွားတည်းရသည်။

www.burmeseclassic.com

www.burmeseclassic.com


နောက်တစ်နေ့ ကားပြန်ထွက်တော့ ကင်ပွန်းစခန်းသို့ ပြန်ရောက်လာ၏။ ရန်ကုန်ဆိုတာ ဘာမှန်းပင် မသိလိုက်ရ။ မြို့တွင်းမှာ တိုက်ကြီးတွေ မြင့်မားလှပုံနှင့် နေရာတကာ လူတွေပြည့်နေကာ ဘုရားပွဲတစ်မျှ စည်ကား နေသည်ကိုပဲ တွေ့လိုက်ရသည်။ ရွှေတိဂုံဘုရားကို ကားပေါ်မှ ဖူးလိုက်ရ၏။ 'နောက်တစ်ခေါက်မှ အေးအေးဆေးဆေး လိုက်ပို့မယ်ကွာ'ဟု ဦးလှဖေက နှစ်သိမ့်လေသည်။

'ခင်စိုး၊ မင်း ခုမှ ဒီရောက်သေးလား၊ ဒီတစ်ခါ နေ့းလှချည်လား'

စောင်ပုခက်ထမ်းသော ဦးညိုနှင့် ကိုဘမြိုင်တို့အတွဲ ခင်စိုးနားသို့ ရောက်လာသဖြင့် ခင်စိုးက လမ်းဘေးသို့ ဖယ်ချပေးလိုက်သည်။ ညွတ်ပက် ညွတ်ပက်ဖြစ်နေသော စောင်ပုခက်တွင်းမှ လူကိုမူ မမြင်ရ။ ရှေ့နောက် လုံအောင်ပိတ်ထားသည်။ ဘုရားဖူးချင်ရှာလွန်းသော်လည်း အပေါ်ရောက် အောင် မတက်နိုင်သူတွေမှာ ပုခက်အထမ်းသမားကို အားကိုးရရှာ၏။ အထမ်းသမားတွေကလည်း သူတို့ ဝမ်းစာအတွက် ထိုသို့သော လူမျိုးတွေကို အားကိုးရသည်။ တစ်ခါတစ်ရံတော့လည်း အတော်ရယ်ဖွယ်ကောင်းသော အဖြစ်မျိုးကို ကြုံရ၏။

ဘုရားဖူးအုပ်စုတစ်ခုတွင် သက်ကြီးရွယ်အိုတစ်ယောက် ပါလာပြီ ဆိုလျှင် အထမ်းသမားတွေ ဝိုင်းလာကြပြီး သူ့ဟာသူ တက်နိုင်ပါသည် ဆိုလည်း အေးအေးဆေးဆေးမတက်ရ၊ ဘေးမှ ကပ်လိုက်သွားကြသည်။ ဆက်မလိုက်နိုင်တော့သည့်အခါတွင် ငှားရမှာပဲဟူသည့် ရည်ရွယ်ချက်ဖြင့်။ တစ်ခါတစ်ရံတော့လည်း သူတို့ထင်သလိုပင် ဆက်မတက်နိုင်တော့၍ လမ်းတစ်ဝက်မှာ အထမ်းငှားရ၏။ တချို့ ခွဲကောင်းသော အဘိုးကြီး အမယ်ကြီးတွေက အထမ်းသမားကို လှည့်မကြည့်ဘဲ ခွဲဖြင့်ရောက်အောင် တက်၏။ ထိုအခါ အထမ်းသမားတွေမှာ တောင်ပေါ်ကို အသားလွတ် တစ်ခေါက်တက်ရခြင်းသာ အဖတ်တင်ပြီး ပြန်ဆင်းလာရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com


ခင်စိုးသည် ကျောင်းသားအုပ်စုနှင့်အတူ ခေတ္တနား၏။ မနက်က အိပ်ရာမှ စောစောထပြီး ထမင်းကလည်း ဝအောင်မစားခဲ့ရသဖြင့် အားသိပ်မရှိ။ နားခိုရာစခန်းရှိ အကြော်တဲမှ အကြော်တွေကို ကျောင်းသားတွေ ဝယ်စားတာမြင်ရတော့ ခင်စိုး သွားရည်ကျချင်သည်။ ခင်စိုးတွင် ပိုက်ဆံပါမလာပေ။ အပေါ်ရောက်မှ အထမ်းခရှင်းပြီး ပိုက်ဆံကို သုံးယောက်ဝေယူရသည်။ အချိန်တစ်ဆယ်ကို ၂၅ ကျပ်ဆိုတော့ ငွေ ၈၀ လောက်ရမည်။ သုံးယောက်ခွဲယူလျှင် ငွေ အစိတ်လောက်ပဲ ပြန်ရပေမည်။ တောင်ပေါ်ရောက်လျှင် ထမင်းဝယ်စားရဦးမည်။

ကျောင်းသားတွေက အေးအေးဆေးဆေးနားရင်း အကြော်စားနေသဖြင့် ခင်စိုးတစ်ယောက်တည်း ဆက်တက်ဖို့ပြင်ရသည်။ ကျောင်းသူ သုံးယောက်အနက် တစ်ယောက်က မူးနေသဖြင့် နှာနှပ်ပေးနေသည်ကို တွေ့ရသည်။ သူတို့တော်တော်နှင့် ခရီးဆက်နိုင်ဦးမည် မဟုတ်။

ခင်စိုးသည် ခြင်းကို ကျောပေါ်လွယ်ကာ ခြေကန်၍ တက်ခဲ့၏။ လမ်းက ပြေပြစ်သော်လည်း ကျောက်ခဲလေးများရှိနေ၍ ချော်ကျချင်သည်။ ရာဘာဖိနပ်က ပါးသဖြင့် ခြေကုတ်ရသည်မှာမလွယ်။ ထိုစဉ် ကလေးတစ်ယောက်ကို ခြင်းထဲထည့်၍ထမ်းလာသော ချစ်ဆွေက သူ့ကို မီလာသည်။ ချစ်ဆွေသည် သူထမ်းလာသည့်ကလေး ပျော်ရွှင်စေရန်သီချင်းတွေ ဟစ်ဟစ်ပြီး ဆိုလာ၏။ ခြင်းထဲက ကလေးကလည်း သဘောကျ၍ တခစ်ခစ်ရယ်နေ သည်။

'ဟေ့ ကလေး၊ မင်း ဒီခြင်းထဲက လိုက်ရတာ မကြောက်ဘူးလားကွ၊ မလိုက်ချင်ဘူး၊ အောက်ချပေးရမယ်ဆိုပြီး အော်ငိုပါလား၊ ငိုချင်ရင် ငိုသာ ငိုပစ်၊ သိလား'

ခင်စိုးက စ၏။

www.burmeseclassic.com

www.burmeseclassic.com


ကလေးတွေကို ထမ်းပြီးတက်ရသည်မှာမလွယ်။ လမ်းမှာ တဂျီဂျီ ငိုလျှင် ခဏခဏအောက်ချပြီး ချော့ရတော့သည်။ ခင်စိုးက စသဖြင့် ကလေးက မျက်နှာမဲ့တဲ့တဲ့ဖြစ်သွားရာ ချစ်ဆွေက ခင်စိုးကို ခြေဖြင့်လှမ်း၍ ကန်လေသည်။

'ဟော့ ကလေး၊ ငိုလေကွာ၊ မငိုချင် သေးပေါက်ချ'

ခင်စိုးက ထပ်ပြော၏။

'ဟော့ကောင် မလုပ်ပါနဲ့ ခင်စိုးရာ၊ ငါ ခုနတင်ပဲ မုန့်ဝယ်ကျွေးပြီး ချော့ထားရတာကွ'

ခင်စိုးက သနားသဖြင့် မစတော့ဘဲ ရယ်နေလိုက်ရသည်။

နေလည်း အတော်စောင်းလာပြီ။

ခင်စိုးသည် ခြေကို သွက်သွက်လှမ်း၍ တက်ခဲ့၏။ နောက်က ပစ္စည်းရှင် ဘုရားဖူးတွေရောက်မလာမီ တောင်ပေါ်ရောက်အောင် တက်ရမည်။

နဂါးပတ်တောင်ကို စတက်ရပေတော့မည်။

\+ \+ \+

စားကောင်းလိုက်သည့် ထမင်း။ သူများကျွေးသည်ဆိုသော်လည်း အားမနာနိုင်။ ခင်စိုးတို့သုံးယောက်၏ဘေးမှာ လိုက်ပွဲပန်းကန်ငါးချပ် တစ်ခဏချင်း ကုန်သွားသည်။ သူတို့ကိုငှားသည့် ခရီးသည်က သူတို့အတွက် ပိုက်ဆံပေးသည့်တိုင် ဆိုင်ရှင်ကလည်း သက်ညှာသည့်အနေဖြင့် တစ်ယောက်ငါးကျပ်ပဲ ယူသည်။ လိုက်ပွဲတွေအတွက် ပိုမယူ။ သို့မဟုတ်လျှင်လည်း အားနာစရာ ကောင်းလှပေသည်။

အေးလှသည် ပိန်သာပိန်သော်လည်း သူ အစားနိုင်ဆုံး။ ငါးဖယ် ငါးဆုပ် မာကျစ်ကျစ် သုံးတုံးခန့်ကို ဟင်းရည်ထပ်လောင်းပြီး ငါးပိရည်

www.burmeseclassic.com


တို့စရာနှင့် ထမင်းသုံးပန်းကန်ကုန်အောင် စားပစ်သည်။ ပြီးလျှင် ထုံးစံအတိုင်း သူတို့ညီအစ်မနှစ်ယောက်သည် ထမင်းဆိုင်၏ ထောင့်ကျကျနေရာလေးတစ်ခုမှာ ငြိမ်ငြိမ်ကုပ်ကုပ်ကလေး သွားထိုင်နေကြလေသည်။ ခင်စိုးကတော့ အလိုက်သိစွာပင် သူ့ညော်သည်တွေ လိုအပ်သည်များကို ကူညီဖြည့်ဆည်းပေးနေ၏။ မကြာမီပင် 'ခင်စိုးရေ ခဏ' ဟူသော အသံတွေဖြင့် ခင်စိုးသည် ရေပန်းစားလာသည်။

ဘုရားရင်ပြင်တော်ပေါ်ဝယ် မြူငွေ့နှင့် လေပြည်တို့နှောကာ အေးစိမ့်လာ၏။ ဆည်းလည်းသံ တချွင်ချွင်သည် တိတ်ဆိတ်သော ညဥ့်ယံမှာ သာယာစွာ ပေါ်ထွက်နေသည်။ ဘုရားဖူးများလည်း မောမောနှင့် အိပ်မောကျကုန်လေပြီ။ အေးမြနှင့် အေးလှလည်း ထောင့်တစ်ထောင့်မှာ ခွေကာ စောင်တစ်ထည်နှစ်ယောက်ခြုံပြီး ကွေးနေလေပြီ။ ခင်စိုးသည် မနက်က အရေးတကြီးထွက်လာသဖြင့် စောင်ပါမလာပေ။ အနွေးထည်လည်း မရှိ။ ယခုညမှ ပိုအေးသည်ဟု သူ့စိတ်ထဲက ထင်မိသည်။ စောင်တစ်ထည် နှစ်ကျပ်နှင့် ငှားခြုံရမှာ နှမြောသည်။ ပုဆိုးကိုခေါင်းထိအောင် ဆွဲခြုံကာ ကွေးလိုက်လေသည်။

'ဟော့ ခင်စိုး၊ မင်းမှာ အနွေးထည်မပါဘူးလား'

ရင်းနှီးနေပြီဖြစ်သော ဘုရားဖူးတစ်ယောက်က မေး၏။

'မပါဘူး ခင်ဗျာ'

'ရော့ကွာ၊ ငါ့ ဂျာကင်ဝတ်ထား'

ခင်စိုးသည် အလွန် ကျေးဇူးတင်စွာဖြင့် ဂျာကင်အင်္ကျီကိုယူ၍ ဝတ်လိုက်သည်။ သူ့တစ်ကိုယ်လုံးသည် အင်္ကျီတွင်းမှာမြုပ်သွားကာ ကြီးမားသောစည်းစိမ်ကိုရလျက် တစ်ခဏချင်း အိပ်ပျော်သွားလေတော့သည်။

\+ \+ \+

www.burmeseclassic.com

www.burmeseclassic.com


'အစ်မရေ ပန်းဝယ်ပါဦးနော်၊ အိုးပါပေးလိုက်မယ် အစ်မရေ၊ ဘုရားပေါ်မှာ မရှိဘူး၊ ယူသွားပါ အစ်မရယ်၊ ဒီဘက်ကလဲ မျှဝယ်ပါ အစ်မရယ်၊ လာပါ အစ်မ၊ ယူသွားပါဦး အစ်မ'

ပန်းရောင်းသည့် ကောင်မလေးတွေ၏ အသံမှာ စီစီညံနေ၏။ မျက်နှာချင်းဆိုင်နှစ်တန်းက အလုအယက် အော်ဟစ်ခေါ်နေသဖြင့် ဝယ်မည့်သူပင် ယောင်ချာချာဖြစ်ရသည်။ ရင်ပြင်တော်ပေါ်ဝယ် အရဏ်ဆွမ်းကပ်သူတွေဖြင့် စည်ကား၍လာ၏။ ကျောက်ပြားတလင်းပေါ်တွင် ခြေချတိုင်း အေးစက်သော အထိအတွေ့ကို ခံစားရသည်။ နေရောင်ခြည်ကို မမြင်ရသေး။ ကျိုက်ထီးရိုစေတီတော်သည် တောင်စောင်းတွင် ကျလုတဲတဲအသွင်ဖြင့် သပ္ပါယ်စွာ တည်ရှိနေ၏။

ဆီမီး၊ အမွှေးတိုင်၊ ရွှေဆိုင်းကပ်လှူသူတွေ၏ အလှူဒါန၏အကျိုးကို မျှော်ကိုးဆုတောင်းသံတွေ၊ ရွတ်ဖတ်သရဇ္ဈာယ်သံတွေဖြင့် ညံဝေ၍နေ၏။ ငြိမ်းဆင်ထားသော စေတီယံထက်မှ သူတော်စင်တစ်ဦးက ပန်းရထားဖြင့် ပို့ဆောင်ပေးလိုက်သော ရွှေဆိုင်း၊ ဆည်းလည်း၊ ခေါင်းလောင်း စသည်တို့ကို ကမ်းလင့်ဆီးကြို၍ ယူနေလေ၏။ ရင်ပြင်တော်ပေါ်ဝယ် အမွှေးနံ့သာတို့ဖြင့် ထုံသင်းပြီး မုန့်၊ ချိုချဉ်၊ သစ်သီး စသော ဆွမ်းဘောဇဉ်များသည် ပြည့်လျှမ်း၍ နေလေသည်။

ရောက်တောင့် ရောက်ခဲလှသော တန်ခိုးကြီးဘုရားကို ဖူး၍မဝသော စိတ်ဓာတ်ဖြင့် အဖန်ဖန်အထပ်ထပ် ရှိခိုးဦးချနေသူတွေကို ကြည့်ရသည်မှာ ကြည်နူး အားရစရာပင်။

ခင်စိုးသည် ထောင့်တစ်ထောင့်မှာထိုင်၍ သူ့ညှော်သည့်လူစုကို စောင့်ဆိုင်းနေလေသည်။ သူတို့ ဘုရားဝတ်ပြုပြီးလျှင် ဟိုနား သည်နား လှည့်လည်ကြဦးမည်။ နေထွက်လာလျှင် အမှတ်တရ ဓာတ်ပုံရိုက်ကြမည်။

www.burmeseclassic.com

www.burmeseclassic.com


ထိုအခါ ခင်စိုးသည် သူနှင့် အဆက်အသွယ်ပြုထားသော ဓာတ်ပုံဆရာ ကိုဉာဏ်မြင့်ထံ ပို့ပေးရန် စိတ်ကူးထားလေသည်။

ဘုရားဖူးအချို့သည် ဘုရားဝတ်ပြုပြီးပြီဖြစ်၍ ဆွမ်းတော် ပန်းကန်များကို သိမ်းဆည်းစွန့်ပစ်ရန် ပြင်ဆင်ကြ၏။

ဘုရားတန်ဆောင်းအတွင်းမှ ဝေနေယျ သတ္တဝါအပေါင်းအတွက် အမျှဝေသံသည် ပြန့်လွင့်လာ၏။ သာဓုသုံးကြိမ် ခေါ်သံက ဆက်တိုက်ပါလာလေသည်။

\+ \+ \+

'ဝယ်သွားဦးနော်၊ ရွှေနန်းကျင် သနပ်ခါးတုံးတွေ၊ ဝါလဲဝါ၊ အသားလဲ ညက်တယ်၊ တင်းတိပ် ဝက်ခြံပျောက်တယ်၊ မိဖုရားရွှေနန်းကျင်ရဲ့ လက်စွဲ သနပ်ခါးစစ်စစ်လေးတွေ'

သနပ်ခါးတုံး၊ ဆေးမြစ်စုံ၊ တောင်ဆိတ်ဆီ စသည်ဖြင့် ကျိုး ကျ် ထီးရိုး ထွက် ဆေးဝါးပစ္စည်းများကို အော်ဟစ်ရောင်းချနေသူတွေကလည်း ဘုရားဖူးတွေ ရှားပါးခိုက်မို့ ကုန်း၍သာ အော်ဟစ်နေကြလေသည်။

ခင်စိုးသည် ဒည့်သည်တွေကို ကျီးကန်းပါးစပ်ရှိရာ လိုက်ပို့၏။ ကျောက်တုံးနှစ်ခုကြားသို့ ငွေအကြွေတွေ အဓိဋ္ဌာန်ပြုကာ ပစ်ထည့်နေသည်ကို ငေးကြည့်ပြီး နှမြောသည့်စိတ်ကို ငရဲကြီးမည်စိုး၍ ကြိုးစားဖြေဖျောက်နေရ၏။ ဧည့်သည်တွေကို သူကပင် ဦးဆောင်ကာ မုဆိုးတောင်စေတီသို့ ခေါ်သွားသည်။ ကျောက်ပြားတစ်ချပ် သုံးကျပ်နှုန်းဖြင့် ဒါနပြုကြသည်။ အလှူခံသူက ကျောက်ပြားတစ်ချပ်ပေးလိုက်ရာ လှူဒါန်းသူက ကိုယ်တိုင် ကိုယ်ကြပ် ဘုရားခြေရင်းမှာ သွားထောင်ထားလိုက်သည်။

တောင်အောက်မှ ထွက်ပြူလာသော နေရောင်ခြည်သည် တစ်စ တစ်စ မြင့်တက်လာသည်။ မြူခိုးတွေ ပါးလျားကုန်သည်။ ဘုရားဖူးများသည်

www.burmeseclassic.com

www.burmeseclassic.com


ကျိုက်ထီးရိုးစေတီတော်၏ ရွှေရောင်ဝင်းပကို နေရောင်ခြည်အောက်တွင် သပ္ပါယ်စွာ ဖူးမြင်ရပြန်သည်။ ခင်စိုးသည် ဝတ္တာရားမပျက် စေတီတော်ကို ဦးချ၏။ ခင်စိုးသည် လေးရက်တစ်ကြိမ် တောင်ပေါ်သို့ရောက်တိုင်း ဘုရားကို မှန်မှန် ဝတ်ပြုလေသည်။ ဤဘုရား၏ တန်ခိုးတော်ကြောင့် သူတို့၏ ပစ္စုပ္ပန်ဘဝသည် ဖူလုံပြည့်ဝနေရသည် မဟုတ်ပါလား။

'ရသေ့တောင်ကို ဖူးချင်သလား၊ ခမောက်တောင်ကို လှမ်းကြည့်မလား၊ တစ်ခါဖူးမှ တစ်မတ်ရယ်၊ ဘုရားစုံဖူးချင် ငါးမူး'

မှန်ပြောင်းတစ်လက်ဖြင့် ပိုက်ဆံရှာသူက အော်၍ခေါ်လေသည်။ ဘုရားဖူးများက မှန်ပြောင်းကို အလုအယက်ငှားကာ ဝေးလံသော တောင်စွယ် တောင်ဖျားများမှ ဘုရားများကို လှမ်း၍ ဖူးမြော်ကြသည်။

ရင်ပြင်တော်ပေါ်မှ ထမင်းဆိုင်တန်းများဆီသို့ ပြန်ဆင်းလာချိန်ဝယ် ခင်စိုး၏ဝမ်းဗိုက်မှာလည်း ဆာလောင်စပြုလာပေပြီ။ ခင်စိုးသည် သူ့အတွက် ရထားသော ငွေအစိတ်ကို တစ်ပြားမျှ မပွန်းစေရန် ဘာမျှ ဝယ်မစားပေ။ မနက်က မျက်နှာပင် စင်အောင် မသစ်လိုက်ရ။ ရေတစ်ခွက် ၂၅ ပြားကို နှမြောလှသောကြောင့် ဖြစ်သည်။ သူများသစ်ပြီးသား ရေကျန်ဖြင့်သာ သစ်လိုက်၏။

ဘုရားဖူးများက ထမင်းစားသောအခါ ခင်စိုးသည် ထုံးစံအတိုင်း လိုအပ်သည့် ဟင်းလျာများကို ဖြည့်ဆည်းပေးရင်း ဘေးမှ စောင့်ဆိုင်းနေလေသည်။

'မင်းတို့ကော စားပါလား'

'မဆာသေးပါဘူး ခင်ဗျာ'

ခင်စိုးက တံတွေးကို ကျိတ်၍မျိုရင်း ပြန်ပြောလိုက်၏။ လက်ထဲမှာ ပိုက်ဆံရထားပြီဆိုတော့ တစ်ဘက်သားက ကြည်ကြည်ဖြူဖြူ ကျွေးပါတော့

www.burmeseclassic.com

www.burmeseclassic.com


မလားဟု သူ ပူနေသည်။ ချက်ချင်း ထမင်းမှာစားရမည်ကို စိတ်က မရဲ။ အေးမြတို့ ညီအစ်မကလည်း ဗိုက်လေးတွေရှပ်ကာ ငြိမ်နေကြသည်။ အားလုံး စားသောက်ပြီးသောအခါ ဟင်းတွေ အတော်များများ ကျန်နေသေး သည်ကို တွေ့ရလေသည်။

'ဟော့ အေးမြတို့၊ လာကြ'

ခင်စိုး၏ ခေါ်သံ မဆုံးသေးခင် အေးမြတို့ ညီအစ်မနှစ်ယောက် ဖွေ့ခနဲရောက်လာသည်။ ထမင်းဆိုင်ရှင်ကျေနပ်စေရန် ပန်းကန်တွေကို သွက်လက်စွာ ကူသိမ်းပေး၏။ ပြီးတော့ ထမင်းလိုက်ပွဲမှာကာ သုံးယောက်သား အားပါးတရ ထိုင်စားကြလေသည်။

'ဒီကလေးတွေအတွက်ပါ ယူလိုက်ပါ'

ထမင်းဖိုးရှင်းသူက ခင်စိုးတို့ကို လက်ညှိုးထိုးပြသည်။ ထိုသူသည် တစ်မနက်လုံး ပြုသမျှကုသိုလ်တို့၌ သူတို့ကို ထမင်းကျွေးသောကုသိုလ်သည် အထူးမြတ်ဆုံးဖြစ်မည်ဟု ခင်စိုးက လိုရာဆွဲ၍ တွေးလိုက်လေသည်။

\+ \+ \+

'နင်တို့မှာ ပစ္စည်းတွေ အများသားပဲ၊ တို့လည်း မျှပေးပါဟယ်'

ခင်စိုးတို့ တောင်အောက်ပြန်ဆင်းရန် ပြင်ဆင်နေချိန်ဝယ် ငွေမောင်းတို့ မောင်နှမ ရောက်လာသည်။ ခင်စိုးတို့ ပစ္စည်းတွေကိုကြည့်၍ ပြောလိုက်၏။ တစ်ခါတစ်ရံ ခရီးသည်တွေက အတက်တွင်သာ အထမ်းငှားပြီး အဆင်းတွင် ငှားလေ့ မရှိကြပေ။

'ဘာလဲ၊ နင်တို့ အဆင်းအတွက် ပစ္စည်းမရတော့ဘူးလား၊ မရလဲ လက်ချည်းဆင်းပေါ့ဟ၊ တို့တောင် ကံကောင်းလို့ရတာ'

ခင်စိုးက သားရေအိတ်များကို ခြင်းထဲထည့်ရင်း ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com


'ငါတို့ အတက်မှာကတည်းက ပါမလာတာကွ၊ တို့အလှည့်မှမကျ သေးဘဲ၊ ဘုရားဖူးတွေက ပစ္စည်းတွေ သူတို့ဘာသာ သယ်တာ၊ အဆင်း ကျရင်တော့ ခြေကုန်လက်ပန်းကျလို့ သယ်နိုင်မှာမဟုတ်ဘူး၊ ငှားမယ် ဆိုတာနဲ့ လိုက်လာတာကွ'

'ခုတော့ကော'

'ဘယ်အချိန်က ပြန်ဆင်းသွားမှန်းတောင် မသိလိုက်ဘူး၊ တို့က တန်ဆောင်းထဲမှာ အိပ်တာ'

ခင်စိုးသည် မရယ်ချင်သော်လည်း ရယ်မိလေ၏။ ဇယားစေ့သည့် ခရီးသည်တွေကြောင့် ငွေမောင်းတို့ မောင်နှမမှာ တောင်ပေါ်ကို တစ်ခေါက် အသားလွတ် တက်လိုက်ရလေသည်။

'မင်းတို့ ထမင်းပါ ငတ်တာပေါ့'

'မနေ့ကတော့ ထမင်းထုပ် ပါလာတယ်'

'ဒီလိုဆိုလဲ တစ်ခြင်းမျှယူကွာ'

ခင်စိုးသည် ဘဝတူချင်း ထောက်ထားညှာတာသောအားဖြင့် ခွဲဝေ ပေးလိုက်လေသည်။

တစ်နည်းအားဖြင့်တော့လည်း ကောင်းသည်။ တကယ်တော့ မနေ့က သယ်လာသည့်အလေးချိန်မှာ သူတို့အတွက် ပေါ့သေးသေး မဟုတ်။ ယခု အဆင်းတွင် သူတို့သုံးယောက် ခြင်းနှစ်ခြင်းကို တစ်လှည့်စီထမ်းခြင်း ဖြင့် သက်သာစေမည်။

အေးမြနှင့် အေးလှက ခြင်းနှစ်ခြင်းကို ကျောပေါ်တင်၏။ ခင်စိုးက အေးလှခြင်းထဲမှ သားရေအိတ်ကြီးတစ်အိတ်ကို နုတ်ယူထားလိုက်ကာ သူ့ပခုံးနှစ်ဘက်မှာ သိုင်းပြီး ထမ်းလိုက်သည်။ ငွေမောင်းတို့ မောင်နှမ ကလည်း ခြင်းကို ငွေမောင်းက ထမ်းပြီး သားရေအိတ်တစ်လုံးကို သူ့ ညီမက လွယ်သည်။

www.burmeseclassic.com

www.burmeseclassic.com


'မင်းတို့ ရေမြောင်ကြီးမှာ စောင့်နော်၊ ပြီးတော့ ပစ္စည်းတွေလဲ ဂရုစိုက်ဦး၊ သားရေအိတ်တွေက သော့မပါဘူး'

'စိတ်ချပါကွ'

ခင်စိုးတို့လို အလုပ်သမားရုံးမှာ မှတ်ပုံတင်ထားသော အထမ်းသမားတွေအဖို့ ပစ္စည်းအပျောက်အရှမရှိစေရန် အာမခံရသည်။ ပျောက်လျှင် လျော်ရပေမည်။ ခင်စိုးတို့ကလည်း အပျောက်အရှ လုံးဝမရှိအောင် ဂရုစိုက်သည်။ အကယ်၍ လျှော်ရမည်ဆိုလျှင်လည်း ငါးဆယ်တန်ပစ္စည်းကို တစ်ရာတန်သည်ဟု ပြောပါက မခက်ပါလား။

'ကျိုက်ထီးရိုးပြန် လက်ဆောင်လေးတွေ၊ လက်ဆောင်လေးတွေ'

အတက်ခရီးတွင် ပင်ပန်းနွမ်းနယ်မှုဖြင့် မလှုပ်ရှားနိုင်ခဲ့သော ဘုရားဖူးတို့သည် အဆင်းလမ်းတွင် ရွှင်လန်းအားရသော အသွင်များဖြင့် ပျော်ရွှင်ကြည်နူးစွာ ဝယ်နိုင် ခြမ်းနိုင်ကြပြီ။ အဖိုးမထိုက်တန်လှသော ဝါးပစ္စည်းကလေးတွေကိုပင် အိမ်အပြန်လက်ဆောင်အဖြစ် အားပါးတရ ဝယ်ယူကြလေသည်။

တောင်ပေါ်မှနေ၍ ပတ်ဝန်းကျင်တစ်ခွင်ကို စီးကြည့်လိုက်သော အခါ မိမိဖြတ်သန်းလာခဲ့သော ခရီး၏ တွင်ကျယ်မှုသည် အံ့သြဖွယ်ပင် ဖြစ်တော့၏။ ခင်စိုးတို့သည် သူတို့နှင့် ရင်းနှီးနေပြီဖြစ်သော ပစ္စည်းရှင် လူသိုက်နှင့် ရောနှော၍ ဆင်းခဲ့ကြသည်။ သူတို့အုပ်စုထဲတွင် ခင်စိုးနှင့်ရွယ်တူ လူငယ်လေးတစ်ယောက် ပါသည်။ ခင်စိုးနှင့်တော့ ပုံသဏ္ဍာန်ချင်း မတူလှပေ။ ထိုလူငယ်လေးက သန့်မာထွားကျိုင်းပြီး ရုပ်ရည်ကသန့်ပြန့်၍ ချစ်စဖွယ်ကောင်းသည်။ ညစ်နွမ်းနေသော ဘောင်းဘီ အင်္ကျီတို့ကြားမှပင် သားနားသော သူ့ရုပ်သွင်က ပေါ်လွင်နေသည်။ ဝါးခမောက်လေးကို ခပ်ငိုက်ငိုက်ဆောင်းပြီး သူ့ဘွားအေဖြစ်ဟန်တူသော မိန်းမကြီးကို လက်တွဲ၍ ရှေ့ဆုံးမှ ဆင်းသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com


'ဟို မြေးအဘွား သတိထားဆင်းနော်၊ အဆင်းက အတက်ထက် ပိုသတိထားရတယ်၊ ခြေမခိုင်ရင် တစ်ခါတည်း လိမ့်ကျသွားမှာ'

နောက်မှ သားကြီး သမီးကြီးများက သတိပေး၏။

'စိတ်ချပါအေ၊ ငါ့မြေးက အားကိုးရပါတယ်၊ အတက်မှာလဲ သူပဲ တွဲတင်ခဲ့တာ၊ ငါ့မြေးတော့ ဘုန်းကြီးလို့ သက်ရှည်ဦးမယ်'

အဘွားကြီးက လှမ်းပြော၏။ ပြီးတော့ သတ္တဝါများ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ စသည်ဖြင့် နှုတ်မှ တဖွဖွရွတ်ရင်း ဆင်းသွားလေသည်။ ခင်စိုးသည် အဘွားကြီးတို့ မြေးအဘွားကိုကြည့်ပြီး သူ့အမေကို သတိရလေသည်။ သူ့အမေသည် အသက်မကြီးသေးသော်လည်း အဘွားကြီးအို တစ်ယောက်လိုပင် အရွယ်ကျဆင်းလျက်ရှိသည်။ အမေသည် ကင်ပွန်းစခန်းမှာသာနေသော်လည်း ခင်စိုးတို့ကို မွေးပြီးမှ ကျိုက်ထီးရိုးစေတီတော်သို့ တက်ရောက်ဖူးမြော်သည်ကို တစ်ခါမျှ မတွေ့ခဲ့ရ။ ငယ်ငယ်က ရောက်ဖူးသည်ဟုသာ ပြောသံကြားရသည်။ အမေတို့ငယ်ငယ်က ခရီးလမ်းပန်းကလည်း မသာသေး။ လူတွေကလည်း မစည်ကားသေး။ ဈေးဆိုင်ကနားတွေကလည်း ယခုလောက်မရှိသေး။ တစ်ခါတစ်ရံ တောကောင်များကိုပင် တွေ့ရတတ်သည်ဟု ဆို၏။ ခင်စိုးသည် တောင်ပေါ်ကို မကြာခဏ ရောက်ဖူးသော်လည်း တောရိုင်းတိရစ္ဆာန်တစ်ကောင်တလေကိုသော် လည်းကောင်း တစ်ခါမျှ ရင်ဆိုင်မတွေ့ဖူးပေ။ ပွဲတော်ပိတ်ရက်များတွင် အဖေနှင့်ကွမ်းဝယ်ရန် တက်ဖူးသော်လည်း ဓားပြနှင့်ရင်ဆိုင်မတိုးဖူးပေ။ ခင်စိုးသည် မတွေ့မကြုံဘူးသည်ကိုလည်း တွေးတောကြောက်ရွံ့ခြင်း မရှိ။ သူသည် သတ္တိအရာမှာတော့ အဖေ့ကို မီသည်။ အဖေသည် ကျန်းမာစဉ်ကဆိုလျှင် လျင်မြန်ဖျတ်လတ်သော ယောကျာ်းကြီးတစ်ယောက် မဟုတ်ပါလား။

ဘုရားဖူးခရီးသည်များက ရွှေနန်းကျင်ကျောက်ရပ်ရှေ့တွင် ရပ်နား ကြ၏။ သနားစရာမိန်းမငယ်တစ်ဦး၏ ဇာတ်ကြောင်းကို ပြန်ပြောင်းပြောဆို

www.burmeseclassic.com

www.burmeseclassic.com


ကြ၏။ ခင်စိုးငယ်ငယ်ကလည်း ရွှေနန်းကျင်အကြောင်းကို အထပ်ထပ် ကြားဖူးပြီ။ သို့သော် အမေတို့ပြောသော ဓာတ်ပြားထဲက ရွှေနန်းကျင်ဓာတ် နှင့် ယနေ့ စာအုပ်တွေထဲတွင်တွေ့ရသော ရွှေနန်းကျင်ဓာတ်ကတော့ မတူလှချေ။

ဘုရင်ကြီးက မြတ်နိုး၍ ကောက်ယူတော်မူသော ရွှေနန်းကျင်သည် ဟုမ်းနတ်ကြီးကို မပူဇော်မိသဖြင့် ကျားနှင့်တိုက်သတ်ခံရသည်ဟု ဆိုသည်။ ခင်စိုးကတော့ ခေတ်ပညာတတ် မဟုတ်သော်လည်း လူငယ်ပီပီ တောခေါင် လှသော သည်အရပ်မှာ ကျားရှိသည်မှာ မဆန်းဟု တွေး၏။ သို့သော် ခင်စိုးသည် ကျိုက်ထီးရိုးစေတီ တည်ထားပုံကိုတော့ အမှန်ပင် အံ့သြ လေသည်။

'ဒီဘုရားကို ကမ္ဘာလှည့်ခရီးသည်တွေမြင်ရင် သိပ်အံ့သြမယ်၊ ခရီး လမ်းပန်း လွယ်ကူအောင်လုပ်နိုင်ရင် ကောင်းမှာပဲ'

သူတို့အဖွဲ့ထဲမှ တစ်ယောက်က ပြော၏။

'ခု အင်ဂျင်နီယာတွေက တိုင်းတာတွက်ချက်ပြီး ရေမြောင်ကြီး အထိ ကားလမ်းဖောက်ဖို့၊ လမ်းတစ်လျှောက် လျှပ်စစ်မီးတွေဆင်ဖို့ ကြိုးစားနေပြီဆိုပဲ'

တခြားတစ်ယောက်က ပြော၏။

ခင်စိုးသည် သူတို့စကားကို နားထောင်ရင်း ခေတ်မီသော သူတို့ အယူအဆတွေကို နောက်ပြန်ဆွဲချင်သလို ဖြစ်သွားလေ၏။

'ကျိုက်ထီးရိုးလမ်းကြီးက သိပ်ပြီး ခေတ်မီတိုးတက်သွားရင် ငါတို့ တွေ လုပ်စားစရာ ရှိပါတော့မလား'

အနာဂတ်အတွက် စိုးရိမ်ပူပန်သွားမိလေ၏။

\+ \+ \+

www.burmeseclassic.com

www.burmeseclassic.com


'မကြည်ရေ၊ ညည်းမှာလိုက်တဲ့ ခရမ်းချဉ်သီးတွေ ပါတယ်၊ ရော့'

တောင်ခြေမှ တောင်ပေါ်သို့တက်ကာ ဟင်းချက်စရာရောင်းသော မရင်ရွှေဆိုသူ မိန်းမကြီးက လမ်းမှ တဲစခန်းလေးတစ်ခုတွင် ထိုင်ရင်း ပြောလိုက်၏။ တဲထဲမှ မိန်းမက ကလေးနို့တိုက်ရင်း ဟင်းချက်စရာများကို လှမ်းယူသည်။ အခြား ဟင်းရွက်များကိုလည်း ဝယ်၏။

ခင်စိုးတို့အဖွဲ့သည် တဲစခန်းလေးတွင် ခေတ္တနားရင်း အပန်းဖြေကြသည်။ အဆင်းလမ်းမို့ ခရီးကတွင်သည်။ သိပ်မနားလိုက်ရပေ။ ဘုရားဖူးအဖွဲ့က ရေမြှောင်ကြီးမှာ ညအိပ်မည်ဟု ပြောနေကြသည်။ ခင်စိုးတို့အဖို့တော့ တောက်လျှောက်ဆင်းသွားလျှင်လည်း ဖြစ်သည်သာ။ နောက် တစ်ခေါက် ကိုယ့်အလှည့်မကျမချင်း တောင်အောက်မှာနေရဦးမည် ဆိုတော့ ဘာမျှ မထူး။ တစ်ခေါက်တက်ထားလျှင် သုံးလေးရက်တော့ စားနိုင်သေး သည်။ ပြတ်ပြီဟေ့ဆိုလျှင်တော့ ရုံးခန်းကိုသွားပြီး လူစားလိုက်ဖို့ ကြိုးစားရမည်။

ခင်စိုးသည် စဉ်းစားတွေးတောရင်းမှာပင် အေးမြနှင့် အေးလှတို့ ညီအစ်မ ပါမလာသေးသည့်အဖြစ်ကို သတိရ၏။ ငွေမောင်းတို့ကတော့ ဆင်းသွားနှင့်ပေပြီ။

ဘုရားဖူးတွေက ဆက်ဆင်းသွားကြသောအခါ ခင်စိုးသည် နောက်ချန်နေရစ်ပြီး အေးမြတို့ကို စောင့်ရလေသည်။ အေးမြတို့ကား တော်တော်နှင့် ပေါ်မလာ။ ခင်စိုး စိတ်ပူသွား၏။ အေးမြတို့ ခြေ ဒီလောက်မနှေး။ အဆင်းလမ်းမို့ သူတို့က ပို၍ပင် မြန်တတ်သေးသည်။

ဆယ်မိနစ်ခန့်ကိုပင် ခင်စိုးသည် ဆယ်ကမ္ဘာလောက်ကြာသည်ဟု အောက်မေ့သွားပေသည်။ အပေါ်ပြန်တက်ရ ကောင်းမလားဟု စဉ်းစားနေဆဲမှာ အေးမြ ရောက်လာသည်။

'နင်တို့ ဘာဖြစ်နေကြတာလဲ၊ အေးလှရော'

www.burmeseclassic.com

www.burmeseclassic.com


'ဖိနပ်ပြတ်သွားလို့တဲ့၊ ခြေထောက်ကလဲ နာနေတယ်'

'ဖြစ်ရမယ်၊ နင်တို့ကလဲ ဖိနပ်လေးတစ်ရန်တော့ ခိုင်ခိုင်ခံ့ခံ့ဝယ်ပြီး စီးမှပေါ့၊ ဒီလိုဆို နင် စောင့်နေဦး၊ နင့်ခြင်းကို ငါ့ပေး၊ ငါဆင်းနှင့်မယ်၊ တော်ကြာ သူများတွေ ရေချိုးတော့ အဝတ်လဲစရာမရှိ ဖြစ်နေမယ်'

ခင်စိုးသည် အေးမြဆီမှ ခြင်းကိုလှမ်းယူပြီး သူ့ ကျောပေါ် ပြောင်းထမ်း၏။

'အေးလှဆီက ခြင်းကို နင်ယူပြီး မြန်မြန်ဆင်းလိုက်ခဲ့၊ ကြားလား'

'အေးပါ၊ အေးပါ'

ခင်စိုးသည် အထမ်းကိုပြင်ထမ်းရင်း အဆင်းလမ်းကို ခပ်ကြမ်းကြမ်း လေး အသော့နှင်ခဲ့လေသည်။ မြန်မြန်ပြေးဆင်းနေရင်းကပင် 'ရေမြှောင် ကြီးထိ ကားလမ်းဖောက်ရင် ငါတို့လဲ ရေမြှောင်ကြီးကနေ အပေါ်အထိ သယ်ရမှာဆိုတော့ သက်သာမှာပဲ၊ ဒါပေမဲ့ အထမ်းခတော့ အရနည်းသွား မှာ'ဟု တွေးနေမိလေသည်။

\+ \+ \+

စိမ့်အေးလှသော နံနက်ခင်းမှာပင် ခင်စိုး၏ နဖူးပြင်တွင် ချွေးစို့နေလေသည်။ အေးလှ ခြေထောက်နာနေသဖြင့် သူနှင့် အေးမြက တစ်ယောက်တစ်ခြင်း ထမ်းကာ ဆင်းလာကြသည်။ ငွေမောင်းတို့ကို တစ်ခြင်းမျှလိုက်မိတာ တော်သေးရဲ့ဟု ခင်စိုးက တွေးမိ၏။

ခရီးသည်အားလုံးသည် လန်းလန်းဆန်းဆန်းဖြင့် တောင်ပေါ်မှ တပျော်တပါး ဆင်းလာကြသည်။ ယခုမှ တောင်ပေါ်တက်သူများကို နှစ်သိမ့်အားပေး၍ အောင်နိုင်သူတို့၏ အပြုံးကို ပြုံးပြကြ၏။

ခင်စိုးအတွက်တော့ တောင်ခြေနှင့် နီးလာလေလေ ခရီးတစ်ခု၏ အောင်နိုင်ခြင်းအရသာကို မေ့လျော့ကာ ဘဝမှန်ထဲ ပြန်ဝင်ရမှာ ဝန်လေးလာ

www.burmeseclassic.com

www.burmeseclassic.com


လေလေ ဖြစ်၏။ အဖေ့ရောဂါ သက်သာရဲ့လား၊ အဖေသည် ဆေးရုံမှ ဆင်းလာပြီးသည့်နောက်တွင်လည်း မျက်လုံးတွေဝါကာ အားအင်ချည့်နဲ့နေသလို မောဟိုက်နေတတ်လေသည်။ ယခင်တစ်ပတ်က အထမ်းခရထားသည်မှာ ငါးရက်ခန့်ကြာသွားပြီဖြစ်၍ အိမ်မှာ ဟင်းချက်စရာမှ ရှိပါရဲ့လား။

'ဖြည်းဖြည်းဆင်းတာပေါ့ ငါ့မြေးရယ်၊ ရောက်တော့မှာပဲ၊ ငါ့မြေးကြောင့် အဘွားက အတက်ရော အဆင်းပါ အထမ်းမငှားဘဲ တက်နိုင်ဆင်းနိုင်တာ အလွန်တရာဖူးရခဲတဲ့ ဖူးချင်လှတဲ့ ဘုရားဖူးရလို့ သေပျော်ပါပြီ၊ ငါ့မြေးလဲ အဘွားကို ဘုရားပေါ်ရောက်အောင်ပို့ရတဲ့ ကုသိုလ်ကြောင့် ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ပညာတွေအများကြီးတတ်ပြီး ကြီးမြင့်တဲ့ ပုဂ္ဂိုလ်ကြီး ဖြစ်ပါစေကွယ်၊ အင်း သာဓု သာဓု'

မြေးအဘွားနှစ်ယောက်နား ကပ်မိသည်နှင့် ဘွားအေဖြစ်သူ၏ တဖွဖွရေရွတ်သံကို ကြားလိုက်ရသည်။ ခင်စိုးသည် သူနှင့် ရွယ်တူ ကောင်လေးကိုကြည့်ကာ အားကျသလို ဖြစ်သွားသည်။ ကြည့်စမ်း၊ သူက သူ့အဘွားကို ဘုရားပေါ်တစ်ခေါက်ပို့ရတာနဲ့ သူ့အဘွားက ပေးလိုက်တဲ့ဆုတွေ တစ်သီကြီး၊ အမေတို့များ ငါ့ကို တစ်ခါမှ ဒီလိုဆုမျိုး မပေးဖူးဘူး၊ အေးလေ၊ ငါက အမေ့ကို ဘုရားပေါ်တစ်ခေါက်မှ မပို့ဖူးဘဲ၊ အရင် အဖေသွားနေ တုန်းကလဲ အမေ့ကို မခေါ်ဘူး၊ ရှုပ်လို့တဲ့၊ နောက်တစ်ခါ ငါလဲ အမေ့ကို ဘုရားပေါ်ပို့ဦးမှ၊ ကုသိုလ်ရအောင်၊ ခင်စိုးက အတွေးထဲမှာ ပြောနေမိ၏။

ဆိုင်တန်းတွေကို မြင်လာရပြီ။ ကင်ပွန်းစခန်းကို ပြန်ရောက်လေပြီ။ ခင်စိုးသည် ရုံးရှိရာသို့ တန်းတန်းမတ်မတ်သွား၏။ မရှေးမနှောင်းမှာပင် အေးမြနှင့် အေးလှ ရောက်လာ၏။ ပစ္စည်းတွေကို ကတ္တားပေါ်တင်ကာ ချိန်ရပြန်သည်။ ပစ္စည်းအချို့ကို ပိုင်ရှင်တွေက နုတ်ထားပြီဖြစ်၍ အချိန်လျော့သွားသည်။ ငွေရှင်းတော့ ခြောက်ဆယ်သောက်ပဲရ၏။ ငါးယောက် ဝေယူတော့ တစ်ယောက် ဆယ့်နှစ်ကျပ်။

www.burmeseclassic.com

www.burmeseclassic.com


ခင်စိုးသည် ငွေသုံးဆယ့်ခုနစ်ကျပ်ကို လက်ထဲမှာ ကျစ်ကျစ်ပါအောင် ဆုပ်ကာ အိမ်သို့ပြန်ပြေးလာရလေသည်။ အဖေသည် အိမ်ရှေ့ကွပ်ပျစ်မှာ ခြေတွဲလောင်းချထိုင်ရင်း ဝါးပလိုင်းလေးတစ်ခုကို အချောသပ်နေ၏။ အမေက နောက်ဖေးမှာ ထမင်းအိုးငုံ့နေသည်။ ညီမလေးက အမေ့အနားမှာ ထိုင်ကစားနေ၏။

ခင်စိုး ပြန်ရောက်လာပြီလားဟု မည်သူကမျှ ခရီးဦးကြိုပြုမနေပေ။

'အမေ ဘာဟင်းရှိလဲ၊ ဆာလိုက်တာ'

သူ့အမေက ငါးပိအိုးကို မေးငေါ့ပြ၏။

'နေဦးလေ၊ ထမင်းက အပူကြီးရှိသေးတာ'

ခင်စိုးသည် ဝါးကြမ်းပြင်ပေါ် ထိုင်ချလိုက်၏။ ပြီးတော့ စွပ်ကျယ်အင်္ကျီနှင့် ရင်ဘတ်ကြားမှ ပိုက်ဆံသုံးဆယ့်ခုနစ်ကျပ်ကို ထုတ်ကာ သူ့အမေကို လှမ်းပေးလိုက်သည်။ သူ့အမေက ဟိုအဘွားကြီးလို သူ့ကို ဆုတွေပေးဦးမှာလားဟု မတွေးစဖူး အတွေးရောက်မိ၏။

သူ့အမေက ပိုက်ဆံကိုကောက်ကာ ဘော်လီအင်္ကျီ အိတ်ကပ်ထဲ ထည့်ပြီး ရေကပြင်သို့ ထွက်သွားလေသည်။ ထမင်းအိုးသည် အငွေ့တခြောင်းခြောင်း ထနေ၏။

**[ ငွေတာရီ ။ ။ ဇွန်၊ ၁၉၈၀ ]**

www.burmeseclassic.com

www.burmeseclassic.com

# မိုးကျော် ကျောက်ပန်းတောင်းမှာ နေသည်

မိုးကျော်သည် သူ့ဖခင်ဖြစ်သူကို နည်းနည်းလေးမှ မကျေနပ်ပေ။ သို့သော် သူ့ မကျေနပ်ချက်ကို ထုတ်ဖော်ပြသ၍ မရ။ အဘယ့်ကြောင့်ဆိုသော် သူ မကျေနပ်သူသည် သူ့ ဖခင်ဖြစ်နေသောကြောင့်တည်း။

သူတို့မှာ မောင်နှမ ခုနစ်ယောက်ရှိသည်။ သူသည်ကား အထက် သုံးယောက် အောက်သုံးယောက် အလယ်မှ အလတ်ကောင်ဖြစ်ချေ၏။ အကြီးဆုံး အစ်မနှစ်ယောက်သည် အိမ်ထောင်အသီးသီးကျကုန်ကြပေသည်။ တစ်ယောက်က တောင်တွင်းကြီးမှ ကုန်သည်တစ်ယောက်နှင့်ယူသည်။ အသင့်အတင့်တော့ ဟန်ကျ၏။ အိမ်ကိုလည်း အနည်းအကျဉ်းထောက်ပံ့ သည်။ အစ်မအငယ်က မကြာမီကမှ ရုံးစာရေးတစ်ယောက်နှင့် လိုက်ပြေး သည်။ အဖေက ရှက်လှချည့်ဟုဆိုကာ တုတ်တစ်ပြက် ဓားတစ်ပြက်နှင့် ရိုက်မယ် ပုတ်မယ် လုပ်သေးသည်။ အဖေ ငယ်စဉ်ကတော့ အလုပ်အကိုင် မရှိသေးခင် ကျောင်းသားအရွယ်ကပင် အမေ့ကိုခိုးပြေးသဖြင့် မနေနိုင်သော အမေ့မိဘများက တင်ကျွေးထားခဲ့ရသည်ဟု သိရလေသည်။ အစ်မငယ်သည်

www.burmeseclassic.com

www.burmeseclassic.com


သူ့စရိုက်ပင်သူ လောက်ရှောသူ မဟုတ်၍ အိမ်ကို တစ်ပြားတစ်ချပ်မျှ မထောက်ပံ့နိုင်ပေ။ ထို့ကြောင့် အစ်မငယ်သည် အဖေရှိလျှင် အိမ်ပေါ်ကို ရဲရဲမတက်ဝံ့ရှာ။

မိုးကျော်အထက် အစ်ကိုစိုးကျော်ကမူ အဖေ့ အသည်းစွဲတည်း။ မနှစ်က စိုးကျော် ဆယ်တန်းအောင်သည်။ ဂုဏ်ထူးနှစ်ဘာသာပါသည်။ မိတ္ထီလာ ဒေသကောလိပ်ကိုတက်ရ၏။ သူ့အတွက် တစ်လလျှင် ငွေသုံးရာ ခန့် ပို့ပေးရသော်လည်း အဖေသည် မည်သည့်အခါမျှ ထုတ်ဖော်ညည်းညူခြင်း မရှိပေ။

အဖေက ပြော၏။ သားသမီးအားလုံးထဲမှာ မိုးကျော်ဆိုသည့် အကောင်သည် အပေဆုံး အတေဆုံးတဲ့။ ကျောင်းလည်းကောင်းကောင်း မနေချင်။ စာလည်းတော်အောင် မကြိုးစား။ ယောကျ်ားဖြစ်ပြီး ထူးချွန်အောင် ကြိုးစားလိုစိတ် မရှိ။ စိတ်ဓာတ်မြင့်မြင့် မထားတတ်။ ရှင်းရှင်းပြောရလျှင် လုံးဝ အသုံးမကျ။ စိုးကျော် ခြေဖျားကိုပင် မမီ။

အငယ်နှစ်ယောက်ကမူ ကျောင်းနေဆဲတည်း။ မိုးကျော်ထက်နှစ်နှစ် သာ ငယ်သော ညီမဖြစ်သူ နီလာကျော်သည် ယခုနှစ်ရှစ်တန်းအောင်သည်။ မိုးကျော်ကမူ ကိုးတန်းမအောင်ခင် ကျောင်းမှ ထွက်လိုက်ရသည်။ စာမေးပွဲ နှစ်နှစ်ဆက်ကျသည်လေ။ အငယ်ဆုံးသားဖြစ်သူ အောင်ကျော်သည်ပင် ခုနစ်တန်း ရောက်နေပေပြီ။ ညီအစ်ကိုမောင်နှမ အားလုံးတွင် မိုးကျော်သည် သိုးမည်းသာတည်း။

အမေကတော့ မိုးကျော်ကို အချစ်ဆုံးဖြစ်သည်။ ဤသည်ကို အဖေက မကျေနပ်ပေ။ သည့်လောက်ဆိုးတဲ့ကောင်၊ သည့်လောက်တေတဲ့ ပေတဲ့ကောင်ကို သူမို့လို့ ဦးစားပေးချင်သည်တဲ့။ သူ့ဘာသာ ကျောင်းမနေ ချင်လို့ ကားသမားဖြစ်နေတာကိုများ အဟုတ်ကြီးမှတ်လို့တဲ့။ ဒီကြောင့်

www.burmeseclassic.com

www.burmeseclassic.com


လုပ်စာ ဘယ်နှစ်ပြားရတာလိုက်လို့။ သားယောက်ျား သုံးယောက်ထဲမှာ ဒီကောင်အညံ့ဆုံး။ မိန်းကလေးဖြစ်သူ နီလာကျော်ကမှ သူ့ထက် အစွမ်းအစ ရှိသေးသည်။ ဤသည်တို့မှာ အဖေ၏ မိုးကျော်အပေါ်ထားရှိအပ်သော သဘောထားနှင့် ဆုံးဖြတ်ချက်များတည်း။

သို့သော် အဖေသည် သူ ဖြတ်သန်းကျော်လွှားလာခဲ့သော ခရီးတွင် မည်သည့်သားသမီးက အနားမှာရှိခဲ့သည်ကို တစ်ခါဖူးမျှ သုံးသပ်မိဟန် မရှိချေတကား။

\+ \+ \+

ကျောက်ပန်းတောင်းမြို့ပေါ်မှာတော့ အမေတို့ မိဘများသည် အသင့်အတင့် ချမ်းသာသူများ ဖြစ်ကြလေသည်။ အမေသည် တစ်ဦးတည်းသောသမီး ဖြစ်သည်နှင့်အညီ မပူမပင် မကြောင့်မကြ နေရသူပင်ဖြစ်သည်။ သို့သော် အမေသည် အချိန်အားလပ်၍ အစစအရာရာ ပြည့်စုံနေသော မိန်းကလေး တို့၏ သဘာဝအတိုင်း စိတ်ကစား လွင့်ပါးခဲ့ကာ နှလုံးသားရေးရာမှာ နစ်မျောခဲ့လေသည်။ ထို့ကြောင့်လည်း လူ့လောကအကြောင်းကို ဘာမျှ မသိသေးသော ဆယ်ကျော်သက်အရွယ်မှာပင် ဘဝအာမခံချက်မရှိသေးသော အဖေ့နောက်ကို ကောက်ကောက်ပါအောင် လိုက်ခဲ့လေသည်။ အဖေသည် သူ၏ တက်ကြွသော လူငယ်ဘဝကို အိမ်ထောင်မှုထောင်ချောက်အတွင်းမှာ စောစီးစွာပင် မြှုပ်နှံခဲ့လေ၏။ သို့သော် အဖေသည် အတ္တကြီးသူပီပီ သူ့အမှားကို မည်သည့်အခါမျှ ဝန်မခံချေ။ တကယ်တော့ အဖေသည် သူပြောသလို သူ့ဘဝသူ ကြိုးစား ရပ်တည်နိုင်ခဲ့ခြင်းမှာ ယောက္ခမတွေ၏ ကူညီစောင့်ရှောက်မှုကြောင့်သာ ဖြစ်သည်မှာ ယုံမှားစရာ မရှိပေ။

www.burmeseclassic.com

www.burmeseclassic.com


အဖေသည် အဝေးပြေးကားတွေကို မောင်းနှင်လျက် ကျောက်ပန်းတောင်းနှင့် ညောင်ဦးကို ကူးနေခဲ့၏။ ရသမျှငွေကို ကျစ်ကျစ်ပါအောင် စုကာ ကိုယ်ပိုင်ကား ဝယ်နိုင်အောင် ကြိုးစားသည်။ ယင်းအချက်ကိုပင် အဖေက သူ့ကိုယ်သူ မဟာလူစွမ်းကောင်းကြီးအဖြစ် ဂုဏ်ယူပြန်လေသည်။ မိန်းမနှင့် သားသမီးသုံးယောက်ကို ယောက္ခမက ကျွေးမွေးပြုစုထားခဲ့ရသည်ကိုတော့ အဖေက ထည့်မပြောပေ။ အဖေ့မှာ တစ်ယောက်တည်း သမားအဖြစ် မပူမပင် စီးပွားရှာခဲ့ခြင်းသာ ဖြစ်လေ၏။

မိုးကျော်ကို မွေးပြီးသည့်အချိန်မှာ အဖေတို့ မိသားစုသည် ကိုယ်ပိုင်ကားတစ်စင်း ထောင်နိုင်ပြီဖြစ်၍ အမေ့ မိဘများဆီမှ ခွဲထွက်လာခဲ့လေသည်။ ထိုအချိန်ကျမှသာလျှင် အဖေသည် တကယ့်ဘဝကို စရခြင်းဖြစ်၏။ စီးပွားခွဲ အိမ်ခွဲလာပြီဆိုသောအခါ အစစအရာရာ ကျပ်တည်းမှုကို ရင်ဆိုင်ရလေသည်။ ယခင်က မိန်းမနှင့် သားသမီးများကို ယောက္ခမက ကျွေးထားခဲ့သည်ကို ထည့်မတွက်ခဲ့မိသော အဖေသည် သူရှာသည့်ငွေနှင့် မလောက်မင ဖြစ်နေသည်ကို မြင်ရသောအခါမှ ဘဝတိုက်ပွဲအတွက် အထိတ်တလန့် ဖြစ်လာလေတော့သည်။ ကလေးတွေ လူလားမြောက်လာလေလေ အမေ့ ညည်းညူသံက ကျယ်လောင်လာလေလေ။ အဖေသည်လည်း ကားပေါ်က မဆင်းရမူ၍ အညောင်းမိကာ ပိန်ချည့်နေလေပြီ။ အစ်မနှစ်ယောက် အိမ်ထောင်ကျသွားခြင်းသည် အဖေ့အတွက် ဝန်ပေါ့သွားခြင်းသာ ဖြစ်၏။ သို့သော် အရာရာကို တရားနှင့်ယှဉ်၍ မစဉ်းစားတတ်သော အဖေက ရင်ထုမနာ ဖြစ်လိုက်သေးသည်။

သားနှစ်ယောက်က ပညာသင်၍ ကောင်းဆဲမှာ အဖေသည် ကျန်းမာရေးညံ့လာပြီဖြစ်သဖြင့် စိတ်သွားတိုင်း ကိုယ်မပါတော့ပေ။ အဖေ့ကားသည်လည်း အဖေနှင့် တစ်ပြိုင်နက်တည်းပင် ချုချာ၍လာလေ၏။

www.burmeseclassic.com

www.burmeseclassic.com


ကားက စားလိုက်၊ လူက စားလိုက်နှင့် မိုးကျော်တို့၏အိမ်မှာ တစ်စတစ်စ လုံးပါးပါးလာသည်ကို အဖေ အမေတို့နှင့်အတူ မိုးကျော်ပါ ခံစားသိရှိခဲ့သည်။ ထိုအချိန်က စိုးကျော်သည် အပေါင်းအသင်းများနှင့် လည်၍ ပတ်၍ ကောင်းဆဲ။ မိုးကျော်က ကျောင်းမှပြန်လာလျှင် အဖေနှင့်အတူ ကားဝမ်းဗိုက် အောက်ထဲဝင်လိုက်လျှင် အဖေက သူ့ကို ကူညီသည်ဟု မထင်ဘဲ 'ငါလို ကားဝါသနာပါရင် ငါလို ကားသမားပဲဖြစ်မှာကွ၊ အသုံးကျတဲ့အလုပ် မဟုတ်ဘူး'ဟု ဆိုတတ်သည်။ သို့သော် အဖေ့အတွက် စောစောအလုပ်ပြီး ကာ စောစောနားနေနိုင်ခဲ့သည်ကတော့ အမှန်ပင်။

အဖေ လုံးဝနေထိုင်မကောင်း၍ ကားကို ကိုယ်တိုင်မမောင်းနိုင်ဘဲ ဒရိုင်ဘာအစားထည့်ရသည့်အခါမျိုးတွင် ကားနောက်ကိုလိုက်ရန် လူလိုသော အခါ ကားအကြောင်း အတန်အသင့်နားလည်သော မိုးကျော်ကိုပင် ထည့် ရတော့သည်။ သို့တိုင်အောင် အဖေက ကျေးဇူးတင်စကားမဆို။ 'ကားသမား ဖြစ်ချင်တဲ့အကောင်တော့ အကြိုက်တွေ့သွားပြီပေါ့' တဲ့။ မိုးကျော် မဖြေရှင်း လိုပါ။ အဖေ သက်သာလျှင်ပြီးရောဟု သဘောထားသည်။

ကားနောက် လိုက်ပါများသောအခါ မိုးကျော် ကျောင်းတက်ရက်တွေ ပျက်ပေါင်းများလာ၏။ ကျောင်းပျက်ဖန်များသောအခါ ကျောင်းစာတွေကို လိုက်မမီတော့။ သည်တော့လည်း မိုးကျော် စာမေးပွဲကျသည်မှာ မဆန်း။ အမေက မိုးကျော် အပ်လာသောငွေများကို တုန်ယင်သောလက်များနှင့် ရေတွက်ဆဲမှာ အဖေက သူ့သားကြီး စိုးကျော်တစ်ယောက် အလည်အပတ် လျှော့ပြီး စာကြိုးစားလာခြင်းကို ဝမ်းမြောက်ဝမ်းသာ ပြောနေလေသည်။ 'ဒီကောင်ကမှ ထွန်းကားမဲ့ကောင်' တဲ့။

နောက်ပိုင်းတွင် အဖေသည် ကားနောက်ကို မလိုက်နိုင်သလောက် ဖြစ်လာလေသည်။ သူများကို မောင်းခိုင်းရသဖြင့် ကိုယ်စားသင့်သလောက်

www.burmeseclassic.com

www.burmeseclassic.com


လည်း မစားရ။ အခြေအနေက မိုးကျော်ကိုယ်တိုင်မောင်းလျှင် အကောင်းဆုံး။ မိုးကျော်သည် ဘာမျှ စဉ်းစားမနေတော့။ ကိုးတန်းစာမေးပွဲဖြေမည့်ဆဲဆဲ မှာပင် ရန်ကုန်ကို ထွက်လာခဲ့သည်။ ကားမောင်းသင်သည်။

မိုးကျော် မရှိစဉ်အတွင်းမှာပင် အဖေသည် သူ့ကားကို ရောင်းလိုက် ရလေသည်။ သူ့သားကြီးစိုးကျော်ကို ကောလိပ်ကိုပို့ဖို့ ငွေလိုလို့တဲ့။ ဗြူ ကားဟောင်းလေးတစ်စီး ပြန်ဝယ်သည်။ ပုပ္ပါးနှင့် ကျောက်ပန်းတောင်းကို ဆွဲသည်။ မိုးကျော် ပြန်ရောက်ချိန်မှာ အဖေ့ ကြည့်ရသည်မှာ လူရုပ်ပင် မပေါ်။ မိုးကျော်သည် အဖေထွင်ခဲ့သော လမ်းပေါ်မှာ လျှောက်ရလေတော့ ၏။ အတက်အဆင်းများသော ကျောက်ပန်းတောင်း၊ ပုပ္ပါးလမ်းပေါ်မှာ ချူချာနုံနဲ့သော ကားလေးဖြင့် ခရီးသည်များကိုတင်ပြီး တစ်နေ့လျှင် သုံးခေါက်ပြေးဆွဲနေသည်။ အဖေသည် အေးအေးဆေးဆေးနားနေနိုင်ပြီ ဖြစ်၏။ သို့သော် အဖေသည် မိုးကျော်ကို ရဲဘော်ရဲဘက်တစ်ယောက်လို မမြင်။ စာမသင်ချင်၍ ကားဝင်မောင်းသော သားဆိုးတစ်ယောက်အဖြစ်သာ မြင်နေလေသည်။

သည်တော့လည်း မိုးကျော်သည် ဖခင်ဖြစ်သူကို နည်းနည်းမျှ မကျေနပ်နိုင်တော့ပေ။ သို့သော် သူ့မကျေနပ်ချက်ကို ထုတ်ဖော်ပြသ၍ မဖြစ်။ အဘယ့်ကြောင့်ဆိုသော် သူ မကျေနပ်သူသည် သူ့ဖခင် ဖြစ်နေ သောကြောင့်တည်း။

\+ \+ \+

ယနေ့အဖို့တော့ နောက်ဆုံးအခေါက်ပင်။

မနက်က နှစ်ခေါက်ဆွဲအပြီးမှာ အိမ်ပြန်နားဖို့ မိုးကျော် စိတ်ကူးခဲ့ သည်။ အဖေသည် သူတတ်နိုင်သမျှငွေဖြင့် ကားကို အဖြစ်သာ ပြန်ဝယ်ခဲ့

www.burmeseclassic.com

www.burmeseclassic.com


သဖြင့် ကားသည် ခိုင်းမကောင်းလှပေ။ သို့သော် အချို့ ပုဂံ ညောင်ဦးမှ ကူးလာသူများသည် ကျောက်ပန်းတောင်းကို အချိန်နှောင်းမှ ရောက်လာကြ၏။ ပုပ္ပါးကို ညတွင်းချင်းရောက်လိုကြသည်။ ထိုအချိန်မှာ ကားရှားပြီဖြစ်၍ ရရာကားကို ငှားကြသည်။ မိုးကျော်ကတော့ ငွေရမည်ဆိုလျှင် ကားကိုလည်း အနားမပေး၊ သူလည်း မနားပေ။ သူ့မှာ တစ်စတစ်စ စားချိန် အိပ်ချိန် နည်းလာသည်ကိုလည်း ဂရုမစိုက်။ သူ့အတွက် ကိုက်လျှင် လိုက်ခဲ့သည်သာ ဖြစ်၏။

ကားပေါ်မှာ မိသားတစ်စု ပါလာခဲ့သည်။ ကျောက်ပန်းတောင်းမှ ထွက်တော့ ညနေ ခြောက်နာရီကျော်ပြီ။ ခုနစ်နာရီပင် ထိုးလုနီးပြီ။ တောင်ခြေကို မမှောင်မီရောက်အောင် ကြိုးစားမောင်းရပေမည်။ မိုးကျော်သည် ကားမထွက်မီ အိမ်ကိုတစ်ခေါက်ဝင်ခဲ့သေး၏။ သူ ညစာ မစားရသေး။

'အမေ၊ ဘာဟင်းရှိလဲ'

'ငါးဟင်းလေးနည်းနည်းရှိတယ် သား၊ သားစားချင် အမေ ပုန်းရည်ကြီးသုပ်လိုက်မယ်'

'သုပ်မနေနဲ့တော့ အမေရာ၊ ကျွန်တော် တစ်ခေါက်တက်လိုက်ဦးမယ်၊ ချိုင့်ထဲပဲထည့်ပေးလိုက်တော့၊ အပေါ်ကျမှ စားမယ်'

'မှောင်လှပါရော သားရယ်၊ တောင်ပေါ်မှာ အိပ်မလို့လား'

'ဟုတ်တယ်၊ မနက်မှ တစ်ခါတည်း ပြန်ဆင်းလာရမှာ'

အမေသည် မိုးကျော်အတွက် ကမန်းကတန်း ထမင်းချိုင့်ပြင်ပေး၏။ အဖေသည် အိမ်ရှေ့ကွပ်ပျစ်တွင် ထိုင်၍ ကွမ်းတမြုံ့မြုံ့ ဝါးနေရာမှ ကွမ်းတံတွေးကို ပျစ်ကနဲ လှမ်းထွေးရင်း မိုးကျော်ကို စွေကြည့်သည်။

'ဒီအချိန်ကြီးမှ ဘယ်လောက်နဲ့ လိုက်သွားမှာလဲ'

'အသွားအပြန် တစ်ရာ'

www.burmeseclassic.com

www.burmeseclassic.com


'ဒီကားက လူဆယ့်နှစ်ယောက် ဆံ့တယ်ကွ၊ မင့်လူက ဘယ်နှစ်ယောက်လဲ'

'မိသားစုငါးယောက်တည်း၊ ဒီအချိန်ကြီးမှတော့ လူပြည့်ဘယ်လိုလုပ်ရနိုင်မလဲ'

မိုးကျော်သည် အမေပြင်ပေးသော ထမင်းချိုင့်ကိုဆွဲပြီး မြန်မြန်ပြန်ထွက်ဖို့ ပြင်ရသည်။ ခရီးသည်တွေကို စောင့်ခိုင်းထားရသည်မှာ အားနာသည်။ သူတို့ကလည်း မရောက်ဖူးသည့် အရပ်မို့ မှောင်သွားမှာစိုးသည်။ မိုးကျော်က ဘာမျှ မဖြစ်စေရဟု အာမခံခဲ့ရသေးသည်။

'မင်းဟာက ညလဲ စောင့်အိပ်ရဦးမယ်'

အရာရာကို အပြစ်သာတင်တတ်သော အဖေက မကျေနပ်သံဖြင့် ပြောနေသေးသည်။

'ဒါတော့ အိပ်ရမှာပေါ့ အဖေရ၊ ဒီအချိန်ကျမှ ပြန်မောင်းချလာလို့ကော ဖြစ်မလား'

မိုးကျော် စိတ်မရှည်၍ ဘုတောလိုက်သည်။ အဖေသည် အလုပ်မရှိသည့်နောက်ပိုင်း ညနေဆိုလျှင် နည်းနည်းသောက်တတ်လာသည်။ ပြီးလျှင် နည်းနည်း ဖောက်တတ်၊ ဟောက်တတ်လာသည်။

'အံမယ် မင့်အကြောင်းများ မသိရင်ခက်မယ်၊ မင်းအပေါ်မှာ အိပ်ချင်တာနဲ့ စောစောက အော်ဒါတွေ လွှတ်ပစ်တာနေမှာ'

ကြည့်။ အဖေက မိုးကျော်ကို သည်အထိ အထင်သေးသည်။ မိုးကျော်သည် အိမ်ပေါ်မှ ခြေသံပြင်းပြင်းဖြင့် ဆင်းချလာရင်း အဖေ့ကိုလည်း မချုပ် မတည်းနိုင်ဘဲ ပြောပစ်သည်။

'အဖေ မဟုတ်တာတွေ ပြောမနေနဲ့ဗျာ၊ ကျွန်တော် ကောင်းကောင်းမွန်မွန် အလုပ်လုပ်နေတာ၊ အဖေ့ဟာ အဖေ အေးအေးနေ'

www.burmeseclassic.com

www.burmeseclassic.com


'အံမာ လူဝါးဝတဲ့ကောင်၊ ခွေးမသား၊ ဒင်းဟာဒင်း ကလေကချေ နေချင်တိုင်း'

မိုးကျော်သည် ဒေါသကို မျိုသိပ်ကာ ကားရှိရာသို့ ခပ်သုတ်သုတ် လှမ်းလာခဲ့ရ၏။ နောက်ပိုင်းတွင်တော့ အဖေနှင့် အမေသည် ရန်ဖြစ်ကျန်ခဲ့မည်ကို အတပ်သိနေ၏။ ကားပေါ်တွင် နေရာယူလိုက်ရသည့်တိုင် မိုးကျော်၏ရင်သည် မတည်ငြိမ်သေး။

'ဒီမယ်ကွယ့် သူငယ်ရဲ့၊ နေတောင်ဝင်တော့မယ်၊ မင်းကားက စပယ်ယာမပါ ဘာမပါနဲ့ ဖြစ်ပါ့မလား'

ကားပေါ်မှ အဒေါ်ကြီးက စိုးရိမ်ပူပန်ကြီးစွာ ပြောနေသေးသည်။ ခါတိုင်းတော့ မိုးကျော်သည် သူတို့အိမ်နားမှ ကောင်လေးတစ်ယောက်ကို အဖော်ခေါ်လာတတ်သည်။ ထိုကောင်လေး နေမကောင်းဖြစ်နေ၍ ခေါ်မလာခဲ့ရ။

'စိတ်ချပါ အဒေါ်ရဲ့၊ ဒီလမ်းက ကျွန်တော်သွားနေကျပါ'

'ဒီလိုဆိုလဲ ပြီးပါရော့ကွယ်'

မိုးကျော်၏ အသံတွင် ဒေါသသံတို့ ကွယ်ပျောက်လျက်ရှိသော်လည်း ကားစတီယာရင်ကို ကိုင်ထားသော မိုးကျော်၏ လက်တို့ကမူ တုန်နေဆဲ ရှိသေး၏။

\+ \+ \+

ကျင့်သားရနေသော မိုးကျော်၏ မျက်လုံးနှင့် လက်များက တစ်နေ့သုံးခေါက် ပြေးဆွဲနေရသော သည်လမ်းပေါ်မှာ အလိုအလျောက် ထိန်းသိမ်းခေါ်ဆောင်သွားစမြဲဖြစ်လေသည်။ မှိုင်းပျမှုန်ဝေသော ကောင်းကင်ပြာပြာအောက်တွင်

www.burmeseclassic.com

www.burmeseclassic.com


ပုပ္ပါး၏အလှသည် လွှမ်းမောဖွယ် တရားသံဝေဂရဖွယ် အေးရိပ်ကိုဆောင်လျက် ရှိ၏။ ဆောင်းဦး၏ အငွေ့အသက်တို့သည် လွှမ်းခြုံဖြန့်ကျက်စပြုနေပြီ။ ယခုအချိန်ဆိုလျှင် တောင်ခြေတွင် အအေးဓာတ်တွေ လွှမ်းမိုးရော့မည်။ မိုးကျော်သည် လှလေးစိန်ကို ချက်ချင်းသတိရလိုက်၏။ မိုးကျော်မျက်နှာ ပြုံးရိပ်သန်းသွားသည်။ပြီးတော့ အဖေ၏ တရားလက်လွှတ်ထွေ့ငေါ့လိုက်သောစကားကို သတိရသဖြင့် မိုးကျော်မျက်နှာ ညှိုးသွားရပြန်သည်။

မိုးကျော် တောင်ပေါ်မှာအိပ်ချင်သည်ကတော့ အမှန်ပင်။ သို့သော် မိုးကျော်သည် လှလေးစိန်နှင့် တွေ့ချင်သည့်အကြောင်းတစ်ခုတည်းနှင့်တော့ မည်သည့်အခါမျှ တောင်ပေါ်တွင် မအိပ်ချေ။ သူ့အတွက် ခရီးသည်ရလျှင်ရချင်း ပြန်ဆင်းလာသည်သာ ဖြစ်၏။ တောင်ပေါ်မှာ အိပ်ရကောင်းစေဟူသော ရည်ရွယ်ချက်နှင့်လည်း စောစောလာခေါ်သော ခရီးသည်များကို ငြင်းမလွှတ်ခဲ့ပေ။ မိုးကျော် သူ့အလုပ်ကို လေးစား၏။ သူလို လူငယ်တစ်ယောက်အနေဖြင့် သည်အလုပ်သည် သိမ်ငယ်ညံ့ဖျင်းသော အလုပ်ဟုဆိုချင်သူများက ဆိုနိုင်သော်လည်း သူကတော့ သူ့အလုပ်ကို သူလေးစား၏။ လောလောဆယ် သည်အလုပ်ကရသောဝင်ငွေဖြင့် သူရော သူ့မိသားစုပါ ထမင်းစားနေရသည်။ သူသည် စုတ်ချာလှသော သူ့ကားကလေးကိုပင် သူတတ်သည့်ပညာဖြင့် အခါမလပ် ပြုပြင်ထိန်းသိမ်းကာ အရိပ်တကြည့်ကြည့် နေလေသည်။

စပျစ်ခြံများကို လွန်လာ၏။ ပုပ္ပါး၏ သဏ္ဌာန်သည် ပိုမိုထင်ရှားပြတ်သား၍ လာသည်။ လမ်းဘေးရှိ တောတန်းတစ်လျှောက်မှ ထင်းခွေရောင်းသော ကောင်မလေးတစ်စုက သူ့ကားကို လက်ပြ၍ တားကြသည်။ သူတို့အဖို့ တစ်ရွာနှင့်တစ်ရွာ ကူးရာမှာ ဤသို့ပင်ကြုံရာကားကိုတား၍

www.burmeseclassic.com

www.burmeseclassic.com


စီးကြရသည်။ မိုးကျော်က ကားကို ရပ်ပေးလိုက်သည်။ မိုးကျော်ကို မြင်သော အခါ သူတို့ ပျော်သွားကြသည်။ မိုးကျော်ကို သူတို့ မှတ်မိနေကြသည်။ မိုးကျော်သည် မည်မျှပင် အရေးကြီးသည်ဖြစ်စေ သူတို့ကို အချိန်မရွေး ရပ်ပေးကာ ခေါ်တင်သွားစမြဲ။

'နင်တို့ တစ်ယောက်တစ်ကျပ် ပေးရမယ်နော်၊ တစ်ပြားမှ မလျှော့ဘူး'

မိုးကျော်က လှမ်းနောက်လိုက်သည်။

'ပေးမယ်၊ ပေးမယ်'

ကောင်မလေးတွေက ညာသံပေးကာ အော်ဟစ်ရင်း ကားရှေ့စက်ဖုံး ပေါ်သို့ ခုန်တက်လိုက်ကြသည်။ သူတို့သည် တစ်ယောက်ကိုတစ်ယောက် တိုးဝှေ့ကာ လိမ့်မကျအောင် ထိုင်လိုက်လာကြလေသည်။ သူတို့အားလုံး ဆယ်ကျော်သက်ရွယ်လေးများသာ ဖြစ်ကြသည်။ ပင်ပန်းဆင်းရဲစွာ လုပ်ကိုင် စားသောက်ကြရသည်။ မိုးကျော်သည် သူတို့လေးတွေကို ဘဝတူလူငယ်များ အဖြစ် လေးစားသည်။ သည်လို အညွန့်တလူလူနှင့် လူငယ်လူရွယ်လေးတွေ မြန်မာပြည်အနှံ့အပြားမှာ ဘယ်လောက်ရှိမည်လဲ။ မိုးကျော် ရန်ကုန်မှာ ကားမောင်းစက်ပြင်သင်တန်း သွားရောက်တက်စဉ်ကလည်း ဘဝတူ လူငယ်များစွာနှင့် တွေ့ဆုံခဲ့ရ၏။ ဘဝအာမခံချက်တစ်ခု ရယူနိုင်ရေးအတွက် ပျော်ရွှင်ဖွယ်ရာ ဘဝ၏ အစိတ်အပိုင်းများကို စတေးနေကြသူများပင် ဖြစ်လေ၏။

အဖေတို့လို လူကြီးတွေက သည်လိုအဖြစ်မျိုးတွေကို စဉ်းစား တွေးခေါ်ကာ စာနာတတ်သည် မဟုတ်ချေ။

ကားစက်ဖုံးပေါ်မှ ကောင်မလေးတွေသည် အပျော်ခရီးထွက်လာ ကြသည့်အလား သီချင်းတကြော်ကြော် အော်ဟစ်ကာ မြူးထူးစွာ လိုက်ပါ

www.burmeseclassic.com

www.burmeseclassic.com


လာကြလေသည်။ အညာ၏ဆောင်းဦးသည် ရုတ်ခြည်း ဝင်ရောက်လာ၏။ စိမ့်ခနဲအေးလာသဖြင့် ကားထဲမှ ခရီးသည် ကောင်မလေးလေးသည် အနွေးထည်ကို ကောက်ဝတ်လိုက်လေသည်။

တစ်နေရာတွင် ကားပေါ်မှ ထင်းသည်ကောင်မလေးတွေ ဆင်းသွားကြသည်။ သူတို့က မိုးကျော်ကို လက်ဝှေ့ရမ်းကာ နှုတ်ဆက်ကြသည်။ တစ်နေ့မှ ထင်းရောင်းရငွေ တစ်ကျပ်ခွဲ နှစ်ကျပ်သာရသော ကောင်မလေးတွေသည် ပျော်ရွှင်တက်ကြွစွာပင် တောတန်းအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားကြလေ၏။ မိုးကျော်သည် စိတ်ညစ်ညူးနောက်ကျိမှုများကင်းစင်စပြုကာ ရွှင်လန်း၍ တက်ကြွလာ၏။ တောင်ကလပ်မှ မီးရောင်လက်လက်များကို မြင်ရစပြုပေပြီ။ သည်အချိန်ဆိုလျှင် လှလေးစိန်တစ်ယောက် ဆိုင်သိမ်း၍ သူ့ဦးလေး၏ ထမင်းဆိုင်တွင် ဝိုင်းဝန်းနေပေလိမ့်မည်။

ပုပ္ပါးရွာကလေးသည် ညအမှောင်မှာ အေးချမ်းဆိတ်ငြိမ်စွာ အိပ်စက်စ ပြုနေပေပြီ။ ဘုရားဖူးကားတချို့ နားနေကြသည်။ မိုးကျော်တို့၏ ကားကလေးသည် တောင်ကလပ်အထိ ဆက်လက်မောင်းနှင်လာခဲ့သည်။ ညသည် ပိုမိုနက်ရှိုင်းလာ၏။ ပတ်ဝန်းကျင်၏ တိတ်ဆိတ်ငြိမ်သက်မှုနှင့် အမှောင်၏ ကြီးစိုးမှုကြောင့် ချောက်ချားဖွယ် ဖြစ်၍လာသည်။ တောတောင် သဘာဝ အငွေ့အသက်သည် လွှမ်းမိုးအုပ်ဆိုင်းနေ၏။ တောင်တက်တောင်ဆင်းများလာ၍ မိုးကျော်သည် စိတ်ကို မပျံ့လွင့်စေဘဲ ကားကို အထူးဂရုစိုက်၍ မောင်းလာရသည်။

'ဒါကြောင့် ပြောတာကွယ်၊ မှောင်နေပါ့မယ်လို့'

ခရီးသည် အဒေါ်ကြီးသည် ကြောက်ရွံ့ တုန်လှုပ်လာဟန်ဖြင့် ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com


'ကိစ္စမရှိပါဘူး အဒေါ်ရယ်၊ ကျွန်တော်တို့ ဒီလမ်းကို အချိန်မရွေး သွားနေကျပါ'

ပြောသာပြောရသည်။ ချောက်ကမ်းပါး တစ်ဆစ်ချိုး အကွေ့များကိုတော့ မိုးကျော်တို့လည်း ဘုရားတ၍ မောင်းရတတ်သည်။ အဆင်မသင့်လျှင် ချောက်ထဲကျကာ ဆုံးရှုံးထိခိုက်ရမှုတွေ ကြုံရတတ်သည်။ မိုးကျော်က လက်အုပ်ချီ၍ တောင်ပိုင်ကြီးကို ရှိခိုးသည်။ ခရီးသည်အဒေါ်ကြီးလည်း ရောယောင်၍ လိုက်ရှိခိုးလေသည်။

တောင်ကလပ်ခြေရင်းကို ရောက်သောအခါ ပြင်ပပတ်ဝန်းကျင်မှာ လေတဖြူးဖြူးတိုက်လျက် အေးစိမ့်နေလေပြီ။ ခရီးသည်များကို ဘုန်းကြီးကျောင်းတိုက် ဇရပ်တွင် တည်းခိုရန် လိုက်ပို့ပြီး အပ်နှံပေးရသည်။ သူ့ကားကို နေရာတကျပြန်သိမ်းပြီးမှ လှလေးစိန်ရှိရာ ထမင်းဆိုင်သို့ လာခဲ့သည်။ ဧည့်သည်များလည်း ထမင်းဆိုင်တွင် ရောက်နေကြလေသည်။

'ဩော် ကားဆရာလေး လာကွယ်၊ အဒေါ်တို့နဲ့ တစ်ခါတည်းဝင်စားပါလား'

'နေပါစေ အဒေါ်'

မိုးကျော်သည် သူ့ထမင်းချိုင့်လေးကို စားပွဲထောင့်စွန်းတွင် တင်ထားလိုက်လေသည်။ လှလေးစိန်ကို မတွေ့ရသေး။

'မင်းက ငယ်သာငယ်တယ်၊ ကားမောင်းတော့ အတော်ကျွမ်းတာပဲနော်'

စကားနည်းသော ခရီးသည် ဦးလေးကြီးက မိုးကျော်ကို ထုတ်ဖော်ချီးကျူးလိုက်သည်။

'ဟုတ်ပတော်၊ ညကလဲမှောင်တော့ ကျုပ်ဖြင့် ဘုရားတနေရတယ်၊ မင်းတို့ တစ်နေ့ ဘယ်နှစ်ခေါက်ဆွဲသလဲ'

www.burmeseclassic.com

www.burmeseclassic.com


'နှစ်ခေါက် သုံးခေါက်ပါပဲ'

'အေးကွယ်၊ ဒီအသက်အရွယ်နဲ့ စီးပွားရှာတတ်လိုက်တာ၊ တော်သကွယ်'

မိုးကျော်သည် လူကြီးတွေထံမှ ချီးကျူးစကားကို ပထမဆုံးအကြိမ် ကြားဖူးရခြင်းပင် ဖြစ်လေသည်။ သူ့ဘဝတွင်အနီးစပ်ဆုံးဖြစ်သည့် သူ့အဖေထံမှ ဤသို့သော ချီးကျူးစကားမျိုးကို မကြားခဲ့ရဖူးပါပေ။ ထို့ကြောင့်လည်း မိုးကျော်သည် လူကြီးတွေအပေါ် မကျေနပ်နိုင်ခဲ့။ လူကြီးဆိုသည့် သူတွေသည် လူငယ်တို့၏ ရုန်းကန်လှုပ်ရှားတတ်သော အစွမ်းသတ္တိကို ဖိနှိပ်ချုပ်ချယ်နေသူများဟုသာ မြင်လေသည်။

ဧည့်သည်များသည် ထမင်းဟင်းများကို မြိုင်မြိုင်ဆိုင်ဆိုင်ပင် မှာနေကြလေသည်။ လှလေးစိန်တစ်ယောက် မအားနိုင်အောင် ဖြစ်နေရော့မည်။ သည်နေ့ လှလေးစိန်နှင့် တစ်ခေါက်သာတွေ့ရသေးသည်။

'ဒါထက် မောင်ရင်ရယ်၊ နက်ဖြန်တောင်ပေါ်တက်တဲ့အခါကျတော့လဲ လိုက်ပို့ပေးပါဦးကွယ်နော်'

'သြော် ဟုတ်ကဲ့ ခင်ဗျာ့'

မိုးကျော်သည် ဧည့်သည်ကောင်မလေးကို လှမ်းကြည့်ရင်း ခေါင်းညိတ်လိုက်မိသည်။ ကောင်မလေးသည် လှလေးစိန်နှင့် ရွယ်တူလောက်ပင် ရှိဦးမည်။ သို့သော် အဆင်အပြင် အဝတ်အစားကွာခြားမှုကြောင့် လှလေးစိန်ထက်တော့ အများကြီးပို၍ သားနားနေလေသည်။ ဝါဝင်းနူးညံ့သော အသားရောင်လေးသည်ပင် ညို၍ကြမ်းတမ်းသော လှလေးစိန်၏ အသားအရောင်နှင့် တခြားစီ။ တကယ်တော့ လှလေးစိန်သည် မလှရှာပါ။ သို့သော် အလွန်လှချင်သောကြောင့် သူ့အမည်လှစိန်ကို လှလေးစိန်ဟု နာမည်ပေးထားခြင်းသာ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com


'မင့်နှမတော့ မီးဖိုချောင်ထဲက မထွက်ရသေးဘူးဟေ့၊ ဒီနေ့ညနေပိုင်း ဧည့်သည်တွေကလဲ ကျတယ်ကွယ့်၊ ဘုရားဖူးကားကြီးနှစ်စင်းတောင် ရောက်တယ်'

လှလေးစိန်၏ ဦးလေးက မိုးကျော်ကို လှမ်းပြောလိုက်သည်။ ဧည့်သည် ကောင်မလေးက မိုးကျော်ကို လှမ်းကြည့်လိုက်သည်။ ဘာအဓိပ္ပာယ်မှန်း မသိဘဲနှင့် မိုးကျော် ရှက်သွားလေသည်။

ဧည့်သည်များသည် ထမင်းကို မြိန်ရည်ရှက်ရည် စားကြ၏။ မိုးကျော် ငြင်းဆန်သည့်ကြားကပင် မိုးကျော်၏ ထမင်းပန်းကန်ထဲသို့ ဟင်းများကို အတင်းထည့်ပေးကြသည်။ မိုးကျော်တို့ စားသောက်ပြီး၍ ပန်းကန်များကို သိမ်းဆည်းသည့်အခါမှ လှလေးစိန်ထွက်လာပြီး ပန်းကန်များကို ဇလုံခွက်ထဲ့ထည့်သိမ်းလေသည်။

ဤကားနေရာရာမလွှဲ၊ လှလေးစိန်ကြည့်၍ တစ်ယောက် စိတ်ကောက်ပြီဟု အလိုလိုသိလိုက်လေသည်။

လှလေးစိန်သည် မိုးကျော်မျက်နှာကို မော့မကြည့်ဘဲ မိုးကျော်ရှေ့မှ ထမင်းပန်းကန်ကို ဆွဲယူ၏။ မိုးကျော်က ပန်းကန်ကို မသိမသာ ဖိ၍ ထားသည်။

"နေပါဦးဟ၊ စားလို့တောင် မပြီးသေးဘူး"

လှလေးစိန်သည် အခြားပန်းကန်များကို မ ယူကာ လှည့်ထွက်သွားလေသည်။

"ရော့ ရော့၊ ပြီးပြီ၊ လာသိမ်းတော့"

နောက်တစ်ခေါက် ပြန်ထွက်အလာမှာ မိုးကျော်က လှမ်းခေါ်သည်။ ဧည့်သည်များလည်း ပိုက်ဆံရှင်းပြီး ပြန်ထွက်သွားကြလေပြီ။

လှလေးစိန်သည် ဆူဆူအောင့်အောင့်နှင့် သူ့နားသို့ ပြန်ရောက်လာလေသည်။ မိုးကျော်က သူ့ထမင်းချိုင့်ကိုပါ ပန်းကန်ပြားပေါ်သို့

www.burmeseclassic.com

www.burmeseclassic.com


တင်လိုက်သည်။ ခါတိုင်းလည်း မိုးကျော်သည် သူ့ထမင်းချိုင့်ကိုယူ၍ သည်ဆိုင်မှာပင် လာစားလေ့ရှိသည်။ ထမင်းဆိုင်ရှင်က စေတနာအလျောက် ထည့်၍ပေးသော ဟင်းများကိုလည်း စားရတတ်လေ့ရှိသည်။ မိုးကျော်တို့ကလည်း မိမိနှင့်ပတ်သက်ရာထမင်းဆိုင်ကိုသာ ဧည့်သည်များကို ညွှန်ပြတိုက်တွန်းလျက် ခေါ်လာတတ်သည်။ လှလေးစိန်သည် ပန်းကန်တွေကို ဆေးကြောရင်း မိုးကျော်၏ ထမင်းချိုင့်ကိုပါ ဖိတ်ဖိတ်လက်အောင် တိုက်ချွတ်ဆေးကြောပေးလိုက်မြဲပင် ဖြစ်လေသည်။ ယခုတော့ လှလေးစိန်က သူ့ထမင်းချိုင့်ကို စားပွဲပေါ်မှာ ဝွမ်ခနဲမြည်အောင် ပြန်ချထားခဲ့တော့သည်။

မနက်က တောင်ပေါ်ကို နှစ်ခေါက်ရောက်ခဲ့သည့်အနက် လှလေးစိန်နှင့် တစ်ခါသာ တွေ့ခဲ့ရသည်။ တွေ့ပြန်တော့လည်း စကားပင် ကြာကြာမပြောဖြစ်။ နှုတ်ဆက်ရုံသာ။ မိုးကျော်အတွက် ပြန်ဆင်းမည့် ခရီးသည်များက အဆင်သင့်ဖြစ်နေသည်။ မိုးကျော်သည် လက်ဖက်ရည်တစ်ခွက်ကို ကမန်းကတန်းဝင်သောက်ရင်း လှလေးစိန်၏ဆိုင်သို့ ခဏဝင်သည်။ လှလေးစိန်သည် သူ့ဆိုင်ပေါ်တွင် ပုတီး၊ ယွန်းအစ်၊ ဆေးလိပ်ခွက်၊ ပန်းအိုးမှအစ ဆံထိုးတွေ၊ ဆံညှပ်တွေအထိ စုံစီနဖာ အားလုံးတင်ရောင်းလေသည်။ ဘုရားဖူးတွေများများကျလျှင် တောင်ကလပ်ပေါ်အထိ လိုက်ပြီး ပန်းရောင်းသေးသည်။ အတော်အလုပ်လုပ်နိုင်သည့် မိန်းကလေး။ လျင်မြန် ဖျတ်လတ်သည့်နေရာတွင်လည်း တောင်ပေါ်မှ မျောက်တွေနှင့်အပြိုင်။ ပုပ္ပါးတောင်ကလပ်ကို တော်ရုံလူသည် မမောမပန်းဘဲ တက်ချည်ဆင်းချည် မလုပ်နိုင်။ မိုးကျော်တို့ပင်လျှင် ဧည့်တစ်ခေါက်လိုက်ပို့လျှင် မောဟိုက်နေတတ်သည်။ လှလေးစိန်က တစ်နေ့သုံးခေါက်လောက်တော့ အပျော့။ ဒါတောင် အေးအေးဆေးဆေး တက်ခြင်းမဟုတ်။ ဘုရားဖူးတွေဘေးမှ လိုက်ရင်း 'ဒါက မယ်ဝဏ္ဏ သားဖွားတဲ့ဂူပေါ့၊ ဒါ မယ်တော်ကြီး နတ်နန်းလေ၊ ပန်းလေး

www.burmeseclassic.com


ဘာလေး ကပ်ကြပါဦး’ စသည်ဖြင့် ပါးစပ်မှ မနားတမ်း ရွတ်ဆို လာတတ်လေသည်။ တော်ရုံလူတွေကလည်း တောင်ပေါ်တက်လို့ မောရတဲ့အထဲ သူနားပူလွန်း၍ သူ့ပန်းကို မြန်မြန်ဝယ်လိုက်ကြရလေသည်။ မနက်က မိုးကျော် သူ့ဆိုင်ကိုရောက်တော့ သူ ဈေးရောင်းနေသဖြင့် စကားကြာကြာ မပြောဖြစ်။ နောက်တစ်ခေါက်ကျတော့လည်း ရွှေဂူချောင် အထိ မရောက်။ ပုပ္ပါးမြို့ထဲအထိပဲ ရောက်သည်။ သည်တော့ သူ့ကိုလာမတွေ့နိုင်။ သူကတော့ သူ့ကို နှုတ်မဆက်ဘဲ ပြန်ဆင်းသွားသည်ဟု ထင်နေပေလိမ့်မည်။

မိုးကျော်သည် လက်ဆေးပြီး ဆေးပေ့ါလိပ်တစ်လိပ်ကိုယူကာ မီးဖိုထဲဝင်ပြီး မီးညှိလေသည်။ လှလေးစိန်သည် ပန်းကန်တွေထိုင်ဆေးနေ၏။ သူ့ကို လှည့်မကြည့်ချေ။ လှလေးစိန်သည် မိုးကျော်အပေါ်မှာဆိုလျှင် အနိုင်ယူချင်၏။ လှလေးစိန်တွင် မိဘမရှိ။ သူ့ တစ်ဝမ်းတစ်ခါးကို သူ့ဘာသာ ရှာစားနေသူဖြစ်သည်။ ထို့ပြင် သူခိုလှုံရသော ဦးလေးဖြစ်သူထံတွင်လည်း မျက်နှာကောင်းရအောင် ဝိုင်းဝန်းကူညီရသေးသည်။ ထမင်းဆိုင်မှာ လူကျလျှင် သူ့ဆိုင်ကိုပစ်ကာ အပြေးလာကူရသည်။ သည်လိုမှမဟုတ်လျှင်လည်း ဦးလေး၏မိန်းမက တစ်ပြားတစ်ချပ်မျှ မပံ့ပိုးရဘဲနှင့်ပင် မကြည်ဖြူချင်သေး။ လှလေးစိန်အဖို့ အရိပ်ခိုရုံမျှအတွက်ပင် ကျေးဇူးတော်အနန္တတင်ရှိနေရလေသည်။ ထို့ကြောင့်လည်း မိုးကျော်သည် လူကြီးတွေသည် လူငယ်တွေအပေါ် ညှာတာမှုမရှိဟု ထင်မိပြန်လေသည်။ လှလေးစိန်အပေါ်တွင်လည်း ဘဝကိုရုန်းကန်ရင်ဆိုင်ဝံ့သူ လူငယ်ရဲဘော်တစ်ဦးအဖြစ် လေးစားချစ်ကြည်မိလေသည်။

‘ပန်းကန်တွေအများကြီးပါလား၊ ငါ ကူဆေးပေးရမလားဟင်’

မိုးကျော်က လှလေးစိန်နားမှာ ဆောင့်ကြောင့်ထိုင်ရင်း လေပြည့်ထိုး၏။

www.burmeseclassic.com

www.burmeseclassic.com


'သွားပါ'

လှလေးစိန်၏ ပထမဆုံးသောစကား။

'ဘယ်လိုလုပ်သွားမလဲ၊ မှောင်နေမှ၊ မနက်ကျမှ သွားရမှာ'

မိုးကျော်က မထိတထိ စသည်။

'သွားပေါ့၊ ကိုယ့်ကားရှိသားပဲ၊ ကားထဲမှာ သွားနေပေါ့'

'သိပ်ချမ်းတယ်၊ စောင်လဲမပါဘူး၊ မီးဖိုနားမှာ အိပ်ရရင်ကောင်း မလား'

'ဒေါ်အာကျယ်ကို မကြောက်ရင် အိပ်ပေါ့'

လှလေးစိန်၏ အဒေါ်ကို ဆိုလိုခြင်း ဖြစ်၏။ သူ့အဒေါ်သည် ညှော်သည်တွေလာတိုင်း မိုးကျော်က သူ့ထမင်းဆိုင်ကို ခေါ်လာလေ့ရှိသဖြင့် မိုးကျော်အပေါ် ကြည်ဖြူလေသည်။

'စောင်လေး ဘာလေးရှိရင် ပေးပါဦးဟာ'

'မပေးနိုင်ပါဘူး၊ ကိုယ့်ဘာသာ ပုဆိုးခြုံပြီး ကွေးပေါ့'

'တကယ်ပဲ ရက်စက်တော့မှာလား'

'မသနားပါဘူး၊ အမြင်ကပ်တယ်'

'ဘာဖြစ်လို့လဲဟာ'

'ဟင်း၊ မပြောချင်ပါဘူး'

လှလေးစိန်သည် ဆေးပြီးသား ပန်းကန်များကို စင်ပေါ်မှာ သေသေသပ်သပ် သွားထပ်လေသည်။ ညှော်သည်တွေလည်း စဲစပြုပေပြီ။

'ပင်ပန်းတယ်ဟာ၊ နင် ငါ့ကို စကားကောင်းကောင်းမပြောရင် ငါ သွားအိပ်တော့မယ်၊ မနက်ကျရင်လဲ စောစောထပြီး ညှော်သည်တွေကို တောင်ပေါ် လိုက်ပို့ရဦးမယ်'

'သိပါတယ်၊ ဟင်း ဟင်း'

www.burmeseclassic.com

www.burmeseclassic.com


လှလေးစိန် ကျွဲမြီးတိုသည့်အဖြစ်ကို မိုးကျော် ရိပ်မိလိုက်သည်။

'ဘာသိတာလဲ ပေါတာမ'

'အင်းပေါ့လေ၊ တို့ကတော့ ပေါတာမပေါ့၊ သူ့ကားပေါ်ပါလာတဲ့ ကောင်မလေးကတော့ ကြွေရုပ်ကလေးဆိုတော့ ထမင်းတောင်မစားနိုင်ဘဲ ငေးနေလိုက်တာ၊ တကတဲ မျက်စိကို ကျွတ်ကျမတတ်ဘဲ၊ ဒီကောင်မက အထဲကနေ လှမ်းကြည့်နေတာ မြင်ပါရဲ့'

'တော်စမ်းပါဟာ၊ မဆီမဆိုင်တွေ ပြောမနေစမ်းပါနဲ့၊ အိမ်မှာ အဘိုးကြီးနဲ့ ကောလာလို့ စိတ်ညစ်ရတဲ့အထဲ'

လှလေးစိန် ရန်တွေ့ရပ်သွားသည်။ မိုးကျော်၏ဘဝကို သူနားလည်စာနာ၏။ လှလေးစိန်သည် ရွှေဆွဲကြိုးကြီးကြီး လည်ပင်းမှာဆွဲလျက် သူ့ကို ဖင်ပုတ် ခေါင်းပုတ် စကားပြောတတ်သော ဟီးနိုးကားသမားကိုမြဲမောင်ထက်စာလျှင် မိုးကျော်ကိုသာ ခင်မင်နှစ်လို၏။

'နင်ကလဲ လူကြီးတွေနဲ့ပဲ ရန်ဖြစ်နေ၊ ကိုယ့်မိဘနဲ့နေရတာ ကောင်းပါတယ်ဟာ'

လှလေးစိန်က မိဘငတ်သူပီပီ တွေးတွေးဆဆ ပြောလိုက်လေသည်။ လေသံကလည်း ပျော့ပြောင်းသွားသည်။ မိုးကျော်ကို ခါတိုင်းလိုပင် ဝိုင်းစက်ပြူးကျယ်သော မျက်လုံးများဖြင့် စူးစူးရားရား ကြည့်သည်။

'အေးလေ ကောင်းပါတယ်၊ ငါကလဲ မကောင်းဘူးလို့ မပြောပါဘူး'

မိုးကျော်သည် ဆေးပေါ့လိပ်ကိုဖွာရင်း နေရာမှ ထလေသည်။

'နင် မနက်ဖြန် တောင်ပေါ်လိုက်ဦးမလား'

'အေး၊ နောက်က လိုက်တက်ခဲ့မယ်၊ နင် ဟိုကောင်မလေးကို ငမ်းမနေနဲ့နော်'

www.burmeseclassic.com

www.burmeseclassic.com


'နင့်လောက် မလှပါဘူးဟာ၊ နင်ကမှ မျက်လုံးလေးကလဲ ပြူး၊ အသားလေးကလဲ မည်းဆိုတော့'

'နင်နော်'

လှလေးစိန်သည် သူ့ကိုအသားမည်းသည်ဟုပြောလျှင် နည်းနည်းလေးမျှ မကြိုက်ချေ။ မိုးကျော်သည် လှလေးစိန်၏ ခေါင်းကိုပုတ်ပြီး ဆိုင်ထဲမှ ပြန်ထွက်ခဲ့လေသည်။ လှလေးစိန် နှုတ်ခမ်းစူပြီး ကျန်ရစ်သည်။

အပြင်တွင် လေတဟူးဟူးတိုက်လျက်ရှိ၏။ ညဥ့်အမှောင်ထဲမှာ လေတိုက်သံသည် ပိုမိုကျယ်လောင်လာကာ တောတောင်ရေမြေ၏ နက်ရှိုင်းမှုသည် ပိုမိုပေါ်လွင်လာ၏။ ခန္ဓာကိုယ်သည်ပင် လေနှင့်အတူ လွင့်ပါတော့မည်ကဲ့သို့ ရှိလေသည်။ မိုးကျော်သည် လက်ကို တင်းတင်းပိုက်ပြီး သူ့ကားရှိရာသို့ လျှောက်လာခဲ့လေသည်။ ပင်ပန်း၍ အိပ်ချင်လှပြီဖြစ်သဖြင့် ကားထဲဝင်ကာ ပုဆိုးကို တင်းတင်းခြုံပြီး အိပ်ရန်ပြင်လေသည်။

မျက်စိမှိတ်လိုက်ဆဲမှာပင် ကားတံခါးကို လာခေါက်သံ ကြားရလေသည်။ သူ့လှည့်ကြည့်လိုက်သောအခါ လှလေးစိန်သည် ကားတံခါးကို ဆွဲဖွင့်ပြီး စောင်တစ်ထည်ကို သူ့ဆီ ပစ်ချပေးလိုက်သည်။

\+ \+ \+

ကျဉ်းမြောင်းမတ်စောက်သော လှေကားထစ်များကို သတိဖြင့် ဖြည်းဖြည်းချင်း လှမ်းတက်ခဲ့ရသည်။ လေသည် တဟူးဟူး မြည်သံကိုပြုလျက် အရှိန်ပြင်းစွာ တိုက်ခတ်လျက်ရှိလေသည်။ နံနက်စောစောတက်မည်ဟု စီစဉ်ထားသော်လည်း အအေးလွန်းသဖြင့် မထနိုင်ကြ။ ခုနစ်နာရီကျော်မှ နေလေးအနည်းငယ် ပွင့်လာသည်။ ယခုအတိုင်းဆိုလျှင် နဂိုက တွက်ဆထားသည့်အတိုင်း ရှစ်နာရီမှာ တောင်အောက်ကိုပြန်ဆင်းရန် မဖြစ်နိုင်တော့။ အဖေနှင့်တော့ ပြဿနာဖြစ်ရချေဦးတော့မည်။

www.burmeseclassic.com

www.burmeseclassic.com


မျောက်များသည် ဆူညံစွာအော်ဟစ်ခုန်ပေါက်လျက် အစာတောင်းရင်း ဘေးမှ လိုက်ပါလာကြလေသည်။ တဖြည်းဖြည်းအမြင့်ရောက်လာသည်နှင့်အမျှ တောင်အောက်မှ အရာဝတ္ထုများသည် သေးငယ်ပြားဝပ်လျက်ကျန်ခဲ့ကြလေသည်။ တောင်ခိုးမြူမှုန်များ အုံ့ဆိုင်းလျက်ရှိသဖြင့် အဝေးမှမြင်ကွင်းများသည် မှုန်ဝါးကွယ်ပျောက်လျက် ရှိလေသည်။ တောင်စွယ်တောင်ထွတ်၏ အရိပ်သဏ္ဌာန်များသည် မြူတွေကြားမှာ ရေးရေးထင်လျက်ရှိ၏။ သဘာဝသည် လွမ်းစရာ၊ တရားသံဝေရဖွယ်ရာခံစားမှုကို ဖြည့်ဆည်းပေးနေ၏။ မိုးကျော်သည် သူရဲကောင်းဗျတ္တနှင့် ပန်းတို့ကြားမှာ မွေ့ပျော်သောတော၏သမီးပျို မယ်ဝဏ္ဏ၏ အချစ်ဇာတ်လမ်းကို မှန်းဆမိသည်။ အချစ်နှင့် သံယောဇဉ်မီးအတွက် သည်းအူပြတ်မျှ ပူဆွေးလောင်ကျွမ်းခဲ့ရသောမယ်ဝဏ္ဏ။ ပဒေသရာဇ်မင်းတို့၏ အာဏာနှင့် အဆုံးအဖြတ်ကြားမှာအသက်ဆုံးရှုံးခဲ့ရသော ရွှေဖျဉ်းညီနောင်လူငယ်နှစ်ဦး။

ဒေွ့သည်များကိုစောင့်ခေါ်ရင်း သူ တဖြည်းဖြည်းတက်ခဲ့လေသည်။ သူ အပေါ်တက်ခါနီး လှလေးစိန်ကို စောင်ပြန်ပေးရင်း အပေါ်ကိုလိုက်ခဲ့ဖို့ ပြောခဲ့သည်။ နောက်မှလိုက်လာမည်ဟု ဆိုသည်။ အိပ်ရာထလျှင် သူ့ဆိုင်ကို ပြေးမဖွင့်မီ သူ့အဒေါ်ကို ဝင်ကူရတတ်သေးသည်။ သို့သော် သိပ်ကြာကြာ မစောင့်လိုက်ရပေ။ သူတို့ စောင်းတန်းတစ်ခုမှာ ခရီးတစ်ထောက်နားနေခိုက် လှလေးစိန်သည် မည်သည့်အချိန်က သွားခူးလိုက်သည်မသိသော ပန်းတစ်စည်းနှင့် ရောက်လာလေသည်။ သူများတွေ နားနားနေနေတက်ခဲ့ရသောလမ်းကို အပြေးအလွှားတက်ခဲ့သဖြင့် သူ့ခမျာမောနေလေသည်။ သို့သော် သနပ်ခါးကို မညီမညာ ဘဲကျားရိုက်လာသော လှလေးစိန်၏ မျက်နှာသည် နံနက်ခင်း၏ နေခြည်နုနုအောက်မှာ အားတက်စဖွယ် ကြည်လင်လန်းဆန်း၍ နေလေသည်။ မိုးကျော်နှင့် လှလေးစိန်သည် ဒေွ့သည်များကို ဦးဆောင်ပြီး

www.burmeseclassic.com

www.burmeseclassic.com


ရှေ့မှ အေးအေးဆေးဆေးတက်ခဲ့ကြ၏။ လှလေးစိန်သည် လမ်းတစ်လျှောက်မှာ မျောက်များနှင့်လည်း ချစ်ကြည်ရင်းနှီးစွာ စကားပြောလာလိုက်သေးသည်။ မည်မျှပင်ဆင်းရဲပင်ပန်းစွာ လုပ်ကိုင်နေထိုင်ရသည်ဖြစ်စေ စိတ်ပျက်ညည်းညူခြင်း မရှိ။ သူ့ကို ကြည့်ရသည်မှာ လှပနုနယ်ခြင်းမရှိသော်လည်း ချစ်ခင်နှစ်လိုဖွယ် ရှိလှ၏။ ဧည့်သည်ကောင်မလေးသည်ပင် လှလေးစိန်ကို အားကျကာ သွက်သွက်လေး လိုက်တက်လာလေသည်။

တောင်ထိပ်ရောက်တော့ ဘုရားပန်းကပ်ရန် လှလေးစိန်ဆီမှ ပန်းများကိုပင် ဧည့်သည်ကောင်မလေးက လိုလိုချင်ချင် ဝယ်လေသည်။ လှလေးစိန်သည် ပန်းဖိုးကို သာသာထိုးထိုးလေး ရလိုက်သဖြင့် ဘုရားပန်းလဲရန် ရေကိုပင် မနာလိုဝန်တိုခြင်းကင်းစွာဖြင့် သွား၍ ခပ်ပေးလိုက်သေးသည်။

သူတို့ တောင်ခြေကို ပြန်ဆင်းလာတော့ ရှစ်နာရီကျော်နေပေပြီ။ မိုးကျော်စိတ်က တောင်အောက်က ကားလမ်းမပေါ်ကို ရောက်၍နေပေပြီ။ ခုချိန်ဆိုလျှင် အဖေက မျှော်လှရော့မည်။ အဖေက နောက်ထပ် ခရီးသည် ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ စောစောပြန်ဆင်းလာမှ ကြိုက်သည်။ သူ့ကားသည် ခိုင်းမကောင်းလှသည်ကိုသိလျက် နားနေသည်ကို မကြိုက်။ မိုးကျော် အချိန်တန်၍ ပြန်ရောက်မလာလျှင် 'ဒီကောင် သက်သက်မဲ့ အချိန်ဖြုန်းနေတာ' ဟု မသိဆိုးရွား ပြောတတ်သည်။

မိုးကျော် တစ်ဘက်သားကို အားနာတတ်၏။ ဘုရားဖူးဧည့်သည်ဆိုတော့လည်း အေးအေးဆေးဆေးသွားလာချင်ကြသည်။ ကြည့်ချင် ရှုချင်ကြသေးသည်။ ကိုယ်က အတင်းလောဆော်၍မကောင်း။ အထူးသဖြင့် မိမိကားကို တန်ရာတန်ကြေးထက်မက ပေးကာ လိုက်ပါလာသူတွေကို စိတ်အနှောင့်အယှက်ဖြစ်အောင် မပြောချင်ပေ။ လှလေးစိန်ကတော့ မိုးကျော် အခက်အခဲကို ရိပ်မိ၏။ သူ့ဆိုင်ကို ပြင်ဆင်ခင်းကျင်းရင်း မိုးကျော် မျက်နှာမသာမယာ ဖြစ်နေသည်ကို အရိပ်တကြည့်ကြည့်ဖြစ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com


ဆယ်နာရီထိုးခါနီးမှ ပြန်ထွက်ခဲ့ရသည်။ မိုးကျော်၏ ရင်တို့သည် လေးလံလျက်။ မြန်မြန်ရောက်စေချင်ခါမှ မြေပြန့်ပေါ် ဘီးချမိသည်နှင့် ကားက ထိုးရပ်သွားလေသည်။ မိုးကျော်သည် တစ်နေ့တစ်နေ့ မနားတမ်း ခိုင်းနေရသော သူ့ကားစုတ်လေးကို ချော့ချော့မော့မော့ ပြင်ရပြန်လေသည်။ နာရီဝက်ခန့်ကြာသွား၏။ အညာနေသည် အရှိန်မြင့်၍လာလေသည်။

ဧည့်သည်များကို သူတို့တည်းခိုသည့် အိမ်အထိ လိုက်ပို့ပေးပြီးသည့် အချိန်တွင် နေမွန်းတည့်လုနီးပြီ။ ယနေ့အဖို့တော့ နောက်ထပ်နစ်ခေါက် ရအောင် ဆွဲနိုင်တော့မည် မဟုတ်ချေ။ ကံကောင်းပါမှ တောင်ပေါ်မှာ ညအိပ်မည့်သူမျိုးကို ရနိုင်မည်။ သည်အချိန်မှာ ဘုရားဖူးလာသူကလည်း ပါးရှား၏။

တစ်လမ်းလုံး စကားမပြောဘဲ နေလာခဲ့သော ဧည့်သည်ကောင်မလေးသည် ပြန်ခါနီးမှ သူ့ကို ပြုံးပြ နှုတ်ဆက်ဖော်ရလေသည်။ မိုးကျော်သည် ကောင်မလေး၏ နုနယ်လှပသော မျက်နှာလေးကိုကြည့်ရင်း သနပ်ခါးဘဲကျားရိုက်ထားသော လှလေးစိန်၏ မျက်နှာလေးကို ပြေး၍ မြင်ယောင်လိုက်လေသည်။ ကောင်မလေးက သူ့အမေဆီမှ ပိုက်ဆံကိုယူပြီး သူ့ကို လှမ်းပေးသောအခါ သူ့လက်များနှင့် ကောင်မလေး၏ လက်သည်းချွန်ချွန် လေးများ ထိခတ်သွားမိကြသည်။

အသစ်စက်စက် ရာတန်စက္ကူပေါ်တွင် မိုးကျော်၏လက်မှ စက်ဆီများ ပေကျံသွားလေသည်။

\+ \+ \+

သည်ကနေ့တော့ ထူးထူးခြားခြား အဖေ့မျက်နှာက ရွှင်ပျနေသည်။ နောက်မှ အကြောင်းရင်းကို ရိပ်မိ၏။ သူ့သားကြီး စိုးကျော် ပြန်ရောက်နေသည်ပဲ။ မိုးကျော်သည် သူတို့သားအဖတစ်တွေ စကားပြောနေရာသို့ တစ်ချက်မျှသာ

www.burmeseclassic.com

www.burmeseclassic.com


လှမ်းကြည့်ပြီး နောက်ဖေးမီးဖိုချောင်သို့သာ တန်းဝင်ခဲ့လေသည်။ ပြီးတော့ အမေက တားနေသည့်ကြားမှပင် ရေကို တဝုန်းဝုန်းမြည်အောင် လောင်းချိုးလိုက်သည်။

'နေကလဲပူပါဘိသနဲ့ သားရယ်၊ အပူတွေ ဘာတွေ ရှပ်ကုန်မှဖြင့်'

'ဘာမှမဖြစ်ပါဘူး အမေရာ၊ အမေ့သား ဘာလာလုပ်တာလဲ၊ ကျောင်းပိတ်လို့လား'

'သိပါဘူး သားရယ်၊ သူတို့သားအဖ ပြောနေကြတာ၊ ရန်ကုန် တက္ကသိုလ် တက်ရတော့မယ်ဆိုလား'

'ဩော် ဩော်၊ ဘာဟင်းချက်သလဲအမေရာ၊ ထမင်းဆာလှပြီ'

'ခူးပြီးပါပြီကွယ့်၊ ဝက်သားဟင်းလေ'

'အားပါး၊ ဟင်းတယ်ကောင်းပါလား၊ ဩော် သူ့သားကြီး ရောက်နေတာကိုး'

မိုးကျော်သည် ထမင်းကို တိတ်ဆိတ်စွာပင်စားလေသည်။ ဝက်သားဟင်းကို ကြိုက်လှသော်လည်း စား၍ မမြိန်လှ။ လှလေးစိန်တို့ဆိုင်မှ တို့စရာနှင့် ငါးပိချက်ကိုသာ မြင်ယောင်နေသည်။ ဘာပဲဖြစ်ဖြစ် သည်နေ့ လည်း တောင်ပေါ်မှာပင် သွားအိပ်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။

'ဟဲ့သား တော်ပြီလား၊ နည်းလှချည်လား'

မိုးကျော်သည် သူ့အင်္ကျီအိတ်ထဲမှ ငွေတစ်ရာကို အမေ့ကိုထုတ်ပေးလေသည်။ စကားလည်း များများ ပြောချင်စိတ်မရှိ။

'ရော့ ရော့၊ မင်းသုံးဖို့ ပြန်ယူသွားဦးလေ'

အမေက ကျပ်တန်စက္ကူအချို့ကို သူ့ကိုလှမ်းပေးလေသည်။ မိုးကျော် ကားဂိတ်ကိုပြန်သွားဖို့ ပြင်၏။

'သွားတော့မလားကွ၊ ဘယ့်နှယ် မင်း ဒီနေ့ နောက်ကျလှချည့်လား'

www.burmeseclassic.com

www.burmeseclassic.com


သူ့အဖေက လှမ်းမေးလေသည်။

'ကားက စတတ်တာ မကောင်းဘူး'

မိုးကျော် ထိုမျှသာပြောပြီး အပြင်သို့ ပြန်ထွက်ခဲ့၏။ စိုးကျော်သည် သူ့နောက်သို့ ထ လိုက်လာလေသည်။

'မင်း ပြန်ထွက်တော့မလား၊ ငါလဲ လိုက်ခဲ့မယ်လေ'

'လူရမှ ထွက်နိုင်မှာပါ၊ မင်း မလိုက်ပါနဲ့၊ တောင်ပေါ်မှာ သိပ်အေးတယ်'

မိုးကျော်တို့ ညီအစ်ကိုသည် အိမ်မှာအတူနေစဉ်ကပင် စကားသိပ်မပြောဖြစ်ချေ။ စိုးကျော်က အပေါင်းအသင်းများနှင့် သွားလာတတ်သော်လည်း မိုးကျော်ကတော့ အဖေ့ကားနားမှာသာ တရစ်ဝဲဝဲနေတတ်ခဲ့သည်။ 'ကားဝါသနာပါရင် ကားသမားဖြစ်မှာပဲ' ဟူသော အဖေ့စကားသည် မှန်သင့်သလောက်တော့ မှန်ပေသည်။

မိုးကျော်တို့သည် သူတို့ကားကြီးနားသို့ ရောက်လာ၏။ မိုးကျော်သည် ကားပေါ်သို့တက်ကာ ဟိုဟိုဒီဒီ စမ်းသပ်သည်။ စက်နှိုးကြည့်သည်။ ကားအောက်ဝင်ကြည့်သည်။ အဖုံးဖွင့်ကြည့်သည်။ ဟိုနှိုက် သည်နှိုက် နှိုက်သည်။ ဆီတို့ ရေတို့ ဖြည့်သည်။ မြင်းသမားသည် သူ့မြင်းကို သသကဲ့သို့ မိုးကျော်သည် သူ့ကားကို သ လျက် ရှိသည်။ စိတ်ကျေနပ်မှ ဆေးပေါ့လိပ်ကို ကောက်ဖွာကာ သူ့ရဲဘော်ရဲဘက် ကားသမားများနှင့် ထိုင်စကားပြောနေလေတော့သည်။

စိုးကျော် သည်နေရာမှာကြာကြာမနေနိုင်။ ဘာမျှမလုပ်ရဘဲနှင့် ချွေးတပြိုက်ပြိုက်ကျကာ ပူလောင်လာသည်။ သည်လိုအချိန်များ ကားထဲဝင်လိုက်လျှင် မည်မျှ ပူလောင်လိမ့်မည်ကို သူမတွေးရဲ။

ပုပ္ပါးကိုကူးမည့် ခရီးသည်အချို့ ရောက်လာ၏။ ကားနှစ်စီးရှိသည့်အနက် မျှ၍ တင်ကြသည်။ ရှေ့ကားက အရင်ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com


မိုးကျော်သည် ဆေးပေါ့လိပ်ကို လွှင့်ပစ်လိုက်ကာ ကားပေါ်သို့ တက်သည်။ သူ့ကို ကြည့်ရသည်မှာ လျင်မြန်ပေါ့ပါးလှ၏။ စိုးကျော်သည် ကားရှေ့ခန်းတံခါးကို ဖွင့်ထားသည့်တိုင် ဝင်မထိုင်တော့ချေ။ မိုးကျော်နောက်ကို လိုက်နေကျ အဖော်ကောင်လေးသာ ဝင်ထိုင်လေ၏။ စိုးကျော် တစ်ယောက် စိတ်မလုံ၍ မျက်နှာလိုမျက်နှာရ လာချော့မှန်းကို မိုးကျော်ရိပ်မိ ကာ ပြုံးလိုက်မိသည်။ သည်မျှအသိအမှတ်ပြုလျှင်ပင် မိုးကျော် ကျေနပ်ပြီ။ သူ့အစ်ကို ပညာတော်လို့ နိုင်ငံခြားထိ သွားနိုင်လျှင်လည်း သွားပါစေတော့။ သူ တတ်နိုင်သမျှ ဖြည့်ဆည်းပေးဖို့ အသင့်ပင်။

'သွားမယ်ဟေ့၊ အဖေ့ကိုပြောလိုက်၊ ငါဒီည အပေါ်မှာပဲ အိပ်မယ်လို့'

မိုးကျော်က ကားတံခါးကို ဆွဲပိတ်လိုက်သည်။ စိုးကျော်သည် နေပူထဲမှာ မတွန့်မဆုတ် အလုပ်လုပ်ပြီး ချမ်းအေးလှသော တောင်ပေါ်မှာ အကာအကွယ်မရှိ အိပ်စက်ဦးမည့် ညီဖြစ်သူကို အံ့သြစွာ ငေးမောကြည့်ရှုရင်း ကျန်ရစ်လေ၏။

မိုးကျော်သည် ကားကိုစက်နှိုးလိုက်သည်။ အလိုက်သိသော ကားလေးသည် အဆင်သင့်ပင် ဂူးကနဲ ထွက်လေတော့၏။ မိုးကျော်၏စိတ်များသည် မနေ့ကနှင့်မတူတော့။ ရွှင်ပျလန်းဆန်းစွာဖြင့် သူ့ခရီးကို ပြန်ထွက်လာလေသည်။

အိမ်တွင်တော့ သူ့အဖေသည် သားကြီးဖြစ်သူကို အနာဂတ်၏ လူတော်လူကောင်းတစ်ယောက်အဖြစ် ချီးကျူးအမွှမ်းတင်ရင်း ကျန်ရစ်ပေလိမ့်မည်။

[ ပခုက္ကူမဂ္ဂဇင်း ။ ။ မတ်၊ ၁၉၈၁ ]

www.burmeseclassic.com

www.burmeseclassic.com

## မတာ မန်ကျည်းစဉ်ရွာမှာ နေသည်

'မတာ ထတော့လေ၊ ဒီလောက်တောင် အိပ်ရသလား၊ မိန်းကလေးဖြစ်ပြီးတော့'

'ဟင့်၊ မိန်းကလေးတော့ မအိပ်ရဘူးလို့ အစ်မ ဘယ်သူပြောသလဲ'

'ပြောလိုက်ရင် ဆင်ခြေ ဆင်လက်ချည်းပဲ၊ ဟိုမယ် သင်းသင်းမာတို့တောင် သွားကုန်ပြီ၊ တကတဲပွဲတော်ရက်ကလေး နီးလာမင့်ဟာကို ရောင်းရသခိုက် ကြိုးစားရောင်းမှပေါ့'

'အင်းပါ၊ ခဏလေးပါ'

မတာသည် မျက်လုံးကို လက်ဖမိုးနှင့် စုံပွတ်၍ ထဖို့ကြိုးစားသော်လည်း မအောင်မြင်သေးသဖြင့် အသာလေး ပြန်လှဲလိုက်သည်။ မိုးလင်းတာကလဲ မြန်လိုက်တာဟု စိတ်ထဲက အောက်မေ့မိ၏။ အိပ်လို့ကို ဝနိုင်သည် မရှိ။ စောစောထရမည်ဆိုခါမှ ပို အိပ်ချင်သည်။ ညကလည်း အမေ့ကို ပဲကူရွေးပေးနေရသဖြင့် စောစောမအိပ်ရ။

အမေသည် ပဲပြုတ်တောင်းကို အသင့်ပြင်ပြီး သူ့ကို စိတ်မချသဖြင့် ဝင်ကြည့်ပြန်လေသည်။ မတာက ငါးစပ်စောင်ကို ခေါင်းမြီးခြုံကာ ပြန်နှပ်

www.burmeseclassic.com

www.burmeseclassic.com


နေသည်ကို မြင်သွားသဖြင့် တင်ပါးကို လက်ဝါးဖြင့် နှစ်ချက် သုံးချက်ခန့် ခပ်စပ်စပ်လေး တီးလိုက်လေသည်။ မတာ မနေသာတော့။

'ထပါတော့မယ်ဆိုတော်၊ အစ်မကလဲ'

'ဘာ ထပါတော့မယ်လဲ၊ မီးဖိုပေါ်မယ် ရေနွေးအိုးကျိုထားတယ်၊ ညည်းအဖေနိုးရင် ထမင်းကြမ်းနဲ့ ချကျွေးလိုက်၊ ပဲပြုတ်လဲချန်ထားခဲ့တယ်၊ ကိုင်း မြန်မြန်ထလုပ်ချည်၊ ညည်းနှိုးနေရတာနဲ့ ငါတောင် နောက်ကျနေပြီ'

အမေသည် ပြောပြောဆိုဆို မတာကို ခြေထောက်ဖြင့် တစ်ချက်ကန်ကာ အိမ်ရှေ့သို့ထွက်သွားလေသည်။ မတာလည်း မနေသာတော့။ အိပ်ရာထဲမှ လူးလဲထလိုက်ရသည်။ နောက်ဖေး ရေကပြင်ထွက်ကာ စဉ့်အိုးထဲမှ ရေကို အုန်းမှုတ်ခွက်ဖြင့် ဂျစ်ခနဲနေအောင် ခပ်လိုက်ချိန်ဝယ် လမ်းထိပ်ဆီမှ အမေ၏ 'ဒီဘက်က ပဲပြုတ်' ဟူသော အသံကို ကြားလိုက်ရသည်။ မျက်နှာသစ်နေရင်းမှ အမေ၏ ပဲပြုတ်အော်သံသည် မနှစ်ကလောက်ပင် ကျယ်လောင်တက်ကြွခြင်း မရှိတော့သည်ကို သတိထားမိလေသည်။

အမေသည် စိတ်အလွန်ထက်သူဖြစ်၏။ ဖျတ်လည်း ဖျတ်လတ်သည်။ အလုပ်လည်း လုပ်နိုင်၏။ သူလုပ်နိုင်သလိုကို ကျန်လူများကိုလည်း လုပ်စေချင်သည်။ သို့သော် မတာတို့ သိရသလောက် အမေသည် အဖေ့ကိုတော့ အလွန်ညှာလေသည်။ အဖေသည် အမေနှင့် အိမ်ထောင်ကျပြီးခါမှ ပင်ပင်ပန်းပန်း လုပ်စားရသည်ဟု အမေက ယုံကြည်သည်။ အမေတို့ အသိုက်အဝန်းမှာတော့ အဖေသည် သူဌေးသားဖြစ်၏။

အမေသည် တင်းတိပ်ရှိ အဖေ့ဦးလေးပိုင် ဂျုံစက်တွင် အလုပ်လုပ်ဖူးသည်။ သူဌေးတူဖြစ်သော အဖေနှင့် ဂျုံစက်အလုပ်သမကလေး အမေ့ကို အဖေ့ဘက်မှ အမျိုးတွေက သဘောမတူသည်မှာ အထူးပြောဖွယ်ရာမရှိ။

www.burmeseclassic.com

www.burmeseclassic.com


သို့သော် အဖေက အမေ့ကို သစ္စာရှိရှိနှင့် အတည်တကျ ယူခဲ့သည်။ ဒါတစ်ခုတည်းနှင့်ပင် အမေသည် အဖေ့အပေါ် အမှတ်များစွာပေးပြီး ဖြစ်နေလေသည်။

မတာသည် မျက်နှာသစ်ပြီး ပုဆိုးဟောင်းတစ်ထည်နှင့် မျက်နှာသုတ်ကာ မီးဖိုချောင်သို့ ဝင်ခဲ့၏။ အမေတည်ထားသော ရေနွေးအိုးသည် ပွက်ပွက်ဆူကာ အဖုံးက တခွပ်ခွပ် မြည်နေလေသည်။ မတာက ထင်းစများကို ဆွဲနုတ်လိုက်သည်။ ထိုအချိန်မှာ မောင်အငယ် အောင်ထူး နိုး၍ လာသည်။

'ငါ့ဖို့လဲ ထမင်းတစ်ဇလုံလောက် ထည့်ပေးစမ်းပါဟာ'

အောင်ထူးက မျက်နှာမသစ်ခင် ကြိုတင်မှာထားခဲ့ကာ ရေကပြင်သို့ ထွက်သွား၏။

'အံမယ် ထမင်းက နည်းနည်းလေးရှိတော့တာ၊ အဖေ့ဖို့ ချန်ရဦးမယ်'

မတာက ထမင်းအိုးကို ဖွင့်ကြည့်ရင်း ပြော၏။ ထမင်းကလည်း ကိုင်လိုက်သည်နှင့်ပင် အေးစက်မာကျောနေသည်။ အမေ ချန်ထားသော ပဲပြုတ်ပန်းကန်ကမူ အငွေ့မပြယ်သေး။ ပဲတွေ တစ်ခုနှင့်တစ်ခုထပ်ပြီး အိနေသည်။ မတာသည် ထမင်းကြမ်းခဲကို ဇလုံတွင်ထည့်ကာ အပေါ်က ပဲပြုတ်တွေကို ဖြူးချလိုက်သည်။ ပြီးတော့ ဆီဆမ်းကာ ဆားပါ ဖြူးပြီးမှ ခပ်ဖွဖွ နယ်လိုက်လေသည်။ ရေနွေးရော ထမင်းပါ အဆင်သင့်ဖြစ်သောအခါ အဖေ နိုးလာသည်။ မတာသည် အနားမှာလာစောင့်နေသော အောင်ထူးကို မျက်စောင်းထိုးကြည့်ရင်း ထမင်းတစ်ပန်းကန် ခွဲထည့်ပေးလိုက်၏။ အဖေ့ကို ပန်းကန်အသစ်နှင့်ထည့်ပေးပြီး သူက ဇလုံထဲက အကြွင်းအကျန်ကိုသာ စားလိုက်သည်။ အဖေ စားပွဲနိမ့်လေးမှာ ဝင်ထိုင်လိုက်မိသည့်အချိန်တွင် မတာတို့ မောင်နှမ ထမင်းကြမ်းစားခြင်းကိစ္စ ပြီးလေပြီ။

www.burmeseclassic.com

www.burmeseclassic.com


'ဟဲ့ စားလို့ပြီးကုန်ပြီလား၊ မြန်ရန်ကော'

မတာက ဘာမျှမပြော။ သို့သော် အောင်ထူးက မနေပေ။

'မြန်ဆို နည်းနည်းလေးဟာကို'

မတာ မျက်လုံးပြူးပြသည်ကို အောင်ထူး ဂရုမစိုက်။

'ဟေ ငါ့ထဲမှာများသားပဲ၊ ရော့ ယူချေဦး'

အဖေက သူ့ပန်းကန်ထဲမှ ခွဲထည့်ပေးသည်ကို အောင်ထူးက ထပ်စား၏။ သို့တိုင် ပါးစပ်က ပြောလိုက်သေးသည်။

'အစ်မကလဲ ပဲပြုတ်ရောင်းနေပေလို့ပဲ၊ ပဲပြုတ်ကနည်းလိုက်တာ၊ မြင်တောင် မမြင်ရဘူး'

'အောင်ထူးရယ်၊ စားရင်လဲ အေးအေးဆေးဆေးစား၊ စကားမများနဲ့၊ အဆာပြေစားတာ၊ ပဲပြုတ်နဲ့ချည်း ပြီးတာမှ မဟုတ်ဘဲ'

ပဲပြုတ်ရောင်းပြီး ဟင်းလျာဝယ်ရတာဟု ဆက်ပြောမည်ပြုသော်လည်း မပြောဖြစ်တော့ပေ။ မတာသည် သူ့အမေလိုပင် ပြောစရာရှိလျှင် ပက်ခနဲ အားမနာပါးမနာ ပြောတတ်သူဖြစ်၏။ သို့သော် အိမ်မှာတော့ အဖေနှင့် မောင်ဖြစ်သူကို အတတ်နိုင်ဆုံး သည်းခံသည်။ ဈေးမှာတော့ မတာသည် ဘယ်သူ့ကိုမျှ ခေါင်းငုံ့မခံတတ်ပေ။ ကောင်းမှုတော်ဘုရား၏ ကုန်းတော်ပေါ်မှာ မတာကို ယှဉ်ဝံ့သူ မရှိ။

အဖေသည် သူ့အတွက် ထည့်ပေးထားသော ထမင်းပန်းကန်ကို ကုန်အောင်မစားပေ။ အောင်ထူးပြောသလို ပဲပြုတ်လေး ပါလေကာဖြူးပြီး ဆီလေးထိရုံဆမ်းထားသော ထမင်းကြမ်းနှင့် ပဲပြုတ်ကို အဖေ ဟက်ဟက်ပက်ပက် မစားသည်မှာကြာပြီ။ အိမ်မှအစောဆုံးထွက်သွားရသော အမေကမူ ထိုအဖြစ်များကို မသိပေ။ အဖေ့ကိုချစ်သော အမေသည် ထိုအကြောင်းကို သိရလျှင် စိတ်ကောင်းမည် မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com


အဖေသည် သူ့ လက်ကျန်ပန်းကန်ကို အောင်ထူးဘက် လှမ်းပေးလိုက်ကာ ပုဆိုးအင်္ကျီလဲပြီး အလုပ်သွားဖို့ ပြင်သည်။ အဖေသည် အခြားဆွေမျိုးတစ်ယောက်၏ ပန်းပဲဖိုတွင် အလုပ်လုပ်သည်။ ဂျုံစက်မှာတုန်းကလို ဦးစီးဦးဆောင် မဟုတ်တော့။ သူများခိုင်းတာ လုပ်နေရသည်။ အမေက သူတစ်ပါးဆီ အောက်ကျနောက်ကျခံကာ မလုပ်စေချင်သော်လည်း အဖေက ဇွတ်ဝင်လုပ်၏။ တစ်နေ့နေ့မှာ လူကြီးများက စိတ်ပြေကာ ဂျုံစက်ကို ပြန်ခေါ်လိမ့်မည်ဟု အဖေက မျှော်လင့်ခဲ့၏။ ယခု မတာ ဆယ့်ခြောက်နှစ်အရွယ် ရောက်သည်အထိ မည်သူကမျှ ပြန်မခေါ်တော့ပေ။

'ငါ ကနေ့ နောက်ကျချင်ကျမယ်၊ နင့်အမေကို ပြောလိုက်'

အဖေ အိမ်မှထွက်သွားသည်။ အောင်ထူးသည် ထမင်းလက်ကျန်ကို စားနေရာမှ လက်စသတ်လိုက်၏။

'နင့်မလဲ ဗိုက်ကော ဆံ့သေးရဲ့လား၊ တကတဲစားလိုက်တာ ဖုတ်ဝင်သလား မှတ်ရတယ်'

'ဒီလိုမှ မစားရင်လဲ နေ့လယ်ကျတော့ ဆာသဟ၊နင့် ပိုက်ဆံရှိသေးရင် ပေးစမ်းပါဦး'

'အံမယ် ဘယ်ရှိလို့တုန်း၊ မနေ့ကပဲ အစ်မတောင်းလို့ ပေးလိုက်ရပါကော၊ ငါ ဘုရားပွဲအမီ အစလေးဘာလေး ဝယ်ချင်တာတောင် မဝယ်ရသေးဘူး'

'တစ်ကျပ်လောက်ပါဟာ၊ အဖေက ဒီတစ်ခါ ပိုက်ဆံရှင်းရင် ငါ့ပေးမယ်လို့ ပြောထားပါတယ်၊ အဲဒီကျတော့ ပြန်ပေးမှာပေါ့'

'တကယ့်ကို မရှိတာဟဲ့'

'ဒါဖြင့်လဲ ပြီးရောဟာ'

အောင်ထူးသည် မကျေမနပ်နှင့်ပင် ကျောင်းသွားဖို့ ပြင်လေသည်။ မတာထက် သုံးနှစ်ငယ်သော အောင်ထူးသည် ငါးတန်းသို့ရောက်နေပြီ။

www.burmeseclassic.com

www.burmeseclassic.com


မတာသည် လေးတန်းမအောင်မီ ကျောင်းမှထွက်ခဲ့ရ၏။ အဖေကရော အမေကပါ သမီးမိန်းကလေးကို ကျောင်းထားရန် စိတ်အားထက်သန်ခြင်း မရှိလှ။ ပတ်ဝန်းကျင်မှ မိန်းကလေးအတော်များများက ကျောင်းမှထွက်ကာ ဈေးရောင်းနေကြသည်ဆိုတော့ မတာ ဈေးရောင်းရသည်မှာလည်း အထူးအဆန်းမဖြစ်တော့ပေ။ မတာ ကိုယ်တိုင်ကလည်း ကျောင်းမှ ထွက်ရခြင်းအတွက် မည်သို့မျှ မခံစားခဲ့ရပေ။ အောင်ထူးကိုတော့ အဖေက အမြဲပြော၏။

'ပညာတတ်အောင် သင်ကွ၊ ပညာတတ်မှ လူ့အောက်မကျမှာ'

ထို့ကြောင့် အောင်ထူးသည် ပညာသင်ရလေ၏။

မန်ကျည်းစဉ်မှာ အထက်တန်းကျောင်းမရှိ၍ စစ်ကိုင်းသို့ ကျောင်းသွားတက်ရသည်။ အောင်ထူးအတွက် ပိုက်ဆံမည်မျှပင် ကုန်သည်ဖြစ်စေ အဖေက မညည်းပေ။ အောင်ထူးသည် အိမ်မှာ အခွင့်အရေးအရဆုံးပင် ဖြစ်တော့၏။

မတာသည် စားသောက်ပြီးသမျှတို့ကို သိမ်းဆည်းလိုက်သည်။ ပြီးတော့ မှန်ရှေ့တွင်ထိုင်ကာ အလှပြင်သည်။ အလှပြင်သည်ဆိုသော်လည်း သနပ်ခါးဘဲကျား လိမ်းခြင်းမျှသာ။ မည်မျှပင် သနပ်ခါးကို ပိန်းနေအောင် လိမ်းသော်လည်း အညာနေ၏အောက်မှာ အသားသည် မွဲပြာလာတတ်မြဲပင်။ နေရောင်အောက်မှာ တစ်နေကုန်သွားလာလှုပ်ရှားနေသူအဖို့ မျက်နှာမှာ အဆီပြန်နေတတ်သည်မှာလည်း အဆန်း မဟုတ်တော့။ သို့သော် ခါတိုင်းထက်တော့ စိတ်လိုလက်ရ ပြင်ဆင်လိုက်သည်။ သနပ်ခါးကို ညီအောင် သွားပွတ်တံနှင့် ပြန်ညှိသည်။ ခေတ်အဆန်ဆုံးချုပ်ထားသော ဝိုင်စအကျႌလက်ဖောင်းကို ဝတ်သည်။ ယနေ့ ဝင်းလှိုင်နှင့် တွေ့ရမည်။

www.burmeseclassic.com

www.burmeseclassic.com


ပေါက်ပေါက်တွေထည့်ထားသော တောင်းကို အိမ်ပြင်သို့ထုတ်လိုက်ပြီး အိမ်ရှေ့ရှိ တစ်ချပ်တည်းသော တံခါးကို ပိတ်လိုက်၏။ သော့ခတ်ရန် မလိုပေ။

'ပေါက်ပေါက်တောင် အတော်နည်းနေပြီ'

စိတ်ထဲမှ ရေရွတ်ရင်း လမ်းမဘက်သို့ ထွက်ခဲ့၏။ ကောင်းမှုတော်ဘက်သွားမည့် မြင်းရထားကြုံကို စောင့်သည်။ တစ်ခါတစ်ရံ စိတ်မထင်လျှင် လမ်းလျှောက်သွားတတ်သော်လည်း ယနေ့ မလျှောက်ချင်။

သူ လမ်းမမှာ ရပ်နေစဉ်မှာပင် မြင်းလှည်းနှစ်စီး ဖြတ်သွား၏။ ခရီးသည်တွေ အပြည့်ပါသွားသည်။

'ဘုရားဖူးတွေ များလာပြီ'

မတာစိတ်ထဲက ရေရွတ်မိပြန်သည်။

ကောင်းမှုတော်ဘုရားပွဲ နီး၍လာလေပြီ။ သည်လိုအချိန်မျိုးမှာ ပို၍ ဈေးရောင်းကောင်းတတ်သည်မှာ အမှန်ပင်ဖြစ်၏။ မတာတို့ မိန်းကလေးတစ်သိုက်သည် သည်လို အခါကြီးရက်ကြီးကိုသာ အားထားနေကြရသည်။

'ဟေ့ မတာ၊ ခုမှသွားမှာလား၊ လာ လိုက်ခဲ့လေ'

မတာအေးတွင် မြင်းလှည်းတစ်စီး လာဆိုက်သည်။ မြရွှေကို မြင်ရ၏။ မတာက မျက်နှာကို တစ်ဘက်သို့ လှည့်လိုက်သည်။

'နင်ကလဲ ငါ့မြင်တာများ သရဲသဘက် မြင်ရတာကျနေတာပဲ၊ ဒီက စေတနာနဲ့ ခေါ်တာကို'

'တော်ပါပြီ၊ ကိုယ့်ဘာသာကိုယ်ပဲ၊ ကုန်းကြောင်းလျှောက်သွားပါ့မယ်'

'နင်က ငါ့စေတနာကို ဘယ်တော့မှ အသိအမှတ်မပြုဘူး'

www.burmeseclassic.com

www.burmeseclassic.com


မြရွှေသည် လူကသာ မြင်းလှည်းမောင်းပေမယ့် စကားက အလွန်ကြွယ်သည်။ ရုပ်ကတော့ စေ့စေ့ကြည့်ချင်လောက်စရာ မရှိ။ အသားက မည်းရသည့်အထဲ သွားကခေါသေးသည်။ မတာ၏သူငယ်ချင်း မိန်းကလေးများက မြရွှေကိုဆိုလျှင် ရှုံ့တူးတူးမို့ ညာပြီး ခိုင်းချင်ကြသည်။ သူ့မြင်းလှည်းနှင့် ကြုံလျှင် ပိုက်ဆံမပေးဘဲ တက်စီးကြသည်။ မြရွှေကလည်း ပြုံးဖြီးဖြီးနှင့် တင်ခေါ်သွားတတ်သည်သာ။

မတာ တစ်ယောက်ကတော့ မြရွှေကို ကြည့်မရ။ မိန်းကလေးအားလုံးထဲတွင် မတာကို မြရွှေက မျက်နှာသာအပေးဆုံးဖြစ်သည်ကို အားလုံးကလည်း သိကြ၏။ ထိုအတွက် မတာကို ဝိုင်းဝန်းစကြလျှင် မတာက အသည်းခိုက်အောင် နာသည်။

ယခုလည်း မြရွှေက မြင်းလှည်းကိုရပ်၍ စောင့်နေ၏။

'နင့်ဟာနင် သွားစမ်းပါ မြရွှေရယ်'

'ငါ အဲဒီဘက်ပဲ သွားမှာမို့ပါဟဲ့၊ နင့်မလဲတောင်းကြီးတစ်ဘက်နဲ့ဟာကိုး'

သူ့ကြည့်ရသည်မှာလည်း မတာ မလိုက်မချင်း ထွက်သွားမည့်ပုံမပေါ်။

မတာသည် မြန်မြန်ရောက်လည်း ကောင်းတာပဲဟု တွေးကာ မြင်းလှည်းနောက်မှ တက်ထိုင်လိုက်၏။ တောင်းကို ပေါင်ပေါ်တင်ထားလိုက်သည်။

'တောင်းကို ဒီပေးစမ်းပါဟာ၊ ရှေ့လဲတိုးထိုင်ပါ၊ နင့်ကို ကိုက်မစားပါဘူး'

'မောင်းမှာသာ မောင်းဟယ်၊ စကားရှည်မနေနဲ့'

'နင်ကလေ ငါ့ကိုများဆိုရင် အကောင်းကို မပြောဘူး၊ ငါက နောက်ပိုင်း လေးနေမှာစိုးလို့ ပြောတာပါ'

www.burmeseclassic.com

www.burmeseclassic.com


မတာက ရှေ့သို့ နည်းနည်းတိုးထိုင်လိုက်၏။ မြရွှေ၏ ဝေါက်သံနှင့်အတူ မြင်းလှည်းက စတင်ထွက်ခွာသွားသည်။ မြရွှေ၏မျက်နှာလည်း အထူးရွှင်လန်းတက်ကြွ၍ သွားသည်။ မြင်းလှည်းသည် ခပ်သော့သော့ကလေး ပြေးနေ၏။ ကားကြီးများက တဝေါဝေါနှင့် အရှိန်မသတ်ဘဲ မောင်းလာတတ်သဖြင့် မကြာခဏ လမ်းဘေးသို့ ချပေးရသည်။

'ကားကြီးတွေက ဘယ်တော့မှ မညှာဘူး၊ ဖယ်သာမပေးရင် တိုက်သွားမှာပဲ၊ ဒီလိုပဲ အင်အားကြီးတဲ့လူများ ကိုယ့်ထက်နိမ့်ကျတဲ့လူကို မညှာချင်ဘူး'

'နင်ဟာလေ၊ စကားကြီး စကားကျယ်ကို တော်တော်ပြောတယ်'

'ဟ၊ မှန်တာပြောတာပဲဉစ္စာ'

'ထားပါတော့၊ ထားပါတော့'

နေသည် ထွက်ပြူစပြုပေပြီ။ တောက်ပသော နံနက်ခင်း၏ ရောင်ခြည်အောက်တွင် ဘုရားစေတီများ၏ အရိပ်အငွေ့သည် အေးချမ်းငြိမ်သက်စွာ လွှမ်းခြုံထား၏။ ဖြူဖွေးလုံးဝန်းသော ကောင်းမှုတော်စေတီ၏ အထွတ်ထိပ်ဖျားသည် နေခြည်နုနုအောက်တွင် မိုးကောင်းကင်သို့ တိုးဝင်လုနီးနီး ရှိနေ၏။

ကောင်းမှုတော် ကန်ရေပြင်သည် နေရောင်နှင့်ဟပ်ကာ တလက်လက် တောက်နေ၏။

'ငါ့ကို ထိပ်မှာပဲ ချပေးခဲ့'

'မထူးပါဘူး၊ အထဲရောက်အောင်ပို့ပေးပါ့မယ်'

ကောင်းမှုတော်စေတီ၏ မုခ်ဦးဆီသို့ ဦးတည်ကာ မောင်းဝင်ခဲ့သည်။ ဘုရားဖူး တစ်ဦးတလေကိုသော်မျှ မမြင်ရသေး။

မြရွှေ၏ မြင်းလှည်းကိုမြင်သည်နှင့် သင်းသင်းမာနှင့် ခင်အုန်းမြင့်တို့က ပြေးလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com


'အံမယ်၊ မတာတို့က ကြီးပွားနေလိုက်တာနော်၊ မြရွှေ နင့်မျက်နှာ ကြီးကလေ၊ မှုံရထားသလိုပဲ ပြုံးဖြီးဖြီးနဲ့ ဟင်း'

ခင်အုန်းမြင့်က လှမ်းနောက်လိုက်လျှင် မြရွှေက ပိုသဘောကျသွားကာ သွားခေါများ ငေါထွက်သွားအောင် ရယ်လိုက်လေသည်။

'အရူးကို ဘုံမြှောက်မနေစမ်းပါနဲ့ ဟယ်၊ စိတ်ကုန်ရတဲ့ကြားထဲ'

မတာက သူ့ခုံဖိနပ်နှစ်ဘက်ကို အောက်သို့ ငွပ်ခနဲကျအောင် ပစ်ချရင်း ပြောလိုက်လေသည်။ ပြီးတော့မှ လူက ပေါ့ပါးစွာ ခုန်ဆင်းလိုက်၏။

'နင်ကလဲဟယ်၊ သူ့မြင်းလှည်းလဲ အလကားစီးသေးရဲ့၊ နည်းနည်း ပါးပါးတော့ မေတ္တာထားအုံးမှပေါ့'

'အေးဗျာ၊ ကြည့်ပြောကြပါဦး'

မြရွှေက မတာ၏ တောင်းကို လှမ်းချပေးရင်း ပြောသည်။

'ကောင်မတွေ၊ ဒီလောက်တောင် မေတ္တာထားချင်ရင် ညည်းတို့ ဘာသာ ညည်းတို့ထားကြ'

'ဘယ်သူမှ မထားချင်လဲနေကြပါဟာ၊ ငါပြန်တော့မယ်၊ တင်းတိပ် ကို ဝင်ပြီး ဂုံ့အိတ်တွေ တင်ရဦးမှာ'

မြရွှေသည် သူ့မြင်းကို နောက်ပြန်လှည့်စေရန် တုံ့ခနဲဆွဲပြီး 'ကျွတ် ကျွတ်'ဟု ပါးစပ်မှမြည်ကာ ပြန်မောင်းထွက်သွားသည်။ မတာသည် သူ့ကို တမင်လိုက်ပို့မှန်း သိသော်လည်း ကျေးဇူးတင်စကား မဆိုလိုက်မိ။ ငယ်စဉ်က တင်းတိပ်ရွာမှာ မြရွှေနှင့် ကျောင်းအတူတူနေခဲ့ဖူးသော်လည်း စိတ်ထဲက သံယောဇဉ် သိပ်မရှိလှ။ ယခု မြရွှေက မျက်နှာရှုံးပုံနှင့်ဆိုတော့ ပိုဆိုးသည်။

မတာသည် တောင်းကို ခါးစောင်းတင်ကာ စေတီရင်ပြင်သို့ ဝင်ခဲ့သည်။ ဖွေးဖွေးဖြူသော ကောင်းမှုတော်စေတီသည် နေခြည်ဝင်းလဲ့အောက်မှာ တင့်တယ်စွာ ရပ်တည်နေ၏။

www.burmeseclassic.com

www.burmeseclassic.com


'ဒီနေ့ ရုံးပိတ်ရက်ဆိုတော့ ဘုရားဖူးတွေများမှာပဲ၊ ငါ့မှာ ပေါက်ပေါက်တောင် နည်းနေပြီ၊ ညည်းတို့ကော ထပ်ဝယ်ထားသေးလား'

'ဝယ်ထားတာပေါ့၊ ဈေးတောင်တက်သွားပြီ၊ ဆယ့်ရှစ်ကျပ်တဲ့'

ခါတိုင်းဆိုလျှင် ပေါက်ပေါက်တစ်တင်းကို ဆယ့်ငါးကျပ်ပေးရသည်။ ယခု ပွဲတော်ရက်နီးလာတော့ ဈေးကတက်သွားလေပြီ။ သို့သော် ကိစ္စမရှိ။ အရောင်းရပိုသွက်တော့ ကိုယ့်အတွက်ပိုကျန်သည်။ ပွဲတော်အမီ အင်္ကျီစအသစ်ဝယ်နိုင်ဖို့ကလည်း အရေးကြီးသေးသည်။

ရင်ပြင်တော်ပေါ်မှာ ဆီးဖြူသီးကင်းလေးတွေ ကြွေကျနေသည်။ နေချိုသေးသဖြင့် ခြေထောက်မပူဘဲ ကောင်းကောင်းလျှောက်သွားနိုင်သည်။ ကလေးအချို့ ပြေးလွှားဆော့ကစားနေကြသည်။

သူတို့သုံးယောက် လျှောက်လာသည်ကိုမြင်တော့ အဝင်းတို့ ကောင်မလေး တစ်သိုက်က တီးတိုး တီးတိုး စကားဆိုနေကြသည်။ အဝင်းတို့ တစ်သိုက်က အသက်ငယ်ကြသေးသည်။ ဆယ်နှစ်ကျော်ကျော်သာရှိကြသေးသည်။ မတာတို့ အသိုက်သည် အပျိုအုပ်စု။ သူတို့ကိုယ်သူတို့တော့ အပျိုဖြစ်ပြီဟု သတ်မှတ်သည်။ သတ်မှတ်သည်ဆိုရာ၌ ယခင်ကလို ရင်ပြင်ပေါ်မှာ ပြေးလွှားဆော့ကစားခြင်း မပြုတော့ခြင်းပင် ဖြစ်၏။ ဣန္ဒြေရရ လျှောက်သည်။ လုလုပပ ဝတ်သည်။ သို့သော် အရေးကြုံလာလျှင် တော့ ထဘီစွန်တောင်ဆွဲကာ ဝက်ဝက်ကွဲအောင်ရန်ဖြစ်ဖို့ ဝန်မလေး။ ဈေးရောင်းရာမှာတော့ ကလေးသောဘာသော၊ အပျိုသော၊ အအိုသော မတွေးနိုင်။ အပြိုင်အဆိုင် လုရောင်းရမြဲပင် ရှိသေး၏။

ချာတိတ်မတွေက သူတို့အသိုက်ကို နည်းနည်းတော့ လန့်သည်။ ဘုရားဖူးတွေကို သူ့ထက်ငါ တိုးဝှေ့လုယက်ပြီး ရောင်းရာမှာ တရားလွန်လာလျှင် မတာတို့က ပြောရ ဆိုရသည်။ အော်ရ ငေါက်ရသည်။ သည်တော့မှလည်း ကိုယ်ရှိန်သတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com


တံတိုင်းသုံးဆင့်ရှိသော စေတီရင်ပြင်မှ ငါးကန်ဘက်သို့ ဆင်းခဲ့ကြ၏။

ငါးရောင်းသည့် အစ်မတွေလည်း ရောက်နေကြပြီ။

အချိန်စောသေးသဖြင့် ကန်ရေပြင်သည် ငြိမ်သက်နေ၏။ ငါးကလေးတွေ၊ လိပ်ကလေးတွေလည်း ငြိမ်သက်စွာရေထဲမှာ ငုပ်လျှိုးနေကြသည်။ သူတို့လည်း အစာကို မျှော်လင့်နေကြမည်။

မတာတို့ကလည်း အစာဝယ်မည့်သူတွေကို မျှော်လင့်နေကြသည်။

\+ \+ \+

မြင်းလှည်းတစ်စီး ဝင်လာသည်နှင့် သူတို့အားလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။ ပန်းသည်တွေ၏ စီကနဲအော်သံတွေကို ကြားလိုက်ရသည်။ ကောင်းမှုတော်ဘုရားကြီးကို ကြည်ညိုဦးခိုက်ပြီးလျှင်တော့ ကန်ဘက်ကို ဆင်းလာကြမှာ မလွဲ။ ဆင်းလာဖြစ်အောင်လည်း လမ်းပြပို့ဆောင်ပေးမည့် ကလေးငယ်တွေက ရှိနေသည်။

မတာတို့က ပေါက်ပေါက်တွေကို ပန်းကန်ပြားကလေးတွေဖြင့် ထည့်ပြီး အသင့်စောင့်နေကြသည်။ သူတို့အနေဖြင့် ရင်ပြင်တော်ပေါ်တက်ပြီး ရောင်းခွင့် မရှိ။ ဘုရားမှ ကန်ဘက်လာရာလမ်းမှာသာ တန်းစီပြီးရပ်စောင့် နေကြရသည်။ ဘုရားသိကြားမလို့ စေတနာကောင်းကောင်းနှင့် များများ ဝယ်ကျွေးမည့်သူတွေ လာပါစေ၊ ကောင်းမှုတော်စေတီကြီးက ကယ်မတော် မူပါ။

မျှော်လင့်သလောက်တော့ အားရှိဖွယ်ရာ မမြင်ရ။

ဘုရားဖူးသူ လေးငါးယောက်ခန့် ဆင်းလာသည်ကို မြင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com


သူတို့တစ်တွေ တန်းစီပြီးရပ်နေသည်ကို ရုတ်တရက်တော့ နားလည်ကြဟန်မတူ။ သူတို့အားလုံး တစ်ပြိုင်နက်တည်း အော်လိုက်ကြခါမှ ဘုရားဖူးတွေ လန့်ဖျပ်ပြီး သဘောပေါက်သွားကြရတော့သည်။

'ပေါက်ပေါက်လေးတွေ ဝယ်သွားကြနော်၊ ကန်ထဲမှာ လိပ်တွေ၊ ငါးတွေရှိတယ်၊ ကျွေးရအောင် တစ်ခါတည်းဝယ်သွားပါ အစ်မ၊ ဦးလေး ယူသွားဦးလေ၊ ဒီကလဲယူပါဦး အစ်မရယ်၊ မျှယူပါနော်၊ ကျွန်မတို့ဆီကလဲ ယူပါ အစ်မ'

မတာတို့က အနည်းငယ် ဣန္ဒြေရရရောင်းသော်လည်း အဝင်းတို့ကလေးတစ်သိုက်ကတော့ သူတို့လက်ထဲက ပန်းကန်ပြားတွေကို ဘုရားဖူးတွေလက်ထဲရောက်အောင် အတင်းထိုးထည့်ပေးကြသည်။ မယူချင်လို့လည်း မရ။ မယူမချင်း ဘေးမှ ကပ်လိုက်သွားပြီး နားကွဲအောင် အော်တော့သည်။

သည်ကလေးတွေနှင့်တော့ မလွယ်။ တစ်ခါတစ်ရံတော့လည်း စိတ်ပျက်ပျက်နှင့်ပင် သူတို့ကို ညာလိုက်ရသည်။ သည်လိုနှင့်ပဲ ကိုယ့်လက်ထဲက ပန်းကန်သည် ကျန် ကျန် နေတတ်သည်။

ယခုလည်းကြည့်။ အဝင်းက အကဲဆုံး။ ဘုရားဖူးအစ်မကြီးဘေးက အတင်းကပ်ပြီး ပေါက်ပေါက်ပန်းကန်ပြားကို လက်ထဲရောက်အောင် ထိုးထည့်ပေးသည်။ သည်တော့လည်း တစ်ဘက်သားက စိတ်ပျက်ပျက်နှင့် ယူသွားရတော့သည်။ ပြီးတော့ အဝင်းတို့လည်လိုက်သည်က မပြောနှင့်။ လက်ထဲက ပန်းကန်တစ်ချပ်ထွက်သွားပြီးသည်နှင့် သူ့သူငယ်ချင်းတွေဆီက နောက်တစ်ချပ်ကို ပြေးယူကာ လိုက်ရောင်းပြန်သည်။

'ဒီဘက်ကလဲ မျှယူပါအုံး ဦးလေးရယ်'

မတာတို့ကတော့ သည်လောက်ပဲ ပြောဖြစ်သည်။ အဝင်းတို့ကို ကြက်တောင်စည်းလေးနှင့် ပြေးလို့လွှားလို့ ကောင်းတော့သည့် အရွယ်တည်း

www.burmeseclassic.com


မဟုတ်သည်မို့ ဣန္ဒြေရရ ကိုယ်ရှိန်သတ်၍ ရောင်းရသည်။ သို့တိုင် လက်ထဲက ပေါက်ပေါက်ပန်းကန်ကိုတော့ ဝယ်မည့်သူလက်ထဲ မြန်မြန် ရောက်အောင် ထိုးထည့်ပေးမိသည်။ သည်လောက်တော့ လုပ်မှ ဖြစ်မည်။ သို့မဟုတ်လျှင်လည်း တစ်နေကုန်အောင် နေတောင်မှ ရောင်းရတော့မည် မဟုတ်။

ပိုက်ဆံတစ်ကျပ်တော့ ဈေးဦးပေါက် ရလိုက်သည်။

ဘုရားဖူးသူတွေ လွန်မြောက်သွားတော့မှ လက်ပံပင်ဆက်ရက်ကျ သလို အော်ဟစ်ခဲ့ကြသော သူတို့၏ အသံတွေလည်း တိတ်သွားတော့သည်။

အဝင်း၏ လက်ထဲမှာ ကျပ်တန်သုံးရွက် မြင်လိုက်ရသည်။ လျှင်လိုက်သည့် ကောင်မ။

'နင် ဘယ်လောက်ရလိုက်လဲ'

အဝင်းက သူ့အဖော် အေးမြကို လှမ်းမေးလိုက်သည်။

'ဘယ်ရလို့လဲ၊ တစ်ပန်းကန်ပဲ ရောင်းလိုက်ရတယ်လေ၊ အပြန်မှ ပိုက်ဆံပေးမယ်တဲ့'

'အေး၊ တစ်ပန်းကန်က နင့်ဆီက ယူရောင်းပေးတာနော်၊ ရော့ တစ်ကျပ်'

သူတို့အချင်းချင်းတော့ ရိုင်းပင်းကြသား။ မတာက ကိုယ့်ထက် ငယ်သူလေးတွေမို့ သနားခြင်းတော့ ဖြစ်မိသည်။ သို့သော် နည်းနည်းတော့ ပြောထားရဦးမည်။

'ညည်းတို့ကလဲအေ၊ နည်းနည်းပါးပါးတော့ ဆင်ခြင်ဦးမှပေါ့၊ သူတကာ လမ်းလျှောက်လို့တောင် မရအောင် အတင်းလိုက်တာပဲ၊ ငါတို့လဲ ရောင်းဦးမှာပေါ့၊ ညည်းတို့ချည်းပဲ ကျုံးယူချင်လို့ ဖြစ်မလား'

အဝင်းက တခြားသူတွေကို ဂရုမစိုက်သော်လည်း မတာကိုတော့ နည်းနည်းလန့်သည်။

www.burmeseclassic.com

www.burmeseclassic.com


'အစ်မတို့လဲ ရောင်းရသားပဲ ဟာကို'

'ဟိုမယ် သင်းသင်းမာဆို တစ်ပန်းကန်မှတောင် မရောင်းလိုက်ရဘူး၊ ညည်းကတော့ လူတစ်ယောက်တည်းကို နှစ်ပန်းကန်လောက်ဝယ်သွား အောင် လိုက်ရောင်းတယ်'

'ဒါကတော့ သူ့ဟာသူ ဝယ်သွားတာပဲ'

'ညည်းက အတင်းလိုက်ကပ်နေတာကိုး၊ ထဘီဆွဲချွတ်တော့မယ့် အတိုင်းပဲ'

အဝင်းက နှုတ်ခမ်းစူကာ လှည့်ထွက်သွားသည်။

'ပြောမနေပါနဲ့ မတာရယ်၊ ဒီကလေးတွေက မလွယ်ဘူး'

သင်းသင်းမာကတော့ နာမည်ကလေးက နူးညံ့သလို လူကလည်း အေးဆေးသည်။ တော်ရုံတန်ရုံဆိုလျှင် အလျှော့ပေးလိုက်သည်ချည်း။ ထို့ကြောင့် သူများတကာတွေ ရှစ်ကျပ်တစ်ဆယ်စီကျန်တတ်သော သည်လို ရက်မျိုးတွင်ပင် သူ့မှာ ငါးကျပ်ခြောက်ကျပ်ထက် ပိုမရတတ်။ သို့သော် သင်းသင်းမာတို့ မိသားစုက မတာတို့ထက်စာလျှင် ပို၍ ချောင်လည်သည်။ မိဘများက လယ်ကလေး ကိုင်းကလေး လုပ်သည်။

နောက်ထပ်မကြာမီ ဘတ်စ်ကားကြီးတစ်စီး ဆိုက်လာသည်။ ရပ်ဝေးမှ စုပေါင်းလာကြသော ဘုရားဖူးယာဉ်ကြီးမှန်းသိ၍ အားလုံး၏ မျက်နှာမှာ ဝမ်းသာခြင်းဖြင့် ပြုံးပျော်ရွှင်လန်း၍ သွားကြတော့သည်။ အားလုံး လှုပ်လှုပ်ရွရွ ဖြစ်ကုန်ကြပြီး ရှိရှိသမျှ ပန်းကန်ပြားလေးတွေထဲကို ပေါက်ပေါက်တွေထည့်ကာ အသင့်ပြင်ထားကြသည်။ သူများထက်လည် သည့် အဝင်းကတော့ ပန်းကန်ပြားထဲကို ပေါက်ပေါက်လျှော့ထည့်ကာ အမြင်လှအောင် ဖြန့်ထားသည်။ မတာက အဝင်းဘက်လှည့်ကာ သတိ ပေးသည့်အနေဖြင့် မျက်စောင်းခဲလိုက်သော်လည်း အဝင်းက မသိဟန် ဆောင်ကာ မျက်နှာကို တစ်ဘက်သို့ လှည့်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com


ရေကန်ထဲက ငါးတွေကတော့ ဘာမျှ မသိရှာ။

သိလျှင် မတာတို့ကိုများ ကျေးဇူးတင်ကြလေမလား မသိ။

သူတို့ကို အစာကျွေးမည့်သူတွေကို မတာတို့က အထူးမျှော်လင့် စောင့်စားနေကြသည်ကတော့ အမှန်ပင်။

\+ \+ \+

ရုံးပိတ်ရက်တိုင်း ဝင်းလှိုင် လာနေကျ။

သူက တစ်နေရာတည်းမှာ အတည်တကျ ကျက်စားသည်တော့ မဟုတ်။ အဓိကနေရာကတော့ စစ်ကိုင်းတောင်ရိုးပေါ်မှာ ဖြစ်သည်။ သို့သော် တစ်ခါတလေ မန္တလေးတောင်ပေါ်မှာ ရှိသည်။ မဟာမြတ်မုနိမှာ တစ်ပတ်လုံးလုံးနေသည့်အခါ နေသည်။ လူစည်ကားသော ဘုရားပွဲတော်များ ရှိလျှင်လည်း ထိုနေရာသို့ သူ ရောက်နေတတ်သည်။ သူ့ အလုပ်က ဓာတ်ပုံဆရာ။

ဝင်းလှိုင်က စစ်ကိုင်းသား။ လူပုံက သားသားနားနားပင်။ ပိန်ပိန် ပါးပါး၊ အရပ်မြင့်မြင့်ဖြစ်ပြီး ဆံပင်က ရှည်သည်။ ဘောင်းဘီနှင့် ကြည့် ကောင်း၏။ မြန်မာဝတ်နှင့်ကတော့ တခြားစီပင်။

မနှစ်က ယခုလို ဘုရားပွဲတော်ချိန် နီးသည့်ရက်မှာ ဝင်းလှိုင်နှင့် စတင်သိကျွမ်းရခြင်း ဖြစ်၏။ နေပူပူမှာ မတာက ဆီးဖြူသီးကင်းတွေ ကောက်နေခိုက် အလင်းရောင်တစ်ခုက ဖျတ်ခနဲကျလာတော့ မတာ ရုတ်တရက် လန့်သွားခဲ့သည်။ လက်ထဲမှာ ကင်မရာကိုင်ပြီး ဟန်ကျပန်ကျ ရပ်နေခဲ့သော ဝင်းလှိုင်ကိုမြင်တော့ အစပထမ အံ့သြစွာ ငိုင်ကြည့်နေလိုက် မိသေးသည်။ ပြီးတော့မှ သတိရကာ သူ့ဆီကို လျှောက်သွားခဲ့သည်။

'ရှင်၊ ကျုပ်ကို ဓာတ်ပုံရိုက်တာလား'

www.burmeseclassic.com

www.burmeseclassic.com


ရိုင်းစိုင်းလှသည် မဟုတ်သော်လည်း သိပ်လည်း မယဉ်ကျေးလှသော စကားဖြင့် မေးလိုက်မိသည်။ ဝင်းလှိုင်က ကင်မရာကို လည်ပင်းမှာလွယ်ကာ သူ့ကို ပြုံးကြည့်နေ၏။ မထိလေးစားဟုတော့ မဆိုသာ။ သို့သော် မတာစိတ်ထဲမှာ မခံချင်အောင် ဖြစ်သွားမိသည်။

'ရှင့် ဓာတ်ပုံကို ကျုပ်က ရွေးနိုင်မှာမဟုတ်ဘူးရှင့်၊ ကျုပ် ဓာတ်ပုံရိုက်မယ့်အတူတူ တခြားလူတွေ လျှောက်ရိုက်တာကမှ ရှင် ပိုက်ဆံဦးမယ်'

သည်တော့ ဝင်းလှိုင်က သဘောကျစွာရယ်ပြန်သည်။ မတာတို့ထက် အသက်ငါးနှစ်ခန့်ကြီးမည်မို့ မတာကို ကလေးတစ်ယောက်လိုများ သဘောထားလေရော့သလား မသိ။ မတာက သည်နှစ်ထဲမှာ ပိုမိုထွားကျိုင်းစိုပြည်လာသည်ဟု အမေက ပြောသည်။ သို့သော် ကပိုကရိုနေတတ်သော အကျင့်နှင့် သနပ်ခါးကို ညီအောင်မလိမ်းတတ်သောကြောင့် သူ့အသွင်က လေးစားစရာ မကောင်းဘူး ထင်ရသည်။

'မင်းကို ဘယ်သူက ပိုက်ဆံပေးရမယ်လို့ ပြောလို့လဲ'

မတာက ကြီးကြီးကျယ်ကျယ် ရှင်နှင့် ကျုပ်နှင့် ပြောသော်လည်း သူက ကလေးတစ်ယောက်လိုပင် မင်းနှင့် ငါနှင့် ပြန်ပြောသည်။

'ဒါဖြင့် ရှင်က ကျုပ်ကို ဘာပြုလို့ ဓာတ်ပုံရိုက်ရတာလဲ၊ ပြီးတော့ လှလှပပလဲ မဟုတ်ဘူး'

သူက ရယ်ပြန်သည်။ မတာ နေရောင်အောက်မှာ ဆီးဖြူသီးကောက်နေတုန်း သူ ဓာတ်ပုံရိုက်လိုက်မှန်း သိသည်။

'မင်းက လှလှပပ ရိုက်ချင်လို့လား၊ ဒါဆိုရင်တော့ ထပ်ရိုက်ပေးပါ့မယ်'

'တကယ်လား'

သူ ရယ်ပြန်သည်။ မတာကို ရယ်စရာသတ္တဝါများ အောက်မေ့လေသလား မသိ။ တကယ်တော့ အမေ့ထဘီကို အထက်ဆင်ဖြတ်ပြီး ခါးက

www.burmeseclassic.com

www.burmeseclassic.com


လုံး၍ ဝတ်ထားသော မတာ၏ ပုံပန်းသဏ္ဌာန်ကလည်း မသပ်မရပ်နှင့် ရယ်စရာကောင်းနေသည်ကတော့ အမှန်။

'တကယ် ရိုက်ပေးပါ့မယ်'

'ပိုက်ဆံတော့ မပေးဘူးနော်'

'မပေးပါနဲ့၊ ရပါတယ်'

'ဒီလိုဆို မနက်ဖြန်ကျရင် ရိုက်ပေး'

'အခု မရိုက်တော့ဘူးလား၊ စောစောက ပုံက တကယ်ကောင်းတယ်'

'ဟင်း၊ မကောင်းပါဘူး၊ အဲဒီပုံကို ဘာဖြစ်လို့ ရိုက်တာလဲ၊ ကျုပ်ကို ပေးမှာလား'

သူက မတာကို သနားစရာ ကလေးတစ်ယောက်အသွင်ဖြင့် ကြည့်ပြန်သည်။

'အဲဒီပုံက ဓာတ်ပုံပြိုင်ပွဲဝင်မလို့'

မတာက သိပ်တော့ နားမလည်ပေ။ သို့သော် ထပ်မေးနေလျှင်လည်း သူ မသိနားမလည်တာတွေ ပေါ်သွားဦးမည်မို့ မမေးတော့။ သူ့ကို ကူညီလိုက်ရသည်ဟု ယူဆကာ ဝမ်းသာသွားသည်။ ပထမဆုံးအကြိမ် ကိုယ့်ထက် အဆင့်အတန်းမြင့်သူနှင့် အသိမိတ်ဆွေ ဖြစ်ရသည့်အတွက်လည်း ဂုဏ်ယူလိုက်သေးသည်။

နောက်နေ့ကျတော့ မတာက ဓာတ်ပုံအရိုက်ခံရန် စိတ်လိုလက်ရ ပြင်ဆင်သွားသည်။ သင်းသင်းမာတို့၊ ခင်အုန်းမြင့်တို့ကိုလည်း ဝင်းလှိုင်က ဓာတ်ပုံ အလကားရိုက်ပေးမည်ဆိုသည့်အကြောင်း မောင်းကြေးနင်းခတ်သည်။ သင်းသင်းမာတို့က တို့ကိုလည်း ရိုက်ခိုင်းပေးပါဟယ်ဟု တောင်းပန်ကြသည်။

အားလုံး ပြောင်ပြောင်ရောင်ရောင် ဝတ်ဆင်ပြီး ဝင်းလှိုင်အလာကို စောင့်ရသည်။ ဝင်းလှိုင်က နေ့လယ်ဘက် နေချစ်ချစ်တောက်ပချိန်မှ

www.burmeseclassic.com

www.burmeseclassic.com


ရောက်လာသည်။ သနပ်ခါးဘဲကျားပေါ်မှ ချွေးကြောင်းတွေ စီးကျနေသော သူတို့တစ်တွေ၏ မျက်နှာကိုကြည့်ပြီး ဝင်းလှိုင်က ရယ်ပြန်သည်။

'ဒီမယ်ရှင့်၊ ကျုပ် သူငယ်ချင်းတွေကိုလဲ ဓာတ်ပုံရိုက်ပေးပါ၊ ပိုက်ဆံပေးပါ့မယ်တဲ့၊ ဒါပေသိ လျှော့တော့ယူပေါ့နော်'

ထိုအချိန်မှာ ဘုရားဖူးသူတွေ ရောက်လာ၍ မတာတို့က ဈေးပြေး ရောင်းလိုက်ရသေးသည်။ ပြီးတော့ ဝင်းလှိုင်က ဘုရားဖူးကောင်မလေး တစ်သိုက်ကို ဓာတ်ပုံရိုက်နေသည်ကို စောင့်ရပြန်သည်။ ဝင်းလှိုင် ဓာတ်ပုံ ရိုက်ပေးသည့်အချိန်မှာ မတာတို့သူငယ်ချင်းတစ်သိုက်သည် အိမ်က ပြင်ဆင် လာသမျှ အလှအပတွေ ပျက်ပြယ်ကာ ပိုသီပတ်သီ ဖြစ်နေကြလေပြီ။

သို့သော် ထိုနေ့က ဝင်းလှိုင်ရိုက်ပေးသည့် ဓာတ်ပုံလေးတွေမှာ အမှတ်တရရှိလှသည်။ ထို့နောက် ဝင်းလှိုင်နှင့် သူတို့အားလုံး ခင်မင်သွားကြ တော့သည်။ လှုသူကျဲပါးသည့်အခါမျိုးတွင် ဓာတ်ပုံတွေကပ်ထားသော ဆိုင်းဘုတ်ကြီးကို နေရောင်အောက်တွင် ထောင်ကာ ငိုက်မျဉ်းနေတတ်သော ဝင်းလှိုင်ကို မတာတို့တစ်တွေက အပျင်းပြေ စကြ၊ နောက်ကြသည်။ ဆီးဖြူသီးနှင့်ပေါက်ပြီး ထွက်ပြေးကြသည်။ ကလေးတချို့က သူကိုယ်တိုင် တကယ် ရိုက်ပေးရမလား၊ တခြားကယူပြီး ကပ်ထားသလား မသိရသော ရုပ်ရှင်မင်းသမီးပုံတွေမှာ နှုတ်ခမ်းမွေးတွေ တပ်ပေးကြသည်။ သူ့မှာ စိတ်ဆိုးသော်လည်း အပြစ်ယူ၍မရ။ သည်ကလေးတွေကပင် ဘုရားဖူး တွေလာလျှင် 'မမရေ၊ ဓာတ်ပုံလေးတွေ အမှတ်တရ ရိုက်သွားပါဦး'ဟု ဆွယ်ကာ သူ့ဆီခေါ်လာတတ်ကြသည် မဟုတ်လား။

တစ်ခါတစ်ရံ ဓာတ်ပုံများများရိုက်ရသည့်နေ့၊ သို့မဟုတ် တခြား နေရာက ပိုက်ဆံများများရလာသည့်နေ့ဆို ဝင်းလှိုင်သည် သူတို့ဆီမှ ပေါက်ပေါက်တွေဝယ်ကာ ငါးတွေကို ပေါပေါများများ ကျွေးပစ်တတ်

www.burmeseclassic.com

www.burmeseclassic.com


လေသည်။ ထိုအခါမျိုးတွင်မှ ငါးတွေကို တစ်ခါမျှ အခမဲ့ အလကားမကျွေးဖူးသော မတာတို့တစ်တွေကလည်း ကန်ထဲမှ ကျေးဇူးရှင် ငါးတွေကို စေတနာဗရပွနှင့် ဝိုင်းဝန်း ကျွေးမွေးကြရလေတော့သည်။

သည်နှစ်တော့ သူတို့နှင့် ဝင်းလှိုင်သည် ယခင်ကလောက် ထွေးရောယှက်တင် မရှိတော့။ မတာတို့ သင်းသင်းမာတို့ကလည်း တစ်ပြိုင်နက်တည်း လိုလိုပင် အရပ်ကြီးတွေထွက်ပြီး ကလေးဟန်ပန်အသွင်တွေ မှေးမှိန်ကုန်သည်။ ဝင်းလှိုင်ကို ဆီးဖြူသီးကင်းနှင့်ပေါက်ပြီး မစကြတော့ဘဲ ရှက်စနိုးအမူအရာနှင့် ကြည့်တတ်လာသည်။ ထဘီကို ချပ်ချပ်ရပ်ရပ်ဝတ်ကာ ဣန္ဒြေရရ လျှောက်လာတတ်သော သူတို့တစ်တွေကို ဝင်းလှိုင်ကလည်း ယခင်ကလို ထိပ်ပုတ် ခေါင်းပုတ် မလုပ်တော့။

မတာ၏စိတ်ထဲမှာ မျက်နှာပြောင်ပြောင်နှင့် စတတ် နောက်တတ်သော မြွေထက် ရှိုးကောင်းကောင်းနှင့် တည်တည်မှန်မှန်နေတတ်သော ဝင်းလှိုင်ကို ပိုပြီး အထင်ကြီး ခင်မင်မိသည်မှာ အမှန်ပင်။ တစ်ပတ်မှ တစ်ရက်နှစ်ရက်ဆိုသလို မှန်မှန်လာတတ်သော ဝင်းလှိုင်ကိုလည်း စိတ်ထဲက မသိမသာမျှော်မိသည်မှာ အမှန်။ သို့သော် သူ့စိတ်က ဆန်းဆန်းပြားပြား ဖြစ်သည်တော့ မဟုတ်။ ဝင်းလှိုင်ကို အစ်ကိုတစ်ယောက်လို အားကိုးစွာ ခင်မင်မိသည်။ သို့သော် ဘာရယ်မဟုတ်ဘဲ ပါးစပ်ထဲတွေ့ရာ ပြောပစ်တတ်သော သင်းသင်းမာတို့၊ ခင်အုန်းမြင့်တို့ကိုတော့ မတာလန့်သည်။ သူတို့ရှေ့မှာ စိတ်မဝင်စားသလို နေရသည်။ ဤသည်ကပင် မရိုးသားခြင်းလားတော့ မပြောတတ်။ သစ်ရွက်လို လှုပ်ရှားလွယ်သော စိတ်ကတော့ တည်ငြိမ်ခြင်း မရှိလှ။

ယနေ့လည်း ဝင်းလှိုင်လာလိမ့်မည်ဟု စိတ်က မျှော်လင့်တောင့်တနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com


ဘုရားဖူးသူတွေ စည်ကားတတ်သော ရက်များတွင် ဝင်းလှိုင်ကို အထူးသတိရ၏။ ဝင်းလှိုင် ခတ်ပုံတွေ တဖျပ်ဖျပ်ရိုက်နေသည်ကို သူ မြင်ရလျှင် အားရကျေနပ်ခြင်း ဖြစ်မိ၏။

သည်နေ့ ဝင်းလှိုင်နောက်ကျသည်။

ဘုရားဖူးသူတွေ တဖွဲဖွဲ စည်ကားလာသော်လည်း ဝင်းလှိုင်က ပေါ်မလာ။ မတာတို့ပင် အလုအယက် ရောင်းကြရသည့်ကြားက လေးငါး ကျပ်စီ ရနေကြပြီ။ နေက တစ်စထက်တစ်စ မြင့်တက်လာ၏။ ဘုရား ရင်ပြင်တော်ပေါ်ဝယ် ခြေထောက်ချလိုက်တိုင်း ချစ်ချစ်တောက် ပူသော ဒဏ်ကို ခံစားကြရသည်။ လူသူကင်းရှင်းခိုက် စိန်ပန်းပင်အောက်ကို ခိုဝင်ကြ၏။ ထမင်းထုပ်ပါလာသူတွေက ဖြေစားကြသည်။ မတာကတော့ အိမ်ကစားလာသော ထမင်းကြမ်းနှင့် ပဲပြုတ်ကိုပင် နံနက်စာဟု သဘော ထားလိုက်၏။ တစ်ခုခု ဝယ်စားလျှင် ဖြစ်သော်လည်း ပိုက်ဆံလျော့သွား မည်စိုး၍ ဘာမျှ မစားတော့။

နေရောင်အောက်မှာ ငိုက်မျဉ်းနေသော စိန်ပန်းပင်ပျို၏ အောက်ဝယ် မတာ ထိုင်လိုက်၏။ ခွေဦးပေါက်လျှင် စိန်ပန်းပင်များသည် ရဲရဲနီအောင် ပင်လုံးကျွတ်ပွင့်ကြသည်။ ထိုအခါမျိုးတွင်လည်း သူတို့မိန်းကလေးတစ်သိုက် သည် စိန်ပန်းကြွေတွေအောက်တွင် စုရုံးကာ အချိန်ကို ကုန်လွန်ကြရစမြဲ။ ယခုတော့ ထပ်တစ်ရာပန်း ဝါဝါလေးတွေ ပွင့်နေကြသည်။ နေရောင်အောက် မှာ ပန်းပွင့်တို့လည်း နွမ်းနယ်နေ၏။

ခေတ္တမျှ အိပ်ငိုက်သွားခိုက်ဝယ် ဝင်းလှိုင် ရောက်လာသည်။

စိန်ပင်းပင်ကိုမှီနေရာမှ မတာ မျက်လုံးကိုဖွင့်ကြည့်တော့ ဝင်းလှိုင်ကို တွေ့ရသည်။ ထုံးစံအတိုင်း ကင်မရာကို လည်ပင်းမှာ လွယ်ထား၏။

'ဟော့၊ ဘာလို့ ဒီမှာ တစ်ယောက်တည်း လာအိပ်ငိုက်နေတာလဲ နင့် အဖော်တွေကော'

www.burmeseclassic.com

www.burmeseclassic.com


ဝင်းလှိုင်က ဦးထုပ်ကိုချွတ်ကာ ထိုင်ချရင်း မေးလိုက်သည်။ သူ့မျက်နှာမှာလည်း ချွေးတွေ စို့နေ၏။ ဆံပင်ကရှည်သဖြင့် သူ့ကိုကြည့်ရသည်မှာလည်း စိတ်အိုက်စရာ။ ကင်မရာကို စိတ်ပျက်လက်ပျက်ဖြင့် ဘေးမှာချထားလိုက်သည်။

'သင်းသင်းမာတို့ ထမင်းစားနေကြတယ်၊ အစ်ကို ဘာလို့ ဒီနေ့နောက်ကျနေတာလဲ၊ မနက်က လူတွေ တအားလာတာပဲ'

ယခုတော့ မတာက ဝင်းလှိုင်ကို အစ်ကိုဟု ခေါ်သည်။ မတာတို့အားလုံးကပင် ဝင်းလှိုင်ကို အစ်ကိုဟု ခေါ်ကြသည်။

'ငါ တောင်ပေါ်ရောက်နေတာဟ၊ ဟူး၊ နေကလဲပူလိုက်တာဟာ တအားပဲ'

ဝင်းလှိုင်က ဦးထုပ်ဖြင့် သူ့ရင်ဘတ်ကို သူ ယပ်ခတ်လျက်ရှိသည်။

'အစ်ကိုကလဲ အညာသားလုပ်နေပြီးတော့ ဒီလောက်ပဲ နေပူကြောက်ရသလား၊ ခုမှ နွေတောင်ရောက်မယ် မကြံသေးဘူး'

'အညာသားလဲ ပူတာက ပူတာပဲပေါ့ဟ၊ ဘယ်တတ်နိုင်မတုန်း၊ နွေမရောက်သေးပေမယ့် တော်သလင်းနေ ပူစွန်သေတဲ့၊ နင် မကြားဖူးဘူးလား'

ဝင်းလှိုင်နှင့် မတာသည် ဤသို့ပင် ရင်းရင်းနှီးနှီး ပြောဆိုနေကျ။ ဝင်းလှိုင်က သူ့ကင်မရာထဲမှ ဖလင်လိပ်ကိုထုတ်ပြီး အသစ်ထည့်သည်။ ဟိုဟိုသည်သည် ချိန်ကြည့်သည်။ ကောင်းမှုတော်စေတီသည် နေရောင်အောက်မှာ ထီးထီးမားမားကြီး ရပ်တည်တော်မူနေသည်။ စေတီတော်ကို ရံထားသော ကျောက်ဆီမီးတိုင်များက မားမားမတ်မတ်ရှိလှသည်။

'ပွဲတော်ရက်ကျရင် အစ်ကိုက ဆိုင်ဖွင့်ဦးမှာလား'

'ဖွင့်ရမှာပေါ့ဟ၊ ဒီရက်လေး စောင့်နေရတာ'

'အစ်ကိုက ပိုက်ဆံတွေ အများကြီး ရတာနော်'

www.burmeseclassic.com

www.burmeseclassic.com


ဝင်းလှိုင်က မတာ၏ ခေါင်းကို လှမ်းပုတ်လိုက်သည်။

'မရပါဘူးဟာ၊ ငါ့မှာ အမေရယ်၊ နင့်လိုပဲ ညီမလေးတစ်ယောက် ရှိသေးတာ'

'ဟင်၊ အစ်ကို့မှာ ညီမလေးရှိတယ် ဟုတ်လား၊ တစ်ခါမှ မပြောဖူးပါဘူး၊ အစ်ကို့ ညီမလေးက လှလား'

ဝင်းလှိုင်က ရယ်သည်။ မတာ ပြောသမျှ ဆိုသမျှကို ဝင်းလှိုင်က သဘောကျစွာ ရယ်မြဲပင် ဖြစ်၏။

'လှတာပေါ့၊ နင့်လို မည်းမည်းကြုတ်ကြုတ်လေး မဟုတ်ဘူး၊ ဖြူဖြူလေး'

မတာက နှုတ်ခမ်းစူသည်။

'အစ်ကို့ ညီမလေးကို ဘာလို့ ခေါ်မလာတာလဲ'

'ဘယ်ခေါ်လာလို့ ဖြစ်မလဲဟ၊ ကျောင်းတက်ရသေးတာ'

'ဟင်၊ အစ်ကို့ညီမလေးက ကျောင်းနေတယ်၊ ဟုတ်လား'

မတာ တွေတွေငေးငေးလေး ဖြစ်သွားသည်။

သူသည် ကျောင်းမှထွက်ကတည်းက ကျောင်းကိုလည်း သတိမရတော့။ စာကိုလည်း စိတ်မဝင်စားတော့။ ကျောင်းစာနှင့် သူသည် ဘာမျှ မပတ်သက်သလိုသာ အောက်မေ့ခဲ့၏။ ယခု ဝင်းလှိုင်၏ ညီမကလေးက ကျောင်းနေတယ် ဆိုပါလား။

'အစ်ကို့ ညီမလေးက ဘယ်နှစ်တန်း ရောက်ပြီလဲဟင်'

'ရှစ်တန်း'

'သိပ်တော်တာပဲနော်၊ အစ်ကိုကကော ကျောင်းမနေဘူးလား'

'နေတာပေါ့ဟ၊ ငါက ကိုးတန်းအောင်ပြီးပြီ၊ ခုတော့ မနေတော့ဘူး၊ ပိုက်ဆံရအောင်ရှာရတယ်'

www.burmeseclassic.com

www.burmeseclassic.com


ပိုက်ဆံရှာပြီး အမေနှင့် ညီမလေးကို လုပ်ကျွေးသော ဝင်းလှိုင်ကို မတာက လေးစားစွာ ကြည့်မိသည်။ သူ့မှာလည်း သည်လို အစ်ကို တစ်ယောက်လောက်ရှိရင် သိပ်ကောင်းမှာပဲဟု တွေးမိလေ၏။

သူတို့ စကားပြောနေရာသို့ သင်းသင်းမာတို့တစ်တွေ ပြေးလာနေကြသည်။

'အစ်ကို၊ ဘာလို့မလာတာလဲ၊ ဓာတ်ပုံရိုက်ပေးစမ်းပါ'ဟု ဝိုင်းအော်ကြသည်။ ဝင်းလှိုင်၏ ကင်မရာကို တစ်ယောက်တစ်လက် ကိုင်ကြည့်ကြသည်။ သည်နေ့ ဈေးရောင်းကောင်းတော့ အားလုံးပျော်ကြသည်။

ထိုအခိုက်မှာ ကားလေးတစ်စီး ဝင်လာသည်ကို မြင်ကြရသည်။

အမျိုးအမည်မသိသော ကားလေးတစ်စီးဖြစ်၏။ ကားပေါ်မှလည်း သားသားနားနားလူတစ်စု ဆင်းလာကြသည်။ ကောင်မလေး နှစ်ယောက် သုံးယောက်ခန့်ပါလာ၍ ဝင်းလှိုင်လည်း နေရာမှထကာ ပြင်ဆင်သည်။ မတာတို့အားလုံးကတော့ ပေါက်ပေါက်ရောင်းရန် ကန်ဘက်သို့ လှည့်ပြေးကြသည်။

ဘုရားဖူးသူမိသားစုအနက်မှ လူကြီးသုံးယောက်ခန့်သာ ကန်ဘက်သို့ ဆင်းလာကြသည်။ ကောင်မလေးတွေ ပါမလာတော့ ဝင်းလှိုင် တစ်ယောက် ဓာတ်ပုံရိုက်နေရပြီဟု တွေးကာ မတာ ဝမ်းသာသွားသည်။ စိတ်က ဝင်းလှိုင်ဆီ ရောက်နေသည်နှင့် ပေါက်ပေါက်ကို လုရောင်းဖို့ လက်နှေးသွားသည်။ ထုံးစံအတိုင်း အဝင်းတစ်ယောက် အတင်း ကာဆီး ပိတ်ဆို့ရောင်းသဖြင့် မတာတို့ လက်လွတ်ကုန်၏။ သည်တစ်ခါတော့ အဝင်းကို ရန်မတွေ့တော့ဘဲ ရင်ပြင်ပေါ်သို့ ပြန်ပြေးတက်လာခဲ့၏။

ထင်သည့်အတိုင်းပင် ဝင်းလှိုင်တစ်ယောက် ကင်မရာကို ဟန်ကျ ပန်ကျကိုင်ကာ ဓာတ်ပုံတွေ တဖျပ်ဖျပ် ရိုက်လျက်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com


ဓာတ်ပုံအရိုက်ခံသည့် ကောင်မလေးတွေက ငယ်လည်းငယ်သည်။ လှလည်း လှသည်။ အညာသူပုံစံ မဟုတ်။ ဆင်ယင်ထုံးဖွဲ့မှုက ခေတ်မီဆန်းပြားသည်။ ဝင်းလှိုင်သည် မတာကိုမမြင်ပေ။ မြင်လျှင်လည်း ဂရုစိုက်နိုင်မည် မဟုတ်။ သူ့မှာ ဓာတ်ပုံအရိုက်ခံသည့် ကောင်မလေးတွေ စိတ်ကျေနပ်အောင် အနေအထားအမျိုးမျိုး ပြပေးနေရသည်။ နောက်ထပ်ဓာတ်ပုံများများ ရိုက်ချင်အောင် ဆွယ်နေရသည်။ လူကြီးတွေတစ်ပတ်လှည့်လာပြီး ခေါ်မှ ကောင်မလေးတွေကလည်း ဓာတ်ပုံအရိုက်ရပ်သည်။

မတာသည် ကောင်မလေးတွေနှင့် ဝင်းလှိုင် ရောထွေးရင်းနှီးနေသည်ကိုကြည့်ကာ စိတ်မရှည်သလိုဖြစ်လာပြီး ဆက်မကြည့်တော့ဘဲ စိန်ပန်းပင်အောက်မှာ သွားထိုင်နေလိုက်သည်။ သူ့မှာတော့ ပေါက်ပေါက်ပင် ကောင်းကောင်း မရောင်းလိုက်ရ။

မကြည့်တော့ဘူးဆိုပေမယ့် လှမ်းမြင်နေရသေးသည်။

ကောင်မလေးတွေက ဝင်းလှိုင်ကို စာတွေ ရေးပေးနေကြသည်။ ဓာတ်ပုံပို့ပေးရန် လိပ်စာရေးပေးနေကြခြင်း ဖြစ်ကြောင်း မတာ သိသည်။

သူတစ်ပါး၏ ပြည့်စုံကြွယ်ဝခြင်းကို မနာလိုခြင်း ဖြစ်လေ့မရှိသော မတာသည် ယနေ့ ပထမဆုံးအကြိမ် ကိုယ့်ဘဝကိုယ် မကျေမနပ်ဖြစ်မိသည်။ ဝင်းလှိုင်၏ ညီမလေးကလည်း ကျောင်းနေတယ်တဲ့။ ရှစ်တန်းတောင် ရောက်နေပြီဟု ဆိုသည်။ သူ့မှာတော့ စာကို ဖတ်တတ်သည်ဆိုရုံသာ သင်ခဲ့ရသည်။ ထို့ကြောင့်လည်း သူသည် အမေ့ကို ပဲကူရွေးပေးဖို့၊ ထမင်းချက်ဖို့၊ ပေါက်ပေါက်ရောင်းဖို့ကလွဲလျှင် အခြား ဘာကိုမျှ မသိ။ သိရကောင်းစေဟုလည်း မထင်မိ။ သူ့မောင်လေး အောင်ထူး ကျောင်းတက်ခြင်းသည်လည်း သူနှင့် မည်သို့မျှ ပတ်သက်ခြင်းမရှိသည်သို့သာ ဖြစ်သည်။ မိန်းကလေးတွေလည်း ပညာကို သင့်တင့်အောင် သင်ယူခွင့်ရှိသေးသည်ကို

www.burmeseclassic.com

www.burmeseclassic.com


ယနေ့မှ တွေးမိလာသည်။ သူက တစ်သက်လုံး သည်လိုပဲ ပေါက်ပေါက်ရောင်းနေရတော့မှာလား။

'ဟော့၊ ဘာထိုင်လုပ်နေတာလဲ၊ ဈေးသွားမရောင်းဘူးလား'

ဝင်းလှိုင်က သူ့ကို မြင်သွားသဖြင့် လာမေးသည်။ မတာက ဘာမျှ ပြန်မပြော။

'ဟော့၊ မေးနေတာ မကြားဘူးလား၊ ငါတော့ တော်တော်ရလိုက်တယ်၊ ဒီနေ့အဖို့တော့ တွက်ခြေကိုက်ပြီ၊ ပြန်တော့မယ်'

ဝင်းလှိုင်သည် သည်နေရာမှာ ကြာကြာမနေတတ်။ သူ၏ အဓိကဆိုင်နေရာ စတည်းချရာမှာ စစ်ကိုင်းတောင်ရိုး၌သာဖြစ်သည်။ သည်နေရာကလည်း ပွဲတော်ရက်မဟုတ်လျှင် သိပ်ပြီး အလုပ်မဖြစ်လှ။

ဝင်းလှိုင်က သူ့ကင်မရာများ၊ ဖလင်များကို သိမ်းနေသည်။ မတာသည် ခပ်ငိုင်ငိုင်ထိုင်ရင်း ထပ်တစ်ရာပန်းဝါဝါတွေကိုသာ ငေးကြည့်နေမိ၏။

'အစ်ကိုဝင်းလှိုင်၊ ဓာတ်ပုံတွေအများကြီး ရိုက်ရတယ်မဟုတ်လား ဟင်၊ ပေါက်ပေါက်တွေဝယ်ပြီး ငါးကျွေးစမ်းပါဦး၊ကုသိုလ်ရပါတယ်'

ခင်အုန်းမြင့်တို့၊ သင်းသင်းမာတို့က ဝင်းလှိုင်ကို ညှဉ်းဆဲနေကျအတိုင်း လာခေါ်ကြသည်။

'သွား သွား၊ နင်တို့လဲ ရောင်းကောင်းနေကြတာပဲ၊ ငါက ဒီရက်ကလေးပဲ နည်းနည်းပါးပါးရတာ၊ ဟောဒီမှာ ကောင်မလေးတစ်ယောက်တော့ ဈေးမရောင်းရလို့ လာမှိုင်နေတယ်၊ ခေါ်လိုက်ကြပါဦး၊ နင်တို့ချည်းပဲ အတင်းလုရောင်းမနေကြနဲ့လေ'

'အံမယ် မလုရပေါင်တော်၊ ကျွန်မတို့လဲ မရပါဘူး၊ ဟိုချာတိတ်မတွေချည်း လုရောင်းနေကြတာ၊ ပြောလို့လဲ မရနိုင်ပါဘူး၊ အစ်ကိုက တကယ်ပြန်တော့မလို့လား၊ တော်ကြာ လူတွေလာချင်လာကြဦးမှာ'

www.burmeseclassic.com

www.burmeseclassic.com


မတာကတော့ ဘာမျှ ဝင်မပြောတော့။

'ပြန်တော့မယ်၊ ဘုရားပွဲရက်ကျမှ လာမယ်'

ပြောပြောဆိုဆို ဝင်းလှိုင်သည် ကင်မရာကို လွယ်ကာ ထွက်ခွာဖို့ ပြင်လေသည်။

'ဟော့ကောင်မလေး၊ ဘာငိုင်နေတာလဲ၊ သွား ဈေးသွားရောင်း၊ ဘုရားပွဲရက်ကျရင် ဓာတ်ပုံလှလှရိုက်ပေးမယ်'

ဝင်းလှိုင်က မတာ၏ ခေါင်းကို ပုတ်ကာ ထွက်သွားတော့သည်။

'လာစမ်းပါအေ့၊ ညည်းက ဒီမှာ ဘာထိုင်လုပ်နေတာလဲ၊ ညည်းက အစ်ကိုဝင်းလှိုင်ကို စိတ်ကောက်နေတာလား၊ ဟိုကဖြင့် ပြန်သွားပြီ၊ မြွေ့ရွှေများဆိုရင်တော့ ညည်းက အမဲ၊ ကိုဝင်းလှိုင်ကျတော့ သဲသဲလှုပ်'

'ကောင်မတွေ၊ ငါ့ကို မဟုတ်က ဟုတ်က ပြောမနေကြနဲ့'

မတာသည် သူတို့နှင့်အတူ အုတ်တံတိုင်းသုံးဆင့်ကို ကျော်ဖြတ်ကာ ရေကန်ဘက်သို့ လျှောက်ခဲ့သည်။

အဝင်းတို့ ကလေးတစ်သိုက်သည် ပျော်ရွှင်စွာ ခုန်ပေါက်ဆော့ကစားနေကြသည်။ သူတို့အားလုံးဆီမှ ကျောင်းနေချင်လိုက်တာဟု ပြောသည်ကို တစ်ခါမျှ မကြားရဖူးပေ။

\+ \+ \+

'အံမယ်၊ ညည်းက ပေါက်ပေါက်မရောင်းချင်ရအောင်၊ ဘာများ လုပ်ချင်သေးလို့လဲ'

အမေက ပြောင်းဖူးဖက်ဆေးလိပ်ကို ဖွာရင်း မေးသည်။

www.burmeseclassic.com

www.burmeseclassic.com


အဖေကတော့ အိမ်ရှေ့ကြမ်းပြင်တွင် ထိုင်ကာ ကွမ်းတစ်ရာကို စိမ်ပြေနပြေ ဝါးလျက်ရှိသည်။ အောင်ထူးက ကြမ်းပေါ်တွင် ဝမ်းလျားမှောက်ကာ စာကျက်နေသည်။

'ဟုတ်သားပဲဟ၊ သူ့အရွယ်လဲ ငယ်တော့တာ မဟုတ်'

အဖေက ကြမ်းကြားသို့ငုံ့လျက် ကွမ်းတံတွေးကို ပစ်ခနဲထွေးချလိုက်ရင်း နှုတ်ခမ်းမှ ကွမ်းဖတ်တွေကို လက်ဖြင့်သိမ်းလျက် ပြောသည်။

'နော့၊ ဘာမှ မလုပ်ခိုင်းလို့ဖြစ်တာမှ မဟုတ်တာ'

အမေက လက်ကို တံတွေးဆွတ်ကာ ဆေးလိပ်မီးကို တို့ရင်း ပြန်ပြောသည်။

'ဟိုနေ့ကတောင် ငါ သိန်းဆောင်နဲ့ တွေ့သေးတယ်'

အဖေက စဉ်းစားသလို လုပ်နေပြီးမှ ပြန်ပြောသည်။

သိန်းဆောင်ဆိုသည်မှာ အဖေ့ဦးလေး၏ သားဖြစ်သည်။ အဖေ့ထက်ငယ်သည်။ အဖေက မာနထား၍ အခြားဆွေမျိုးများနှင့် အဆက်အသွယ်မရှိသော်လည်း ကိုသိန်းဆောင်က အဖေ့ကို ခင်သဖြင့် အိမ်ကို မကြာခဏလာသည်။ လာတိုင်းလည်း မတာတို့ မောင်နှမကို မုန့်ဖိုးပဲဖိုးပေးသွားလေ့ရှိသည်။ အောင်ထူးကို ကျောင်းထားပေးမည်ဟု ပြောဖူးသော်လည်း အဖေက လက်မခံ။ အဖေက သူ့ဦးလေးကိုယ်တိုင် ခေါ်ပြောဆက်ဆံခြင်း မရှိသဖြင့် စိတ်နာလျက်ရှိသည်။

'သိန်းဆောင်တစ်ယောက်တောင် မလာတာ ကြာပကော၊ တော့်ဘာပြောသွားသေးလဲ'

'ဦးလေးလဲ ကောင်းကောင်းနေမကောင်းဘူးတဲ့၊ ငါ့လဲ မေးသတဲ့၊ ကလေးတွေကော ဘယ့်နှယ့်နေလဲ ဘာလဲ မေးတယ်ပြောတာပဲ'

အဖေ့ဆီက ထိုစကားကိုကြားရတော့ အမေ့မျက်နှာတွင် အားတက်ဝမ်းမြောက်သည့် အမူအရာကို မြင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com


'ခု ဂျုံစက်မှာ သိန်းဆောင်တစ်ယောက်တည်း ဆိုပါတော့'

အမေက မျှော်လင့်ချက်ဖြင့်ပြောလိုက်သည်။ ဦးလေးတွင် ထိုသား တစ်ယောက်တည်းသာ ရှိသည်။

'အေးလေ၊ ဒါပေသိ ခုတော့ သူကလဲ လုပ်တတ်ကိုင်တတ် ရှိနေပြီပဲဟာ'

အမေ့မျက်နှာက ပုံမှန်သို့ ပြန်ရောက်သွားသည်။ ပြီးတော့ ကိုယ့်အလုပ်ကိုယ်လုပ်သည့် သဘောဖြင့် ဆေးလိပ်ကြီးကိုသာ ဖိ၍ ဖွာလိုက်၏။

'သိန်းဆောင်က ဒီက ကလေးတွေအကြောင်း ပြောပြတယ်နဲ့ တူပါတယ်၊ ဒါနဲ့ ဦးလေးကပြောတယ်တဲ့'

သည်တစ်ခါတော့ မတာက စိတ်ဝင်တစားဖြစ်သွားသည်။ အဖေ့မျက်နှာကို မျှော်လင့်ချက်ကြီးစွာဖြင့် ကြည့်လိုက်မိသည်။ အမေကလည်း ဆေးလိပ်ကိုချကာ နားထောင်သည်။ အောင်ထူးက စာကုန်းကျက်နေရာမှ ကျောကိုဆန့်ကာ လှမ်းကြည့်သည်။

'ဘာပြောသတဲ့တုန်း'

အမေက ကွမ်းဝါးနေသော အဖေ့ကိုကြည့်ကာ စိတ်မရှည်သလို မေးလိုက်သည်။

'အကြီးမလဲ ကျောင်းမနေတော့ဘူးဆို၊ သူတို့ဆီ လွှတ်လိုက်ပါလားတဲ့၊ အရီးမြကလဲ စိတ်ချရမယ့် အဖော်သဟဲလိုချင်သတဲ့'

အမေက ဝမ်းသာအားရဖြစ်သွားသည်ကို မြင်ရသော်လည်း မတာကတော့ ထင်သလောက် ဝမ်းမသာမိတော့ပေ။ သို့သော် ကြုံတုန်းကြုံခိုက် သူပြောချင်တာလေးတွေကို ပြောဖို့တော့ အားယူလိုက်မိသည်။ အဖေ့စိတ်ကလည်း ပျော့ပျောင်းသခိုက် မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com


'ဒီလိုဆို ကျွန်မ အရီးမြတို့နဲ့ သွားနေမယ်လေ၊ ကျောင်းထားပေးဖို့ ပြောပေးပါလား'

ဆိုင်းမဆင့်ဗုံမပါ ပြောလိုက်သောစကားကြောင့် အဖေက မျက်ခုံးကြော ရှုံ့သွားသည်။ အမေကတော့ အံ့သြစွာဖြင့် ကြည့်သည်။

'အလိုတော်၊ ညည်းက ဘာများ စိတ်ရူးပေါက်ရပြန်တာလဲ'

အမေပြောပုံကတော့ မကြံအပ်မစည်ရာ ကိစ္စတစ်ခုကို ပြောမိလိုက်သလိုပင်။

'အစ်မကလဲ၊ ကျောင်းနေမယ်ပြောတာ ဘာဖြစ်လို့တုန်း'

မတာနှင့် အမေသည် အချီအချ ပြောနေကျ။ မတာကလည်း သိတတ်လာတော့ သူမြင်ရာကို သူပြောတတ်လာသည်။ အမေကလည်း ရိုးသားသော သူ့အတွေးအခေါ်နှင့်သူ ပြန်လည်ငြင်းဆန်စမြဲ။

'သူနေချင်လို့ နေချင်တယ်ပြောတာ နေမှာပေါ့ဟာ'

အဖေက သမီးဖြစ်သူကို စာနာဟန်ဖြင့် ပြော၏။ အမေကတော့ မည်သို့မျှ နားမလည်နိုင်ဟန်ဖြင့် ခေါင်းခါခါ လည်ခါခါ ဖြစ်နေတော့သည်။

'ပေါက်ပေါက်ရှာရှာတော်၊ ကိုယ်စားဖို့ နေဖို့ အရေးကြီးနေတဲ့ဟာ၊ သူများက ခေါ်သခိုက် ကျိုးကျိုးနွံနွံ သွားနေပါမှပေါ့၊ ကိုယ်လိမ္မာရင် ကိုယ့်ဖို့ချည်းပဲ၊ ကျောင်းနေချင်တာတွေ ဘာတွေ သွားရှုပ်မနေနဲ့၊ ညည်းပဲ ပေါက်ပေါက် မရှောင်းချင်ဘူးဆို၊ မရှောင်းရတော့ဘူး၊ ဘယ့် ကလောက် အဆင်ပြေသလဲ'

အဖေက ဘာမျှဝင်မပြောတော့၊ မတာကို သူ့ဦးလေးဆီ ပို့လွှတ်ခြင်းကပင် အဆုံးစွန်လိုက်လျောမှုဖြစ်ကြောင်း မတာသိသည်။ အမေကတော့

www.burmeseclassic.com

www.burmeseclassic.com


ယခုလို လမ်းစပွင့်သွားသည့်အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေသည်။ မတာ၏ မဆီမဆိုင် အရေးဆိုမှုအတွက်သာ ဘဝင်မကျ ဖြစ်နေ၏။

မတာအဖို့တော့ အရှုးထသည်ပဲဆိုဆို သူ့စိတ်က ယခုတစ်ကြိမ်သာ ဖြစ်ပေါ်ဖူးသော ဆန္ဒကို ဖြည့်ဆည်းရန် မဖြစ်နိုင်တော့သည့်အတွက် ဝမ်းမသာနိုင်ပေ။ သို့သော် စာကျက်နေသော အောင်ထူးက မအောင့်အည်းနိုင်ဘဲ ဝင်ပြောလိုက်သည့်အချက်ကြောင့် သူ၏ မရေရာသော တောင့်တမှုလည်း တစ်ခါတည်း လွင့်စဉ် ကွယ်ပျောက်သွားရတော့သည်။

'အစ်မက ခုမှ ကျောင်းပြန်နေချင်တော့ ဘယ်နှစ်တန်းက စတက်မှာလဲ၊ လေးတန်းကပြန်နေရအောင်လည်း ဒီအရွယ်ကြီးမှ ရှက်စရာ'

'အေးလေ၊ ဟုတ်ပ့ါတော်'

အမေကပါ ဝင်၍ကွန့်လိုက်တော့ မတာမှာ သူ့ကိုယ်သူသာ အပြစ်တင်မိတော့၏။ အဖေက သားအမိတစ်တွေကို မျက်ကွယ်ပြုကာ နေရာမှထသွားသည်။

အမေက မနက်ဖြန်အတွက်ပြင်ဆင်ရန် မီးဖိုချောင်သို့ ထသွား၏။ အောင်ထူးက သူ့စာ သူ ကုန်းကျက်နေတော့သည်။

မတာသည် မကြံအပ် မကြံရာ ကိစ္စတစ်ခုကို ကြံစည်မိလေသည်ဟု သူ့ကိုယ်သူ နောင်တရလျက် ရှိနေလေသည်။

\+ \+ \+

ပွဲတော်စခါနီးပြီမို့ ဆိုင်ခန်းတွေ ဇာတ်ရုံတွေ ဆောက်လုပ်ပြီးစီးနေပေပြီ။ အချို့ဈေးသည်တွေမှာ ယခုကတည်းကပင် အိုးတွေ ခွက်တွေနှင့် လာရောက် စတည်းချနေကြပြီ။ အညာဘုရားပွဲသည် ပျော်စရာလည်း ကောင်းလှ၏။

www.burmeseclassic.com

www.burmeseclassic.com


နှစ်ခြိုက်ဖွယ်ရာလည်းရှိ၏။ ရိုးသားပွင့်လင်းသော အညာသူအညာသား များသည် ယခုလိုချိန်ခါတွင် လွတ်လွတ်လပ်လပ်ပျော်ရွှင်မှုကို ရယူကြ၏။

အငြိမ့်ပွဲတွေ၊ ရုပ်သေးဇလာပွဲတွေ ညလုံးပေါက်ကြည့်ရတော့မည့် အရေးကိုတွေးကာ ကလေးတွေရော လူကြီးတွေပါ ပျော်ရွှင်နေကြသည်။ သီတင်းကျွတ်ပွဲတော်ပြီးလျှင် တန်ဆောင်တိုင်ပွဲမှာ စိန်အောင်မင်းဇာတ်ကဦးမည်။ တစ်နှစ်ပတ်လုံး ကိုင်းထဲလယ်ထဲမှာ ပင်ပန်းသမျှ အတိုးချပြီး ပျော်ကြရမည်။ အညာသူအပျိုချောတွေကလည်း စုဆောင်းထားသမျှ ရွှေစငွေစတွေကို ညိုပြာညက်အသားပေါ်မှာ အစွမ်းကုန်ဆင်ယင်ကြမည်။ အခြားဘာမျှ မလိုတော့။

တဒင်္ဂမျှ ယောင်ရမ်းပေါ်ပေါက်ခဲ့သော မတာ၏ စိတ်ဆန္ဒများသည်လည်း အလိုအလျောက်ကွယ်ပျောက်၍ သွားပေပြီ။ ပွဲတော်ရက်မှာ ဘယ်လိုပင်ရောင်းရောင်း တစ်နေ့ ရှစ်ကျပ်တစ်ဆယ်ရသောကြောင့် သူတို့အားလုံး ပျော်နေကြသည်။ သည်လိုအချိန်မှာ ကိုယ့်ဘဝကိုယ် မကျေနပ်သူလည်း မရှိတော့။ အဝင်းတို့ ကလေးတစ်သိုက်ဆိုလျှင် ကစားလိုက်ကြ၊ ဈေးရောင်းလိုက်ကြနှင့် ဆူညံ၍ပင်နေသည်။ အညာဘုရားဖူးလာသူတွေကလည်း များပြားစုံလင်လှ၏။

အောက်ပြည်အောက်ရွာက ရောက်လာကြသူတွေကတော့ သူတို့အတွက် အမြင်ဆန်းနေတတ်သည်ပင်။ အသက်အရွယ် ငယ်ငယ်ကြီးကြီး အဆန်းတကျယ် ဝတ်စားဆင်ယင်တတ်ကြသည်မှာ သူတို့ထုံးစံလေပဲလားမသိ။ အမေတို့အရွယ် မိန်းမကြီးတွေကလည်း တောက်တောက်ပြောင်ပြောင်တွေ ဝတ်စားကာ သွားကြလာကြသည်။ သားရေအိတ်ကြီးတွေ၊ နေကာမျက်မှန်ကြီးတွေ တပြောင်ပြောင် တဝင်းဝင်း။ မတာက တစ်နှစ်နေလို့ပင် လုံချည်အသစ်တစ်ထည် မချုပ်တတ်သော အမေ့ကိုသတိရသည်။ ပွဲတော်

www.burmeseclassic.com

www.burmeseclassic.com


ပြီးလျှင်တော့ အရီးမြတို့ဆီသွားပြီး သူတို့သဘောကျအောင် နေပေးလိုက်ဦးမည်ဟု စိတ်ကူး၏။ စေတနာရှိ၍ ငွေစလေးများရရင်တော့ အမေ့ကိုပြန်ပေးမည်ဟု စိတ်ကူး၏။

ဘုရားဖူးတွေ တစ်သုတ်ပြီးတစ်သုတ် ရောက်လာသဖြင့် မတာတို့တစ်တွေ ပြေးပြေးပြီး ဈေးရောင်းရသည်မှာ မောနေသည်။

ဘုရားပေါ်မှာလည်း မရောင်းရ၊ ကန်ပေါ်မှာလည်း မရောင်းရတော့ ဝယ်ချင်အောင်ပြောရသည်မှာ မလွယ်။

'အဒေါ်ရေ ပေါက်ပေါက်တွေဝယ်သွားပါနော်၊ ကန်ထဲမှာ လိပ်တွေငါးတွေ အများကြီးရှိပါတယ်၊ တကယ်ပါ၊ ဝယ်သွားပါ အဒေါ်ရယ်၊ ငါးလေးတွေ အစာစားတာ သိပ်လှတာ'

မတာတို့က ပြောမိပြောရာ ပြောတော့ ဝယ်မည့်သူက နည်းနည်းစိတ်ဝင်စားလာသည်။

'ကိုင်း တစ်ပန်းကန်ပေးစမ်းအေ၊ ဘယ်လောက်လဲ'

'တစ်ပန်းကန် တစ်ကျပ်တည်းပါ အဒေါ်ရယ်'

'အလို၊ များလှချည်လား'

ပိုက်ဆံရှိသူဆီက ပိုက်ဆံရအောင်ပြောရသည်မှာ မလွယ်။ မတာက အတင်းထိုးပေးတော့ အဒေါ်ကြီးက ပေါက်ပေါက်ပန်းကန်ကို လှမ်းယူပြီး သေသေချာချာ ကြည့်သေးသည်။

'ပေါက်ပေါက်က နည်းနည်းလေး၊ ငါးမူးပဲထားအေ'

'မလုပ်ပါနဲ့ အဒေါ်ရယ်၊ ဝယ်ရတာ ဈေးကြီးလို့ပါ'

'အံမယ်၊ ပေါက်ပေါက်များ ပေါလွန်းလို့'

ပန်းကန်ကိုယူသွားပြီး ဈေးဆစ်နေတော့ မတာ အပြောရ ခက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com


'မရလို့ပါ အဒေါ်ရယ်'ဟု ပြောပြီး နောက်က ကပ်လိုက်သွားရသည်။

အဝင်းတို့ကတော့ လည်သည်။ အားလည်း မနာတတ်။

ဝယ်ချင်သလို မဝယ်ချင်သလိုလို ယောင်ချာချာဖြစ်နေသော လူကြီးတစ်ယောက်ကို အတင်းကပ်ပြီး

'ဦးလေးရယ် ကန်ထဲမှာ လိပ်ကြီးတွေ အများကြီးရှိတယ်၊ ကျွေးဖို့ယူသွားပါ'ဟု ပြောသည်။

'တကယ်လား'

'တကယ်ပါ ဦးလေးရဲ့၊ လိပ်တွေမှ အများကြီး'

လူကြီးက တစ်ပန်းကန်ယူသွားသည်။

လိပ်တွေ ငါးတွေကလည်း သည်ရက်ထဲမှာ စားရဖန်များ၍ထင့်၊ အစာချလိုက်သော်လည်း သိပ်ပြီး တက်တက်ကြွကြွ ပေါ်မလာကြတော့။ ရယ်တော့လည်း ရယ်ရသည်။ ငါးစာသွားကျွေးသည့်လူကြီးက ပျော်တတ်ဟန် တူသည်။ ခဏကြာတော့ ငါးကန်ဘက်မှ ပြန်လှည့်လာသည်။ ဟာဝေယံရုပ်ကို ပွပွကြီး ဝတ်ထားသဖြင့် သူ့ကိုယ်လုံး ဝဝကြီးကလည်း ရယ်စရာဖြစ်နေသည်။

'ဟဲ့၊ မင်းတို့ကန်ထဲမှာ ငါးတွေ လိပ်တွေလဲ မတွေ့ပါဘူး၊ တို့ကို ညာရောင်းတယ်'

'မညာပါဘူးရှင့်၊ လိပ်တွေမှ အများကြီးပါ'

'တစ်ကောင်မှလဲမတွေ့ဘူး၊ မင်း ညာတယ်၊ ပိုက်ဆံ ပြန်ပေး'

'ဟင့်အင်း၊ မပေးဘူး'

'မပေးရင် မင်း ပန်းကန်တွေ ပြန်မပေးတော့ဘူး'

www.burmeseclassic.com

www.burmeseclassic.com


အဝင်းက သူ့ကို စနေမှန်း သိသော်လည်း ပန်းကန်ပြား နှစ်ချပ်ပါ ပါသွားသဖြင့် နောက်မှ ပြေးလိုက်သွားရသည်။ လူကြီးက ပန်းကန်ပြား တွေကို သူ့သားရေအိတ်ထဲ ဟန်ကျပန်ကျထည့်ကာ ထွက်သွားတော့သည်။

'ပေးပါရှင့်၊ ကျွန်မ ပန်းကန်ပြား'

'ဘယ်ပေးလို့ဖြစ်မလဲ၊ မင်းတို့ ညာရောင်းတာ'

သူတို့က တကယ်ပင် ဘုရားမုခ်ဝဘက် ပြန်ထွက်သွားတော့ အဝင်းတစ်ယောက် ဗျာများနေသည်။ နောက်ထပ် ရောက်လာသူတွေကို ပြေးပြီးရောင်းဖို့က ပန်းကန်ပြား မရှိ။

ကလေးဆန်သော အဝင်း၏ မျက်နှာက ငိုမဲ့မဲ့ဖြစ်နေသည်။

လူကြီးက ကားပေါ်တက်သွားသည်။ အဝင်း နောက်က ပြေးလိုက် သွားတော့သည်။

'ကျွန်မ ပန်းကန်ပြား ပြန်ပေးပါ၊ ကျွန်မ ပန်းကန်ပြား ပြန်ပေးပါရှင့်'

ကားထဲမှ လူတစ်စု၏ ရယ်မောသံကိုကြားရပြီးမှ ပန်းကန်ပြား နှစ်ချပ်ကို ပြန်ရ၏။

'တော်တော်လည်တဲ့ ကောင်မလေး'

မှတ်ချက်ချသံကို မသဲမကွဲကြားရ၏။ အဝင်းသည် မည်သူ့ကိုမျှ ဂရုမစိုက်ဘဲ သူ့နေရာသို့ ပြန်ပြေးလာသည်။

'အစ်မရေ ငါးစာတွေ ဝယ်သွားကြဦးနော်၊ ကန်ထဲမှာ ငါးတွေ အများကြီး၊ လိပ်ကြီးတွေလဲရှိတယ်'

အဝင်း၏ အသံစာစာသည် နဂိုဟန်မပျက် ပြန်ထွက်လာသည်။

အဝင်းအတွက် ပေါက်ပေါက်တွေ များများရောင်းရဖို့ကလွဲပြီး ဘာက ပိုအရေးကြီးနိုင်မှာလဲ။

www.burmeseclassic.com

www.burmeseclassic.com


ကန်ထဲမှာတော့ ငါးတွေသည် အစာဝ၍ အေးဆေးငြိမ်သက်စွာပင် ကူးလူးနေကြသည်။

\+ \+ \+

'တစ်ကောင်၊ နှစ်ကောင်၊ သုံးကောင်'

စိတ်ထဲမှ ရေတွက်ကာ ငါးလေးတွေကို ရေထဲသို့ သွန်ထည့်လိုက်သည်။

'နင့် တစ်ခါလွှတ်၊ ငါ့ ဆယ်ခါလွှတ်'

သင်းသင်းမာက ဘေးမှ ပြောပေးသည်။

ငါးလေးတွေလည်း ရေထဲရောက်ရောက်ချင်း ဘယ်ကိုမျှ ကူးမသွားသေး။ တအောင့်ကြာမှ ဘေးကို အသာလေးကူးသွားကြသည်။ သူတို့ တကယ် လွတ်လပ်သွားပြီဆိုတာ သိမှ သိကြရဲ့လား မသိ။

မတာက ငါးရောင်းသည့် ဒေါ်ငယ်ကို ပိုက်ဆံသုံးကျပ်ထုတ်ပေးသည်။

'ငါ့တူမက ငါးတွေ ဘာတွေ ဝယ်လွှတ်လို့ပါလား၊ သာဓုတော်၊ သာဓု'

'သူက သူဌေးဖြစ်သွားပြီ ဒေါ်ငယ်ရဲ့၊ ဒါကြောင့် ငါးတွေ ဘာတွေ ဝယ်လွှတ်နိုင်တာ'

'ဩော်၊ ဟုတ်လား'

'ဟုတ်တယ်၊ နောက်ဆို ဒီမှာ ပေါက်ပေါက်ရောင်းတာတောင် တွေ့ရမှာ မဟုတ်ဘူး'

www.burmeseclassic.com

www.burmeseclassic.com


'ဝမ်းသာပါရဲ့တော်၊ ကျုပ်တို့တော့ တစ်သက်လုံး ရောင်းနေရမှာ ထင်ပါရဲ့၊ ကုသိုလ်ရတဲ့အလုပ်ပဲဆိုပြီးတော့သာ ဖြေနေရတာပဲ'

ဒေါ်ငယ်က သင်းသင်းမာပြောသမျှကို အဟုတ်မှတ်ကာ ပြန်ပြော နေသည်။ ဒေါ်ငယ်တို့က အင်းထဲမှ ငါးတွေကိုဝယ်ပြီး သည်ကန်မှာလွှတ်ရန် ငါးအရှင် ရောင်းသည်။ သည်ကန်မှ ငါးတွေသည် ဘေးမဲ့။

'အလကားပြောတာပါ ဒေါ်ငယ်ရယ်၊ ဘယ့်နှယ်လုပ်ပြီး သူဌေး ဖြစ်မှာလဲ၊ စဉ်းစားစမ်းပါဦး'

'နော့၊ ပေါက်ပေါက် မရောင်းတော့ဘူးဆို'

'ဟုတ်တယ်၊ အရီးမြတို့နဲ့ သွားနေမလို့'

ဒေါ်ငယ်က အရီးမြကို ကောင်းကောင်းသိသည်။ အလွန်ထက်မြက် သော ဒေါ်ငယ်ကို တင်းတိပ်ရွာတစ်ရွာလုံးက သိကြသည်။

'ဟဲ့ အရီးမြဆိုတာ သူဌေးပဲ၊ ညည့်အဖေက သူ့တူတော်တယ်ဆို မဟုတ်လား'

'ဘကြီးဘက်က တော်တာပါ'

'ဘာပဲဖြစ်ဖြစ် ညည်းကိုခေါ်တယ်ဆို နည်းလားအေ့၊ ဒီမှာ တစ် သက်လုံး ပေါက်ပေါက်ရောင်းစားနေလို့ ဘယ်တော့ လူရာဝင်မှာလဲ၊ လိမ်လိမ်မာမာသာနေ၊ လိမ္မာရင် ကိုယ့်ဖို့ချည်းပဲ'

ဒေါ်ငယ်ကလည်း အမေ့လိုပင် တစ်သံတည်းထွက်သည်။

မတာအဖို့တော့ သူ့ဘဝ တကယ်ပင်တိုးတက်လာတော့မည်လား ခွဲခြားမသိနိုင်သေး။ ငယ်စဉ်ကပင် ပြေးလွှားဆော့ကစားကာ၊ ဈေးရောင်း ကာဖြင့် ကျင်လည်ခဲ့ရသော ကောင်းမှုတော်ဘုရားရင်ပြင်တော်ကို လွမ်းမိ သလိုလို ဖြစ်နေသေးသည်။ ဘုရား၏ ကျေးဇူးတော်ဖြင့်ရခဲ့သော ငွေများ ထဲမှ ယနေ့ သုံးကျပ်ဖိုးသော အလှူကို ပြုမိသည်။

www.burmeseclassic.com

www.burmeseclassic.com


သူ့အဖို့တော့ ကြီးစွာသော အလှူကြီးပင်ဖြစ်၏။

သည်နေ့ သင်းသင်းမာလည်း ဈေးမရောင်း။ မတာနှင့်အတူ တင်းတိပ်ရွာကို လိုက်လည်မည်။ သူ့အိမ်ကလည်း သင်းသင်းမာကို ဈေးရောင်းမခိုင်းတော့ဘဲ လယ်ထဲမှာ ကူလုပ်ခိုင်းတော့မည်ဟု ပြောသည်။ သူတို့ တကယ် လူလားမြောက်လာကြပြီလား မသိ။

အဝင်းတို့ ကလေးတစ်သိုက်၏ အော်သံကြောင့် ဘုရားဖူးတွေ လာကြမှန်း သိလိုက်သည်။ ဒေါ်ငယ်ကလည်း သူ့နေရာကစောင့်၍ ငါး ရောင်းဖို့ ပြင်သည်။

'ဘေးမဲ့ကန်ကြီးထဲမှာ ငါးအရှင်လေးတွေ လွှတ်သွားကြပါဦး၊ ရောက်တုန်းရောက်ခိုက် ကုသိုလ်ပြုသွားကြပါဦးနော်'

ဒေါ်ငယ်က ခပ်တိုးတိုးပင် ခေါ်သည်။

'ငါးလေးတွေ ဘယ်လိုရောင်းလဲ'

'တစ်ကျပ် ငါးကောင်ရယ်ပါရှင့်'

ဝယ်သူလာလျှင် မပြောဘဲမနေတတ်သော သင်းသင်းမာက အကျင့် ပါနေသည့်အလျောက် ဝင်ပြောပေးသည်။

'ဒီငါးတွေက ဒီကန်ထဲက ဖမ်းတာလား'

ငါးလွှတ်မည့် မိန်းမကြီးတစ်ယောက်က မဝယ်ခင် စူးစမ်းသည်။

'ဒီကန်ထဲက ငါးတွေကို ဘယ်သူမှ မဖမ်းရဘူးရှင့်၊ မိန်းမဆို ခြေနဲ့ ရေနဲ့တောင် မထိရဘူး'

မတာကပါ ဝင်ပြောမှ ငါးဝယ်လွှတ်မည့်သူက စိတ်ချလက်ချ ဝယ်သည်။ ထိုမိန်းမကြီးသည် ကြီးမားသော သားရေအိတ်ကြီးထဲမှ ပိုက်ဆံနှစ်ကျပ် ထုတ်ကာ ငါးဆယ်ကောင်ဝယ်သည်။

www.burmeseclassic.com

www.burmeseclassic.com


'နှစ်ကောင် ပိုပေးပါအေ၊ ကုသိုလ်ရပါတယ်'ဟု ဆိုကာ ငါး နှစ်ကောင်ကို အတင်း အဆစ်ထည့်ခိုင်းသေးသည်။ ကုသိုလ်က ထိုမိန်းမကြီးပဲ ရမည်လား၊ ဒေါ်ငယ်ပဲ ရလေမည်လားတော့ မသိ။

တစ်ခါတစ်ခါတော့လည်း အနယ်နယ် အရပ်ရပ်မှ ရောက်လာကြသော လူမျိုးစုံကိုကြည့်ရသည်မှာ စိတ်ဝင်စားစရာကောင်းသည်။ တစ်ခါတစ်ရံ ကမ္ဘာလှည့်ခရီးသည်များ ရောက်လာတတ်ပြီး ကောင်းမှုတော် ဘုရားကြီးကို တအံ့တသြ ကြည့်ရှုဝေဖန်ကြသည်။ သာလွန်မင်းတရားကြီး တည်ထားကိုးကွယ်သော ဘုရားဟု လူကြီးတွေက ပြောဖူး၏။ သည်မျှကြီးကျယ်သည့် ဘုရားကြီးကိုတည်ဖို့ လူတွေ ဘယ်လောက်များလဲတော့ မသိ။ ဘုရားတည်ရန် အုတ်ဖုတ်သည့်နေရာမှာတော့ အထင်ကရ အင်းကြီး ဖြစ်၍နေသည်။

မတာတို့ ပြန်ခါနီးမှ ဝင်းလှိုင် ရောက်လာ၏။ သည်နေ့ မတာက သူငယ်ချင်းများကို လာနှုတ်ဆက်ရာတွင် ဝင်းလှိုင်နှင့် တွေ့ချင်တာလည်း တစ်ခုအပါအဝင် ဖြစ်သည်။

'အစ်ကိုဝင်းလှိုင်၊ မတာက ကျွန်မတို့ကို လာနှုတ်ဆက်တာတဲ့၊ သူ ဒီမှာ ဈေးမရောင်းတော့ဘူးတဲ့'

'ဟေ၊ ဟုတ်လား၊ ဒီလိုဆို နားငြီးသက်သာသွားတာပေါ့ဟာ'

ဝင်းလှိုင်က ရယ်စရာပြောသည်ကို မတာ ဝမ်းနည်းမိသည်။

'နင်ကလဲ အလကားစတာပါ၊ ငါလဲ နောက်ဆို ဒီဘက်ရောက်တော့မှာ မဟုတ်ဘူး၊ ပုဂံကို အဖော်ကောင်းတာနဲ့ လိုက်သွားမလို့၊ သွားရင်းလာရင်း အလုပ်လဲရတာပေါ့'

ဝင်းလှိုင်က နှုတ်ခမ်းစူနေသော မတာကိုကြည့်ကာ ချော့ရင်း ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com


'အစ်ကို့အလုပ်က ဟန်ကျတယ်နော်၊ ဘယ်နေရာသွားသွား ပိုက်ဆပ်ရတာပဲ'

သင်းသင်းမာက အားကျစွာ ပြောတော့ ဝင်းလှိုင်က ထုံးစံအတိုင်း ရယ်သည်။

'နင်တို့ကလေ ဘာမှ နားမလည်ဘူး၊ ပိုက်ဆံရအောင် လုပ်ရတာ ဘယ်လောက်ပင်ပန်းတယ်မှတ်သလဲဟဲ့၊ နေပူပူ မိုးရွာရွာ သွားရလာရတယ်၊ သူ မယားနောက်က တကောက်ကောက်လိုက်ပြီး ပြောရဆွယ်ရတယ်၊ ဒီကြားထဲ ဖလင်ဖိုးတွေ၊ စက္ကူဖိုးတွေ နုတ်ရတာနဲ့ ကင်မရာပြင်ရတာနဲ့ မကျန်လှပါဘူးဟာ၊ တစ်ခါတလေ ဓာတ်ပုံသွားရိုက်တဲ့လူက ပေးထားတဲ့ လိပ်စာအတိုင်း ပို့ပေးလို့ မရွေ၊ဘဲပြန်ရောက်လာရင် သေရော'

သင်းသင်းမာက သဘောကျစွာ တခစ်ခစ်ရယ်သည်။

'ဒီလိုဆိုလဲ ဓာတ်ပုံရိုက် မစားနဲ့တော့ပေါ့ အစ်ကိုရ'

'ဒါပဲလုပ်တတ်တာ၊ ဒါမလုပ်လို့ ဘာလုပ်ရမှာလဲ'

'ဘာမှ မလုပ်နဲ့ပေါ့လို့'

'ဘာမှမလုပ်လို့ ဘယ်ကပိုက်ဆံရမလဲ၊ လူဆိုတာ တစ်ခုခုတော့ လုပ်ရတာပေါ့'

'ရုပ်ရှင်မင်းသား လုပ်ပါလားလို့၊ အစ်ကိုကလဲ'

'တယ် ဒီကောင်မလေး'

သင်းသင်းမာ နောက်နေမှန်းသိသဖြင့် ဝင်းလှိုင်က ခေါင်းကို လှမ်းပုတ်လိုက်သည်။

ထိုနေ့က မတာနှင့် သင်းသင်းမာသည် ဆီးပင်အောက်မှာထိုင်ရင်း ဝင်းလှိုင် ဓာတ်ပုံရိုက်နေသည်ကို စောင့်နေကြ၏။ သည်နေ့ သိပ်မရိုက်ရ။ ပွဲတော်ပြီးပြီဆိုတော့ လူတွေ သွေ့ခြောက်စ ပြုနေပြီ။

www.burmeseclassic.com

www.burmeseclassic.com


သူတို့သည် ကောင်းမှုတော်စေတီကို ဝတ်ပြုကာ သုံးယောက်အတူတူ ပြန်လာကြ၏။ ညနေခင်း၏ နေရောင်ဖျော့ဖျော့အောက်မှာ စေတီတော်ကြီးသည် ငြိမ်ဝပ်သပ္ပါယ်စွာ ကျန်ရစ်၏။

မတာတို့တစ်တွေ၏ ကလေးဘဝမှာ ဝမ်းစာရှာနိုင်ခဲ့ကြသည်မှာ ဤစေတီတော်ကြီး ရှိနေ၍ပင်။

\+ \+ \+

'သူများအိမ်မှာ သေသေဝပ်ဝပ်နေနော်၊ ကျေနပ်အောင်လဲလုပ်ကိုင်ပေး၊ စကားပြောတာလဲ အိမ်မှာလို ထင်ရာစွတ်မပြောနဲ့၊ အလိုက်အထိုက်ကြည့်ပြော'

အမေက တဖွဖွမှာသည်။

မတာသည် အဖေ၏ မွေးစားအဖေသဖွယ်ဖြစ်သော အဖေ့ဦးလေးနှင့် မတာတို့ မိသားစု ပြန်လည်ဆက်သွယ်ရေး၏ အဓိကအရေးကြီးသော အပိုင်းမှာ ပါဝင်နေသည်မို့ အမေက မတာကို အစစအရာရာ သွန်သင်နေသည်။ မတာကလည်း အမေပြောသမျှကို ခေါင်းတဆတ်ဆတ် ညိတ်ခြင်းဖြင့် ကိစ္စပြီးစေသည်။ ခါတိုင်းလို အမေ့ကို ပြန်လည်ချေပနေပါကလည်း အမေ့ မှာတမ်းရှည်ကြီးက ပြီးဆုံးနိုင်တော့မည် မဟုတ်တော့။

မတာသည် အနည်းငယ်မျှသော အဝတ်အစားလေးဖြင့် ဘကြီးတို့ အရီးမြတို့ အိမ်ကို ရောက်ခဲ့ရလေသည်။

'ကြည့်စမ်း၊ ဒင်းကလေးတောင် အရွယ်ရောက်နေပါ့ကောပုံပန်းသဏ္ဍာန်ကတော့ သူ့အမေလို မိန်းမချောပဲ၊ ဒါပေမယ့် ညည်းအမေလို မမိုက်နဲ့နော်၊ ငတို့နဲ့နေရင် ဗိုင်းကောင်းကျောက်ဖိနေ၊ ပေါ့တီပေါ့ဆ မနေနဲ့ကြားလား'

www.burmeseclassic.com

www.burmeseclassic.com


ရောက်ရောက်ချင်း ချီးမွမ်းတစ်ဝက် ကဲ့ရဲ့တစ်ဝက် ပြောလိုက်သော အရီးမြ၏ စကားကြောင့် စိတ်ထဲမှာ ကျဉ်းကြုတ်သွားမိသည်မှာ အမှန်။ သို့သော် သူ့အတွက် ကောင်းစားရေးသည် သည်နေရာမှာရှိသည်ဟူသော အသိလေးကို အခြေခံကာ အမေမှာသည့်အတိုင်း လိုက်နာရန် စိတ်ထဲက ဆုံးဖြတ်လိုက်ရသည်။

များမကြာမီ အရီးမြ၏ သံမဏိစည်းမျဉ်းများကို ကြားနာရပြန်လေသည်။

'မိန်းကလေးဆိုတာ စောစောထရတယ်ဟဲ့၊ ရေမွှေးအိုးလေးဘာလေး အသင့်ပြင်၊ အိမ်ကိုလဲ သန့်သန့်ရှင်းရှင်းဖြစ်အောင် လှည်းကျင်းသုတ်သင်ပါမှပေါ့'

ရွာထဲမှာတော့ အရီးမြတို့အိမ်ကြီးသည် အမြင့်မားဆုံး အကျယ်ဝန်းဆုံးပင် ဖြစ်၏။ စီးပွားရေးကို တစ်ခုမကချဲ့ထွင်လုပ်ကိုင်ပြီး စနစ်ဇယားကြီးသောကြောင့် ရသမျှကို ကျစ်လျစ်စွာ စုဆောင်းထားနိုင်သည်။

မတာသည် နံနက်မိုးလင်းသည်နှင့် တစ်အိမ်လုံးကို လှည်းကျဉ်းရှင်းလင်းပြီး စားစရာ သောက်စရာပြင်ဆင်ရသည်။ အရီးမြသည် နံနက်စာသရေစာကိုပင် ဝယ်မစား။ အိမ်မှာပင် ကောက်ညှင်းပေါင်းစေသည်။ နှမ်းထောင်း၊ အုန်းသီးကအစ အိမ်မှာ စီမံရသည်။ ဟင်းချက်စရာကို ခြံထဲမှ မန်ကျည်းရွက်၊ ကင်ပွန်းရွက်ဖြင့်ပင် ပြီးစေသည်။ သို့သော် ဝဝလင်လင်တော့ စားရ၏။

'ဟဲ့၊ အားနေရင် ကြမ်းရင်လဲတိုက်စမ်း၊ မိန်းကလေးဆိုတာ အလုပ်လုပ်နေမှ ကျက်သရေရှိတာ'

အရီးမြသည် အချိန်ပြည့်စောင့်ကြည့်ပြီး အလုပ်ကိုလည်း အကွက်စေ့အောင် ခိုင်းတတ်သည်။ နောက်ဆုံး ဘာမျှ လုပ်စရာမရှိလျှင် ဂျူစကာမှာ

www.burmeseclassic.com

www.burmeseclassic.com


အခြားအလုပ်သမများနှင့် ဝိုင်းကူလုပ်ရသည်။ မတာသည် ဤမျှ သေချာ စေ့စပ်သော အရီးမြ၏ ရှေ့မှောက်မှနေ၍ အဖေ့ကို ရအောင်ယူနိုင်ခဲ့သော အမေ့ကို အံ့သြ၏။

ကောင်းမှုတော်ရင်ပြင်ပေါ်မှ မတာသည် ပြေးလွှားအော်ဟစ်ကာ ပေါက်ပေါက်ရောင်းရသော်လည်း လွတ်လပ်ပျော်ရွှင်ခြင်းကို ရနိုင်၏။ သည်မှာတော့ မတာသည် လူလည်း မအားရ၊ နားလည်း မအေးရ။

'ဟဲ့ လာစမ်း၊ နောက်ဖေးမှာ သိမ်းဆည်းပြီးရင် ငါ့ နည်းနည်း လောက် နင်းပေးစမ်း'

ယခင်က အိမ်ပြန်ရောက်လျှင် ခြေပစ်လက်ပစ် အိပ်ပစ်တတ်သော မတာသည် ယခုတော့ အရီးမြ၏ခွင့်ပြုချက် မရမချင်း အိပ်ရာမဝင်ရဲ။ အရိပ်အောက်မှာနေရင်း မတာ စိတ်ဆင်းရဲနေသည်။

တစ်လမကြာမီ မတာ အမေ့ဆီ ပြန်ရောက်လာ၏။

'အစ်မ ကျုပ် သူတို့ဆီ မနေချင်ဘူး၊ တစ်နေ့လုံးလဲ ခိုင်းသမျှ လုပ်ရတယ်၊ လွတ်လွတ်လပ်လပ်လဲ နေရတယ် မရှိဘူး'

အမေက ရင်ဘတ်ကို လက်ဖြင့်ဖိသည်။

'အံမယ်၊ ညည်းက မပူမပင် နေရတော့လဲတစ်မျိုး၊ ခုဆိုကြည့်စမ်း၊ ညည်း ဝပြီး အသားတွေလဲဖြူလာတယ်၊ ဘာမှမလုပ်ရဘဲ အိမ်ထဲမှာ ဗာဟီရလုပ်ရတာများ ပင်ပန်းသလားအေ'

'ကျွန်မ ဒီအလုပ်တွေ မလုပ်ချင်ဘူး၊ တခြားအလုပ်ပဲလုပ်ချင်တယ်'

'နော့၊ ညည်းပဲ ပေါက်ပေါက်မရောင်းချင်ဘူးဆို၊ တခြားဘာများ လုပ်ချင်သေးလို့လဲ'

'ဘာ လုပ်ရ လုပ်ရ၊ သူများခိုင်းတာတော့ မလုပ်ချင်ဘူး'

'ဟဲ့၊ အဲဒါ သူများ မဟုတ်ဘူး၊ ကိုယ့်အမျိုးပဲ'

www.burmeseclassic.com

www.burmeseclassic.com


'အမျိုးပေမယ့် တစ်ပြားတစ်ချပ်တောင် ပေးမယ့်ပုံ မဟုတ်ပါဘူး'

'ဟဲ့ ကောင်းကောင်းစားနေ၊ ဝတ်နေရတာ ဘာများလိုသေးလို့လဲ အေ့'

'ဟင့်အင်း၊ ကိုယ့်ဟာကိုယ် တစ်ခုခုလုပ်ပြီး ရတဲ့ပိုက်ဆံနဲ့ပဲ စားချင်တယ်'

မတာ၏ စိတ်ထဲမှာတော့ ဝင်းလှိုင်ပြောသည့် 'လူဆိုတာ တစ်ခုခုတော့ လုပ်ရမှာပေါ့' ဟူသည့် စကားကို ကြားယောင်နေသည်။ သို့သော် သူ ပြန်မပြောတတ်။

'အံမယ်လေး၊ ညည်းက နေပူထဲလဲမလုပ်ချင်၊ နေရိပ်ထဲလဲ မလုပ်ချင်နဲ့ ကြီးကြီးကျယ်ကျယ်တွေ ပြောမနေနဲ့၊ သွား အေးအေးဆေးဆေး ပြန်နေချည်'

အမေ၏ ရာဇသံဖြင့် အရီးမြဆီ ပြန်ရောက်ခဲ့ရပြန်လေသည်။

\+ \+ \+

တစ်နှစ်ကုန်လို့ တစ်လသာဆန်းလာသည်။ အမေ မျှော်မှန်းသည်တို့သည် ဖြစ်မလာခဲ့ကြ။

မတာတစ်ယောက် အရီးမြတို့ဆီမှာ ဝဝလင်လင် စားသောက်နေထိုင်ရသော်လည်း အရီးမြတို့ထံမှ ငွေကြေးအားဖြင့် အထောက်အပံ့ကို တစ်ပြားတစ်ချပ်မျှ မရခဲ့ပေ။ ယုတ်စွအဆုံး မတာအတွက် အဝတ်အစားကိုပင် အရီးမြက ကိုယ်တိုင်ဝယ်ကာ ကိုယ်တိုင် ချုပ်ပေးသည်။ ပိုက်ဆံကို ခြူးတစ်ပြားမျှ ကိုင်ခွင့်မရှိ။

www.burmeseclassic.com

www.burmeseclassic.com


မတာကိုယ်တိုင် ဈေးရောင်းစဉ်က ရသည့်ပိုက်ဆံလေးကို အဝတ် အစားဝယ်ဖို့ ချန်ပြီး ကျန်တာကို အမေ့လက်ထဲ ထည့်နိုင်ခဲ့သေးသည်။ မောင်လေး အောင်ထူးကိုလည်း မုန့်ဖိုးပဲဖိုး ပေးနိုင်သည်။ အဖေရသည့် ပိုက်ဆံကလည်း မပြောပလောက်တော့ အောင်ထူး၏ ကျောင်းစရိတ်၊ အိမ်စားစရိတ်နှင့်ပင် ကုန်တော့သည်။ အမေပဲပြုတ်ရောင်းရသည့် ပိုက်ဆံ ကလည်း အိမ်မှာ လိုအပ်တာ ဖြည့်ဆည်းရသည်။ ယခု အိမ်မှာ မတာ တစ်ယောက်လျော့သွားသည်ကလွဲ၍ ဘာမျှ ထူးခြားမလာ။

အိမ်ကို ပြန်လာမည်ပြောတော့လည်း အမေက လက်မခံ။ မတာ တစ်ယောက် အရီးမြတို့ဆီမှာ တစ်နေ့နေ့ အခွင့်အရေးတွေ ရလာလိမ့် မည်ဟု အမေက ရိုးသားစွာ မျှော်လင့်နေဆဲဖြစ်၏။ ကိုယ်တိုင်နေရသော မတာကတော့ အခြေအနေကို နားအလည်ဆုံး ဖြစ်သည်။ အရီးမြတို့က မတာကို စိတ်ချရသော ကူဖော်လောင်ဖက်အဖြစ်ထက် ပို၍ အခွင့်အရေး မပေးပေ။ မည်သည့်အခါမျှလည်း ပေးမည်မဟုတ်။

အရီးမြတို့ဆီမှာ နေရသည့်အတွက် မတာ စိုစိုပြည်ပြည် လှလှပပ တော့ ဖြစ်လာခဲ့သည်။ သို့သော် ကောင်းမှုတော်ဘုရား ရင်ပြင်တော်ပေါ် မှာလို ချမ်းမြေ့ပျော်ရွှင်မှုမျိုးကိုကား ဆုံးရှုံးခဲ့ရပြီ ဖြစ်သည်။ ခင်မင်စရာ အပေါင်းအသင်းဆို၍လည်း မရှိတော့။ ရွာထဲမှာနေသော သွားခေါ မြရွှေ ကိုသာ မကြာမကြာ တွေ့ရသည်။ သူကတော့ အိမ်ရှေ့မှ မြင်းလှည်းနှင့် ဖြတ်သွားတိုင်း ပြုံးဖြီးဖြီး မျက်နှာကြီးဖြင့် လှမ်းကြည့်ကာ အော်ဟစ် နှုတ်ဆက်သွားတတ်သည်။ အရီးမြက မတာ အခြားယောကျ်ားလေးတွေ နှင့် စကားပြောလျှင် မကြိုက်သော်လည်း မြရွှေကိုတော့ မတာကိုယ်တိုင်က မျက်နှာသာ မပေးသည်ကို သိ၍ပဲလား၊ မကြာခဏ သူ့ အလုပ်တွေကို ခေါ်ခေါ်ခိုင်းရ၍ပဲလားမသိ ခွင့်လွှတ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com


တစ်ခါတစ်ရံတော့လည်း မတာသည် မြရွှေကိုပင် အဖော်ပြုရ၏။

'မြရွှေရယ် နင်ငါတို့အိမ်ဘက်များရောက်ရင်လေ အမေတစ်ယောက် နေကောင်းရဲ့လား မေးခဲ့စမ်းပါ၊ အောင်ထူးကိုလဲ လာခဲ့ဦးလို့ ပြောလိုက် စမ်းပါ ဟယ်'

'အေးပါ၊ ငါ ဝင်ပြောလိုက်ပါ့မယ်၊ နင့်အတွက်ဆို ဘာလုပ်ပေးရ လုပ်ပေးရ'

'နင် သင်းသင်းမာနဲ့ကော တွေ့သေးလား ဟင်'

'မတွေ့ဘူးဟဲ့၊ သူလဲ ဘုရားမှာ မရောင်းတော့ဘူးလေ'

မြရွှေက သူ့ကို အရေးတယူမေးဖော်ရသည်ကိုပင် သဘောအကျကြီး ကျ၍နေသည်။

'ဟို အစ်ကို ဝင်းလှိုင်တစ်ယောက်ကောဟင်'

'ဘယ်က ကိုဝင်းလှိုင်လဲ'

'နင်ကလဲခတ်ပုံရိုက်တဲ့ အစ်ကို ဝင်းလှိုင်လေ၊ နင့်မြင်းလှည်းကို သူ စီးနေကျပါ'

မြရွှေ မသိမဟုတ်၊ သိသည်။ သို့သော် မျက်နှာက ချက်ချင်း ပုပ်သွားသည်။

'ဘယ် သိမလဲ၊ ငါက သူ့ စောင့်ကြည့်နေတာမှ မဟုတ်တာ'

ထိုအခါမျိုးတွင်တော့ မြရွှေသည် ဂျူအိတ်တွေကိုတင်ကာ ဆောင့် ဆောင့် အောင့်အောင့်နှင့် ထွက်သွားတတ်၏။

မတာက သဘောကျစွာရယ်မောရင်း ရွာချင်းနီးပါလျက် အနေဝေး နေရသော သူ့အိမ်လေးကို လွမ်းဆွတ်လျက်ရှိသည်။

ပြီးတော့ သူ့အပေါင်းအသင်းများ။

www.burmeseclassic.com

www.burmeseclassic.com


အဝင်းတို့ ကလေးတစ်သိုက်နှင့် ရန်ဖြစ်ပြီးမှ အလုအယက် ရောင်း၍ရသော ကျပ်တန်အဟောင်းကလေးတွေကိုလည်း လွှမ်း၍နေမိလေသည်။

\+ \+ \+

'မတာ့အမေ မအေးခင်လဲ ကောင်းကောင်းနေမကောင်းဘူးကြားတယ်'

အရီးမြကို ဇက်ကြောနှိပ်ပေးနေသော မတာ၏ လက်များက ရပ်တန့်သွားသည်။

'ဦးလေးသိန်းဆောင်၊ အမေ ဘာဖြစ်လို့လဲဟင်'

BURMESE CLASSIC .com

'အို၊ နည်းနည်းပါးပါး နေထိုင်မကောင်းတာ ဖြစ်မှာပေါ့'

အရီးမြက အရေးမကြီးသလို ပြောသည်။ အရီးမြကတော့ ယခုအသက် ငါးဆယ်ကျော်သော်လည်း ကျန်းမာသန်စွမ်းဆဲ။ သို့သော် အမေနှင့်က ဘဝချင်း ရုန်းကန်ရတာချင်း မတူ။

'ငါလဲ အိမ်မရောက်ခဲ့ပါဘူး၊ သူများပြောတာ ကြားတာပဲ'

'ကျွန်မ အိမ်ခဏပြန်ဦးမယ် အရီးမြ'

မတာက ချက်ချင်းကောက်ပြန်ဖို့ ပြင်သည်။

'ကြာကြာမနေနဲ့နော်၊ ဒီမှာလဲအလုပ်တွေ ကျနေတယ်၊ ဟဲ့ရော့ နင့်အမေဖို့ ယူသွားဦး'

အရီးမြက ပထမဆုံးအကြိမ်အဖြစ် ငွေအစိတ်ကို ထုတ်ပေးလေသည်။

အကြောင်းရှာ၍ရပြီဖြစ်သော မတာကတော့ အိမ်ကိုတစ်ကြိုးတည်း ပြန်လစ်ခဲ့၏။

www.burmeseclassic.com

အိမ်ရောက်တော့ ထင်တာထက်ပို၍ နေမကောင်းဖြစ်သောအမေ့ကို တွေ့ရသည်။

'အစ်မတို့ကလဲ ဒီလောက်ဖြစ်နေတာတောင် ကျွန်မကို မမှာဘူး၊ အလုပ်မ်းဝေးတာလဲ မဟုတ်ဘဲနဲ့'

'ငါ ဘာမှမဖြစ်ပါဘူးအေ၊ တော်ကြာ ပြန်ကောင်းသွားမှာပါ'

သို့သော် အနှစ်နှစ် အလလက ပေပေတေတေနေခဲ့သောဝေဒနာက အမေ့ကို ဖိစီးခဲ့ပြီ။ အမေသည် သွေးဆုံးကိုင်လျက်ရှိပြီ။ ပဲပြုတ်လည်း မရောင်းနိုင်တော့။

သည်တစ်ခါတော့ မတာ အမေ့ဆီက မခွာတော့ပေ။

\+ + +

မတာ ပြန်ရောက်ပြီး တစ်လအကြာမှာ အမေ ဆုံး၏။

ဆင်းရဲခြင်းက အမေ့ကို နှုတ်ယူသွားသည်။

တစ်သက်လုံး အေးအေးလူလူနေခဲ့သော အဖေသည်လည်းကျဆင်းလျက်ရှိသော သူ့စိတ်ဓာတ်ကို သူ့ဘာသာမြှင့်တင်ကာ အလုပ် လုပ်နေရသည်။ ဆင်းရဲခြင်းကိုသာသိလျက် ဝမ်းနည်းပူဆွေးခြင်းကို မခံစားရဖူးသော မတာသည်လည်း တွယ်ရာမဲ့ဖြစ်ရလေသည်။ အဖေနှင့် မောင်လေးကို ပစ်ထားကာ အရီးမြတို့ဆီကိုလည်း သွားမနေနိုင်တော့။

မတာ အလုပ်တစ်ခုခု လုပ်ချင်သည်။ ဘာလုပ်ရမည်နည်း။ အဖေကတော့ အပျိုရွယ်လေးဖြစ်လာသော သမီးကိုလည်း ဘာမျှမခိုင်းရက်၊ တစ်ဦးတည်းသော သားယောကျ်ားလေးကိုလည်း ပညာသင် မပျက်စေချင်။

www.burmeseclassic.com

www.burmeseclassic.com


စိတ်ဓာတ်ကျဆင်းလျက်ရှိသော မတာက အားကိုးရာကို ရှာချင်သည်။ သူ့ဒုက္ခတွေကို တစ်ယောက်ယောက်ကို ပြောပြ တိုင်ပင်ချင်သည်။

သူ့အနားမှာ သင်းသင်းမာနှင့် မြရွှေရှိသည်။ ကိုယ့်ဘဝကို ကိုယ့် ဘာသာ ရုန်းကန်နေသူချင်း ဖြစ်၏။

'နင် ငါနဲ့အတူတူလယ်ထဲလိုက်ပါလား မတာ'

'နင့်လို မိဘနဲ့ အတူတူဆင်းလုပ်ရမှာမှ မဟုတ်တာ၊ မဖြစ်ပါဘူး' မြရွှေက ကန့်ကွက်သည်။

'ဒီလိုပဲ အခစားလုပ်နေတဲ့သူတွေ အများကြီး'

'နင်တို့ဟာက အချိန်မရွေး လုပ်ရတာမှမဟုတ်တာ'

'ဒါတော့ ဒီလိုပဲလုပ်ရတာပေါ့ဟဲ့၊ အလုပ်ရှိတဲ့အချိန်မှာ လုပ်ရရောနည်းလား'

'ပင်ပန်းမှာပေါ့ဟဲ့'

'အံမယ်လေး၊ ပင်ပန်းတာများ အဆန်းလုပ်လို့ ပူပန်နေလိုက်တာ'

သူတို့က မြရွှေ၏ စကားကို အလေးအနက်မထားကြ။ မြရွှေကတော့ မတာကို နေပူစပ်ခါးမှာ သူတစ်ပါးလက်ခစားအဖြစ် မလုပ်စေချင်သည်မှာ အမှန်ပင်။

သို့သော် အဖေနှင့် တိုင်ပင်ကြည့်တော့ ထိုအစီအစဉ်လည်းပျက်သွားသည်။ မတာမှာ အမေ့နေရာဝင်၍ အဖေနှင့် မောင်လေးကို ပြုစုကျွေးမွေးဖို့ တာဝန်က ရှိသေးသည်။ အဖေ့လုပ်စာနှင့် သားအဖသုံးယောက် လောက်အောင် နေထိုင်ကြဖို့သာ ရှိ၏။

မတာ အားမငယ်သေးပါ။ သူ့ဘဝမှာ ခင်မင်တွယ်တာရသော ဝင်းလှိုင်နှင့်လည်း တွေ့ချင်သေးသည်။ ဝင်းလှိုင်က သင်းသင်းမာတို့

www.burmeseclassic.com

www.burmeseclassic.com


မြရွှေတို့ထက် ပညာဉာဏ်ရှိသူဆိုတော့ သူ့ကို ကောင်းမွန်သော အကြံဉာဏ်များ ပေးနိုင်လိမ့်မည်ဟု မျှော်လင့်သည်။

'ငါ အစ်ကိုဝင်းလှိုင်နဲ့ တွေ့ချင်တယ် သင်းသင်းမာ'

'ဘာဖြစ်လို့လဲ၊ နင်တို့က သမီးရည်းစား ဖြစ်နေကြလို့လား ဟင်'

မတာ၏ မျက်နှာမှာ နီမြန်းသွားသည်။

'မဟုတ်တာဟယ်၊ ငါ့စိတ်ထဲမှာ ဒါမျိုး တစ်ခါမှ မဖြစ်ဖူးပါဘူး၊ ငါက သတိရလို့ပါ'

သင်းသင်းမာက ရယ်သည်။

'အေး ငါလဲ တွေ့ချင်တာပဲ၊ တောင်ပေါ်သွားရင် တွေ့မှာပေါ့၊ မြရွှေကို လိုက်ပို့ခိုင်းရအောင်'

သူ့ကို တကူးတကန့်မှာတော့ မြရွှေက ပြုံးဖြီးဖြီးမျက်နှာဖြင့် ရောက်လာသည်။ တောင်ပေါ်ကဘုရား သွားဖူးချင်သည်ဆိုတော့ မြရွှေ သဘောကျနေသည်။

မတာတို့ကတော့ အကြံအစည်နှင့် ဝင်းလှိုင်၏ ဓာတ်ပုံဆိုင်ကို ရှာရသည်။

လွမ်းစေတီနားမှာ ဝင်းလှိုင်ကို ဘွားခနဲတွေ့တော့ မြရွှေက သူတို့အကြံကို ရိပ်မိပြီး မျက်နှာပုပ်သိုးသွား၏။

'ဟော့၊ နင်တို့ ဘာလာလုပ်ကြတာလဲ၊ ဘုရားလာဖူးတာလား'

ဝင်းလှိုင်က ဝမ်းသာအားရ မေးသည်။ မတွေ့တာကြာပြီးအသွင်အပြင် ပြောင်းလဲနေကြသော သူတို့နှစ်ယောက်ကိုလည်း အံ့သြစွာကြည့်သည်။ ကောင်းမှုတော် ဘုရားရင်ပြင်တော်ပေါ်မှာ ပြေးလွှားဆော့ကစားနေတတ်သော ကလေးဟန်တွေပျောက်ပြီး တည်ငြိမ်စပြုသော မျက်နှာလေး

www.burmeseclassic.com

www.burmeseclassic.com


တွေကို မြင်ရသည်။ မတာ၏ မျက်နှာမှာ ရှိသင့်တာထက်ပိုပြီး ရင့်ကျက်နေသည်။

'မတာက အစ်ကိုကို တွေ့ချင်တယ်ဆိုလို့ လိုက်ပို့တာ'

သင်းသင်းမာက ပြောသည်။

'အံမယ်၊ နင်ကကော မတွေ့ချင်ဘူးလား'

မြရွှေက မိန်းကလေးနှစ်ယောက်ကိုကြည့်ကာ နားကြားပြင်းကတ်နေသည်။

'ငါကတော့ တွေ့ချင်လို့ လိုက်လာတာ မဟုတ်ဘူးဟေ့၊ မြင်းလှည်းငှားလို့ လိုက်လာတာ၊ ငါ့မြင်းလှည်း အပ်ထားခဲ့ရတာ စိတ်မချဘူး၊ ပြန်ဆင်းတော့မယ်'

'နေပါဦးကွာ မင်းကလဲ၊ ငါ မုန့်ကျွေးပါ့မယ်'

ဝင်းလှိုင်က လည်ပင်းဖက်ပြီးခေါ်တော့မှ မြရွှေမျက်နှာ ပျော့ပျောင်းသွားသည်။

တကယ်တော့လည်း မတာမှာ ပြောစရာ မရှိ။

မတာမှာ အမေမရှိတော့ဘူးဆိုတော့ ဝင်းလှိုင်က နှစ်သိမ့်အားပေးရုံကလွဲ၍ ဘာတတ်နိုင်မှာလဲ။ ကိုယ့်ဘဝ ကိုယ်ရုန်းကန်ရသူ အချင်းချင်း အကူအညီပေးဖို့ကလည်း ခက်သည်။ ပြီးတော့ သူတို့သည် ငယ်ရွယ်သူများလည်း ဖြစ်ကြ၏။

'ခါတ်ပုံရိုက်စားတဲ့သူတွေကလည်းများတော့ တစ်နေ့တခြား မစားသာတော့ပါဘူးဟာ၊ ကင်မရာကောင်းကောင်းကလဲ မလဲနိုင်တော့ အစုတ်လေးနဲ့ပဲ စခန်းသွားနေရတယ်၊ မတာ နင်ကော ဘာလုပ်နေလဲ'

'မတာ ဘာမှ မလုပ်ဘူး၊ ဘာလုပ်ရမှန်းလဲ မသိဘူး'

www.burmeseclassic.com

www.burmeseclassic.com


တကယ်တော့ သူတို့မှာ အထူးအထွေ ပြောစရာလည်း ဘာမျှမရှိ။ ကျဉ်းမြောင်းသောဘဝထဲမှာ ခင်တွယ်ရာကို ရှာခြင်းသာပင်။

'နင်တို့ ငါကျွေးတဲ့မုန့်ကို စားသွားကြဦးနော်'

အားလုံး အတူတူ တောင်အောက်ကို ပြန်ဆင်းလာခဲ့ကြသည်။ ပန်းသည်ကောင်မလေးတွေက တကြော်ကြော် အော်ခေါ်နေကြ၏။ သူတို့ ပန်းတစ်စည်းမျှ မဝယ်ကြ။ သူတို့တုန်းကလည်း သည်လိုပဲ ဈေးဝယ်သူကို တကြော်ကြော် အော်ခေါ်ခဲ့ရတာပါပဲ။

\+ \+ \+

မတာ ဘဝ၏ အားကိုးရာသည် ဝင်းလှိုင်လည်း မဟုတ်။ မြရွှေလည်း မဟုတ်။ သင်းသင်းမာလည်း မဟုတ်။ ဒါကို မတာ ကောင်းကောင်းနားလည်သွားပြီ။

ဝင်းလှိုင်က ကင်မရာတစ်လုံးကိုလွယ်ကာ သူ့ဝမ်းစာ သူရှာလျက်ရှိသည်။ မြရွှေက သူ့မြင်းလှည်းလေး သူမောင်းကာ သူ့ဝမ်း သူကျောင်းလျက်ရှိသည်။ သင်းသင်းမာက လယ်ထဲယာထဲမှာ သူ့မိဘနှင့်တွဲကာ သူ့တာဝန် သူ ယူလျက်ရှိသည်။

များမကြာမီ မတာဆိုသော ကောင်မလေးတစ်ယောက်၏ 'ပဲပြုတ်' ဟူသော အသံသာသာလေးကို မန်ကျည်းစဉ်ရွာတစ်လျှောက်မှာ ကြားကြရတော့သည်။

[ ငွေတာရီ ။ ။ ဧပြီ၊ ၁၉၈၁ ]

www.burmeseclassic.com

www.burmeseclassic.com

# မညိုပြာ ကောလိယချောင်းနံဘေးမှာ နေသည်

ကျွန်တော် ရွာကို မရောက်တာ ကြာခဲ့ပြီ။

ရှင်းရှင်းဝန်ခံရလျှင် ကျွန်တော် တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီး ရန်ကုန်တက္ကသိုလ် တက်ရောက်ခဲ့သည်မှ စ၍ ရွာကို တစ်ခါတည်း စွန့်ခွာပြီး ဖြစ်ခဲ့လေသည်။

တစ်ချိန်ကတော့ ရွာမှ ပညာတတ်လူငယ်များ ပေါ်ထွက်ရေး၊ ပြီးလျှင် ကိုယ့်ရပ် ကိုယ့်ရွာသို့ပြန်၍ ကျေးဇူးပြုရေးဟူသော စကားကြီး စကားကျယ်များကို ပြောသည့် တိုးတက်သော လူငယ်ဆိုသော လူတန်းစားတွင် ကျွန်တော်လည်း အပါအဝင်ဖြစ်ခဲ့ပါသည်။

တက္ကသိုလ်ရောက်စကတော့ အမှန်တကယ်ပင် ရွာကို လွမ်းခဲ့ပါသည်။ ရွာမှာ အမေရှိ၏။ အဖေ ရှိ၏။ ပြီးတော့ အသီးအနှံတွေ စုံလင်လှသည့် ကျွန်တော်တို့ မိဘဘိုးဘွားပိုင် ခြံကလေး၊ ကျွန်တော်တို့ ငယ်ငယ်က ကူးခတ်ဆော့ကစားခဲ့သည့် ရွာဘေးမှချောင်းကလေး၊ ကျွန်တော့် အပေါင်းအသင်း ရောင်းရင်းများ ပြီးတော့ ကျွန်တော်ချစ်သော မညိုပြာ။

www.burmeseclassic.com

www.burmeseclassic.com


အမေ့ကို ရှေ့ဆုံးမှာထား၍ ကျွန်တော် လွမ်းသည်။ အဘယ်ကြောင့် ဆိုသော် အမေသည် ကျွန်တော့်ကို အလိုလိုက်သောကြောင့် ဖြစ်၏။ ကျွန်တော်တို့တွင် မောင်နှမသုံးယောက်ရှိရာ ကျွန်တော်သည် တစ်ဦးတည်းသော သားယောကျ်ားကလေးဖြစ်၏။ အစ်မနှင့် ညီမလေးသည် မိန်းကလေးများဖြစ်သော်လည်း လယ်ထဲချောင်းထဲမှာ ကြီးပြင်းရသူများပီပီ အသားညိုကြ၏။ ကျွန်တော်က သွင်ပြင်ထူးခြားစွာ အသားဖြူသည်။ ပြီးတော့ အစ်မနှင့် ညီမလေးသည် ငယ်စဉ်ကပင်ချူချာပြီး သေးကွေးပိန်လှီလှသည်။ ကျွန်တော်ကား အရပ်လက်သည် ဒေါ်ဆယ်ကိုယ်တိုင် ချွေးဒီးဒီးကျအောင် ခဲရာခဲဆစ် မွေးထုတ်ပေးရသည်အထိ မွေးကတည်းက ထွားကျိုင်း သန်မာသည်။

အမေပြောနေကျ စကားရှိသေးသည်။

'ဒီပြင်ကလေးတွေ ကိုယ်ဝန်ရှိတုန်းက ဘာမှ ချင်ခြင်းမတတ်ဘူး၊ ဒီကောင်ကြီးကျမှ စားချင်လိုက်တဲ့ သားငါး၊ ငှက်ပျောသီးဆိုလဲ အဖီးလိုက်ဆွဲထားရမှ၊ အိပ်မက်တွေလဲကောင်း၊ ဒီကတည်းက ထူးခြားတယ်လို့တော့ ထင်သား'

ကြွားစရာမရှိ ကြဖန်ကြွားတတ်သော အမေ။

မိန်းကလေးတွေကို သေစာရှင်စာ တတ်ရုံသာ ကျောင်းထားခဲ့သော်လည်း ကျွန်တော့်ကိုတော့ ငါးတန်းရောက်သည်နှင့် ရွာနှင့်သုံးမိုင်ခန့်ဝေးသော မြို့ပေါ်သို့ ဟင်းရွက်သွားရောင်းရင်း ကျောင်းပို့တော့သည်။ ဤသည်ကား ကျွန်တော်ချစ်သော ကျွန်တော့်အမေအကြောင်း။

အဖေက အမေ့လို စကားများများ မပြောတတ်။ တိုတိုပြတ်ပြတ်ပြောပြီး လုပ်စရာရှိတာ လုပ်သည်။ အဖေ့နှုတ်က ဖွင့်မပြောသော်လည်း အဖေလည်း အမေ့လိုပင် ကျွန်တော့်ကို အားထားသည်မှာတော့ သိသာ၏။

www.burmeseclassic.com

www.burmeseclassic.com


'ပညာကို ထူးချွန်အောင်သာ သင်ကွ၊ ဒါမှ လယ်ထဲယာထဲ အပင်ပန်းခံ မဆင်းရမှာ၊ ပညာတတ်တော့ လူရာဝင်တာပေါ့'

အဖေသည်လည်း ရိုးသားဖြောင့်မတ်သော အခြား တောသူ တောင်သားတို့ကဲ့သို့ပင် ပညာတတ်လျှင် လယ်ထဲဆင်းစရာမလိုဟု အယူ သည်းနေသူ ဖြစ်၏။

'ပညာတတ်ပြီး လယ်ထဲဆင်းမှ လယ်သမားတွေ ပိုတိုးတက်လာ မှာပေါ့ အဖေရ'

ကျွန်တော် ဆယ်တန်းအောင်ခါစက ထိုသို့ပင် ခပ်ကြွားကြွား ပြောခဲ့ဖူးသည်။ ယခုတော့ ထိုစကားကို တစ်ခါတစ်ရံမှသာ ကျွန်တော် သတိရတော့၏။ အဖေသည်ကား ထိုစကားကို ယနေ့အထိ မေ့ပုံမရ။ သို့သော် ကျွန်တော့်ကိုကား စကားနာမထိုးဖူးပေ။ ဤသည်မှာ အဖေ့ အကြောင်း။

ကျွန်တော်တို့ ခြံလေးသည် အသီးအနှံစုံလှ၏။ သရက်ပင်၊ မန်ကျည်းပင်လို အပင်ကြီးများမှအစ ကန်စွန်းရွက်၊ ချဉ်ပေါင်ရွက်အထိ ရှိသည်။ ရာသီအလိုက်သီးသော မရန်းသီး၊ ဘူးသီးလည်း ရှိသည်။ အမေ သည် ခြံထွက်သီးနှံများကိုရောင်းပြီး ကျွန်တော့်ကို ကျောင်းထားရသည်။ ရာသီပေါ် အသီးအနှံများကို ရောင်းပြီး သမီးများကို အဝတ်အစားဆင်သည်။ ကျွန်တော်တို့ ခြံကလေးသည် ကျွန်တော်တို့ မိသားစု၏ စီးပွားရေးကို အထောက်အကူပြုသည်နှင့်အမျှ အေးချမ်းဆိတ်ငြိမ်၍ ပျော်စရာလည်း ကောင်း၏။

ကျွန်တော်၏ ဇာတိချက်ကြွေ ဘောလယ်ရွာကလေးသည်ကောလိယ ချောင်းနံဘေးမှာ ရှိသည်။ မိုးအခါတွင် အရှိန်ပြင်းပြင်းနှင့် စီးဆင်းလျက် ရှိသော ထိုချောင်းကလေးသည် ရွာ၏ စိုက်ပျိုးရေးကို ကောင်းစွာ

www.burmeseclassic.com

www.burmeseclassic.com


အထောက်အကူပြုလျက်ရှိသည်။ တစ်နည်းအားဖြင့် ကျွန်တော်တို့ ရွာသူရွာသားတွေ၏ ဘ၀တစ်သက်တာ မှီခိုအားထားရာမှာ ထိုချောင်းကလေးပင်ဖြစ်သည်။ ကျွန်တော်နှင့် ကျွန်တော့် အပေါင်းအသင်းများသည် ထိုချောင်းထဲတွင်ပင် ကူးခတ်ဆော့ကစားရင်း ကြီးပြင်းခဲ့ကြသည်။

မညိုမြသည် ကျွန်တော်အချစ်ဆုံး မိန်းကလေးအပေါင်းအသင်းတစ်ယောက် ဖြစ်ခဲ့၏။ ယောကျ်ားလေးတစ်ယောက်လိုပင် ကျန်းမာသန်စွမ်းသော မညိုမြသည် သူနှင့်ရွယ်တူ မိန်းကလေးတွေနှင့် အပေါင်းအသင်းသိပ်မဖြစ်။ ကျွန်တော်တို့ ယောကျ်ားလေးတစ်သိုက်နှင့် လာပေါင်းသည်။ မာလကာပင်၊ မန်ကျည်းပင်များပေါ်သို့ တက်ရာတွင် မညိုမြကို လိုက်မီသူမရှိ။ ငါးဖမ်းရာ၊ ဇန်ထောင်ရာမှာလည်း သူ အလျင်ဆုံး။ နောက်ဆုံးလုည်းမောင်းရာမှာပင် သူသည် ထိပ်ဆုံးက ပြေး၏။ မိန်းကလေးနှင့်မတူသော မညိုမြသည် စကားပြောရာမှာ ပွင့်လင်းသည်။ ဟက်ဟက်ပက်ပက် ရယ်မောတတ်သည်။ အသားညို၍ ခြေသလုံးများ တုတ်ခိုင်လှသော်လည်း မျက်လုံးများက ကြည်လင်တောက်ပပြီး စွဲမက်ဖွယ်ကောင်း၏။

ရွာရှိ ကာလသားတော်တော်များများက မညိုမြကို ပိုးကြသည်။ သို့သော် မည်သူမျှ ကိုယ်ထိလက်ရောက် မစရဲ။ အရိုန်အ၀ါနှင့်မျှပင်မညိုမြကို လန့်ကြ၏။ ကျွန်တော်နှင့် မညိုမြကား ငယ်စဉ်ကတည်းကကစားဘက်။ ချောင်းထဲမှာလည်း ရေအတူတူကူးကြသည်။ နောက်ဆုံးမညိုမြတစ်ယောက် ကျွန်တော့်ရှေ့မှာ အ၀တ်လျှော် ရေချိုးရင်း လုံချည်ရင်ရှားလေး မခိုင့်တခိုင် ပြုတ်ပြုတ်ကျမှပင် ကျွန်တော်တို့နှစ်ယောက်ကိုယ်ရှိန်သတ်ကာ လမ်းခွဲကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com


မညိုမြသည် ရွာမှ အခြားမိန်းကလေးများကဲ့သို့ပင် လေးတန်း မအောင်ခင် ကျောင်းမှ ထွက်သည်။ အထက်တန်းကျောင်းသား ကျွန်တော် သည် ရွာရှိမိန်းကလေးများ အလယ်တွင် မျက်နှာပွင့်သည်မှာ ပြောဖွယ်ရာ မရှိ။ သို့သော် ကျွန်တော်၏ စိတ်ဝင်စားမှုသည် ငယ်သူငယ်ချင်း မညိုမြ ထံတွင်သာ ရှိ၏။ မညိုမြကလည်း ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်းပင် ခင်တွယ်သည်။ မညိုမြသည် အခြားမိန်းကလေးများကဲ့သို့ ရှက်စနိုးဖြင့် မျက်လွှာချ၍ စကားမပြောတတ်ပေ။

'ညိုမြ၊ ငါ ပညာစုံလို့ ရွာမှာအလုပ်ပြန်လုပ်ရင် နင့်ကိုပဲယူမှာ သိလား၊ နင် ယောကျ်ားမယူနဲ့၊ ငါ့ကို စောင့်နေ'

'ကောင်းပါလေ့တော်၊ နောက်တော့မှ ဒေါ်လေးချစ်က သဘော မတူလို့ဆိုပြီး ရှောင်မသွားနဲ့'

မညိုမြသည် ကျွန်တော့်အမေ အဖြစ်သည်းပုံကို သိသဖြင့် ပြောခြင်း ဖြစ်သည်။

နောက်ဆုံးတော့ ကျွန်တော်သည် ရွာမှ ထူးချွန်သော ရှားရှားပါးပါး လူငယ်များတွင်တစ်ယောက် အပါအဝင်ဖြစ်ကာ တက္ကသိုလ်သို့ ရောက်ခဲ့၏။ ကျွန်တော်ချစ်သော အရာအားလုံးကို ခေတ္တခွဲခွာခဲ့သည်။

ထိုစဉ်က ခေတ္တခဏဟု ထင်ခဲ့သောအရာများကို အပြီးအပိုင် စွန့်ခွာခဲ့ရခြင်းဖြစ်ကြောင်း ကျွန်တော် နောက်မှရိပ်မိသည်။ ယခု ကျွန်တော် ကိုယ်တိုင် အပါအဝင် အရာရာသည် ပြောင်းလဲခဲ့ပြီ။ နှစ်ပေါင်းဆယ်နှစ်ကျော် ခဲ့လေပြီ။

ယခု ကျွန်တော် ရွာကို မလွှဲမရှောင်သာ ပြန်ရောက်လာတော့မှ တစ်ချိန်က ကျွန်တော် မြတ်နိုးစွဲလမ်းခဲ့သော အရာများကို လွမ်းမောဖွယ် ပြန်လည်တမ်းတ ခံစားရသည်။ သို့သော် ကျွန်တော့်စိတ်ကို ဆွဲကိုင်

www.burmeseclassic.com

လှုပ်ရှားစေနိုင်ဆုံးသော အရာကား မညိုမြလည်း မဟုတ်တော့။ ကျန်ခဲ့သော တစ်နှစ်က ဆုံးသွားခဲ့သည့် ကျေးဇူးရှင်အမေလည်း မဟုတ်သေး။ ဘောလယ် ရွာနှင့် ကောလိယချောင်းကလေးလည်း မဟုတ်။

ယခုအခါ ကျွန်တော့်ရင်ထဲမှာ ငြိတွယ်လာသော အရာသည်ကား ကျွန်တော်တို့ ငယ်စဉ်ကကဲ့သို့ပင် ကောလိယချောင်းနံဘေးမှာ ပြေးလွှား ဆော့ကစားနေကြသော ကလေးသူငယ်များပင် ဖြစ်၏။ သူတို့အထဲမှာမှ ကျွန်တော် စိတ်အဝင်စားဆုံးသောသူက မညိုပြာ။

ကျွန်တော်ချစ်သော မညိုမြ၏ သမီးကလေး မညိုပြာ။

\+ \+ \+

တက္ကသိုလ်ရောက်စကတော့ ကျွန်တော် ရွာကို စာမှန်မှန်ရေးသည်။ ကျောင်းပိတ်ရက်တိုင်း ရွာသို့ ပြန်သည်။ ကျွန်တော် သူများတကာလို အဆောင်မှာ မနေနိုင်ခဲ့ပါ။ အဖေ၏ အစ်ကိုဝမ်းကွဲတစ်ယောက်ဖြစ်သူ ဦးကြီး ဦးတင်လှက ကမာရွတ်စွပ်ကျယ်စက်မှာ အလုပ်လုပ်သည်။ သာမန် အလုပ်သမားတစ်ယောက်မျှသာ ဖြစ်၏။ ကျွန်တော်သည် ထို စွပ်ကျယ်စက် လမ်းထဲမှာပင် ဦးကြီးနှင့်အတူနေရသည်။ ကျွန်တော့်အတွက် တော့ အဆင်ပြေလှ၏။ ကျွန်တော် ဆေးတက္ကသိုလ်တက်ခွင့်ရသည်။

ကျောင်းစာတွေများလာသည်ကို အကြောင်းပြကာ နောက်ပိုင်း ကျောင်းပိတ်ရက်များမှာ ကျွန်တော် အိမ်ကို မှန်မှန်မပြန်နိုင်တော့။ ပြန်သည့်အခါတွင်လည်း ခေတ္တခဏသာနေနိုင်သည်။ ရွာကို ခင်တွယ်သော ကျွန်တော်သည် တစ်စထက် တစ်စ မြို့မှာ အနေပျော်လာသည်။ ပျော်စရာ လည်း ကောင်းလာသည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော့်တွင် ရွာက

www.burmeseclassic.com

www.burmeseclassic.com


မညိုမြထက် ပို၍ချစ်စရာကောင်းသော မိန်းကလေးတစ်ယောက်ကို တွေ့နေရပြီ ဖြစ်သောကြောင့်တည်း။

ဝါဝါသည် ကျွန်တော်တို့လမ်းထိပ်တွင်နေကာ ပင်မတက္ကသိုလ်တွင် တက်ရောက်နေသူဖြစ်၏။ ကျွန်တော် ကျောင်းသွားတိုင်း ဝါဝါနှင့် အမြဲတွေ့ရသည်။ ဝါဝါဆိုသည့် နာမည်နှင့်လိုက်အောင် အသားက ဝါညက်သည်။ အဆင်အပြင်က ရန်ကုန်သူတွေနှင့်လည်း မတူ။ မညိုမြတို့လို ရိုးရိုးစင်းစင်းကြီးလည်း မဟုတ်။ ကျွန်တော့်အတွက်တော့ စွဲမက်စရာဖြစ်၍ နေသည်။ ဝါဝါသည် ပုသိမ်သူ။ လမ်းထိပ်က တစ်ထပ်တိုက်ကလေးမှာ ကျောင်းသူတွေစုကာ ဘော်ဒါဆောင်သဖွယ် ငှားနေကြခြင်းဖြစ်သည်။ သို့ဖြစ်၍လည်း ဝါဝါနှင့် ကျွန်တော်သည် လွတ်လွတ်လပ်လပ် ရင်းရင်းနှီးနှီး ခင်မင်ခွင့်ရခဲ့သည်။ ကျွန်တော် ရွာကိုမေ့နိုင်ခဲ့သည်မှာ ထိုအချက်သည် အဓိက ကဏ္ဍမှ ပါဝင်ခဲ့၏။

ကျွန်တော်သည် အလုပ်သင်ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်အပြီးတွင် ရွာကို ပြန်ရောက်သည်။ ထိုအချိန်မှာ ကျွန်တော်တို့ ရွာသူရွာသားများသည်လည်း အတန်အသင့် တိုးတက်ခဲ့ပြီ။ ကျွန်တော့်လိုပင် တက္ကသိုလ်ကျောင်းမှ ထွက်လာသူတွေ ရှိနေပြီ။ အချို့က ရွာမှာပင်နေလျက် အလှမ်းမဝေးလှသော မြို့ပေါ်မှာ အလုပ်ဆင်းသည်။ စာရေးစာချီလုပ်သူက လုပ်သည်။ အရာရှိဖြစ်သူက ဖြစ်သည်။ ကျောင်းဆရာလုပ်သူက လုပ်သည်။ ကျွန်တော် တစ်ချိန်ကပြောသလို ပညာတတ်ပြီးမှ လယ်ကွင်းထဲဆင်းသူတော့ တစ်ယောက်မျှ မတွေ့ရ။ ကျွန်တော်လည်း မဆင်းနိုင်တော့။ ကျွန်တော်က ဆရာဝန်။

'မင်း ဘယ်မြို့နယ်ကို လျှောက်သလဲ'

www.burmeseclassic.com

www.burmeseclassic.com


စကားနည်းသော အဖေက ထိုမျှသာ မေးသည်။ ထိုအချိန်ထိ ကျွန်တော်သည် အစိုးရဝန်ထမ်းအဖြစ် စာမေးပွဲဖြေရန် လျှောက်ထားခြင်း မရှိသေး။ ကျွန်တော် တွေဝေနေဆဲဖြစ်သည်။

ဝါဝါက ကျွန်တော့်ထက်စော၍ ကျောင်းမှထွက်ရသည်မို့ ရန်ကုန်မှာပင် အလုပ်လုပ်၍ နေပြီ။ ဝါဝါ ရန်ကုန်မှာ အလုပ်လုပ်ခြင်းကလည်း ကျွန်တော်နှင့် ခွဲသွားရမှာ စိုးသောကြောင့်ပင် ဖြစ်၏။ မိန်းကလေးဖြစ်သော ဝါဝါက ကျွန်တော့်ကိုငဲ့ကာ သူ့မိဘတွေဆီမပြန်ဘဲ ရန်ကုန်မှာပင် ကုတ်ကပ်နေသည်ဆိုတော့ ကျွန်တော်က သူ့ကိုထားခဲ့ကာ ကျွန်တော့် အရပ်ကို ပြန်ခဲ့၍ တရားပါမည်လား။ ပြီးတော့ ကျွန်တော်ကိုယ်တိုင်ကလည်း ဝါဝါ့ကို မခွဲနိုင်၊ ဝါဝါ့ကို လက်ထပ်ယူရန် ကျွန်တော် ဆုံးဖြတ်ပြီးနေပြီ။

'ကျွန်တော် ဘယ်ကိုမှ မလျှောက်ရသေးဘူး အဖေ၊ လျှောက်တော့လဲ ကိုယ်လိုချင်တဲ့မြို့ ရချင်မှ ရတာ၊ တချို့ဆို နယ်စွန်နယ်ဖျားအထိ ရောက်တယ်၊ ရန်ကုန်မှာ ကျွန်တော့် သူငယ်ချင်းတစ်ယောက်က သူ့ကိုယ်ပိုင် ဆေးခန်းမှာ ထိုင်ပေးဖို့ ပြောထားတယ်၊ အဲဒါ လုပ်ရကောင်း မလားလို့'

ကျွန်တော်က မရေမရာဖြေသည်။ ထိုအခါ ကျွန်တော့်ကိုချစ်သော အမေက မနေ။

'အို တော်၊ ဝေးဝေးလံလံ လျှောက်သွားရမှာဖြင့် မလျှောက်ပါစေနဲ့၊ သားတစ်ယောက်တည်း ဖြစ်နေမယ်၊ ကျုပ်တို့ကလဲ အိမ်ရာပစ်ပြီး လိုက်စောင့်ရှောက်နိုင်တာ မဟုတ်၊ ရန်ကုန်မှာလုပ်ရလဲ ကောင်းသားပဲ၊ အချိန်မရွေး ကူးသန်းလို့ရတယ်'

ကျွန်တော်တို့မြို့သည် ပဲခူးမြို့နယ်အတွင်းမှာပင်ရှိ၍ ရန်ကုန်နှင့် အလှမ်းမဝေးပေ။ အမေက ကျွန်တော်သည် ယခုထက်တိုင် မိဘနှင့်

www.burmeseclassic.com

www.burmeseclassic.com


ဝေးဝေးမနေနိုင်ရှာဟု ရိုးသားစွာပင် တွေး၏။ ကိုယ့်သားသမီးကို ဘယ်အရွယ်ကြီးပဲဖြစ်ပါစေ ကလေးငယ်တစ်ယောက်လို စောင့်ရှောက်ဖို့ လိုအပ်သည်ဟု ယူဆကာ မိဘတို့၏ ထုံးစံအတိုင်း သူနှင့်ဝေးရာကိုလည်း မသွားစေချင်ပေ။ ကျွန်တော်သည် ကျောင်းတက်နေစဉ်ကာလအတွင်းကလည်း ကျွန်တော်ကသာ အိမ်ကို ခဏ ခဏ မပြန်နိုင်သော်လည်း အမေသည် သူစိတ်ကူးရလျှင် ရန်ကုန်ကို ရောက် ရောက် လာတတ်၏။ ဘူတာကြီးမှနေ၍ ကမာရွတ်သို့လာရသည့် ခရီးစဉ်ကို အသေမှတ်ကာ ဦးကြီးတို့အတွက် ငါးပိ၊ ငါးခြောက်များသယ်ဆောင်ပြီး အမေ ရောက် ရောက် လာတတ်သည်။ ယခုတော့ ကျွန်တော်သည် အမေ၏ အစောင့်အရှောက်မှ ကင်းလွတ်ကာ ချစ်သူ၏အယုအယမှာ ပျော်မွေ့နေပြီကို အမေ မသိသေး။

ထိုရက်များက ကျွန်တော်သည် မညိုမြနှင့် မကြာမကြာ တွေ့သည်။ ကျွန်တော်တို့သည် တစ်ချောင်းတည်းနေ၊ တစ်ရေတည်းသောက်သူများဖြစ်၍ မတွေ့ဘဲလည်း နေ၍ မရပေ။

မညိုမြသည် ယခင်ကလောက် ကျွန်တော့်ကို အရောတဝင် မပြုတော့။ ခင်မင်ရင်းနှီးသော မျက်လုံးများဖြင့် ကြည့်မြဲဖြစ်သော်လည်း အသွင်အပြင် ခြားနားနေသော ကျွန်တော့်ကို ဝေခွဲမရသောစိတ်ဖြင့် အဝေးက ငေးနေတတ်သည်။ ကျွန်တော်က ရင်းရင်းနှီးနှီး နှုတ်ဆက်သမှု ပြုလျှင်တော့ ဝမ်းသာအားရ တုံ့ပြန်တတ်သည်။

တစ်ခါတော့ ကျွန်တော်နှင့် မညိုမြသည် တော့တော့ဆိုင်ဆိုင် တွေ့ကြတော့၏။ ချောင်းထဲမှာ မညိုမြတစ်ယောက်တည်း အဝတ်လျှော်နေသည်။ ကျွန်တော်က အိမ်အတွက် သောက်ရေသွားခပ်ရသည်။ ကျွန်တော်တို့သည် ချောင်းရေကိုပင် သောက်သုံးရ၏။ ရေကျ၍ ချောင်းထဲမှာ သောင်ထွန်းသည့်အချိန် စမ်းတွင်းကလေးတွေ တူးထားကြသည်။ သဲပြင်

www.burmeseclassic.com

www.burmeseclassic.com


ကို နက်နက်တူး၍ သံရေစည်ပြတ်တစ်လုံးကို စိုက်ချထားခြင်းဖြင့် သန့်ရှင်းသော စမ်းရေတွင်းကလေးကိုရသည်။ အခြား ရေနောက်များနှင့် မရောဘဲ သဲထဲမှ တစိမ့်စိမ့်ထွက်နေသော စမ်းရေတို့နှင့်သာ ပြည့်နေတတ်သဖြင့် အလွန် အေးမြသန့်ရှင်းသော သောက်ရေပင်ဖြစ်၏။

ကျွန်တော်က ရေပုံးနှစ်ပုံးကိုကိုင်ကာ ချောင်းထဲသို့ ဆင်းသွားချိန် မညိုမြသည် ခပ်လှမ်းလှမ်းရှိ ကျောက်ပြားတစ်ခုပေါ်မှာ အကျအနထိုင်ကာ အဝတ်တွေကို တဗုန်းဗုန်း ရိုက်လျှော်နေ၏။

လုံချည် ရင်လျားထားသော မညိုမြကတော့ ငယ်စဉ်ကလိုပင် ပြည့်ဖြိုးတုတ်ခိုင်လျက်ပင်။ ညိုသောအသားပြင်ပေါ်တွင် အတွင်းခံအင်္ကျီ၏ လက်ကြိုးနှစ်ချောင်းရာသည် အဖြူစင်း အစင်းနှစ်ခုအဖြစ် ထင်နေ၏။ မညိုမြ၏ လုံချည်အထက်ဆင့်သည် ပြေလျော့လျော့။ ကျွန်တော်က မျက်လုံးများကို လွှဲဖယ်လိုက်သည်။

'ဩော်၊ ဆရာဝန်ကြီးက ရေတွေ ဘာတွေ ခပ်လို့ပါလား၊ နွေခေါင်ခေါင် မိုးတွေ ဘာတွေ ရွာနေပါ့မယ်တော်'

မညိုမြက လုံချည်ကို ခိုင်အောင်ပြန်ဝတ်ရင်း ပြောလိုက်၏။ တစ်နည်းအားဖြင့်တော့ ကျွန်တော့်ကို ရိလိုက်ခြင်းပင်။ ငယ်စဉ်က ကျွန်တော်တို့အားလုံးသည် ချောင်းထဲမှရေကို တပျော်တပါး သယ်ခဲ့ ခပ်ခဲ့ကြသည်။ မိုးတွင်းအခါ မိုးနည်းပါးလျှင်လည်း သည်ချောင်းရေကိုပင် သွယ်ယူကာ လယ်ထဲသို့ သွင်းရ၏။

'ဆရာဝန်လဲ ရေခပ်ရတာ ဆန်းသလား မညိုမြရဲ့'

ကျွန်တော်က မသိဟန်ဆောင်ကာ ပြောလိုက်သည်။

'သိပါဘူးတော်၊ ဒေါ်လေးချစ်က သူ့သားက မကြာခင် ရန်ကုန်မှာ ဆေးတိုက်ကြီးဖွင့်ပြီး လူနာတွေကို ဆေးကုတော့မှာတဲ့၊ ငယ်ငယ်ကတည်းက

www.burmeseclassic.com

www.burmeseclassic.com


ထူးခြားတဲ့သားမို့လို့ တောနဲ့မတန်တာလဲ ခဏခဏ ပြောရဲ့၊ တကတဲ သူ့သားကို ဘယ်သူကများ တောထဲအတင်းဆွဲသွင်းထားမှာ ကျနေတာပဲ၊ ကျုပ်တို့လဲ မြို့ပေါ်ပြေးလိုက်ရင် ဆရာဝန်တွေ တစ်ပုံကြီးပါတော့’

မညိုမြက ကျွန်တော့်ကို အခွင့်သာခိုက် အလစ်မပေးဘဲ တွယ်နေခြင်းဖြစ်ကြောင်း ကျွန်တော် ကောင်းကောင်းနားလည်၏။ သို့သော် သူ၏ စကားနာထိုးမှုများသည် ကျွန်တော့်ရင်ကို မလှုပ်ရှားစေတော့။ ကျွန်တော် တဟဲဟဲသာ ရယ်၍နေ၏။

‘အမေက သူ့သားအကြောင်း ကြွားနေကျမဟုတ်လား မညိုမြရယ်၊ သည်းခံလိုက်ပါ’

‘သူ့သားကလဲ ခုတော့ ကြွားလောက်စရာ ဖြစ်ပြီကိုး’

မညိုမြ၏ ပစ်မှတ်သည် ကျွန်တော့်ဆီသို့သာ ရှေးရှု၏။

‘ငါက ရွာကိုလဲမမေ့၊ ရွာက သူငယ်ချင်းတွေကိုလဲ မမေ့ပါဘူးဟာ၊ ရန်ကုန်မှာ အလုပ်လုပ်တယ်ဆိုတာ ခဏပါ၊ အဆင်ပြေတဲ့နေရာ နေရတာပေါ့’

ကျွန်တော်က မရေရာသော ဆင်ခြေဆင်လက်ကို ပေးလိုက်သည်။ ရေပုံးနှစ်ပုံးကို ခေတ္တချ၍ သူ့အနားမှာ ထိုင်မိ၏။

‘ရွာက သူငယ်ချင်းတွေဆိုတဲ့ အထဲမှာ ကျုပ်ကော ပါသလားဟင်’

မညိုမြက တဲ့တိုးကြီးမေးလိုက်သဖြင့် ကျွန်တော့်မျက်နှာများထူပူသွားသည်။ မညိုမြသည် တစ်ချိန်က ကျွန်တော်ပြောခဲ့သော စကားများကို ခပ်လွယ်လွယ် မေ့ပစ်ဟန် မတူပေ။ တောက မိန်းကလေးများသည် အသက်ငယ်ငယ်နှင့် အိမ်ထောင်ပြုလေ့ ရှိကြသော်လည်း မညိုမြ ယောကျ်ား

www.burmeseclassic.com

www.burmeseclassic.com


မယူသေး။ မညိုမြကို လိုချင်သူတွေ ရွာမှာ များစွာရှိကြောင်း ကျွန်တော် ကောင်းကောင်းသိသည်။

'ပါတာပေါ့ဟာ'

ကျွန်တော်က မညိုမြ၏ စူးရှသော မျက်လုံးများကို လွှဲဖယ်ကာ မရဲတရဲ ဖြေရသည်။

'ပါတယ်ဆို တော်သေးတာပေါ့တော်၊ ကျုပ်ကတော့ စကားတစ်ခွန်း ပြောထားရင် တစ်သက်လုံး မေ့တတ်တာ မဟုတ်ဘူး၊ အမေက ကျုပ်ကို ကိုအေးမောင်နဲ့ ပေးစားချင်နေတာ ကြာပြီ၊ သူတို့က ရွာထဲမှာ ဩဇာလဲ ရှိသမဟုတ်လား၊ ဒေါ်လေးချစ်ကလဲ အောင်သွယ်ကောင်းလေ၊ သူ့သား အတွက်လဲ စိတ်ချရအောင်ထင်ပါရဲ့'

မညိုမြ၏ ပွင့်လင်းသော စကားများကို ကျွန်တော် လွှဲရှောင်၍ မရတော့ပါ။

'အေးမောင်က သဘောလဲကောင်း၊ အလုပ်လဲလုပ်တယ်၊ မဆိုးပါ ဘူးဟာ'

အေးမောင်သည် ကျွန်တော်နှင့်အတူတူ ခုနစ်တန်းအထိ နေဖူးသည်။ သူ့အဖေက ရပ်ကွက်လူကြီး ဖြစ်သည်။

'ကိုအောင်ခိုင်၊ ရှင်ကကော သဘောတူသလား ဟင်'

မညိုမြ၏ အသံ တုန်တုန်ကလေးကို ကျွန်တော် မကြားရက်ပါ။ သူ့မျက်လုံးများက အရောင်တောက်ကာ စိုလက်နေမည်ကိုလည်း ကျွန်တော် မကြည့်ဝံ့။ ခေါင်းကိုသာ ညိတ်ပြလိုက်မိ၏။

'ဟဲ့၊ အိမ်မှာ သောက်ရေတွေ အများကြီးပါ၊ အဲဒီ တစ်ခေါက်ရရင် တော်ပြီ'

www.burmeseclassic.com

www.burmeseclassic.com


ချောင်းကမ်းပါးမှနေ၍ အမေ လှမ်းခေါ်သည်။ ကျွန်တော်သည် မညိုမြကို နှုတ်ဆက်ကာ အဆောတလျင် ထလာခဲ့သည်။ ကျွန်တော့် ရေပုံးထဲတွင် ရေတစ်ဝက်ပင် အနိုင်နိုင်ပါလာတော့၏။

မညိုမြ၏ အဝတ်တွေကို တဖုန်းဖုန်းမြည်အောင် တမင်ရိုက်လျှော်သံသည် ချောင်းရိုးတစ်လျှောက် လျှံတက်သွားလေ၏။

\+ \+ \+

'နယ်ကို တစ်နှစ် နှစ်နှစ်တော့ သွားမှဖြစ်မယ်တဲ့ ကိုရေ၊ နောက်မှ ရန်ကုန်ပြန်ရအောင် လုပ်ပေးမယ်ပြောတာပဲ၊ အဲဒီတော့ သူတို့ပြောသလိုပဲ နှစ်နှစ်လောက်တော့ သည်းခံပြီး သွားလိုက်ပေါ့၊ ဟုတ်ဖူးလား'

ကျွန်တော်နှင့် ဝါဝါ လက်ထပ်ပြီး ရန်ကုန်မြို့ပေါ်မှာပင် ကုတ်ကပ်နေခဲ့ကြ၏။ ကျွန်တော် ဆေးခန်းထိုင်၍ ရသည့်ငွေ၊ ဝါဝါ ရုံးမှာလုပ်၍ရသည့် လခတို့ဖြင့် မျှမျှတတသုံးစွဲကာ နေထိုင်ရပါသည်။ ကျွန်တော်တို့မှာ မိဘများက ပြည့်စုံကြွယ်ဝစွာဖြင့် ထူထောင် ဖန်တီးပေးနိုင်သူများ မဟုတ်ကြ၍ ကိုယ့်ဘာသာရန်းကန်ကြရသည်။ မြို့၏ လူနေမှုစရိတ်ကို လိုက်မီအောင် မနည်းကြိုးစား ရှာဖွေကြရသည်။ သာမန် ဆရာဝန်ပေါက်စလေး တစ်ယောက်အနေဖြင့်လည်း အထူးကုသမားတော်ကြီးတွေ ပေါများသော မြို့ပေါ်မှာ တိုးဝင်ရပ်တည်ရသည်မှာ မလွယ်။ သည်တော့ ကျွန်တော်တို့သည် တစ်နည်းတစ်ဖုံ ကြံရပြန်၏။

လခစားအလုပ်ကို လုပ်ကိုင်ရင်း တစ်ဘက်မှ ဆေးခန်းထိုင်ကာ ဝင်ငွေနှစ်မျိုးရအောင် ရှာကြံဖို့ အကြံဖြစ်ကြရသည်။ နယ်ကို နှစ်နှစ်ခန့်

www.burmeseclassic.com

www.burmeseclassic.com


ဆင်းပြီး ရန်ကုန်သို့ပြန်လာရအောင် ဝါဝါက သူ့အစွမ်းဖြင့် ကြိုးစားမည်ဟု ဆိုသည်။

'ကောင်းတယ်၊ ကိုယ် တောမှာ ပြန်နေချင်တာနဲ့ အတော်ပဲ၊ အမေလဲ ဒီနှစ် ကျန်းမာရေးမကောင်းဘူး၊ ကိုယ်တို့မြို့ကိုပဲ ဦးစားပေး လျှောက်မယ်နော်'

'အို၊ ကိုယ်တို့မြို့က သိပ်တောကျလွန်းပါတယ်၊ ဝါဝါတို့မြို့ကို လျှောက်ပါ ကိုရယ်၊ ဟိုမှာ ဆေးခန်းဖွင့်ဖို့ကိစ္စတွေ ဘာတွေ ဖေဖေတို့က အားလုံးစီစဉ်ထားမှာ'

ကျွန်တော်၏ ချစ်သောဇနီးချော ဝါဝါ၏ စကားကို အမြဲနားထောင်နေခဲ့သည်ချည်းပင်။ ကျွန်တော်က အနည်းငယ်တွေဝေနေတော့ ဝါဝါက စကားနာထိုးသည်။

'ဘာလဲ၊ ကိုက ရွာကအဆက်ဟောင်းကလေးနဲ့ ပြန်တွေ့ချင်လို့လား'

'သူလဲ လင်နဲ့သားနဲ့ဖြစ်နေပါပြီ ဝါဝါရယ်'

ဝါဝါနှင့် ကျွန်တော် လက်ထပ်ပြီး မကြာမီပင် မညိုမြတစ်ယောက်ကိုအေးမောင်နှင့် လက်ထပ်လိုက်၏။

'ပုသိမ်ကိုပြောင်းပြီး နှစ်နှစ် သုံးနှစ်နေလို့မှ ရန်ကုန်ပြန်မရရင် ကိုယ်တို့မြို့ကို ပြောင်းပေါ့'

ဝါဝါက သူတို့မြို့ကိုပြောင်းလျှင် စားစရိတ်၊ နေစရိတ်ကအစ ဆေးခန်းဖွင့်ရေးကိုပါ သူ့မိဘများက စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်၍ ရသမျှ ပိုက်ဆံကို အသားတင်စုဆောင်းနိုင်မည်ဖြစ်ကြောင်း၊ သူလည်း မိဘရပ်ထံ ပြန်ရင်း မကြာ မကြာ တွေ့နိုင်မည်ဖြစ်ကြောင်း နားဝင်အောင် ပြောသည်။ ကျွန်တော့်မှာ မိန်းမကိုဦးစားပေးရမည့် ဝတ္တရားကလည်း

www.burmeseclassic.com

www.burmeseclassic.com


ရှိလာသည်မို့ မယားစကားကို လိုက်နာရပြန်သည်။ ကျွန်တော့် အဖေကတော့ သူ့ လယ်ယာကလွဲလျှင် ဘာကိုမျှ စိတ်ဝင်စားခြင်း မရှိသည်မို့ ကျွန်တော် ဆေးခန်းဖွင့်ရေးကိုလည်း ဆောင်ရွက်ပေးမည် မဟုတ်ချေ။ တစ်နည်းအားဖြင့် အဖေသည် ကျွန်တော့်ကို စိတ်ကုန်နေပြီ။

ကျွန်တော်တို့မှာ သားသမီး မရသေး။ ဝါဝါက မလိုချင်သေးသော ကြောင့် ဖြစ်၏။ ကျွန်တော်နယ်ဆင်းနေစဉ် ဝါဝါက အမျိုးတစ်ယောက်အိမ် ခေတ္တပြောင်းနေမည်။ နှစ်ယောက်လုံး ပိုက်ဆံစုမည်။ ကျွန်တော် ရန်ကုန် ပြန်ရောက်သည့်အခါ စုဆောင်းထားသောငွေဖြင့် အတန်အသင့်ကောင်းမွန် သော အိမ်ကလေးကိုဖန်တီးကာ နေကြမည်။ ထိုအခါ ကျွန်တော့်အမေ ကိုလည်း ရန်ကုန်မှာ ခေါ်ထားချင်လျှင်လည်း ရသေးသည်။ တောနှင့်မြို့ ကူးလိုက်သန်းလိုက် နေချင်လျှင်လည်း ရသေးသည်။ ယခုတော့ အိမ်က ကျဉ်းလွန်း၍ အမေ့ကို ဆေးကလေး ဝါးကလေး ကုပေးချင်၍မှ ခေါ်ထားလို့ မရ။

ဤသည်တို့မှာ ကျွန်တော်တို့၏ စီမံကိန်းများသာ ဖြစ်၏။

သို့သော် ကျွန်တော် ပုသိမ်သို့ ရောက်နေစဉ်ကာလမှာပင် အမေ ဆုံးသွားလေသည်။ မိဘသေမှ နောင်တကြီးစွာရတတ်သော သားဆိုးတို့၏ ထုံးစံအတိုင်း ထိုအခါမှပင် ကျွန်တော်သည်လည်း ယူကျုံးမရ ဖြစ်မိရပါ တော့သည်။

'မြို့ပေါ်မှာက ရန်ကုန်ကဆင်းပြီး ဆေးတိုက်ဖွင့်တဲ့ ဆရာတွေတော့ ပေါပါရဲ့၊ ဆေးရုံကြီးမှာက ဆရာဝန်ကြီးတစ်ယောက်တည်းရှိတာ၊ တစ်ခါ တလေ ဆရာဝန်ကြီး နယ်တွေလှည့်ဆင်းနေရရင် တစ်ယောက်မှတောင် မရှိဘူး'

www.burmeseclassic.com

www.burmeseclassic.com


ဆေးရုံကို ကြောက်သော အမေသည် မခံမရပ်နိုင်ဖြစ်မှ ဆေးရုံ အပို့ခံသည်။ ထိုအချိန်မှာ ဆရာဝန်ကြီးက မရှိ။ ရုတ်တရက် ခွဲစိတ်ဖို့ လိုအပ်သဖြင့် မြို့နှင့်ဝေးသော အခြားမြို့တစ်မြို့သို့ ပို့ရသည်။ လမ်းမှာ အမေဆုံးသည်။

တစ်ရွာလုံးက ကျွန်တော့်ကို ဝိုင်းကြည့်ကြသော မျက်လုံးများကို ကျွန်တော် ရင်မဆိုင်ရဲခဲ့ပါ။ အေးစက်သော မျက်လုံးပိုင်ရှင် အဖေ။ တောက်ပသော်လည်း စိမ်းကားသော မျက်လုံးများနှင့် မညိုမြ။

'ကိုယ်တို့မြို့ကို ကို အလုပ်ပြောင်းရလိမ့်မယ် ဝါဝါ၊ မင်းတို့မြို့က မြို့ကြီးတယ်၊ ဆရာဝန်ပေါတယ်၊ တို့မြို့မှာ ဆေးရုံတစ်ရုံပဲ ရှိတယ်၊ ဆရာဝန်ကြီးတစ်ယောက်တည်း မနိုင်မနင်းဖြစ်နေတယ်၊ လက်ထောက် ဆရာဝန် တောင်းထားတာကြာပြီတဲ့၊ ဒီတစ်ခါ မတားပါနဲ့တော့'

ယခုမှပင် ကျွန်တော်သည် ပြတ်သားသောစကားကို ဆိုမိ၏။

ကျွန်တော့်အကြောင်းကို ကြဖန်ကြွားဝါသော အမေသည်ကား မရှိတော့ပြီ။

\+ \+ \+

ဆေးရုံဝင်းထဲရှိ ဆိတ်ငြိမ်အေးချမ်းသော အိမ်ကလေးမှာ ကျွန်တော် နေရသည်။ အဖေသည် သူ့ခြံနှင့်ယာကိုစွန့်ကာ ကျွန်တော့်ဆီလာနေဖို့ စိတ်ပင်မကူး။ ကျွန်တော်ကသာ တစ်ခေါက်တလေ သွားရောက်လည်ရ၏။ သို့သော် ကျွန်တော့်မှာလည်း အားလပ်လှသည်ဟူ၍ မရှိလှ။ မြို့ကို ဗဟိုပြု၍ ရောက်လာကြသော အနယ်နယ်အရပ်ရပ်မှ လူနာများနှင့် ကျွန်တော် လုံးပန်းနေရသည်။ အရေးကြီးသော လူနာများကို လိုအပ်လျှင်

www.burmeseclassic.com

www.burmeseclassic.com


ပစ္စည်းကိရိယာပို့စုံသော အခြားမြို့များသို့ ပို့ပေးရသည်။ သမိုင်းကြွေးကို ကျွန်တော် ယခုမှပင် ဆပ်ရတော့သည်။ ကျွန်တော်တို့နယ်သည် တောင်သူ လယ်သမားများ ပေါများသောနယ် ဖြစ်သဖြင့် ကြီးကြီးငယ်ငယ် လယ်ယာ လုပ်သူသာ များသည်။ ကျွန်တော်တို့လို တက္ကသိုလ်ပညာသင်သော လူငယ်များမှာ ယခင်ကထက်စာလျှင် များလာသော်လည်း လူဦးရေနှင့် နှိုင်းစာလျှင်ကား အလွန်ပင် နည်းပါးပါသေးသည်။ ထိုအတွက်လည်း ယခင်က ကျွန်တော်တို့ အသံကောင်းဟစ်ခဲ့သော ကြွေးကြော်သံများကို ပြန်လည်ကြားယောင်မိသည်။

တိတ်ဆိတ်မှောင်မည်းသော ဆေးရုံဝင်းထဲသို့ ကျွန်တော်ငေးမော တွေးတောနေမိစဉ်မှာပင် ဆေးရုံဝင်း အဝင်လမ်းဆီမှ မီးရောင်လက်လက်ကို မြင်လိုက်ရလေသည်။ နာရီကိုလှမ်းကြည့်လိုက်သည့်အခါ ဆယ်နာရီ ထိုးပြီး နေသည်ကို တွေ့ရ၏။ ယခု တစ်ရက် နှစ်ရက်အတွင်း လျှပ်စစ်မီးပျက်လျက် ရှိသဖြင့် တစ်မြို့လုံးမှောင်လျက်ရှိသည်။ ဆေးရုံဝင်းထဲမှာလည်း မှောင်နေ၏။

လမ်းဘက်သို့ သေသေချာချာစိုက်ကြည့်လိုက်သောအခါ ဆိုက်ကား နှစ်စီး ဝင်လာနေသည်ကို တွေ့ရသည်။ အရေးတကြီးလူနာ ဖြစ်ဟန်တူ၏။ ကျွန်တော်သည် အနွေးထည်တစ်ထည်ကို ကောက်ဝတ်ကာ ဆေးရုံဘက်သို့ လျှောက်လာခဲ့သည်။ ဆရာဝန်ကြီး၏ အိမ်ဘက်မှလည်း တံခါးပွင့်လာ သည်ကို တွေ့ရသည်။

ဆိုက်ကားများသည် ဆေးရုံရှေ့မှာ ရပ်၏။ ကျွန်တော်ခပ်သွက်သွက် လျှောက်သွားသည်။ လူနာကို ဆိုက်ကားပေါ်မှ ပွေ့ချနေသည်ကို တွေ့ရ သည်။ ကျွန်တော်ရောက်သွားသောအခါ လူနာသည် စမ်းသပ်ခုတင်ပေါ် ရောက်နေပေပြီ။ ဘေးမှလူများကို ရှဲစေကာ ကျွန်တော် ရှေ့တိုးသွားသည်။

'ဘာဖြစ်တာလဲ'

www.burmeseclassic.com

www.burmeseclassic.com


'ပိုးထိလို့'

ဆေးရုံညစောင့်လက်မှ လက်ဆွဲမှန်အိမ်ကိုဆွဲကာ ကျွန်တော် သေသေချာချာ ကြည့်လိုက်သည်။ အေးမောင်ပါလား။ မညိုမြယောကျ်ား အေးမောင်။ ကျွန်တော် နံဘေးကို ချက်ချင်းလှည့်ကြည့်လိုက်တော့ မျက်နှာသုတ်ပဝါ ခေါင်းပေါင်းလျက် တရှုပ်ရှုပ်ငိုနေသော မညိုမြကို တွေ့ရတော့သည်။

'သူ သေပြီလားတော့ ကိုအောင်ခိုင်'

တောက်ပသော မညိုမြ၏ မျက်လုံးများသည် ပူပန်မှုကြောင့် ညှိုးရော် နေကြသည်။ ဆရာဝန်ကြီးဝင်လာ၍ ကျွန်တော်တို့ ဘေးဖယ်ပေးလိုက် သည်။ လိုအပ်သမျှကို ကျွန်တော်တို့ ချက်ချင်း ဝိုင်းဝန်းပြုလုပ်ကြသည်။ ယခုလို မိုးကျစ လယ်ကွင်းဆင်းချိန်မှာ ပိုးမွှားအန္တရာယ်ကို ကြုံရမြဲဖြစ်၍ ကျွန်တော်တို့မှာ တတ်နိုင်သမျှ ဆေးဝါးကို အသင့်ဆောင်ထားကြရသည်။

'သူ ကံကောင်းတယ် မညိုမြ၊ ဘာမှမဖြစ်နိုင်ပါဘူး၊ လန့်သွားလို့ သတိလစ်နေတာပါ၊ အကောင်ကိုကော မိသလား'

ဗဟုသုတရှိသော ရွာသားတစ်ယောက်ကရိုက်သတ်ပြီးယူလာသော မြွေကို ထုတ်ပြသည်။ ဒဏ်ရာကိုလည်း ဓားနှင့်ခွဲပြီး စည်းနှောင်လာသဖြင့် တော်သေးသည်။

နံနက်လင်းအားကြီးမှပင် မညိုမြနှင့် သူ့အဖော်ရွာသားများပြန်ဆင်း သွားကြသည်။ လူနာအတွက် စိတ်ချရပေပြီ။ လူနာသည် ခုတင်ပေါ်မှာ မှိန်းနေ၏။ မညိုမြသည် ပြန်လည်ကြည်လင်လာသော သူ့မျက်လုံးများနှင့် ကျွန်တော့်ကို ရွှန်းရွှန်းစားစား မော့ကြည့်သည်။ ကျွန်တော် တစ်ညလုံး မအိပ်ဘဲ သူတို့နားမှာ စောင့်နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com


'သိပ်ကျေးဇူးတင်တာပဲ ကိုအောင်ခိုင်ရယ်၊ တကယ့်ကိုပြောတာပါ၊ ကျုပ်ကတော့ ဆေးရုံကို ခေါ်သာလာရတယ် အားမရှိပါဘူး၊ ဆရာဝန်ကြီးကလဲ အသင့်ရှိချင်မှ ရှိမှာဆိုတော့ ပစ်လိုက်ရတော့မယ် ထင်တာတော်'

ကျန် ရွာသားများကလည်း ကျွန်တော့်ကို ကျေးဇူးတင်စွာ ကြည့်ကြသည်။ သူတို့ကို ကျွန်တော် ကောင်းစွာမသိတော့သော်လည်း ကျွန်တော်တို့ရွာ၏ အဆက်အနွယ်များပင် ဖြစ်၏။

'ကျွန်တော်တို့ရွာသားတစ်ယောက် ဒီမှာ ဆရာဝန်ဖြစ်နေတယ်လို့ ပြောကြသား၊ ခုမှပဲ တွေ့ဖူးတယ်'

'ဟဲ့၊ အဲဒါ ဒေါ်လေးချစ်ရဲ့ သားလေ၊ အမလေး ဒေါ်လေးချစ်ကြီး သတိရလိုက်တာတော်၊ ကိုအောင်ခိုင်သာရှိရင် ဒေါ်လေးချစ်လဲ သေမှာမဟုတ်ဘူး'

မညိုမြသည် သူ့ကို ချွေးမ မတော်ချင်သော အမေ့ကို တမ်းတကာ မျက်ရည်ဝဲ၏။ ကျွန်တော့်ရင်ထဲမှာတော့ စူးရှ နာကျင်သွားပါသည်။

မညိုမြနှင့် ရွာသားများ ပြန်သွားကြ၏။ လူနာကို ဆေးရုံမှာပင် ထားခဲ့ရန် ပြောရသည်။ သူတို့ ပြန်သွားမှပင် ကျွန်တော်သည် ကျွန်တော့် အိမ်ကလေးဆီသို့ ပြန်လျှောက်ခဲ့၏။

အိမ်ရှင်မ မရှိသော ကျွန်တော့်အိမ်ကလေးသည် ပရမ်းပတာဖြစ်ကာ ရှုပ်ပွနေ၏။ ကော်ဖီပူပူတစ်ခွက်ကို ကိုယ့်ဘာသာစီမံရင်း ကျွန်တော် စဉ်းစားသည်။ ဝါဝါ့ဆီ စာရေးရမည်။ လခသုံးရာကျော်၊ သူ့ပါတိတ်လုံချည် တစ်ထည်ဖိုးသာရှိသောငွေကိုစွန့်ပြီး ကျွန်တော်နှင့် လာနေဖို့အကြောင်း။

ကျွန်တော်သည်နေရာမှ စွန့်ခွာ၍ မသွားလိုပြီ။

ကျွန်တော့်မှာ ပေးဆပ်စရာအကြွေးတွေ ကျန်ရှိနေသေးသည်။

\+ \+ \+

www.burmeseclassic.com

www.burmeseclassic.com


'ဟော့ကောင်ကြီး၊ ထမင်းတွေ ဘာတွေတောင် စားနေပြီလား'

ကျွန်တော့်အသံကို ကြားရတော့ အေးမောင်သည် ဝမ်းသာအားရ မော်ကြည့်သည်။

'အေးကွ၊ ဝမ်းသာလိုက်တာ အောင်ခိုင်ရာ၊ မနက်ကမှ ညိုမြ ပြောပြလို့ မင်းကိုလဲ ကျေးဇူးတင်လိုက်တာ၊ ဒီညနေတော့ ငါ ဆင်းနိုင်ပြီပေါ့'

'အေးအေးဆေးဆေးမှပဲ ဆင်းပါကွာ၊ မင်းအနာက နည်းနည်း နက်တော့'

ကျွန်တော့်စကားကို ရပ်လိုက်သည်။ ခြေကျင်းဝတ်တွင် ထိသော သူ့ ဒဏ်ရာက အရိုးကို ထိသည်။ ချက်ချင်းတော့ ခြေထောက် ကောင်း ကောင်း ထောက်နိုင်ဦးမည် မဟုတ်သေး။

ထိုအချိန်မှာ ကလေးမလေးတစ်ယောက် ရေပုလင်းကိုကိုင်ပြီး ဝင်လာသည်။

'တော်ပလား အဖေ၊ ထပ်ထည့်စားဦးလေ'

ကျွန်တော်က ကြက်တောင်စည်းနှင့် ကောင်မလေးကို သေသေ ချာချာ ကြည့်လိုက်မိ၏။ မညိုမြ။ ကျွန်တော့်နှုတ်မှ တိုးတိုးရေရွတ်လိုက် မိသည်။ မညိုမြနှင့် တူလိုက်လေ။ တောက်ပသောမျက်လုံးများ၊ ညို၍ ညက်သောအသား၊ ပြည့်ဖြိုးလုံးကျစ်သော ခန္ဓာကိုယ်လေး၊ အသက်ကတော့ ဆယ်နှစ်ခန့်ပင် ရှိဦးမည်။ သွက်လက်ချက်ချာပုံမှာလည်း မညိုမြ ငယ်စဉ် ကနှင့် တူလှ၏။

'ဒါ မင်း သမီးလား'

'အေးလေကွာ၊ ငါမရှိတော့ ညိုမြက ကိုင်းထဲဆင်းရတယ်လေ၊ ဒါကြောင့် သူ့သမီးကို လွှတ်လိုက်တာ၊ ဟဲ့ သမီး၊ ဒါ အဖေတို့ရွာသားပေါ့ ခု ဆရာဝန်ကြီး ဖြစ်နေပြီလေ'

www.burmeseclassic.com

www.burmeseclassic.com


ကလေးမကလေးသည် ရေပုလင်းကို စားပွဲပေါ်သို့တင်လိုက်ပြီး ကျွန်တော့်ကို ပြုံးရွှင်စွာ ကြည့်သည်။ မျက်နှာထားချိုပုံကတော့ သူ့အမေနှင့် မတူပေ။

'သိပါတယ် အဖေရဲ့၊ အမေကပြောတယ်၊ ဆရာဝန်ကြီးက အမေနဲ့ ငယ်ငယ်က သိပ်ခင်တာတဲ့၊ ဆရာဝန်ကြီးက သဘောလဲ ကောင်းတယ်တဲ့'

သူ့အပြောကြောင့် အေးမောင် မျက်နှာပျက်သလို ဖြစ်သွားသော်လည်း ချက်ချင်း ဣန္ဒြေဆည်လိုက်သည်။

'ငါ့သမီးကတော့ အသွက်ပဲဟေ့၊ ဒါနဲ့ မင်းကော သားသမီး ဘယ်နှစ်ယောက်ရပြီလဲ'

အေးမောင်က တောသားလူရိုးပီပီ ကျွန်တော့်ကို ပွင့်လင်းရင်းနှီးစွာပင် ဆက်ဆံသည်ကို သမီးဖြစ်သူက အားနာဟန်ဖြင့် သူ့အဖေကို တကြည့်ကြည့်ဖြစ်၍နေသည်။ ကလေးမလေးက အကင်းပါးပုံလည်းရသည်။

'တစ်ယောက်မှ မရှိသေးပါဘူးကွာ၊ ကဲ သားအဖတွေ နေရစ်ကြဦး၊ ဟိုဘက်က လူနာတွေ သွားကြည့်လိုက်ဦးမယ်'

'ဟုတ်ကဲ့ရှင့်'

ကောင်မလေးက သွက်လက်စွာဖြေသည်။

ကျွန်တော် နေရာမှ ထွက်ခွာလာခဲ့၏။ မညိုမြ၏ သမီးကလေးမျက်နှာ ကျွန်တော့်မျက်စိထဲမှာ စွဲထင်နေသည်။ ချစ်စရာလေးပဲ။

နောက်နေ့တွေမှာ အေးမောင်တို့ သားအဖတွေနှင့် ကျွန်တော် မတွေ့ရ။ အခြားရွာများသို့ ကူးစက်ရောဂါကာကွယ်ရေး အစီအစဉ်တွင် ကျွန်တော်ပါသွားသည်။ ကျွန်တော် ပြန်လာသည့်နေ့တွင် အေးမောင် ဆေးရုံမှ ဆင်းသွားပြီဖြစ်ကြောင်း သိရ၏။

www.burmeseclassic.com

www.burmeseclassic.com


ညနေဘက်တွင် မောမောဖြင့် အိပ်ပျော်နေခိုက် အိမ်ရှေ့မှအသံ အချို့ကို ကြားလိုက်ရသည်။

'ဆရာဝန်ကြီးပြန်ရောက်ပြီဆိုလို့ လာကန်တော့တာပါရှင့်'

'အေး ထားခဲ့လေ၊ နိုးတော့ ပြောပြလိုက်မယ်'

'ကျွန်မ အမေက ဆရာဝန်ကြီးနဲ့ သေသေချာချာတွေ့ပြီးမှ ပေးခဲ့လို့ မှာလိုက်တယ်ရှင့်'

ကောင်မလေးတစ်ယောက်နှင့် တပည့်ဖြစ်သူတို့ အပြန်အလှန် ပြောနေသည့် စကားသံကြောင့် ကျွန်တော် အိပ်ရာမှထခဲ့ရသည်။ ကျွန်တော် ထင်သည့်အတိုင်းပင် မညိုမြ၏ သမီးကလေး ဖြစ်နေသည်။

'လာဟေ့ သမီး၊ ဝင်လာခဲ့'

ကျွန်တော့်နှုတ်မှ သမီးဟု ခေါ်လိုက်မိသည့်အတွက် ကျေနပ် နှစ်သိမ့်ခြင်း ဖြစ်မိသည်။ သည်အချိန်တွင် ကျွန်တော့်တွင်လည်း သားတွေ သမီးတွေ ရှိနေသင့်ပေပြီ။

ကောင်မကလေးက ကျွန်တော့်တပည့်ကို ကွေ့ရှောင်ကာ ရဲရဲဝံ့ဝံ့စွာပင် ဝင်လာ၏။ သူ့လက်ထဲမှာ ခြင်းတစ်လုံးနှင့် စားစရာအသီးအရွက်တွေ ပါလာသည်။

'အဖေက အိမ်ပြန်ရောက်သွားပြီလေ ဆရာဝန်ကြီးရဲ့၊ မနက်က အမေလဲပါလာပါတယ်၊ ဆရာဝန်ကြီးမရှိလို့ ဒီညနေ ပြန်လာမယ်ဆိုလို့ အမေက ဒါတွေပို့ခိုင်းလိုက်တာ၊ ရွာကိုလဲ ဆက်ဆက်လာပါဦးလို့ အဖေ ကရော အမေကပါ မှာလိုက်တယ်ရှင့်'

ပြောပြောဆိုဆို ကောင်မလေးသည် ကျွန်တော့်ကိုထိုင်၍ ကန်တော့ ပါတော့သည်။

ကျွန်တော် ဆု မပေးတတ်။

www.burmeseclassic.com

www.burmeseclassic.com


'သမီးအသက် ဘယ်လောက်ရှိပြီလဲ'

'ကိုးနှစ်ပါ'

'ဩော် နာမည်ကကော ဘယ်လိုခေါ်သလဲကွယ့်'

'မညိုပြာတဲ့'

'ဟင် ဘယ်လို'

'မညိုပြာပါ'

ကျွန်တော်တို့ ငယ်ငယ်က မညိုမြကို 'ညိုပြာညက်' ဟု ချစ်စနိုး ခေါ်ခဲ့ကြဖူးသည်။ မညိုမြက ထိုနာမည်ကို တော်တော်နှစ်သက်ပုံရသည်။

'မင်းအမေက တော်တော် နာမည်အပေးကောင်းသားပဲ၊ ဒါထက် သမီး ကျောင်းနေသလား'

'နေတယ်ရှင့်'

'ဘယ်နှစ်တန်းရောက်ပြီလဲ'

'သုံးတန်းပါ'

'တော်တာပေါ့၊ မင်းအမေကို ဆယ်တန်းအောင်ပြီး တက္ကသိုလ် ရောက်တဲ့အထိ ကျောင်းထားခိုင်းနော်၊ ဦးဦးဆရာဝန်ကြီးက ပြောတယ်လို့ ပြော၊ သိလား'

ပညာတတ်ဉာဉ်ကလေး ခိုအောင်းဆဲရှိသော ကျွန်တော်ကသွန်သင် လိုက်မိသည်။

'ကျွန်မကတော့ နေချင်တယ် ဆရာဝန်ကြီးရဲ့၊ ဒါပေမဲ့ ရွာမှာက လေးတန်းအထိပဲရှိတော့ အမေက ဆက်ထားမှာ မဟုတ်ဘူး'

'အို၊ ဘာဝေးတာလိုက်လို့၊ ဦးဦးပြောပေးမယ်၊ မင်း လာနိုင်တယ် မဟုတ်လား'

'လာနိုင်ပါတယ်၊ ကျွန်မ မနက်တိုင်း လာနေကျပဲ'

www.burmeseclassic.com

www.burmeseclassic.com


'ဟုတ်လား၊ ဘာလာလုပ်တာလဲ'

'ဟင်းရွက် လာရောင်းတာလေ'

ကျွန်တော်သည် မနက်တိုင်း ဟင်းသီးဟင်းရွက်များ လာရောင်းတတ်သော အမေ့ကို ရုတ်ခြည်း သတိရလိုက်မိသည်။ မနက် နှင်းမကွဲတကွဲမှာ ရွာမှနေ၍ ကားလမ်းမကြီးအတိုင်း ကုန်းကြောင်းလျှောက်ကာ လာကြရ၏။ ထိုနည်းဖြင့်ပင် ကျွန်တော် ဆယ်တန်းအောင်ခဲ့သည် မဟုတ်လော။

'အေးလေ၊ ငါ မင်းအမေကို ပြောဦးမယ်၊ ဒီနှစ်မှ သုံးတန်းဆိုတော့ လိုပါသေးတယ်'

'ဟုတ်ကဲ့၊ ဆက်ဆက်ပြောပေးနော် ဦးဦး ဆရာဝန်ကြီး၊ ကျွန်မ ပြန်တော့မယ်၊ ရွာက လူကြုံနဲ့ ပြန်လိုက်ရမှာ'

'အေး အေး ပြန်တော့၊ ဟင်းရွက်တွေကလဲမျှားလိုက်တာကွယ်၊ ဒီမှာ ချက်မယ့် ပြုတ်မယ့်သူတောင် ရှိတာ မဟုတ်ဘူး'

မညိုပြာက အိမ်ကို အကဲခတ်၍ ကြည့်လိုက်သည်။

'ဦးဦး ဆရာဝန်ကြီး မိန်းမကကော'

'သူက ရန်ကုန်မှာကွယ့်'

'သြော်၊ အမေက ဆရာဝန်ကြီးကတော် ရှိမှာပဲဆိုပြီး လိုက်မလာတာ'

သည်တစ်ခါ မျက်နှာပျက်သွားရသူမှာ ကျွန်တော်ဖြစ်၏။ ကောင်မလေးက သူ့စကား မှားသွားသည်ကို သိဟန်ဖြင့် လျှာကလေးတစ်လစ် ထုတ်လိုက်ကာ ခေါင်းကလေး ငုံ့လိုက်သည်။

'ကဲ ကဲ ပြန်တော့၊ မိုးချုပ်နေမယ်'

ကောင်မလေး ပြန်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်သည် မညိုမြ၏ သမီးကလေး မညိုပြာ၏ ကျောပြင်ကို ငေးကြည့်ကာ သက်ပြင်းကို တိတ်တခိုးချမိ၏။ မိန်းကလေးက သွက်လက်ချက်ချာပြီး ဉာဏ်ပညာထက်မြက်မည့်ပုံ ပေါ်သည်။ သူ့အမေ မညိုမြလည်း ထက်မြက်သူသာ ဖြစ်သည်။ သို့သော် မညိုမြသည် အထက်တန်းပညာကို သင်ခွင့်မရခဲ့။ ယခုလည်း သူ့သမီး မညိုပြာသည် လေးတန်းမအောင်ခင် ကျောင်းထွက်ကာ လယ်ထဲ ဆင်းရဦးမည်လား မသိ။ အကယ်၍ သူကလေးသည် မြို့ကြီးပြကြီးမှ ခေတ်မီပြည့်စုံသော မိဘမှာသာ ပေါက်ဖွားခဲ့လျှင် ပညာတွေအများကြီးတတ်ကာ အထက်တန်းလွှာမှာ ဝင်ဆံ့နေမှာ မလွဲပေ။

ရွာမှာ မညိုပြာလို ကလေးတွေ များစွာရှိသည်။ ထို့အတူ မြန်မာနိုင်ငံ အရပ်ရပ်မှာ ရှိသည်။ အလှမ်းဝေးသော နေရာများအတွက်တော့ ကျွန်တော် တစ်ယောက်တည်း အင်အားဖြင့် မတတ်နိုင်။ ကျွန်တော်နှင့် အနီးဆုံးကိုတော့ အတတ်နိုင်ဆုံး ဖေးမဆောင်ရွက်ရန် ကျွန်တော် စိတ်အားထက်သန်လာမိသည်။

ဆေးရုံဝင်းထဲမှာ ကလေးတချို့ ပြေးလွှားဆော့ကစားနေကြ၏။ အိမ်သားတစ်ယောက် နေမကောင်းသည့်အတွက် လာရောက်ပြုစုသူများနောက်မှ မလွဲမရှောင်သာ ပါလာကြရသော ကလေးငယ်များဖြစ်သည်။

\+ \+ \+

'ဘယ်လိုဖြစ်ရတာလဲ ကိုရယ်၊ အရင်တစ်ပတ်တည်းက ပြန်မလာလို့ စိတ်ပူနေတာ'

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော့်ဇနီးသည်က ခရီးရောက်မဆိုက်ပင် ညည်းတွားရင်း မေးလိုက်၏။ ကျွန်တော်က အရေးတကြီး စာရေးခေါ်သဖြင့်သာ ရောက်လာရခြင်း ဖြစ်သည်။ ခါတိုင်း ရုံးပိတ်ရက် သို့မဟုတ် အားသည့်ရက်များတွင် ကျွန်တော် ရန်ကုန်သို့သွားကာ ဝါဝါနှင့် တွေ့ဆုံရသည်။

'ဘာမှမဖြစ်ပါဘူး ဝါဝါ၊ အေးအေးဆေးဆေး ထိုင်ပါဦး၊ ကို ပြောစရာတွေ အများကြီးရှိတယ်'

ဝါဝါက တစ်အိမ်လုံးကို မျက်လုံးဖြင့် ဝေ့ဝိုက်ကာ အကဲခတ်လိုက်သည်။ ပြီးတော့ သက်ပြင်းကို တိတ်တခိုးချ၏။ အိမ်ရှင်မသာ ရှိမည်ဆိုလျှင်တော့ ကျွန်တော့်အတွက်ရသော အိမ်ကလေးသည် နေချင့်စဖွယ်ဖြစ်မှာမလွဲ။

'ဒီတစ်ခါတော့ ကို ပြတ်ပြတ်သားသားပြောရလိမ့်မယ် ဝါဝါ၊ ကိုတို့ ခုလို တစ်ယောက်တစ်ကွဲ နေရတာလဲ ဘာမှ အဓိပ္ပာယ်မရှိဘူး၊ ပြီးတော့ ဝါဝါရဲ့ မဟာစီမံကိန်းကြီးအတွက် ဒီလိုလုပ်နေရတာလဲ ဘာမှ အကြောင်းမထူးဘူး၊ ကိုတို့မှာ ငွေကို မစုနိုင်တဲ့အပြင် တစ်ယောက်တစ်ကွဲ နေရလို့ ပိုတောင် အကုန်အကျများနေတယ် မဟုတ်လား'

'အို၊ ဒါတော့ ကိုက ငွေကို စုမှ မစုဘဲ၊ ပြီးတော့ဆေးခန်းဖွင့်ပါဆိုလဲ မဖွင့်ဘူး၊ ပုသိမ်မှာတုန်းက စုမိသားပဲ'

'ဒါလဲ ဟိုပြောင်း သည်ရွှေ့နဲ့ ကုန်ခဲ့ပြီမဟုတ်လား ဝါဝါရယ်၊ ကိုကသာ ကြိတ်မှိတ်စုပေးခဲ့ပေမယ့် ဝါဝါ ရန်ကုန်မှာနေရတဲ့အတွက် မစုမိတဲ့အပြင် အိမ်ကတောင် ပို့ ပို့ ပေးနေရတယ် မဟုတ်လား၊ ဒီမှာ ဆေးခန်းဖွင့်ဖို့ဆိုတာတော့ မဖြစ်နိုင်ဘူး ဝါဝါ၊ ဆရာဝန်ကြီးရော ကိုရော ဆေးရုံမှာတင် မအားမလပ်အောင် လုပ်နေကြရတယ်၊ ရန်ကုန်က ဆရာဝန်

www.burmeseclassic.com

www.burmeseclassic.com


တချို့ကသာ လာဖွင့်နိုင်တာ၊ တကယ်တမ်းဖြစ်လာတော့လဲ ဆေးရုံကိုပဲ အားကိုးပြီး ပြေးလာကြရတာ’

‘ကိုပဲ ဒီကိုပြောင်းချင်လှချည့်ရဲ့ဆိုပြီး ပြောင်းလာတာပဲလေ’

‘ဟုတ်တယ်လေ၊ အဲဒီအတွက်လဲ ကို ရှင်းပြခဲ့ပြီးပြီပဲ’

‘ခုကော ကိုက ဘာတွေဖြစ်စေချင်သေးလို့လဲ’

‘ဝါဝါ အလုပ်ထွက်ပြီး ဒီကို ပြောင်းလာဖို့ပဲ၊ ဒါမှမဟုတ်လဲ ဒီမှာရှိတဲ့ အလုပ်တစ်ခုခုကို ပြောင်းလုပ်’

‘အို ဟင့်အင်း၊ ကိုယ့်ရပ်ကိုယ့်ရွာမဟုတ်ဘဲ ဝါဝါ မနေချင်ဘူး’

‘ဝါဝါ လက်ထပ်ခဲ့တာလဲ ကိုယ့်ရပ်ကိုယ့်ရွာကလူမှ မဟုတ်ဘဲ ဝါဝါရယ်’

ကျွန်တော့်တွင် မထင်မှတ်ဘဲ အင်အားတွေ ရှိလာသလို အရှုံးမပေးလိုသော စိတ်ဆန္ဒတွေလည်း အားကြီးလာခဲ့ပြီ ဖြစ်ပါသည်။ ဇနီးသည်ကတော့ အကျောက်အကန် ငြင်းဆန်ဆဲပင်။

သို့သော် များမကြာမီ ကျွန်တော့်ဘက်က အောင်မြင်မှုရလာသည်။ ကျွန်တော်က ရန်ကုန်မပြန်ဘဲ နေပါများလာသောအခါ မိန်းမသားဖြစ်သော ဝါဝါသည် လိုက် လိုက် လာရ၏။ ကြာတော့ ကျွန်တော့်အိမ်ကလေးသည် ကျွန်တော်တို့နှစ်ယောက်၏ အိမ်ကလေး ဖြစ်လာသည်။ ဝါဝါသည် သူ၏ မွမ်းမံပြင်ဆင်မှုအောက်မှာ သပ်ရပ်လှပလာသော အိမ်လေးကို တစ်စထက် တစ်စ ခင်တွယ်လာသည်။ နောက်ဆုံးတော့ ရုံးမှ ခွင့်ရက်ရှည်ယူကာ လာနေ၏။ ကျွန်တော်က ဝါဝါကို အပြီးအပိုင်နေဖြစ်ရန် သိမ်းသွင်းရသည်။

ကျွန်တော့်အထက်မှ ဆရာဝန်ကြီး ပြောင်းရွှေ့သွားသဖြင့် ဒေသခံ ဖြစ်သော ကျွန်တော်သည် ဆရာဝန်ကြီး၏ နေရာမှာ ဝင်ရ၏။ ဝါဝါသည်လည်း ‘ဆရာဝန်ကြီးကတော်၊ ဆရာဝန်ကြီးကတော်’ ဟူ၍ ရိုသေကိုင်းရှိုင်းစွာ

www.burmeseclassic.com

www.burmeseclassic.com


ဆက်ဆံတတ်သော နယ်သူနယ်သားတွေနှင့် ရင်းနှီးခင်မင်လာသည်။ မကြာခင် ကျွန်တော့် စီမံကိန်းလည်း အောင်မြင်လာ၏။ ဝါဝါသည် ကျွန်တော့်အပါးမှာ အမြဲနေရန် ဆုံးဖြတ်သည့်အခြေသို့ ဆိုက်ရောက်ခဲ့ပေပြီ။ တစ်ကြောင်းကလည်း ကျွန်တော်တို့အိမ်ထောင်ရေးတွင် လိုအပ်နေသော အရာတစ်ခုကို ဖြည့်ဆည်းရန်အတွက် ဝါဝါ့တွင် ရင်သွေးတစ်ယောက်ကို လွယ်ထားရပြီ ဖြစ်လေသည်။

\+ \+ \+

ယခုတော့ ကျွန်တော် ရွာကို မကြာ မကြာ ရောက်၏။ ကျွန်တော် မသွားလျှင်လည်း အဖေက ပဲရောင်း၊ စပါးရောင်းရင်း ရောက် ရောက် လာတတ်သည်။ အဖေသည် ကျွန်တော့်ကို အမူအရာဖြင့် ခွင့်လွှတ်စပြု၏။

ကျွန်တော် ရွာကိုရောက်တိုင်း မညိုမြတို့အိမ်ကို ဝင်သည်။

အေးမောင်သည်လည်းကောင်း၊ မညိုမြသည်လည်းကောင်း၊ သူတို့သမီးကလေး မညိုပြာသည်လည်းကောင်း ကျွန်တော့်ကို ချစ်ခင်ရင်းနှီးစွာ ကြိုဆိုကြ၏။ စိတ်မကောင်းစရာကောင်းသည်မှာ အေးမောင်သည် ပိုးထိသည့် ဒဏ်ရာကြောင့် ခြေထောက်တစ်ဘက် မသန်တော့ခြင်းပင်။ မညိုမြက ဦးဆောင်ဦးရွက်ပြုကာ လုပ်တတ်ကိုင်တတ်၍ တော်သေး၏။ မညိုမြတို့တွင် မညိုပြာသာမက နောက်ထပ်ကလေးအငယ်နှစ်ယောက် ရှိသေးကြောင်းကိုပါ သိရသည်။

ယခုအချိန်မှာ ကျွန်တော် စိတ်ဝင်စားနေသည်ကတော့ မညိုပြာပင်။ သည်နှစ် မညိုပြာ လေးတန်းအောင်ပေပြီ။ မညိုပြာကို ကျောင်းဆက်ထားရေး အတွက် ကျွန်တော် ပြောရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com


အစပထမတော့ မညိုမြက အင်တင်တင်။

'သူက အကြီးဆုံးဖြစ်နေတာ ကိုအောင်ခိုင်ရဲ့၊ ဈေးလဲရောင်းတတ်နေပြီ၊ ထမင်းချက် ကလေးထိန်းလဲ သူ့ပဲ မျက်နှာလွှဲနေရတာ'

'ဒါပေမယ့် လောလောဆယ် သက်သာတာလေးကို မကြည့်နဲ့လေ မညိုမြ၊ သူတို့ဘဝ တစ်သက်လုံးကောင်းစားရေးအတွက် လုပ်ပေးရမယ့်ဝတ္တရားရှိတယ်'

'ဟုတ်တော့ ဟုတ်ပါတယ်လေ၊ ကျွန်မလဲငယ်ငယ်က ကိုအောင်ခိုင်တို့လို ကျောင်းနေချင်တာ၊ အမေက မထားလို့ မနေခဲ့ရတာပါပဲ'

'အဲဒါပြောတာပေါ့ မညိုမြရယ်'

ကျွန်တော်က လေးလေးစားစားပြောတော့ မညိုမြကလည်းကောင်းကောင်းမွန်မွန် ပြန်ပြောသည်။ သို့သော် မညိုမြ တွေဝေနေဆဲ။ အေးမောင်တစ်ယောက်ကတော့ အင်းမလုပ် အဲမလုပ် ဖြစ်နေသည်။ သူကစိတ်ဓာတ်ကျနေသည်။

'သမီးကကော နေချင်လို့လား'

မညိုမြက သူ့သမီးကို မေးသည်။

'နေချင်တယ် အမေ၊ ဦးဦး ဆရာဝန်ကပြောတယ်၊ သူ့အိမ်ကနေပြီးကျောင်းတက်ရမယ်တဲ့၊ ဆရာဝန်ဖြစ်အောင် ထားပေးမယ်တဲ့'

မညိုပြာက ကျွန်တော် သင်ထားသည့်အတိုင်း ပြန်ပြောသည်။ မညိုမြရော အေးမောင်ကပါ ကျွန်တော့်ကို ကြည့်ကြ၏။

'မင်းကို ကျေးဇူးတင်ပါတယ် အောင်ခိုင်ရာ၊ ငါတို့ကတော့ ရရစားစားဆိုတော့ အဲဒီလောက်လဲ မတတ်နိုင်တာ အမှန်ပါပဲ၊ အငယ်တွေကလဲ ရှိသေးတယ် မဟုတ်လား'

မညိုမြကတော့ စိတ်လှုပ်ရှားစွာ ကျွန်တော့်ကို ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com


'မိန်းကလေးပဲ ဒီလောက်တော့ မလိုပါဘူး ကိုအောင်ခိုင်ရယ်၊ ကိုးတန်း ဆယ်တန်းလောက် အောင်ရင် ဆရာမလေး ဘာလေးလုပ်တော်ပြီပေါ့၊ ဒါတောင် သူတို့ကို အလိုလိုက်လို့ပါ၊ နို့မို့ရှိ ခြံထဲမှာပဲ ခိုင်းရမှာ၊ ကျုပ်တို့တုန်းကလဲ ဒီလိုပဲ လုပ်ခဲ့ရတာပဲ'

'ဒါတော့ ခေတ်က အရင်လို မဟုတ်တော့ဘူးလေ မညိုမြရယ်'

ပြောသာ ပြောရသည်။ ကျွန်တော်သည် ကလေးပေါင်းများစွာထဲမှာ မညိုပြာ တစ်ယောက်ကိုပင် မနည်းဆွဲထုတ်နေရသည်ကို စဉ်းစားမိ၏။

'အင်းလေ နေချင်လဲ နေကြည့်ဦးပေါ့၊ ခု ကိုအောင်ခိုင့် မိန်းမလဲ ရောက်နေပြီနော်'

'အင်း တို့မှာ သားသမီးလဲမရှိဘူး၊ ဝါဝါကလဲ သူ့ကို မြင်ရင်ချစ်မှာ၊ သူလဲ အဖော်မရှိဘူးလေ၊ ပြီးတော့ သမီးအနေနဲ့လဲ ဒီကနေ နေ့စဉ်ကျောင်းလာတက်ရရင် မိန်းကလေးဆိုတော့ မလွယ်ဘူး၊ ဒါကြောင့် ပြောတာ၊ ကျောင်းပိတ်ရက်တော့ ရွာကိုပြန်ပေါ့၊ မဟုတ်ဘူးလား'

မညိုမြတို့ ဇနီးမောင်နှံက သဘောမတူချင် တူချင်ဖြင့် တူလိုက်ကြသည်။ ကျွန်တော်ကတော့ တကယ့် ကယ်တင်ရှင် အကျိုးတော်ဆောင်ကြီးတစ်ယောက်အဖြစ် ကျွန်တော့်ကိုယ်ကျွန်တော် ဝမ်းမြောက်ဂုဏ်ယူမိ၏။ နှမ်းတစ်လုံးတည်းနှင့် ဆီမဖြစ်ဟု ဆိုသော်လည်း မျိုးကောင်းတစ်စေ့ချနိုင်ရင်လည်း မနည်းဟု အောက်မေ့မိလေသည်။ လယ်ကွင်းထဲက လူငယ်တွေကို ပညာတတ်ကြီးတွေအဖြစ် ကျွန်တော် ဖန်တီးလိုဆဲရှိသေးသည်။

\+ \+ \+

'ဝါဝါ့အတွက်တော့ အဖော်ရပြီဟေ့'

www.burmeseclassic.com

www.burmeseclassic.com


မညိုမြ၏ ကိစ္စနှင့်ပတ်သက်၍ ကျွန်တော်နှင့် ဝါဝါကြိုတင်ဆွေးနွေးပြီး ဖြစ်သည်။ သိပ်ပြေလည်လှသည် မဟုတ်သော်လည်း ပြဿနာတော့ကြီးကြီးကျယ်ကျယ် မရှိပါ။

မညိုပြာသည် သူ့ အဝတ်အစားကလေးနှင့် အိပ်ရာလိပ်ကလေးကိုင်ကာ သပ်သပ်ရပ်ရပ်ပင် ရောက်လာပါသည်။ ဆန်၊ ဆီ၊ ငါးပိ စသည်တို့လည်း သူ့အမေက ထည့်ပေးလိုက်သေးသည်။ မညိုမြ၏ မာနကိုလည်း ကျွန်တော် လေးစားမိရသည်။

'အင်း၊ ရုပ်ကလေးကတော့ သားသားနားနားပါပဲနော်'

ချီးကျူးသည်လား၊ ဘာလား ခွဲခြားမရသော မှတ်ချက်ကိုဝါဝါကပေး၏။

'သမီးရဲ့ အလုပ်က အဓိက ကျောင်းမှန်မှန်တက်ဖို့ရယ်၊ စာကြိုးစားဖို့ရယ်ပဲနော်၊ ကျန်တဲ့အချိန်မှာတော့ ဦးဦးမရှိရင် အန်တီ့အနားမှာ အဖော်ရအောင် နေရမယ်၊ နည်းနည်းပါးပါး ကူလုပ်ရမယ်၊ ဒါပဲနော်၊ ပြီးတော့ သမီးကိုယ် သမီးလဲ သန့်သန့်ရှင်းရှင်း နေရ စားရမယ်'

ဝါဝါက ကျွန်တော့်ကို မျက်စချီ၍ ကြည့်၏။

'ဘယ်လိုလဲ ကိုရဲ့၊ ဝါဝါက သူ့ကို သမီးလို့ ခေါ်ရမှာလား'

'အို ဒါတော့ မင်းကြိုက်သလိုခေါ်ပေါ့၊ ကဲ သမီး၊ ဟိုဘက်က အခန်းကလေးက သမီးအတွက်ပဲ၊ အဲဒီမှာ စာရေးစားပွဲလဲရှိတယ်၊ မနက်ကျမှ ဦးဦးကိုယ်တိုင် ကျောင်းလိုက်အပ်ပေးမယ်'

မညိုပြာသည် ကျွန်တော်တို့နှစ်ယောက်ရှေ့မှာ ခေါင်းကလေးငုံ့ကာ ဝင်သွား၏။ ရောက်ရောက်ချင်း ဝါဝါပြုမူပုံကို ကျွန်တော်မကြိုက်သဖြင့် ဘာမျှ ကျွန်တော်မပြောဘဲ နေလိုက်သည်။

'မောင်သောင်း၊ အဲဒါတွေ သိမ်းလိုက်'

www.burmeseclassic.com

www.burmeseclassic.com


ဝါဝါကလည်း မညိုပြာ ယူလာသော စားသောက်ဖွယ်ရာ ပစ္စည်းများကို သိမ်းရန် တပည့်ဖြစ်သူကို မေးငေါ့၍ပြောရင်း အခန်းထဲသို့ ဝင်သွားလေသည်။

ကျွန်တော်၏ လုပ်ဆောင်ချက်များသည် လိုအပ်တာထက် ပိုမိုလွန်ကဲနေလို့များလားဟု တွေးရင်း ကျွန်တော် ကျန်ရစ်သည်။

\+ \+ \+

'အေ တစ်ခု၊ တစ်ကောင်၊ တစ်ယောက်၊ စီအေတီ ကက်ထ် ကြောင်၊ အာရ်အေတီ ရက်ထ် ကြွက်၊ ဘီအေတီ ဘက်ထ် ဘတ်တံ'

ကျွန်တော်ဆေးရုံမှ ပြန်ရောက်ချိန်တွင် မညိုပြာ၏ စာကျက်သံကလေးကို ကြားရ၍ ရင်ထဲမှာ ကြည်နူးသွားသည်။ အိမ်ရှေ့မှ ကျွန်တော့်ခြေသံကြားသည်နှင့် မညိုပြာသည် ပြေး၍ ထွက်လာသည်။ ကျွန်တော့်လက်ထဲမှ ပစ္စည်းပစ္စယများကို လှမ်းယူသည်။ နေရာတကျထားသည်။

'ဦးဦး ဆရာဝန်ကြီး၊ သမီးကို ကြည့်ပါဦး၊ ဆံပင်တွေ ညှပ်ထားတယ်'

'ဟေ တယ်ဟုတ်ပါလား၊ ဘယ်သူညှပ်ပေးလဲ၊ အန်တီ ဝါဝါလား'

'မဟုတ်ဘူး ဦးဦးရဲ့'

မညိုပြာက အနားတွင်ရပ်ကြည့်နေသော မောင်သောင်းကို လှမ်းကြည့်သည်။ မောင်သောင်းက စပ်ဖြီးဖြီးလုပ်နေသည်။

'ကျွန်တော့်လက်ရာလေ ဆရာရဲ့၊ မလှဘူးလား'

သည်တော့မှ ကျွန်တော် သေသေချာချာ ကြည့်မိသည်။ နဂိုက ဆံရစ်ဝိုင်းမကျ ဆံတောက်မကျဖြစ်နေသော မညိုပြာ၏ ဆံပင်သည်

www.burmeseclassic.com

www.burmeseclassic.com


ယခုတော့ မောင်သောင်း၏ လက်ချက်ဖြင့် အုန်းမှုတ်ခွက်လိုလို၊ ဗိုလ်ဆံတောက်လိုလို ဖြစ်နေသည်။

'မင်းကလဲကွာ၊ ကလေးကို အရမ်းလျှောက်လုပ်တာပဲ၊ နဂိုအတိုင်း လေးလဲလှသားနဲ့'

'အန်တီဝါဝါက ညှပ်ခိုင်းတာ ဦးဦးရဲ့'

'မညှပ်လို့ ဘယ်ဖြစ်မလဲ၊ ခေါင်းထဲမှာ သန်းတွေကို အများကြီး'

အခန်းထဲမှ ဝါဝါက လှမ်းပြောသည်။

'ကဲ ကဲ နောက်နေ့ကျရင် ဈေးကဆိုင်မှာ သွားပြင်ညှပ်ချေနော်၊ ဦးဦး ထမင်းဆာလှပြီဟေ့၊ မောင်သောင်းရေ ထမင်းပြင်တော့'

ကျွန်တော် ဝါဝါနှင့် အချေအတင် မပြောတော့ပါ။

'ကဲ ဝါဝါရေ၊ ထမင်းစားရအောင်'

'ဝါဝါ စားပြီးပြီ ကို'

ခါတိုင်းဆိုလျှင် ဝါဝါသည် ကျွန်တော့်ကိုစောင့်ပြီးမှ ထမင်းစားသည်။ မနေ့က ကျွန်တော်က မညိုပြာကို ကျွန်တော်နှင့်အတူ ထမင်းဝင်စားရန် ခေါ်မိသည်။ မညိုပြာ လက်ကို ရေဆွတ်ရုံ ပြီးစလွယ်ဆေးပြီး ဝင်လာခဲ့၏။ ဝါဝါ နှာခေါင်းရှုံ့မှ ကျွန်တော် သေသေချာချာ ကြည့်မိသည်။

'သမီး လက်ကို ဆပ်ပြာနဲ့ သေသေချာချာ ဆေးခဲ့၊ ပြီးတော့ လက်သည်းတွေကိုလဲ စင်အောင်ညှပ်ဦးနော်၊ နောက်ကို လက်ပေပေကြီးနဲ့ ထမင်းမစားနဲ့၊ အခုတော့ ဇွန်းနဲ့ပဲစားလိုက်တော့'

မညိုပြာသည် ကျွန်တော်တို့လို ဇွန်းနဲ့ ခက်ရင်းကိုကိုင်၍ ထမင်းစားရသဖြင့် ကောင်းကောင်း မစားနိုင်ရှာပါ။ ကျွန်တော်တို့လည်း တောသားပီပီ လက်နှင့်စားရမှ အားရခဲ့သည်။ ငယ်ငယ်ကဆိုလျှင် လယ်ထဲမှာ မြေပဲငရုတ်နုတ်အပြီး လက်ဝါးနှစ်ဘက်ကို ရိုက်ခတ်ကာ ပြီးစလွယ် ဆေးကြော

www.burmeseclassic.com


စားသောက်ကြမြဲပင်။ သို့သော် ကျန်းမာရေးအတွက် ကောင်းရာ ကောင်းကြောင်းမို့ မညိုပြာကို သန့်သန့်ရှင်းရှင်း နေထိုင်စားသောက်ဖို့ သင်ရသည်။

ထမင်းစားပွဲမှာ ကျွန်တော်တစ်ယောက်တည်း ဖြစ်၏။

'သမီးကော တစ်ခါတည်း စားလေ'

'စားပြီးပြီ ဦးဦး'

'ဘယ်သူနဲ့စားလဲ၊ အန်တီ ဝါဝါနဲ့လား'

'မဟုတ်ဘူး၊ ဦးဦး ကိုမောင်သောင်းနဲ့'

'ဪ အေး အေး၊ ပြီးရင် စာသွားကျက်တော့'

မညိုပြာသည် ကျွန်တော့်နားမှာပင် မယောင်မလည် ရပ်နေ၏။ ကျွန်တော်က တစ်စုံတရာများ ပြောစရာရှိလေသလားဟူ၍ လှမ်းကြည့်သည်။ မညိုပြာ၏ မျက်လုံးများသည် စိုစွတ်တောက်ပနေကြသည်။

'ဘာလဲ သမီး၊ ဘာပြောမလို့လဲ'

'ဟိုလေ သန်ဘက်ခါ ကျောင်းပိတ်တယ်လေ ဦးဦး၊ သမီး အဲ ကျွန်မ ကျွန်မ မနက်ဖြန်ညနေ ရွာကို ပြန်ရမလားလို့ပါ'

'ဪ အေး အေး၊ ကျောင်းမှ တက်မယ်မကြာသေးဘူး၊ ရွာကို လွမ်း နေပြီလား၊ မနက်ဖြန်လူကြုံရှိရင် ပြန်တာပေါ့ကွယ်၊ ဒါပေမယ့် ကျောင်း တက်အမီ ပြန်လာရမယ်နော်'

'ဟုတ်ကဲ့ရှင့်'

ကျွန်တော်သည် မညိုပြာ၏ ပြောဆိုပြုမူပုံကလေး ပြောင်းလဲသွားသည်ကို သတိထားမိသော်လည်း စူးစမ်းခြင်းတော့ မပြုပေ။

မညိုပြာသည် ဖွဲ့တော့ကောင်း၏။ ပညာကိုလည်း လိုလိုချင်ချင် ရှိသည်။ ကျွန်တော်က ဝါဝါ၏ ဆက်ဆံရေးကြောင့် မညိုပြာ စိတ်ညစ်ပြီး ပြန်မလာမှာကို စိုးရိမ်မိသော်လည်း မညိုပြာသည် အပတ်စဉ် မှန်မှန်ပြန်လာ

www.burmeseclassic.com

www.burmeseclassic.com


၏။ ပြီးတော့ သူ့ဉာဉ်ကလေးက ကောင်းသည်မှာ ကျွန်တော်တို့အိမ်က အကြောင်းကို သူ့အိမ်သို့ ဘာမျှပြန်မပြောသလို သူ့အိမ်အကြောင်းကိုလည်း သယ်မလာပေ။ မညိုပြာ၏ အကင်းပါးမှုကြောင့် ဝါဝါ၏ တင်းမာသယောင် ရှိသော သဘောထားမှာလည်း တဖြည်းဖြည်း ပြောင်းလဲလာခဲ့သည်။

'အမလေး၊ ဒီမှာ ကိုသမီးက လာကြွားနေတယ်၊ လပတ်စာမေးပွဲမှာ အဆင့်ငါး ရတယ်တဲ့'

'ဟင် ဟုတ်လား၊ ပြစမ်းပါဦး'

မညိုပြာက သူ့ကျောင်းမှပေးလိုက်သော ရီပို့ကတ်လေးကို တပြပြ ဖြစ်၍နေသည်။

'အင်္ဂလိပ်စာ ၅၀ တောင် ရပါကလား၊ သင်္ချာက ၈၀၊ မဆိုးဘူး ဝါဝါရေ၊ မဆိုးပါဘူး၊ သမီး ဒီထက်ပိုကြိုးစားလိုက်ရင် အဆင့်တစ်ရဖို့ မဝေးတော့ဘူး'

'ကိုတို့ ဘောလယ်သားတွေက တော်တယ်နော်၊ ဟင်း ဟင်း'

ဝါဝါက ရယ်သွမ်းသွေး၏။

'တော်တဲ့လူတွေ အများကြီးပေါ့ ဝါဝါရယ်၊ ဘယ်နေရာမှာမဆို တော်တဲ့လူတွေ ရှိတာပဲ၊ တော်တဲ့အစွမ်းအစကို ထုတ်ပြခွင့် မရကြလို့သာ'

'ဒါကြောင့် ကိုက နွံထဲက ပတ္တမြားတွေကိုဖော်ထုတ်ပေးနေတာပေါ့ ဟုတ်လား၊ ဟား ဟား'

ဇနီးသည်က မည်မျှ ပြက်ရယ်ပြုသည်ဖြစ်စေ၊ ကျွန်တော်ကတော့ ကျွန်တော့်လုပ်ရပ်အတွက် ကျွန်တော် ဂုဏ်ယူနေမိ၏။ အမေသာ ဟင်းရွက် ရောင်းရင်း ကျွန်တော့်ကို ကျောင်းမပို့ခဲ့လျှင် ကျွန်တော်လည်း ဆရာဝန် ဖြစ်လာမည် မဟုတ်။ မညိုပြာကလေး ဆရာဝန် မဖြစ်လျှင်နေပါစေ၊ သူ့

www.burmeseclassic.com

www.burmeseclassic.com


အမေပြောသလို ကျောင်းဆရာမကလေး ဖြစ်လျှင်လည်း ကျွန်တော် ကျေနပ်သည်။

အိမ်မှာ အနေကြာလာတော့ မညိုပြာသည် အစစအရာရာလိမ္မာရေးခြားရှိလာ၏။ ဝါဝါ၏ စည်းစနစ်ကြောင့် သန့်သန့်ရှင်းရှင်း နေတတ်စားတတ်လာသည်။ အိမ်အလုပ်ကိုလည်း ဝိုင်းဝန်းကူညီ၍ လုပ်ကိုင်ပေး၏။ ကျွန်တော် နယ်ဆင်းရသည့်အခါ ဝါဝါ့အတွက် အဖော်ဖြစ်နေသည်။ မပေါ့မပါးဖြစ်နေသော ဝါဝါ့ကို အစစအရာရာ အလိုက်တသိလုပ်ပေးသည်။ သူ့စာကိုလည်း သူ ကြိုးစားသည်။

ကျွန်တော်တို့ သူ့ကို ကျောင်းထားပေးရသည်ဆိုသော်လည်း လုံးဝဥဿုံ တာဝန်ယူရသည် မဟုတ်။ အဝတ်အစားဖိုး၊ စာအုပ်ဖိုးသာ ကုန်သည်။ အစားအသောက်နှင့် မုန့်ဖိုး ပဲဖိုးလောက်ကိုတော့ သူ့အမေက ပေးလိုက်စမြဲ။

မညိုပြာ စာမေးပွဲနီးလာတော့ ကျွန်တော်တို့က သူ့ကို ရွာမပြန်ခိုင်းတော့။ အိမ်မှာပင် စာကျက်စေသည်။ ထိုအခါ မညိုပြာ မျက်နှာမကောင်းလှပေ။

'မညိုပြာ ရွာကို မှာစရာရှိတာ မှာလိုက်၊ ဦးဦး ရွာကိုသွားမလို့၊ စာမေးပွဲနီးလို့ စာကျက်ပျက်နေမယ်၊ မလိုက်နဲ့တော့နော်'

မညိုပြာက ခေါင်းမညိတ်ချင် ညိတ်ချင် ညိတ်သည်။

မရောက်တာကြာသော ရွာသို့ ကျွန်တော် တစ်ယောက်တည်း လာခဲ့ရ၏။ အဖေ့ဆီ အရင်ဝင်သည်။ အဖေသည် တူသား လုပ်ဖော်ကိုင်ဘက်များနှင့် လယ်ကွင်းထဲ ဆင်းဆဲ။

'အိမ်၊ မင်းကို ငါပြောရဦးမယ်၊ မညိုမြ သမီးကလေးကိုမင်းက ကျောင်းခေါ်ထားပေးဆို'

www.burmeseclassic.com

www.burmeseclassic.com


'ဟုတ်တယ် အဖေရ၊ ကောင်မလေးက စာလဲသိပ်တော်တာပဲ၊ ထားရကျိုးနပ်ပါတယ်'

ကျွန်တော်က ဝင့်ကြွားစွာ ပြောလိုက်သည်။ သို့သော် အဖေ စကား တစ်ခုခုကို တမင် အစပျိုးပြီဆိုလျှင်တော့ အကြောင်းတစ်ခုခုရှိသည်သာ ဖြစ်၏။ ချီးမွမ်းချင်လို့တော့ မဖြစ်နိုင်။

'မင်းကသာ ထားရကျိုးနပ်နေ၊ ဟိုမယ်ဖြင့် ညိုမြတို့လင်မယား ခါးချည့်လို့ သေတော့မယ်'

'ဘာဖြစ်လို့လဲအဖေရဲ့၊ ဒီကလေးတစ်ယောက်ကျောင်းထားရတာနဲ့ သူတို့အတွက် ဘယ်လောက်များ ထိခိုက်လို့လဲ'

'ဟ ဒီကလေးက တစ်ယောက်ဆို တစ်ယောက် အားထားရတာ၊ ကျန်တာတွေက ပုစုခရု၊ အေးမောင်ကလဲ ခြေကမသန်၊ ညိုမြက လယ်ထဲ ဆင်းရ၊ ထမင်းချက်ရနဲ့ ကလေးတွေလဲ ဖြစ်ချင်ရာဖြစ် ပစ်ထားတာ လူရုပ်ကို မပေါ်တော့ဘူး'

မညိုပြာအောက် ကလေးများကို ကျွန်တော် သွားသတိရသည်။ သူတို့လည်း ကျောင်းနေရမည့်အရွယ် ရောက်နေပြီ။ အဖေက ဆက်ပြော သေး၏။

'မင်းကသာ ကျောင်းနေနိုင်တာ၊ မင်းအစ်မတွေ ညီမတွေက ဘယ်နေရလို့လဲ၊ လယ်သမား သားသမီးက လယ်ထဲဆင်းရတာပဲကွ၊ မဆင်းဘဲနေလို့ရတာ တစ်ယောက်တလေ၊ မင်းတစ်ယောက် ဆရာဝန် ဖြစ်တိုင်း အားလုံးဖြစ်နိုင်မယ် ထင်လို့လား'

ပြောခဲ့ဆိုခဲ့သော အဖေသည် ထိုမျှနှင့်ရပ်သွား၍ တော်ပါသေး၏။

ကျွန်တော် အဖေ့အတွက် လိုအပ်သည့်ဆေးဝါးများပေးပြီး ပြန်လာခဲ့ ရသည်။ မညိုမြတို့အိမ်ကို မဝင်ချင်သော်လည်း ဝင်ကြည့်ရ၏။

www.burmeseclassic.com

www.burmeseclassic.com


ခြံထဲမှာ အသီးအနှံကလေးတွေ စိမ်းစိမ်းစိုစို ရှိနေသော်လည်း လူတွေကတော့ ပြောင်ပြောင်လက်လက် မရှိလှ။ အေးမောင်က ကောက်ရိုးများကို မနိုင့်တနိုင် သယ်လျက်ရှိ၏။ မညိုမြသည် ယခင်ကထက် ပိန်ကျသွားကာ အသားက မည်းခြောက်နေသည်။ ကလေးနှစ်ယောက်က အိမ်အောက်မှာ ဘောင်းဘီမပါဘဲ ဆော့ကစားနေကြ၏။ အနီးကပ်ကြည့်တော့ ညိုမြ၏ ဝမ်းစူစူပုံ့ပုံ့ကို သတိထားလိုက်မိသည်။ မွေးပဲ မွေးနိုင်လွန်း။ စိတ်ထဲက ရေရွတ်လိုက်မိ၏။

စီမံကိန်းအချကောင်းသော ကျွန်တော့်ဇနီးက အိမ်ထောင်သက် ဆယ်နှစ်ကျော်မှ ကလေးတစ်ယောက် အနိုင်နိုင်မွေးသည်။ ကျွန်တော့်နောက်မှအိမ်ထောင်ပြုသော ညိုမြက ကလေးသုံးယောက် မွေးပြီးနေပြီ။

'သမီး ပါမလာဘူးလား ကိုအောင်ခိုင်'

ညိုမြက ဆီး၍မေးသည်။

'မပါဘူး၊ စာမေးပွဲနီးနေလို့ စာကျက်ခိုင်းထားခဲ့တယ်'

'ဩော် ဩော်'

မညိုမြ အသံက တက်တက်ကြွကြွ သိပ်မရှိလှ။

'နင့်သမီးက တော်တယ်ဟာ၊ လိမ်လဲ လိမ္မာတယ်'

'ဟုတ်တယ်တော့၊ ဒါကြောင့် သူ့ပဲ အားကိုးနေရတာ၊ ပြန်လာတယ်ဆိုရင်လဲ အဝတ်တွေအကုန်စုလျှော်၊ တစ်ခြံလုံးလုပ်ပေးသွားတာပဲ၊ တစ်ပတ်စာလေ'

ကျွန်တော်က မညိုပြာတစ်ယောက် တစ်ပတ်တစ်ခါ အိမ်မပြန်ဘဲ မနေနိုင်သည်ကို သတိရမိသည်။

'စာမေးပွဲလဲ ပြီးတော့မှာပါဟာ'

www.burmeseclassic.com

www.burmeseclassic.com


'အေးတော် ပြီးပါမှပဲ၊ မနှစ်က စပါးကလဲ မရ၊ ငရုတ်ကလဲ ဈေးကျတော့ သိပ်ကသီတာပဲ၊ အရေးထဲကိုအေးမောင်ကလဲ ပိုးထိ၊ ပြောမပြောချင်ပါဘူး'

'ညိုမြကလဲ ဘာတွေ ပြောနေတာလဲ၊ ညော့်သည့်ကို အကြမ်းအိုးကလေး ဘာကလေး လုပ်ပါဦး'

ကိုအေးမောင်က အိမ်ပေါ်ကို အားယူတက်လာရင်း ပြောသည်။

'လုပ်မနေနဲ့တော့၊ ပြန်တော့မှာ၊ သမီးဆီ ဘာမှာဦးမလဲ'

'ကောက်ညှင်းဆန်လေး နည်းနည်းနဲ့ မုန့်ဖိုးကလေး ပေးလိုက်ချင်တယ်'

ညိုမြ အိမ်ခေါင်းရင်း ဘုရားစင်ဆီ ထသွားမည်ပြုသည်။ ဝါးကျည်တောက် စဘူးကို ထောင်လျက်သားလှမ်းမြင်နေရသည်။ အမေရှိစဉ်က ဝါးကျည်တောက်ဖြင့် ပိုက်ဆံအကြွေတွေ စုတတ်သည်ကို ကျွန်တော် သတိရ၏။

မညိုမြသည် တတ်နိုင်၍မဟုတ်ဘဲ သူ့သမီး မျက်နှာငယ်မှာစိုး၍ ထောက်ပံ့နေကြောင်း ကျွန်တော် ရိပ်မိ၏။

'နေပါစေ၊ ပေးမနေနဲ့၊ အိမ်ကလဲပေးနေတာပဲ၊ သူ့အတွက် မလိုပါဘူး'

ကျွန်တော် ခပ်သုတ်သုတ်ပင် ပြန်ဆင်းလာခဲ့၏။

စက်ဘီးကိုနင်းကာ ချောင်းကမ်းပါးအတိုင်း ပြန်လာခဲ့၏။ ချောင်းထဲတွင် ရေနည်းလျက် ရှိပြီ။ လက်ရက်တွင်းကလေးများ ပေါ်နေပြီ။ အကာအရံများ ပျက်စီးယိုယွင်းစပြုသော မူလတန်းကျောင်းအိုကလေးမှ ကျောင်းသားကလေးတွေ ပြေးထွက်လာကြသည်။ ပင်ပန်းနွမ်းနယ်နေဟန်တူသော ဆရာကြီးက နောက်မှပါလာ၏။ ကျွန်တော်က ဆရာကြီးကို

www.burmeseclassic.com

www.burmeseclassic.com


နှုတ်ဆက်ရန် စက်ဘီးပေါ်မှ ဆင်းလိုက်သည်။ ဆရာကြီးက ကျွန်တော်တို့ ငယ်စဉ်က သင်ခဲ့ရသော ဆရာကြီးမဟုတ်တော့။ သို့သော် ယခင်ဆရာကြီး ကဲ့သို့ပင် မည်းမည်းကြုတ်ကြုတ်၊ နွမ်းနွမ်းစုတ်စုတ်။ တပည့်တွေကလည်း နုပ်တရှုပ်ရှုပ်၊ ပေပေနုပ်နုပ်။

'သြော် ဆရာဝန်ကြီးပါလား၊ တွေ့တုန်းပြောရဦးမယ်၊ ရေက နည်းတော့ ဝမ်း စိုးရိမ်ရတယ်ဗျ၊ တစ်နေ့ကတောင် အနောက်ပိုင်းမှာ ဘာလိုလို'

'ဟုတ်လား၊ ကျွန်တော်အဖွဲ့နဲ့ဆင်းခဲ့ဦးမယ် ဆရာကြီး'

'အေး၊ လုပ်စမ်းပါဦးကွ'

ကျွန်တော် ဆက်လက်ထွက်ခွာလာခဲ့၏။ ရေကို ကျိုချက်သောက်ဖို့ ပြောဦးမည်ကြံသော်လည်း မပြောဖြစ်။ ကလေးများသည် ကျွန်တော့် စက်ဘီးကိုနောက်ကို လိုက်ဆွဲကာ ဟေးကနဲ အော်လိုက်ကြသည်။ ကျွန်တော့် နားထဲမှာတော့ ခင်ဗျား ကျွန်တော်တို့ရွာသားတွေထဲက နောက်ထပ် ဆရာဝန် ဘယ်နှစ်ယောက်လောက်များ မျှော်လင့်နေသေးသနည်းဟု မေးနေ သယောင် ထင်ရသည်။

\+ + +

'ကြည့်ပါဦး ကို၊ ကလေးက အသားလဲဖြူတယ်၊ ကိုနဲ့ တူတယ်နော်၊ နားရွက်ကလဲ အကြီးကြီးပဲ၊ ဉာဏ်ကောင်းမှာ ကိုရဲ့၊ တစ်ဦးတည်းသောသား ဆိုတော့ သေသေချာချာ ပြုစုပျိုးထောင်ပေးရမယ်'

ဝါဝါက ကျွန်တော်တို့၏ သားဦးကို တစ်ဦးတည်းသောသားဟုပင် သတ်မှတ်သည်။ ဖြစ်နိုင်စရာအကြောင်းရှိ၏။ သည်အသက်အရွယ်ကျမှ

www.burmeseclassic.com

www.burmeseclassic.com


နောက်ထပ် သားသမီးလည်း မလိုချင်တော့ပြီ။ ကလေးသည် ဝါဝါပြောသလို ပင် အသားဖြူဖြူလေး။ ကျွန်တော်တို့သည် အချိန်ကာလကြာမြင့်စွာ ကပင် အစစပြင်ဆင်ထားခဲ့ကြသဖြင့် သားအတွက် အရာရာသည် ပြည့်စုံပြီး ဖြစ်၍နေသည်။ နောက်ထပ် လိုအပ်သမျှကို ဖြည့်ဆည်းပေးရန်လည်း အသင့်ရှိနေကြသည်။

'ကို့ သားကတော့ ကို့လိုပဲ ဆရာဝန်ကြီးဖြစ်မှာ သေချာပါတယ်၊ ဟင်း ဟင်း၊ မဟာနဖူးကြီးကလဲ အကျယ်ကြီးပဲ'

'တောက ချောင်းထဲ မြောင်းထဲမှာ ဆော့နေတဲ့ ကလေးတွေထဲမှာလဲ နဖူးကျယ်ကျယ် နားရွက်ကားကား ကလေးတွေတစ်ပုံကြီးပါကွာ၊ သူ ဖြစ်ချင်မှ ဖြစ်တာပါ'

အဖြစ်သည်းတတ်သော မိခင်တို့၏ သဘာဝကို နားလည်သော် လည်း ကျွန်တော်က ကိုယ့်ဝေဒနာနှင့်ကိုယ်မို့ ပြောလိုက်မိသည်။

'ကိုကလဲ ဘယ်လိုဖြစ်နေတာလဲ၊ သူဖြစ်ချင်မှ ဖြစ်တာတော့ မှန်တာပေါ့၊ ဒါပေမယ့် လူဆိုတာ ပြုပြင်ဖန်တီးပေးမယ့်သူရှိရင် ဖြစ်နိုင်ဖို့ များတာပဲ၊ ဝါဝါတို့က သားအတွက် အားလုံးဖန်တီးပေးမှာပဲဟာ'

'အေးလေ ဖန်တီးပေးဖို့က တတ်နိုင်ဦးမှ၊ အဲဒါကိုပြောတာ'

'ကိုက မညိုပြာအတွက်ပြောနေတာ မဟုတ်လား၊ သိပါတယ်၊ ကို လုပ်ချင်သလို လုပ်ပေးခဲ့ပြီပဲ၊ ဒီထက်ပိုပြီး ဘာတတ်နိုင်ဦးမှာလဲလို့'

မညိုပြာကို ကျောင်းဖွင့်အမီ ပြန်လာခဲ့ဖို့ ကျွန်တော် အထပ်ထပ် မှာလိုက်သည်။ ပထမအစမ်းစာမေးပွဲ ဖြေပြီးရုံသာ ရှိသေး၍ ကျောင်း ဆယ်ရက်ခန့်သာ ပိတ်သည်။ ကျောင်းဖွင့်သည်မှာ သုံးရက်ခန့်ရှိပြီး မညိုပြာကား ပေါ်မလာသေး။ ကျွန်တော်လည်း အရေးတကြီး လူနာတွေရှိ၍

www.burmeseclassic.com

www.burmeseclassic.com


လိုက်မသွားနိုင်ပေ။ တစ်နေ့ကပင် သူ့ အတန်းပိုင်ဆရာမနှင့် တွေ့၍ ပြောလိုက်သေးသည်။

'ဆရာဝန်ကြီးသမီးက သိပ်တော်တာပဲ၊ ပထမရတယ်လေ၊ သင်္ချာမှာလဲ အမှတ်ပြည့်ရတယ်၊ အင်္ဂလိပ်စာလဲ အမှတ်အများဆုံး'

အကြောင်းမသိသူတွေက ကျွန်တော့် မွေးစားသမီးဟုပင် ထင်ကြသည်။ ကျောင်းမှာလည်း အုပ်ထိန်းသူနေရာတွင် ကျွန်တော့်နာမည် ထည့်ထားသည်။

သည်အတိုင်းသာဆက်သွားလျှင် မညိုပြာ တစ်နှစ်တစ်တန်း မှန်မှန် အောင်မှာ မလွဲ။ မညိုပြာ၏ အစွမ်းအစကို ကျွန်တော် သိသည်။

တစ်ပတ်ခန့် ကျွန်တော်စောင့်သော်လည်း မညိုပြာ ပေါ်မလာ။ မနေနိုင်သည့်အဆုံး ကျွန်တော် လိုက်သွားဖို့ ပြင်ရသည်။

'ကို ရွာကိုသွားမလို့လား၊ မညိုပြာလေးကို ပြန်ခေါ်ခဲ့နော်'

ဝါဝါက တကယ်ပြောသည်လား၊ ရွဲ့ပြောသည်လားတော့ မသိ။ ကျွန်တော်က ခေါင်းညိတ်ပြခဲ့သည်။ ကျောင်းမှပြန်ရောက်သည်နှင့် လွယ်အိတ်ကိုချကာ အိမ်အလုပ်ကို ဦးစွာလုပ်ပေးတတ်သော မညိုပြာကို ဝါဝါသည် နှုတ်မှ ဖွင့်မပြောသော်လည်း လိုလိုလားလားဖြစ်နေသည်မှာတော့ သေချာသည်။

သို့သော် ရွာရောက်တော့ မညိုပြာကို မတွေ့။ သူ့အမေညိုမြကိုလည်း မတွေ့။ သူ့အဖေ အေးမောင်နှင့် အငယ်လေးနှစ်ယောက်ကိုသာ တွေ့ရသည်။

'သားအမိနှစ်ယောက် ကောက်ရိတ်သွားနေကြလေရဲ့'

အေးမောင်က ပြောသည်။

'ကလေးက ကျောင်းဖွင့်နေပြီဗျာ၊ ဘာလို့ ခေါ်သွားရသလဲ'

www.burmeseclassic.com

www.burmeseclassic.com


'မခေါ်လို့ ဘယ်လိုလုပ်မလဲ အောင်ခိုင်၊ ငါလဲ မလိုက်နိုင်၊ သူ့အမေကလဲ မပေါ့မပါးကြီးနဲ့'

ကျွန်တော့်ရင်ထဲမှ တောက်တစ်ချက် ခေါက်မိ၏။ အဖေ့ဆီရောက်သော်လည်း ထိုအကြောင်းကိုတော့ မပြောဖြစ်။ ကျွန်တော် ပြန်လာချိန်အထိ မညိုပြာတို့သားအမိ ပြန်မရောက်သေး။ မညိုပြာကို ကျွန်တော့်ဆီလွှတ်လိုက်ဖို့သာ မှာခဲ့ရသည်။

လေးငါးရက်ကြာမှ မညိုပြာ ပြန်ရောက်လာ၏။

အသားတွေလည်း မည်းပြာ၍လာ၏။ ဆင်ထားသော အဝတ်အစားတွေမှာလည်း အရောင်အဆင်း မရှိတော့။ ကျောင်းစာတွေ နောက်ကျမည် စိုးသဖြင့် ကျွန်တော်က ကျောင်းကို မြန်မြန်ပို့သည်။

သို့သော် မညိုပြာသည် ကျောင်းတက်ရာမှာသော်လည်းကောင်း၊ စာကျက်ရာမှာသော်လည်းကောင်း ယခင်ကလို တက်ကြွထက်သန်ခြင်း မရှိတော့။

\+ \+ \+

'ကိုရေ ဒီတစ်ခါ ထရန်စဖာရရင် ရန်ကုန်ကိုရမှာ သေချာပါပြီတဲ့၊ ဦးလေးတို့ဆီက စာလာတယ်'

ဝါဝါက အားတက်သရော ပြောသည်။ ကျွန်တော်ကတော့ အထူးတလည် ဝမ်းသာခြင်းမရှိလှ။ အမှန်အတိုင်းဝန်ခံရလျှင် ကျွန်တော်လည်း ရန်ကုန်မှာ နေချင်သည်။ ဆေးဝါးကိရိယာပိုမိုပြည့်စုံသော ဆေးရုံကြီးတွေမှာလည်း ကျွန်တော် အမှုထမ်းချင်သည်။ မိမိဘဝအတွက် တိုးတက်ရာ တိုးတက်ကြောင်းလည်း ပိုမိုလမ်းပွင့်လာအောင် ကြိုးစားချင်သည်။

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော့်သူငယ်ချင်း ဆရာဝန်အချို့ဆိုလျှင် နိုင်ငံခြားကို အနည်းဆုံး တစ်ခေါက်နှစ်ခေါက်တော့ သွားပြီးပြီ။

သို့သော် အခြေကျ အမြစ်တွယ်စပြုနေသော ဇာတိမြေကိုခင်တွယ် စိတ်ကလေးကလည်း ကိန်းအောင်းနေပြီ ဖြစ်၏။

'ပြောင်းရတာတော့ ကောင်းပါတယ်ကွာ၊ ကိုယ်ကတော့ တစ်နှစ် နှစ်နှစ်လောက်ထပ်နေချင်သေးတယ်၊ တစ်မြို့တည်းမထားချင်လို့ ပြောင်းရ ရင်လဲ ဒီနားတစ်ဝိုက်ပေါ့'

'အမလေး၊ ကိုက ခုမှ ဒေသစွဲကြီးနေလိုက်တာ၊ ကို မရှိလဲ တခြားဆရာဝန်တွေလာမှာပါ ကိုရဲ့'

'ဒါတော့ ဒါပေါ့ကွ'

'ဩော် ဝါဝါတို့ပြောင်းသွားရင် မညိုပြာကလေးတောင် ကျောင်း နေဖို့ အခက်နော်၊ ရန်ကုန်ကိုခေါ်သွားရအောင် ကိုရယ်၊ သူ့မိဘတွေကို ပြောကြည့်ပါလား'

စာမေးပွဲကြီးပြီးကတည်းက မညိုပြာ ရွာပြန်သွားသည်။ နောက်နှစ် သူ ကျောင်းဆက်တက်ရေးသည် မရေရာ။ ကျွန်တော်ကလည်း ကျောင်း ပိတ်ရက်က ရှည်ကြာဦးမည်မို့ ဘာမျှမပြောဘဲ ထားသည်။ ကျောင်းဖွင့်မှ တစ်နည်းတစ်ဖုံရအောင် ဖန်တီးမည်ဟု စိတ်ကူးထား၏။

ကျွန်တော်တို့ မရှိလျှင် မညိုပြာ ကျောင်းတက်တော့မည်မဟုတ် သည်မှာ သေချာလှသည်။

'သူ့မိဘတွေက ထည့်ရင်တော့ ကောင်းတာပေါ့ကွာ၊ကောင်မလေး က ထူးချွန်မှာ'

ဝါဝါ၏ ရည်မှန်းချက်က အောင်မြင်သည်ဟု ဆိုရမည်။ သူ ပြောသလိုပင် ကျွန်တော် မကြာခင်မှာ ပြောင်းရွှေ့ဖို့ဖြစ်လာသည်။ ရန်ကုန် ဆင်ခြေဖုံးမှ ဆေးရုံတစ်ခုသို့ ဖြစ်၏။ ဝါဝါကတော့ ပျော်၍နေသည်။

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်သည် ထိုအကြောင်းကို အဖေ့ကိုပြောရန် ရွာသို့လာခဲ့ရသည်။

'ဟော၊ ဆရာဝန်ကြီးသမီး စာမေးပွဲအောင်တယ်လေ၊သိပြီးပြီလား'

လမ်းတွင် ဆရာတစ်ယောက်က ပြောသည်။ ကျွန်တော် မသိသေး။ ခေါင်းကိုသာ ညိတ်ပြလိုက်မိ၏။ ဝမ်းသာသော်လည်း လှိုက်လှိုက်လှဲလှဲ မဟုတ်တော့။ သည်မျှလောက်နှင့်တော့ မညိုပြာ၏ ဘဝသည် ထူးခြားပြောင်းလဲလာမည် မဟုတ်။ ခုနစ်တန်း ရှစ်တန်းအောင်အထိ ပညာသင်ပြီး လယ်ကွင်းထဲဆင်းနေရသူတွေ ရွာမှာ များစွာရှိသည်။ ကိုးတန်း၊ ဆယ်တန်း အောင်သူတွေက မြို့ပေါ်မှာ စာရေးစာချီ ဝင်လုပ်ကြသည်။ အချို့လည်း ရုံးအကူလောက်၊ ညစောင့်လောက်သာ ရကြသည်။ လခနှင့် မလောက်ငသောအခါ ငရုတ်တို့၊ မြေပဲတို့ ဆင်းစိုက်ကြပြန်သည်။ ဤနည်းဖြင့် သံသရာလည်နေကြ၏။

ချောင်းရိုးအတိုင်း လျှောက်လာခဲ့သည်။

သဲသောင်ပြင်သည် မိုးကို မျှော်လင့်နေ၏။ မိုးကျ၍ ချောင်းရေတွေ တဝေါဝေါ စီးဆင်းလာလျှင် ကျွန်တော်တို့ ဝမ်းမြောက်ခဲ့ရမြဲ။ ကျောင်းနေစဉ် အင်းလျားရေပြင်ကို ငေးမောရင်း ရွာက ချောင်းကို မေ့ခဲ့သည်။ သတိရတော့လည်း ချောင်းရေအလျဉ်သည် မပြောင်းလဲ။ သူ့ဝတ္တရားကို သူ ဆောင်ရွက်နေဆဲဖြစ်၏။

သစ်ပင်အုပ်အုပ်ရှိသော ရွာကို လှမ်းမြင်ရ၏။ ရေတစ်ကွက် နှစ်ကွက်ရှိရာ နေရာအချို့တွင် ကလေးငယ်များ ကူးခတ်ဆော့ကစားနေကြသည်။ ကျောက်ပြားတလင်းပေါ်တွင် မိန်းကလေးတစ်ယောက် အဝတ်လျှော်နေ၏။ သေသေချာချာကြည့်တော့ မညိုပြာ။

'ဟော့ ညိုပြာ၊ သမီး စာမေးပွဲအောင်တယ်၊ သိပြီးပလား'

www.burmeseclassic.com

www.burmeseclassic.com


'ဟော၊ ဦးဦးဆရာဝန်ကြီး၊ အမေ မွေးပြီးပြီလေ၊ သိလား'

စကားသံနှစ်ခု တစ်ပြိုင်နက်တည်း ထွက်သွားသည်။ ကျွန်တော်၏ ဝမ်းသာစရာ သတင်းစကားအတွက် မညိုပြာ ထူးခြားပြောင်းလဲသွားပုံကို မမြင်ရ။ မညိုပြာ၏ သတင်းစကားကလည်း ကျွန်တော့်ရင်ကို လှုပ်ရှားစေရန် အကြောင်းမရှိ။ မညိုပြာ လျှော်နေသော အဝတ်များသည် သူ့အမေ၏ လုံချည်များနှင့် ကလေးအနှီးလုပ်ထားသော ပုဆိုးပိုင်းများဖြစ်ကြောင်း တွေ့ရသည်။

'ကျွန်မ အောင်တာ သိပြီးပြီ ဦးဦးရဲ့၊ မနေ့က ဘိုဘို လာလို့ ပြောတယ်လေ'

ဘိုဘို ဆိုသည်မှာ ကျွန်တော့်အစ်မက မွေးထားသော ကျွန်တော့်တူ ကလေး ဖြစ်သည်။ အစ်မက ဆန်စက်မှ အလုပ်သမားတစ်ယောက်နှင့် အိမ်ထောင်ကျ၍ မြို့ပေါ်မှာ နေသည်။

မညိုပြာသည် သူ့အဝတ်များကို လက်စသတ်ကာ ချောင်းကမ်းပါး ပေါ်သို့ တက်လာ၏။ ရင်ခေါင်းအထက် မကျတကျ စည်းထားသော မညိုပြာ၏ လုံချည်လေးက လျော့လျည်းလျည်း။

မညိုပြာသည် ကျွန်တော်လာသည့်အကြောင်း သူ့အမေကို သတင်း ပေးရန်အတွက် ရှေ့မှ ပြေးသွားသည်။

သားသည်အမေ ဖြစ်ရပြန်သော ညိုမြသည် နန္ဒင်းတဝင်းဝင်းနှင့် ရှိ၏။ အေးမောင်သည် ငရုတ်ပျိုးခုံကို ရေလောင်းလျက်ရှိသည်။

'ညိုပြာ စာမေးပွဲ အောင်တဲ့အကြောင်း လာပြောတာလား ကိုအောင်ခိုင်'

မညိုမြ၏ အသံက အားတုံ့အားနာ ဖြစ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com


'အလတ်ကောင် အောင်ငွေလဲ ဒီနှစ် နှစ်တန်းတက်ရပြီ၊ သူ့ကို တော့ မြို့ကျောင်းရောက်အောင် ပို့ပေးမယ်လို့ စိတ်ကူးတာပဲ'

မညိုမြ၏ စကားက လမ်းခုလတ်မှာ ရပ်နေသည်။ ကျွန်တော် ဘာမျှ မပြော။ မညိုပြာသည် သူ့မောင်ကလေး အထွေးဆုံးကို တယုတယ ချီပိုးနေ၏။

မညိုမြက ကျွန်တော့်ကို မဝံ့မရဲ ကြည့်သည်။

'မိန်းကလေးမို့ ပညာသင်မပေးချင်တာတော့ မဟုတ်ဘူး ကိုအောင် ခိုင်ရယ်၊ ဒါပေမယ့် အိမ်မှာ သူ မရှိရင် မဖြစ်ဘူး၊ မနှစ်ကဆို ခြံထဲက ဟင်းရွက်တွေလဲမရောင်းရ၊ အတော့်ကို ကသီတယ်၊ ရှေ့လဆိုရင် ငရုတ် က စချရတော့မှာ'

ကျွန်တော် ဘာဆိုဘာမျှ မပြောတော့ပါ။

ရန်ကုန်ပြောင်းရသည့် အကြောင်းကိုသော်လည်းကောင်း၊ မညိုပြာ ကို ခေါ်သွားချင်သည့်အကြောင်းကိုသော်လည်းကောင်း ဘာမျှ မပြောဖြစ် တော့ပါ။

ကျွန်တော် ရွာက ပြန်လာချိန်ဝယ် ကွဲ့လူးရုံသာရှိသော ချောင်းရေ ကွက်ကွက်ကလေးထဲမှာ ကလေးတို့ မြူးထူးစွာ ဆော့ကစားနေဆဲ ရှိသည်။

\+ \+ \+

နှင်းများသည် ဝေသီမှုန်ဝါးစွာ ကျရောက်ဆဲဖြစ်၏။

ကျွန်တော်သည် ဒုတိယအကြိမ် ရွာကိုစွန့်ခွာဖို့ ပြင်သည်။

အဖေ့ကို ကန်တော့ကာ ရွာချောင်းရိုးအတိုင်း ကျွန်တော်တစ်ယောက် တည်း လျှောက်ခဲ့သည်။ ယခင်တစ်ကြိမ်က ရည်မှန်းချက်ကြီးမားစွာဖြင့် ကျွန်တော် ထွက်ခွာခဲ့၏။ ကျွန်တော် ပြန်လာတော့ ကျွန်တော့်အမေ

www.burmeseclassic.com

www.burmeseclassic.com


မရှိတော့။ နောက်တစ်ခါပြန်လာလျှင်ကော အသက်ကြီးပြီဖြစ်သည့် အဖေ့ကို တွေ့နိုင်ပါဦးမည်လော။

ယခင်တစ်ခေါက်က မညိုမြကို ထားခဲ့ရသည်။ ယခုတစ်ခေါက် သူ့သမီး မညိုပြာကို ထားခဲ့ရပြန်ပြီ။ နောက်တစ်ခါ ကျွန်တော်ပြန်လာလျှင် မညိုပြာသည်လည်း သူ့အမေလိုပင် သားတွေ သမီးတွေနှင့် ကျွန်တော့်ကို ကြိုဆိုနေမည်လား မသိ။ ထိုကာလတွင်ကော မညိုပြာ၏ သားငယ် သမီးငယ်များသည် ရွာကျောင်းမှာ စာသင်တစ်ချက် မသင်တစ်ချက်ဖြင့် ချောင်းရေထဲမှာသာ မြူးထူးဆော့ကစားနေကြဦးမည်လား မသိ။

သူတို့ကလေးတွေ သည်နေရာမှာ ကျင်လည်ကျက်စားခြင်း မပြု တော့ဘူးဆိုလျှင်လည်း လယ်ယာချောင်းမြောင်းတွေ တိမ်ကောကာသိန်နှံ စပါးတွေ ဆိတ်သုဉ်းကုန်လေမည်လား။

ကားလမ်းမကြီးပေါ်မှ ရွာကို ပြန်လည်လှမ်းမျှော်ကြည့်လိုက်တော့ နှင်းမှုန်တွေကြားမှာ တောင်းကလေးတွေ ကိုယ်စီရွက်ကာ လျှောက်လာနေသည့် မိန်းမကြီးငယ်တစ်သိုက်ကို မြင်လိုက်ရသည်။ အမေ့တုန်းကလိုပင် ခြံထွက် ဟင်းသီးဟင်းရွက်များကို မြို့ဈေးမှာသွားရောင်းရန် လျှောက်လာနေကြခြင်း ဖြစ်သည်။

သည်မိန်းကလေးတစ်သိုက်ထဲမှာ ကျွန်တော်ချစ်သော မညိုပြာ ကလေးတစ်ယောက် ပါလာမည်မှာ မလွဲပါ။

**[ စာပေလုပ်သား ။ ။ မေ၊ ၁၉၈၁ ]**

www.burmeseclassic.com

www.burmeseclassic.com

# ရီရီမာ ဆယ့်နှစ်လုံးတန်းမှာ နေသည်

'ဖုန်းလေးတစ်ချက်ကောက်ဆက်လိုက်ရင် ဖြစ်တဲ့ဥစ္စာကို ဖေဖေတို့များ မခဲယဉ်းရမယ့်ဟာ ခဲယဉ်းနေလိုက်တာ'

သမီး ရီရီမာက မကျေမနပ်နှင့် ပြောနေဆဲဖြစ်သည်။ ယခုတလော ရီရီမာသည် သည်စကားကိုပဲ ထပ်ကာတလဲလဲ ပြောနေသည်။ သည်တော့ မိခင်ဖြစ်သူ ဒေါ်သင်းကြည်လည်း မနေနိုင်တော့။ ယောကျ်ားဖြစ်သူကို ကြောက်ရွံ့ လေးစားရမြဲဖြစ်သော်လည်း လေသံပျော့ပျော့ဖြင့် ဝင်ပြော မိသေး၏။

'ဟုတ်သားပဲ အစ်ကိုကြီးရယ်၊ သမီးက အလုပ်လုပ်ချင်လွန်းလို့ ပြောနေရှာတာပါ၊ ပြီးတော့လဲ ဒါ သမီးပြောသလို ဘာခဲယဉ်းတာလိုက်လို့'

မည်သို့ပင် သတိထားပြောပြော၊ မိန်းမသည် မိန်းမသားပဲမို့ ဒေါ်သင်းကြည် စကားထဲမှာ အပြစ်တင်ဝေဖန်သည့် လေသံလေးကတော့ ပါသေးသည်သာ ဖြစ်၏။ ဤသည်ကို ဦးသောင်းဌေး ကလည်း ချက်ချင်း သိလိုက်သည်။ ဖခင်တစ်ယောက်အနေဖြင့် သမီးအပေါ် ခွင့်လွှတ်နိုင်သော်

www.burmeseclassic.com

www.burmeseclassic.com


လည်း မိန်းမကိုတော့ နားမလည်ဘဲ ဝင်ဝင်ပြောရကောင်းလားဟု ကရုဏာဒေါသဖြင့် မာန်မဲပစ်လိုက်ချင်လေသည်။ ယခုတလော ဦးသောင်းငွေ တစ်ယောက် စိတ်တိုင်းမကျတိုင်း မိန်းမကိုသာ ဖိပြီး ဟောက်နေတတ်၏။

'မင်းတို့က လွယ်လွယ်ပြောဖို့ပဲ တတ်တယ်၊ လုပ်ရတာ မခဲယဉ်းတာတော့ မှန်တာပေါ့၊ ဒါပေမယ့် ဒီလိုလုပ်လိုက်ရင် အခွင့်အရေးယူရာကျမှာပေါ့၊ ကိုယ်လုပ်ချင်တဲ့နေရာ အများနည်းတူ ဝင်လျှောက်၊ စာမေးပွဲဝင်ဖြေ၊ အရွေးခံရရင် လုပ်၊ ဒီလို ထုံးစံအတိုင်းလုပ်နေကြတဲ့ အများထဲမှာမှ ငါက ငါ့သမီးအတွက် ငါ့နာမည်တစ်လုံး အသုံးချပြီး အလုပ်တောင်းလို့ဖြစ်ပါ့မလား၊ အခွင့်အရေးယူတတ်လို့ ငါ ဒီလိုနေရတာ မဟုတ်ဘူး၊ တိုင်းပြည်အတွက် လူမျိုးအတွက်အနစ်နာခံ ကိုယ်ကျိုးစွန့်ခဲ့လို့ နာမည်တစ်လုံး အဖတ်တင်ခဲ့တာ'

သားအမိနှစ်ယောက်လုံး မျက်နှာထားကို မသိမသာ ရှုံ့မဲ့လိုက်ကြသည်။ ဒေါ်သင်းကြည်က မမြင်သာအောင် ရှုံ့လိုက်ခြင်းသာဖြစ်ပြီး ရီရီမာက အဖေကို နွဲ့ဆိုးဆိုးသည့်အသွင်ဖြင့် ရှုံ့မဲ့ပြလိုက်ခြင်းဖြစ်၏။

'အဲဒီလို တစ်သက်လုံးနေလာခဲ့တာမို့ သမီးအတွက် ဒီတစ်ခါလေးပဲ ပြောပေးပါလို့ ပြောတာပါ ဖေဖေရဲ့၊ ကိုယ်က သူများတကာလို အခွင့်အရေးတွေ ခဏ ခဏ တောင်းဆိုနေတာမှ မဟုတ်ဘဲ'

သမီး ရီရီမာ ခပ်ချွဲချွဲပြောသည်။

အခွင့်အရေးတဲ့။ ဦးသောင်းငွေ တိုးတိုးရေရွတ်လိုက်မိသည်။

သမီးတို့က သည်အရွယ်နှင့် အခွင့်အရေးဆိုသည့် စကားကို သုံးတတ်နေပါကလား။ သူတို့တုန်းကလည်း လှိုင်လှိုင်သုံးခဲ့ဖူး၏။ သို့သော် သူတို့က စက်ဆုပ်ရွံရှာဖွယ်၊ မုန်းတီးဖွယ်အဖြစ် ဝေဖန်ရှုတ်ချ သုံးခဲ့ခြင်းဖြစ်သည်။ အခွင့်အရေးသမားတွေကို သူတို့၏ ယုံကြည်ချက်တည်းဟူသော

www.burmeseclassic.com

www.burmeseclassic.com


လက်နက်ဖြင့် လှလှပပ ချေမှုန်းနိုင်ခဲ့သည်။ ယခုမူ သမီးက အခွင့်အရေး ယူသည်ကို စက်ဆုပ်ရွံရှာဖွယ်ဟူ၍ ခါးခါးသီးသီး မမြင်တော့။ တစ်ခါတစ်ရံ ဟူသော အကြောင်းပြချက်ကလေးဖြင့် ချိုချိုသာသာလေး သုံးနေသည်။

အေးလေ။ တစ်ခါတစ်ရံဆိုတာကတော့ လူတိုင်းမှာ ရှိတတ်တာပဲ။ သို့သော် သူ ပြောခဲ့သလိုပင် တစ်ခါတစ်ရံလေးဆိုတာလည်း မရှိရင် အကောင်းဆုံး မဟုတ်ပါလား။ သူ တစ်သက်လုံး မြတ်နိုးတွယ်တာစွာ ထားရှိခဲ့သော သိက္ခာကို တစ်ခါတစ်ရံဟူသော ဖြေသိမ့်မှုကလေးဖြင့် ချေဖျက် ပစ်၍ကော ဖြစ်ပါမည်လား။

'ဖြည်းဖြည်းပေါ့ သမီးရယ်၊ အချိန်တန်တော့လဲဖြစ်ရမှာပေါ့'

အပျော့ပျောင်းဆုံးလေသံဖြင့် သမီးကို ပြောလိုက်ရလေသည်။ အသက်ကကြီးလာတော့ ဘာမဆို ဖြစ်ချိန်တန်မှဖြစ်ပြီး ပျက်ချိန်တန် လျှင်လည်း ပျက်ရတတ်သည်ဆိုသည့် သဘောကို သိ၍လာ၏။ သို့သော် သမီးတို့လိုပင် သူတို့ငယ်စဉ်ကလည်း အရာရာကို စိတ်အားထက်သန်မှုဖြင့် ဖြစ်လိုစိတ်ပြင်းပြခဲ့တာ၊ ဆန္ဒစောခဲ့တာတွေ ရှိခဲ့သည်ပင်။ ရီရီမာ့ အသက် သည် ငယ်သေး၏။ ဆယ့်ခုနစ်နှစ်ဆိုတာ အများကြီးငယ်သေးတာပဲ။ သို့သော် အလုပ်လုပ်ချင်သည်၊ အလုပ်လုပ်ချင်သည်ဟု တဖွဖွပူဆာနေလေ ပြီ။ ဤသို့ ပူဆာတတ်ခြင်းသည်ပင် သမီး၏တက်ကြွနိုးကြားသောစိတ်ဓာတ် ပင် မဟုတ်ပါလား။ သူတို့တုန်းကလည်း သည်လိုပင် ရုန်းကန်ခဲ့ရ၏။ ချို့တဲ့မွဲတေနေသောဘဝမှာပင် လူးလွန့်လှုပ်ရှားကာ ကိုယ့်ဘဝကို ထူထောင် ခဲ့ရ၏။ ထို့နောက် နိုင်ငံအတွက် ထူထောင်ခဲ့ရ၏။

'နှစ်စဆိုတော့ စာလဲနည်းသေးတယ် ဖေဖေ၊ အလုပ်ဆိုတာ ဝင်ဝင်ချင်းလဲ ခွင့်ယူလို့ကောင်းတာ မဟုတ်ဘူး မဟုတ်လား၊ စာမေးပွဲ ဖြေခါနီးရင် ခွင့်တွေဘာတွေ ယူရမယ်၊ ဒါကြောင့် ဒီအသုတ်ထဲမှာပါအောင်

www.burmeseclassic.com

www.burmeseclassic.com


ပြောပေးပါ ဖေဖေရယ်၊ ရေးဖြေအောင်ပြီးသားမို့ လက်လွှတ်ရမှာ နှမြောလို့ပါ၊ ရေးဖြေမှာ ဘယ်လောက်ပဲ အမှတ်ကောင်းကောင်း အင်တာဗျူးမှာ ရချင်မှရမယ်လို့ သူငယ်ချင်းတွေက ပြောနေကြတာ၊ အရင်တစ်ခါလဲ ဒီလိုနဲ့ပဲ ကျန်ခဲ့ပြီးပြီ'

သမီးငယ်ရဲ့ အတွေးအခေါ်တွေကို ဘယ်လိုလုပ်ပြီး ပြောင်းလဲပစ်ရပါ့မလဲ။ မိမိကပဲ ခေတ်နောက်ကျလွန်းနေပြီလားတော့ မသိ။ မိမိတို့၏ တစ်သက်လုံးက အရိုးစွဲခဲ့သော လုပ်နည်းလုပ်ဟန်များသည် တစ်ခါတစ်ရံ အသုံးမဝင်ချင်တော့တာ အမှန်ပင်။ သို့သော် အသုံးမဝင်တိုင်းလည်း မိမိအယူအဆကို စွန့်ပစ်၍မဖြစ်။ အယူအဆသည် အယူအဆပဲ ဖြစ်၏။ ရေကို အခြားအရာဝတ္ထုများနှင့် ရောနှောသောက်သုံး၍ ရသော်လည်း မူလအရင်းခံကတော့ ရေပဲ ဖြစ်ရမည်။

'လိုက်နိုင်မှ၊ ပြောနိုင်မှရမယ်ဆိုတာတော့ မကောင်းပါဘူး သမီးရာ၊ အလုပ်ထဲကျတော့လဲ အကော်အကပ်နဲ့ ရလာတယ်ဆိုပြီး သူများတကာက အတင်းပြောတာခံရဦးမယ်၊ ကိုယ့်ဘာသာ ကြိုးစားပြီးရတာပဲ ကောင်းပါတယ်'

သမီး၏ နုနယ်လှသေးသော အတွေ့အကြုံထဲမှာ မည်သည့်နေရာမဆို ပင်ကို အရည်အချင်းက အဓိကဆိုသည်ကို မေ့ပျောက်ထားခဲ့မှာ စိုးမိသည်။ ဘာအရည်အချင်းမှ ရှိဖို့မလိုဘူးဟု ထင်မှတ်သွားလျှင် ကိုယ်ကျိုးမနည်းပါလား။

'အို ဖေဖေကလဲ အရည်အချင်းတူတဲ့သူတွေက များနေတော့ကော ဘယ့်နှယ်လုပ်မလဲ၊ ဖေဖေ့လိုပဲ အရည်အချင်းရှိတဲ့သူတွေအများကြီး၊ သူများတကာတွေက နေရာကောင်းကောင်းရပြီး ဖေဖေက ဒီလောက်ပဲရှိနေတာ ဖေဖေ အရည်အချင်းမရှိလို့လား၊ ကဲ ပြောပါဦး၊ ဖေဖေကတော့

www.burmeseclassic.com

www.burmeseclassic.com


ရောင့်ရဲနိုင်မှာပေါ့၊ လူကြီးကိုးလို့၊ သမီးက အလုပ်မှ မလုပ်ဖူးသေးတာ၊ လုပ်ချင်တာပေါ့လို့'

သမီး ပြောပုံကိုတော့ သဘောတော့ အကျမိသား။ သို့သော် အသက်ကြီး၍ ရောင့်ရဲနိုင်သည်ဆိုသည့် စကားကိုတော့ သိပ်ဘဝင်မကျမိပေ။ ဖေဖေတို့ငယ်ငယ်တုန်းက သည့်ထက်မက ရောင့်ရဲခဲ့၊ အနစ်နာခံခဲ့ကြရသည်ကို အလျဉ်းသင့်လျှင် ပြောချင်သေးသည်။ ပြောဖူးပေါင်းလည်း များခဲ့ပြီ။ ပြောဖန်များတော့လည်း နားမဝင်တော့ဘူး ထင်ပါရဲ့။ 'ဖေဖေတို့တုန်းက....' ဟု စကားစလိုက်သည်နှင့် သားအမိတစ်တွေ တစ်ဘက်သို့ မျက်နှာလွှဲသွားတတ်သည်ကို မသိ မဟုတ်၊ သိသည်ပင်။ မရိုးနိုင်သော ဓာတ်ပြားဟောင်းကြီးကို ဖွင့်နေရသည့်အတွက် ကွယ်ရာမှာ ဟားစရာဖြစ်နေပေမည်။ သို့သော် ထိုဓာတ်ပြားဟောင်းကြီးတွေထဲမှာပင် နိုင်ငံနှင့် လူမျိုးအတွက် လုပ်ရှားရုန်းကန်ခဲ့ရသော သမိုင်းဝင်ဖြစ်ရပ်တွေ ပါဝင်နေသည်ကို မည်သူငြင်းနိုင်မည်လဲ။

'ကိုယ်တစ်ချိန်က ဘာတွေ လုပ်ခဲ့တယ်ဆိုတာကို သိတဲ့သူတွေက သိနေကြပြီပဲ၊ ဒီအလုပ်ကိုတောင် ပေးတဲ့သူက ခေါ်ပေးလို့ ဖေဖေ ယူခဲ့တာ၊ ဒါ ကိုယ့်သိက္ခာပဲ သမီးရဲ့၊ လူသာ သေရင် သေရမယ်၊ မှု မသေရဘူးတဲ့'

သည်တစ်ခါတော့ ဒေါ်သင်းကြည် သိသိသာသာမျက်နှာမဲ့သွား၏။ ဘာမျှ ဝင်မပြောရဲ၍ ဝင်မပြောသော်လည်း အတော့်ကို စိတ်မသက်မသာဖြစ်သွားသည့်ပုံကတော့ ပေါ်နေသည်။

'အစ်ကိုကြီးအတွက်ကတော့ ဟုတ်တာပေါ့'

တစ်ခွန်းတော့ ပြောလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com


'အေးလေ၊ ငါ့သမီးက ခုမှအစရှိသေးတာ၊ သမီးအတွက် လိုအပ်တယ်ထင်ရင် လုပ်ပေးရမှာပေါ့'

ရီရီမှာ ရွှင်လန်းသွားသည်။ ဖေဖေ့ဆီက သည်မျှလောက်သော လိုက်လျောမှုကို ရပြီဆိုလျှင် တော်လောက်ပါပြီ။ သည်ကိစ္စမှာ ဖေဖေ နည်းနည်းပါးပါးတော့ ကူမှဖြစ်တော့မည်ကို ရီရီမှာ သိနေလေသည်။

\+ \+ \+

မိန်းမမို့ အမြင်သေးနုပ်သည်ပဲ ဆိုချင်ဆို၊ အရာရာမှာ သူ့လိုတော့ သမားရိုးကျကြီး လုပ်မနေနိုင်တာအမှန်ပင်။ ဒေါ်သင်းကြည်လည်း နိုင်ငံရေးသမားတစ်ယောက်၏ မိန်းမပီသစွာ ခိုင်ခိုင်မာမာ ရပ်တည်ခဲ့ဖူးပါ၏။ သူတကာလို မဝတ်ရ မစားရသည် ထားဦးတော့။ အေးချမ်းငြိမ်သက်ခြင်း မရှိ။ နေ့မြင် ညပျောက် စိုးရိမ်ကြောင့်ကြခြင်းများစွာဖြင့် နေခဲ့ရသည့်ကာလတွေကို ကျော်ဖြတ်ခဲ့ဖူးပြီပဲ။ မိဘပေးစားသည့်သူကိုမယူဘဲ သူ့ကို အထင်ကြီးကိုးစားကာ ယူခဲ့ရစဉ်ကတည်းက ငွေလေးနှစ်ဆယ်နှင့် မိန်းမခိုးပြေးသော သူ့ကို အပြစ်မတင်နိုင်ခဲ့။ မိန်းမတစ်ယောက်အနေဖြင့် ရင့်ကျက်နိုင်သမျှ အတိုင်းအတာထိတော့ ရင့်ကျက်နိုင်သေးသည်ပင်။

သူ အခွင့်အရေး မယူတတ်သည့်အတွက် ခေတ်အဆက်ဆက် ရာထူးကြီးကြီး မရခဲ့တာ။ သို့သော် အများတကာက ခင်မင်လေးစားတာ၊ သူတို့ အချင်းချင်း ဝိုင်းဖွဲ့သည့်ပွဲတွေမှာ သူ့အပေါ် အရိုအသေပေးကြတာတွေကို သိမြင် နားလည်ခဲ့သော်လည်း ယခုအချိန်မှာ ရေရှည်ရပ်တည်ရသည့်ကိစ္စက ထင်သလောက် မလွယ်တာကိုတော့ မိန်းမကသာ သိနိုင်သည် ဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com


သူက အိမ်ဦးခန်းမှာထိုင်ကာ ရေးဟောင်းနှောင်းဖြစ်တွေကို ဂုဏ်ယူဝင့်ကြွားစွာ ပြောနေဆဲ မိန်းမက လက်ဖက်သုပ်ဖို့ဆီလေးတစ်ဆယ်သားကို အပြေးအလွှားဝယ်ပြီး နောက်ဖေးပေါက်က လျှို့ဝင်ရတာတွေကို သူမှ မသိဘဲ။ ရေနွေးကြမ်းမှာ လက်ဖက်ခြောက် အရောင်ဖျော့တော့လာတတ်တာကိုလည်း သူ သတိထားမိချင်မှ သတိထားမိမည်။

ပြောမိပြန်လျှင်လည်း မိန်းမမို့ အမြင်သေးနုပ်သည်ဆိုကာ လူရှေ့သူရှေ့မှာပေမင့် မညှာမတာ ဝေဖန်ချင် ဝေဖန်တတ်၏။ ယခုတလော ပို၍ပင် စိတ်တိုတတ်သေးသည်။ သွေးတိုးက မထင်မှတ်ဘဲ တက်တက်လာတတ်သည်မို့ သူ့ဝေဒနာနှင့် သူ့ကို မလောင်မြိုက်စေချင်၍ အလျှော့ပေးလိုက်ရမြဲ ဖြစ်၏။ အိမ်တစ်အိမ်မှာ လင်နှင့်မယား တကျက်ကျက်ဖြစ်တတ်လာပြီဆိုလျှင် ဘာကြောင့်လဲဆိုတာ သူ သိပေမည်။

အခွင့်အရေး မယူတတ်တာကို ဂုဏ်ယူဖွယ်ရာအဖြစ် သူ အမွှမ်းတင်၍ ကောင်းဆဲ။ သူနှင့်အတူ လုပ်ဖော်ကိုင်ဖက်တွေ အသီးသီးအသက သူ့နေရာနှင့်သူ ဖြစ်သွားကြကုန်၏။ သူက ချောင်တစ်ချောင်မှာ ခပ်ဝပ်ဝပ်နေခဲ့စဉ် အပေါင်းအသင်းတစ်ယောက်က သိမြင်သဖြင့် 'ဟိုကောင်ကြီးတစ်ယောက်တော့ ကလေးသုံးယောက်နဲ့ ဒုက္ခရောက်နေရှာတယ်' ဟု ပြောပေးသောကြောင့် ယခုဌာနမှာ အလုပ်တစ်နေရာ ရလိုက်ခြင်းဖြစ်လေသည်။ သူပြောသလို တစ်ချိန်က ကိုယ်ဘာလုပ်ခဲ့တယ်ဆိုတာကို သိ၍ ခေါ်ခြင်း မှန်သော်လည်း သိခြင်းကိုပင် မှတ်မိအောင် ထုတ်ဖော်ပေးဖို့လိုသည် မဟုတ်လား။

ဘာပဲဖြစ်ဖြစ် အလုပ်အကိုင်လေးနှင့် နေစရာလေးနှင့် ဖြစ်လာသည်ကိုတော့ ကျေးဇူးတင်ရပေမည်။ သို့သော် ဝင်ငွေတိုးလာသည်နှင့်အမျှ ကုန်ကျစရိတ်ကပါ တိုးလာတော့ သူ့အစွမ်းအစဆိုသည်ကလည်း ပိုက်

www.burmeseclassic.com

www.burmeseclassic.com


မမီတော့။ နောက်ထပ်လည်း မည်သူကမျှ ပြောမပေးတော့။ လက်ရှိအခြေအနေက လျှောကျမသွားသည်ကိုပင် ဝမ်းသာရသည်။ မလောက်သည်ကိုတော့ ကိုယ့်ဘာသာဖြည့်စွမ်းဖို့ပင် ကြိုးပမ်းရ၏။ သူ၏ အဆုံးအမ ဩဝါဒတွေကလည်း လွှမ်းမိုးခဲ့လေတော့ အချို့သော မိန်းမတွေလို ကုန်သည်ပွဲစားလည်း မလုပ်တတ်။ ကုန်ဝယ်စာအုပ်အပေါင်ခံသည့် အလုပ်မျိုး၊ ငွေတိုးချေးစားသည့် အလုပ်မျိုးကိုလည်း မလုပ်ဝံ့။ ဒေါ်သင်းကြည် လုပ်တတ်တာ၊ တတ်နိုင်တာက ခြိုးခြံချွေတာဖို့သာ ဖြစ်တော့သည်။ ချွေတာဖန်များတော့လည်း သားသမီးတွေက စိတ်ညစ်သည်။

ထမင်းဘူးတွေထဲမှာ အသားဟင်းကို ဆီပြန်ခြောက်ခြောက်လေး ထည့်ပေးချင်သော်လည်း အသားနည်းနည်းနှင့် ဟင်းရွက်ရောသော အကြော်လေးကိုသာ ကြည့်ကောင်းအောင် များများစားစား ထည့်ပေးလိုက်နိုင်၏။ စိုးပိုင်က ယောကျ်ားလေးဆိုတော့ ဟင်းစားကြီးသည်။ သားငါးလည်း ကြိုက်သည်။ စိုးပိုင် ထမင်းဘူးထဲမှာ အသားဖတ်ပိုထည့်ပေးသည်ကို ရီရီမာက ဘာမျှမပြောသော်လည်း အလတ်မ နီနီမာက နှုတ်ခမ်းစူချင်သည်။ ဒေါ်သင်းကြည်က ယောကျ်ားသားကို ဦးစားပေးသည့်အကျင့်က ပါနေမြဲမို့ 'သူက ယောကျ်ားလေးပဲ'ဟု အကြောင်းပြ၏။

သမီး ရီရီမာက အမြဲတမ်း အနစ်နာခံသည်။

ရီရီမာ အလုပ်လုပ်ချင်လှချည့်ရဲ့ဟု ပူဆာနေရခြင်းမှာ သူ့အဖေ တွေးထင်သလို တက်ကြွနိုးကြားသော လူငယ်စိတ်ကြောင့်ချည်းသာ မဟုတ်ဆိုသည်ကို အမေလုပ်သူက သိနေလေသည်။ သမီးက သူ့အဖေ စိတ်အနှောင့်အယှက် မဖြစ်ရလေအောင် သွယ်ဝိုက်ပြီး ပြောနေလေသည်။ ဒေါ်သင်းကြည်ကတော့ ပွင့်ပွင့်လင်းလင်းသာ ပြောပစ်လိုက်ချင်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com


အကြီးဆုံးသမီး ရီရီမာအောက်မှာ နီနီမာရယ်၊ စိုးပိုင်ရယ်ရှိသည်။ သုံးယောက် ကျောင်းစရိတ်ဆိုတာ လွယ်သမှတ်လို့။ သူ့လခ ငါးရာခန့်နှင့် ဣန္ဒြေမပျက်အောင် နေ နေရသည့်တိုင် တစ်စတစ်စ ပျက်ယွင်းလာသော အခြေအနေကို အဝေးကပင် မြင်နိုင်လေသည်။

သမီး ရီရီမာ ဘာ့ကြောင့် အောက်တန်းစာရေး အလုပ်ကလေးကို အငမ်းမရ လုပ်ချင်နေသလဲဆိုတာ တွေးကြည့်လျှင် သိနိုင်၏။ တစ်ခါတစ်ရံ တော့လည်း မသိချင်ယောင်များ ဆောင်နေသလားဟုပင် သံသယ ဝင်မိလေသည်။ သည်လိုတော့လည်း မဖြစ်နိုင်။ ယုတ်စွာ့အဆုံး မိမိ နေ နေရသည့် အိမ်လေးကို ပြန်လည်သုံးသပ်ကြည့်ခြင်းဖြင့်ပင် သိနိုင်၏။ သို့သော် မကြည့်ဘူးဆိုသည့်တိုင် နေ့စဉ် မတွေ့မြင်ချင်၍ မရ။ တွေ့နေ မြင်နေရသည်ပင်။ ကံအားလျော်စွာ ရရှိထားသော တိုက်ခန်းကျဉ်းလေးထဲမှာ အိမ်ထောင်ပရိဘောဂများလည်း ဟောင်းနွမ်းဆွေးမြည့်၍ နေပြီ။

သူကြိုက်တတ်သော အမဲသားနှင့် ဆိတ်ကလီစာကို တစ်ပတ်တစ်ခါပင် အလှည့်မပေးတော့ သူက ဟန်ဆောင်၍ 'အသက်ကြီးလာတော့ အသားတွေလဲ တယ်မစားချင်တော့ပါဘူး၊ ဟင်းသီးဟင်းရွက် များများစားမှ အစာကြေတယ်'ဟု ပြောသော်လည်း နေမြင့်ချိန်မှာ ဈေးသွား၍ ပေါ်ပေါ် လောလောရလာသော အသားတွေကို အဆီအကြောတွေ သန့်စင်ကာ ချက်ပေးလျှင် သူကောင်းကောင်း ခံတွင်းတွေ့တတ်သည်ပင်။

ထို့ကြောင့်လည်း သမီး ဘာ့ကြောင့် အလုပ်လုပ်ချင်သည်ဆိုသည်ကို သူ မသိဘဲ နေမည်မဟုတ်ဟု ဒေါ်သင်းကြည် တွေးနေမိလေသည်။

www.burmeseclassic.com

\+ \+ \+

www.burmeseclassic.com


အပေါ်ယံအားဖြင့် ကြည့်လျှင်တော့ ရီရီမာတို့လို မိန်းမငယ်လေးများသည် လတ်လျား လတ်လျားနှင့် ထောင့်မကျိုးသူများဟု ထင်စရာရှိလေသည်။ ရီရီမာတို့ကလည်း ရဲရဲတင်းတင်းသွားလာတတ်သည်။ ပွင့်ပွင့်လင်းလင်း ပြောတတ် ဆိုတတ်သည်။ သွက်သွက်လက်လက် လှုပ်ရှားတတ်သည်။ ဤသည်မှာ ဖေဖေတို့ စွပ်စွဲသလို ခေတ်ကာလကြောင့်ချည်းသာ မဟုတ်။ သူတို့ ကျင်လည်ရာဝန်းကျင်ဘဝကိုကလည်း လျင်မြန်စွာ လှုပ်ရှားတတ်မှ နေရာရတတ်သည်။

ရီရီမာ မနှစ်က စာမေးပွဲကျ၏။

ကျသည်ကိုလည်း အဆိုးမဆိုသာ။ ရီရီမာ စာကြိုးစားပါသည်။ သူ့ကိုသူလည်း အောင်မည်ဟု ထင်ထားသည်။ သို့သော် စာမေးပွဲဖြေကာနီးမှာမှ အကြောင်းက ပေါ်လာသည်။ ရုံးတစ်ရုံးက စာရေးအလုပ်ခေါ်သည်နှင့် ကြုံကြိုက်သဖြင့် စာမေးပွဲဝင်ဖြေ၏။ ဆယ်တန်းအောင်ပြီးသည်နှင့် အလုပ်တန်းရလျှင် စာပေးစာယူကို အဆင်သင့်တက်နိုင်ဖို့ပင်။

သို့သော် ရီရီမာ မျှော်လင့်သလို တစ်ခုမျှဖြစ်မလာခဲ့။ အလုပ်ရချင်ဇောကြောင့် ဟိုသွား သည်သွားနှင့် ကျောင်းစာဘက်တွင် ပေါ့လျော့သွားကာ စာမေးပွဲလည်း မအောင်ခဲ့။ အလုပ်ကလည်းသေချာသလိုလိုနှင့် တကယ်တမ်းကျတော့ မရ။ ရီရီမာမှာ စိတ်ဓာတ်အကြီးအကျယ် ကျခဲ့ရှာ၏။ ယခု နောက်အလုပ်တစ်ခုကို ဝင်ဖြေထားပြန်သည်။ ဆယ်တန်းကိုတော့ ကျူရှင်ယူပြီး ပြန်ဖြေတော့မည်။ ထို့ကြောင့် ရီရီမာ အလုပ်ရရေးသည် သေရေးရှင်ရေး ဖြစ်နေရလေသည်။

ခက်သည်က ဖေဖေ။

ဖေဖေ့ကို ခေတ်နောက်ကျသည့် အဘိုးကြီးဟု မဆိုရက်သော်လည်း အချို့သောနေရာတွေမှာ ဖေဖေတို့တုန်းကနှင့် မတူတာကိုတော့ ရီရီမာ

www.burmeseclassic.com

www.burmeseclassic.com


ပြောချင်သည်။ ဖေဖေတို့ ငယ်စဉ်က အခွင့်အရေးမယူတတ်ခြင်းသည် ဂုဏ်အင်္ဂါတစ်ရပ် ဖြစ်၏။ သမီးကလည်း ဖေဖေ၏ ရှေးဟောင်းနှောင်းဖြစ်များကို နားထောင်ရင်း ဖေဖေတို့၏ အယူအဆများကို အရိုးစွဲခဲ့သည်မို့ နားလည် သင့်သလောက် နားလည်ပြီးသားပင်။ သို့သော် သမီးတို့အတွက် အခွင့်အရေးယူရခြင်းမှာ မိမိ ကြီးပွားချမ်းသာဖို့ချည်း မဟုတ်တော့။ အလုပ်လုပ်ရန်၊ အဖေတို့ပြောသလို တိုင်းပြည်အတွက် အလုပ် လုပ်ရန်၊ ပထမဆုံး မိမိ၏ စားဝတ်နေရေးအတွက် အလုပ်လုပ်ရန် နေရာလေး တစ်နေရာ ရဖို့အတွက်သာ ဖြစ်ပါ၏။ သည်မျှလောက်ကိုတော့ ဖေဖေ သဘောပေါက်စေချင်သည်။

ဘာမျှမလုပ်၊ ဘာမျှမပြောလျှင် ဘာမျှမဖြစ်တော့သည့် အခြေအနေ။

ဖေဖေတို့ အပေါင်းအသင်းရောင်းရင်းများ၊ ယနေ့ထက်ထိ အယူအဆချင်း ကိုက်ညီသေးသည်ဆိုသည့်သူများမှာ တစ်နေရာတည်း စုစည်း၍ စကားစမြည်ပြောနေလျှင် နားထောင်၍ ကောင်းလှသော်လည်း လူအများကြားမှာ တစ်ယောက်ချင်း ပြောနေပြီဆိုလျှင်တော့ ဘေးထိုင် ဘုပြောနေသည့် လူတန်းစားတွင် ပါသွားတတ်သည်ကို ဖေဖေတို့ မသိပေ။ အများတကာက မသိမသာ နှာခေါင်းရှုံ့နေလည်း ဖေဖေက မြင်တာမှ မဟုတ်ဘဲ အနည်းဆုံး မေမေကတောင်မှ ကွယ်ရာမှာ မေးထိုးပြီး မဲ့တတ်နေပြီလေ။

ဖေဖေ့ အကူအညီလေး နည်းနည်းရပြီဆိုလျှင်ပင် ရီရီမာ ကျေနပ်၏။

ဖေဖေက ဘာမျှ ရှည်ရှည်ဝေးဝေး ပြောစရာမလို။ တယ်လီဖုန်းလေးနှင့် သမီးအကြောင်း တစ်ခွန်းလောက် ပြောလိုက်ရုံသာပင်။ သည့်ထက်ပို၍ ရှည်ရှည်ဝေးဝေးပြောနေလျှင်လည်း ဖေဖေက သူ့ အယူအဆနှင့် ချိန်ထိုးကာ တစ်ဘက်သားကို အခွင့်အရေးတောင်းရမှာ ဝန်လေးနေပေမည်။ လူဆိုသည်မှာ တစ်ချိန်က မည်သည့်အဆင့်မှာပဲ ရှိခဲ့ ရှိခဲ့၊ ရာထူးရာခံနှင့်

www.burmeseclassic.com

www.burmeseclassic.com


ဖြစ်နေချိန်ဝယ် တစ်ယောက်ယောက်က ကိုယ်လိုချင်ရာကို လေးလေးစားစား လာတောင်းမှသာ ကြိုက်ကြပေမည်။ လောလောဆယ် သူ့ကို ရိုသေလေးစားရသည့်သူတွေ ရှိနေပြီ မဟုတ်ပါလား။ ဖေဖေကတော့ သူ့ယုံကြည်ချက်နှင့် ယှဉ်ကာ လေးစားလောက်သူမဟုတ်ဟု ယူဆလျှင် မည်သူ့ကိုမျှ အောက်ကျနောက်ကျ ခံတော့မည် မဟုတ်ပေ။ ထို့ကြောင့် ဖေဖေ့ကို နေရာတကာလည်း မလွှတ်ရဲပေ။ ဖေဖေက ပြောကတည်းကိုက 'ဒီကောင်လား၊ ငါ သိပါတယ်၊ အရင်တုန်းက အလိုတော်ရိပဲ၊ လုပ်တာက နည်းပြီး များများရအောင် လုပ်တတ်တဲ့သူ'ဟု ပြောတတ်သေးသည်။

ရီရီမှာသည် အတွေ့အကြုံတွေကို အကြောင်းမဲ့ ရရှိနားလည်ခဲ့ခြင်းတော့ မဟုတ်။ အလုပ်တစ်ခုအတွက် ရုံးတကာကို ဝင်ထွက်သွားလာပြီး လူပေါင်းများစွာနှင့် တွေ့ခဲ့ဖူးပြီဖြစ်သောကြောင့်ပင်။

ယခု ဖေဖေက ပထမဆုံးအကြိမ် ပျော့ပျောင်းလာသဖြင့် အဆင်ပြေလိမ့်မည်ဟု မျှော်လင့်ရသည်။

+ + +

ရုံးတကာ၏ အဝင်ပေါက်များကို ခပ်တည်တည်ဖြင့် ဝင်ရောက်တတ်သည့် အကျင့်ကရခဲ့ပြီမို့ ယခုလည်း သူ သွားချင်သည့်နေရာ၊ တွေ့ချင်သည့်သူထံသို့ ရီရီမှာ ရဲရဲဝံ့ဝံ့ပင် ဝင်ခဲ့သည်။ သည်အလုပ်အတွက် မည်သူသည် အဓိက ဆိုသည်ကိုလည်း ရီရီမှာ စုစမ်းသိရှိခဲ့ပြီ။ ဖေဖေ့ အကူအညီကိုလည်း ရခဲ့ပြီ။

'ဖေဖေ တခြား ဘာမှမပြောနဲ့နော်၊ ကျွန်တော့်သမီး အဲဒီရုံးမှာ အလုပ်လျှောက်ထားတယ်လို့ပဲ ပြော'

သမီးက အဖေကို ပြန်သင်ပေးခဲ့ရသေးသည်။

www.burmeseclassic.com

www.burmeseclassic.com


အလုပ်များသူ လူကြီးတစ်ဦးဆိုတော့ အခန်းထဲသို့ တိုက်ရိုက်ဝင်၍ မရ။ အပြင်က ခုံတန်းလျားမှာ ထိုင်စောင့်နေရ၏။ ရီရီမာ့ရှေ့မှာ သုံးယောက်လောက် စောင့်နေကြသေးသည်။ ဖေဖေသာသိလျှင်တော့ ‘အမယ်၊ ခုမှ ဒီကောင်က ကြီးကျယ်နေလိုက်တာ’ဟု အချိန်အခါနှင့် မလျော်သော စကားကို ပြောပေလိမ့်ဦးမည်။ ထို့ကြောင့် သည်နေ့ ဖေဖေမသိအောင်ပင် အိမ်က ထွက်ခဲ့ရ၏။ မေမေကလည်း ဖေဖေ မသိစေချင်ပေ။

အခန်းထဲမှ လူကြီးတစ်ယောက် ထွက်လာသည်။ လူပုံက သားသားနားနား မွန်မွန်ရည်ရည်ပင်။ မျက်နှာထားချိုပြီး ထွက်လာပုံကိုထောက်၍ လိုချင်တာကို ရယူအောင်မြင်ခဲ့ပြီဆိုတာ သိနိုင်လောက်သည်။

ရုံးအကူစာရေးက နောက်တစ်ယောက်ကို အခန်းတွင်းဝင်ရန် အချက်ပြလိုက်သည်။ မိန်းမ ဝဝကြီးတစ်ယောက် အိပဲ့ အိပဲ့ဖြင့် ဝင်သွားသည်။ သားရေအိတ်ကြီးက ခါးပေါ်မှာ မေးတင်နေသည်။ တော်တော်ကြာဦးမည့် ပုံပဲ။ တစ်ယောက်ပြီးတစ်ယောက် လက်ခံတွေ့ဆုံနေရရှာသည့် အခန်းထဲမှ လူကြီးကိုလည်း သနားမိလေသည်။ ဖေဖေ့လိုသာဖြင့် ဒီလိုသာ တစ်ယောက်ပြီးတစ်ယောက် လာအပူကပ်နေလျှင် အော်ထုတ်မည်မှာ သေချာသည်။ ဒါကြောင့်လည်း ဖေဖေ ဒီနေရာမျိုးမှာ ရှိမနေတာပေပဲ။

နာရီဝက်ခန့်ကြာသွားသည်။ ဘာတွေများ ပြောနေသည် မသိ။ မိန်းမကြီးသည် အရေးပါပုံတော့ ရသည်။ ရုံးစာရေးလေးထွက်လာကာ လက်ဖက်ရည်များ ယူသွားသည်ကို တွေ့ရ၏။ လက်ဖက်ရည်သောက်ပြီး စကားပြောသည်ဆိုတော့ ကြာပေမပေါ့။ ထိုစဉ် ကောင်မလေးတစ်ယောက် ရောက်လာသည်။ ရီရီမာတို့နှင့် မတိမ်းမယိမ်း။ သို့သော် ဝတ်စားဆင်ယင်ထားပုံကတော့ အပျံစား။ မျက်နှာမှာလည်း အလိမ်းအခြယ်တွေနှင့်။ ထိုမိန်းကလေးသည် ရီရီမာ့ဘေးမှာ ဝင်ထိုင်၏။

www.burmeseclassic.com

www.burmeseclassic.com


'အန်ကယ်ရှိရဲ့လား မသိဘူး'

မိန်းကလေးက ရီရီမာ့ကို နှုတ်ခွန်းဆက် အလ္လာပ သလ္လာပ ပြောသည့် အနေဖြင့် လှည့်၍ မေးသည်။

'ရှိပါတယ်'

ရီရီမာက အလိုက်သင့် ပြန်ပြောလိုက်ရသည်။

'အန်ကယ်က သိပ်အလုပ်များတာပဲ၊ အရင်တစ်ခါ လာတာလဲ မတွေ့ရဘူး'

မိန်းကလေးက ဆက်လက် ညည်းညူ၏။ ညည်းညူသည်ဆိုသော်လည်း အခန်းထဲမှ ပုဂ္ဂိုလ်ကြီးနှင့် သူနှင့်ရင်းနှီးကြောင်းကို ပေါ်လွင်စေခြင်းဖြင့် ကျေနပ်လျက်ရှိသည်။

'မိန်းမကြီးတစ်ယောက် ဝင်သွားတာပဲ၊ တော်တော်ကြာပြီ'

မိန်းကလေးလူရွယ်ချင်းမို့ ရီရီမာ စကားပြောဖော်ရလာသည်။ သည်နေရာမှာ လာရောက်တွေ့ဆုံသည်ဆိုတော့ သူ့လိုပဲ ဘဝတူများ ဖြစ်နေလေမလား။ သို့သော် ထိုမိန်းကလေးကတော့ ရီရီမာထက် အတွေ့အကြုံရော၊ ပေါင်းသင်းဆက်ဆံရေးပါ များစွာသာလွန်နေသည်ကို ရီရီမာ ကောင်းစွာ ရိပ်မိလေသည်။

'အန်ကယ်တို့ အပူကပ်တဲ့သူတွေကလည်း များသားကလား၊ ခုလဲ သူ့ပဲ အပူကပ်ဖို့လာရတာ'

မိန်းကလေးက ဂုဏ်ယူစွာပြော၏။ ဟုတ်ပါပြီ။ သူလည်းရီရီမာ့လိုပင် အလုပ်လျှောက်ထားသူများထဲမှ တစ်ယောက်ဖြစ်ရမည်ဟု ရီရီမာ ယုံကြည်လိုက်၏။ စိတ်ထဲမှ အားလျော့သလိုလို ဖြစ်မိလေသည်။ 'ငါက ဒီလူကြီးနဲ့ ဖေဖေနဲ့ သိတာလောက်ပဲရှိတာ၊ သူ့လောက်တော့ မရင်းနှီးဘူး'ဟု တွေးကာ အားငယ်မိ၏။

www.burmeseclassic.com

www.burmeseclassic.com


'အလုပ်လျှောက်ထားတာလား ဟင်'

ရီရီမာ အရဲစွန့်၍ မေးမိသည်။

မိန်းကလေးက အေးအေးဆေးဆေးပင် ခေါင်းညိတ်ပြ၏။

'လျှောက်ထားတာတော့ အများကြီးပဲ၊ တစ်ခုမှလဲအဆင်မပြေပါဘူး၊ ဘွဲ့ရပြီး အလကားနေမယ့်အတူတူ အလုပ်တစ်ခုခုတော့ လုပ်ချင်သေးတယ်လေ၊ ဒါကြောင့် ရတာပဲ လုပ်တော့မယ်လို့ စိတ်ကူးတယ်၊ အဲဒါ အန်ကယ့်ကို ပြောရမှာ၊ အစကတော့ အန်ကယ်က သူ့ဌာနမှာ မလုပ်ပါနဲ့၊ တခြားဌာန သွင်းပေးမယ်လို့ ပြောထားတာ'

မိန်းကလေးက ခပ်ကြွားကြွားပင်ပြောသည်။ ဘွဲ့ရပြီးသားဆိုပါလားဟု ရီရီမာ စိတ်ထဲက ရေရွတ်မိပြန်လေသည်။ ရီရီမာက ဆယ်တန်းပင် မအောင်သေး။ နေရာမှ ထပြေးချင်စိတ်ပင် ပေါက်မိ၏။ မိန်းကလေးက သူ့ဘက်လှည့်မေးသည်။

'သူကော အလုပ်လျှောက်ထားလို့လား'

ရီရီမာ ခေါင်းကိုသာ ညိတ်ပြလိုက်ရသည်။

'ဒါပေမယ့် မာကတော့ ရမယ် မထင်ပါဘူး'

စိတ်ပျက်လက်လျှော့စွာ ပြောမိလေသည်။ မိန်းကလေးသည် ကြွားဝါခြင်းကိုသာ ဝါသနာထုံဟန်တူသော်လည်း တစ်ဘက်သားကိုတော့ သနားတတ်ဟန်ရှိ၏။

'ဘယ်ပြောနိုင်မလဲ၊ ရချင် ရမှာပေါ့၊ အန်ကယ်က သဘောကောင်းပါတယ်'

အချင်းချင်းက အားပေးသဖြင့် ရီရီမာ အားတက်လာသည်။ ပြီးတော့ ဖေဖေ ရှိသေးသည်လေ။ ကံကောင်းထောက်မ၍ ဖေဖေ့ကို ဖေဖေပြောသလို အမှန်တကယ်လေးစားခဲ့သူဖြစ်ပါက သည်ကိစ္စ အောင်မြင်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com


မိန်းမကြီး ပြန်ထွက်လာသည်။ အပေါက်ဝနားထိ စကားက မပြတ်။ ဆင်နားရွက်တံခါးကို ဖွင့်ပြီးခါမှ အထဲဝင်ပြီး ဆက်ပြောနေသေးသည်။

'နောက်မှ မခင်မြင့်နဲ့လဲတွေ့ရအောင် အိမ်ကို လာခဲ့ဦးမယ်'

မိန်းမကြီး၏ နောက်ဆုံး နှုတ်ဆက်စကား။ ထိုမိန်းမကြီး လွတ်လွတ်ကျွတ်ကျွတ်ထွက်သွားမှ ရီရီမာက ရုံးစာရေး၏မျက်နှာကို လှမ်းကြည့်ရသည်။ လိုအပ်သည်ထင်၍လည်း ပြုံးပြလိုက်ရသေးသည်။

'ဝင်နိုင်ပြီ'

စာရေးလေးက ခွင့်ပြုလိုက်သဖြင့် ရီရီမာသည် ဘေးက မိန်းကလေးကို ပြုံးပြနှုတ်ဆက်လိုက်ပြီး တံခါးကို ဆွဲဖွင့်ကာ ဝင်ခဲ့ရ၏။ ခြေထောက်များသည် မသိမသာတုန်နေလေသည်။ ရည်မွန်ခန့်ညားသော လူကြီး တစ်ယောက် စားပွဲမှာ ထိုင်နေသည်။ စားပွဲပေါ်မှာ အရာရှိကြီးများ ရှိသင့်ရှိအပ်သော စာရေးကိရိယာ တန်ဆာပလာများနှင့် တယ်လီဖုန်းနှစ်လုံးကို တွေ့ရ၏။

ရီရီမာ စားပွဲရှေ့မှာ ခပ်ရို့ရို့ ရပ်လိုက်၏။

'ဆို၊ ဘာကိစ္စ'

လူကြီးမေးမြန်းပုံက ခက်ထန်ခြင်း မရှိလှသော်လည်း သြဇာအပြည့်ရှိသည်။ တိုတိုနှင့် လိုရင်းကို ပြောဖို့သည် အရေးကြီးလှကြောင်းကိုလည်း သိသာစေသည်။

စာရေးလေးဝင်လာပြီး စားပွဲပေါ်မှ လက်ဖက်ရည်ပန်းကန်နှစ်ခွက်ကို လာသိမ်းသွား၏။

'ကျွန်မ ဒီရုံးမှာ အလုပ်တစ်ခုလျှောက်ထားပါတယ် ဦး၊ အဲ အန်ကယ်၊ ကျွန်မ ဦးသောင်းငွေသမီးပါ'

ဖေဖေ့နာမည်ကို အရဲစွန့်၍ ပြောလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com


'ဩော် အေး၊ ထိုင်'

ယခုမှ သတိရ၍ ထိုင်ခိုင်းခြင်းလော၊ ဖေဖေ့နာမည်ပြောလိုက်ရ၍ ထိုင်ခွင့်ပြုလိုက်ခြင်းလောတော့ ရီရီမှာ မသိ။ စိတ်ထဲမှာတော့ အနည်းငယ်နေသာ ထိုင်သာ ရှိသွားသည်။ ကုလားထိုင်သုံးလုံးခန့် တန်းစီထားသည့်အနက် အစွန်ဆုံး ကုလားထိုင်မှာ ဝင်ထိုင်လိုက်၏။

'မင်းအဖေ နေကောင်းရဲ့လား'

'ဟုတ်ကဲ့၊ ကောင်းပါတယ် အန်ကယ်'

ဖေဖေ့ကို အရေးတယူ ရှိသားပဲဟု အောက်မေ့လိုက်ရသည်။ ဖေဖေက ငါ့မပြောလားဟု ပြန်ပြောမည်ကိုလည်း ကြားယောင်နေရသည်။

'ရေးဖြေ အောင်ပြီးပြီဆို'

'ဟုတ်ကဲ့ အန်ကယ်'

'အင်တာဗျူး ဖြေဖို့ ဘယ်အသုတ်ထဲ ပါသလဲ'

ရီရီမှာ့ ရင်ထဲမှာ တဒိန်းဒိန်းမြည်လာသည်။ အလားအလာတွေ ကောင်းနေပြီ။ သည်တစ်ခါ ငါအလုပ်ရတော့မည် ထင်ပါရဲ့။

'ဒုတိယ အသုတ်ထဲမှာပါ အန်ကယ်'

'အေး စာတွေလဲ ကောင်းကောင်းကြည့်ထားပေါ့၊ ဘာတွေကြည့်ရမယ်ဆိုတာ သိတယ် မဟုတ်လား၊ လုပ်ငန်းဆိုင်ရာလေ'

'ဟုတ် ဟုတ်ကဲ့ အန်ကယ်၊ ကျေးဇူးအများကြီးတင်ပါတယ်၊ ဖေဖေက အလုပ်လုပ်စေချင်တာမဟုတ်သေးပါဘူး၊ သမီးက အဲ ကျွန်မက လုပ်ချင်လွန်းလို့'

'အေး အေး ရမှာပေါ့ကွာ၊ ဒီအလုပ်မရတော့လဲ တခြားအလုပ်ပေါ့'

မည်သည့်အရာမဆို ပြတ်ပြတ်သားသား အာမခံချက်မပေးတတ်သည့် လူကြီးတွေ၏ သဘောကိုတော့ ရီရီမှာ နားလည်သည်။ သည်မျှ အလားအလာ ကောင်းသည်ကိုပင် ဝမ်းမြောက်စရာ ဖြစ်၏။

www.burmeseclassic.com


ရီရီမာသည် သူ့ခုံနံပါတ်နှင့် နာမည်လေးကို စာရွက်လေးတစ်ရွက်ပေါ်မှာ ရေးကာ တရိုတသေပေးပြီး ကျေးဇူးတင်စကားကိုလည်း လှိုက်လှိုက်လှဲလှဲ ပြောခဲ့၏။ အခန်းထဲမှ ထွက်လာစဉ် သူ့ နာမည်စာရွက်လေးကို အရေးတယူမှ သိမ်းပါလေစဟု စိတ်မချစွာ ပြန်လှည့်ကြည့်မိလေသည်။ စာရွက်လေးကား စားပွဲပေါ်မှာ ရှိနေဆဲ။ ဘုရားသိကြားမလို့ ပန်ကာလေအဝှေ့မှာ လွင့်ကျမသွားပါစေနဲ့။

\+ \+ \+

'ဒီ မြဖေဆိုတဲ့အကောင် အလကားကောင်ပါ'

ဖေဖေ ဒေါသကြီးနေသည်။ ဖေဖေသည် မကြာခဏဆိုသလို ဒေါသကြီးလာတတ်မြဲမို့ အဆန်းတော့ မဟုတ်တော့ပေ။ သို့သော် သည်တစ်ခါ ရီရီမာ့အတွက် အရေးကြီးသည်။ ထိုဦးမြဖေဆိုသည့် လူကြီးကို ဖေဖေ ဒေါသဖြစ်နေခြင်းဖြင့် ရီရီမာ အလုပ်ရရေးကို ထိခိုက်စေနိုင်သည်။

'ဖေဖေ မပြောချင်လဲ မပြောပါနဲ့ ဖေဖေရာ၊ သမီးလဲ မရရင် တခြားအလုပ် ရှာပါ့မယ်'

ရီရီမာ တောင်းပန်လိုက်ရသည်။ တော်ကြာ ဖေဖေက တယ်လီဖုန်းထဲကနေပြီး မြဖေဆိုတာ သောက်အလကားကောင်ဟု အခြောက်တိုက်သွားကောနေပါက ခက်ချေမည်။ ဖေဖေ့ကို အားမကိုးရလည်း ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကြိုးပမ်းရုံသာ။ အင်တာဗျူးဖြေရမည့်ရက်ကလည်း နီး၍လာလေပြီ။ သည်အလုပ်သာရလျှင် သူ မျှော်မှန်းထားသလို အစစအရာရာ အဆင်ပြေပေမည်။ အနည်းဆုံး ကျူရှင်ခနှင့် အဝတ်အစားဖိုးကို မေမေ့ကို အပူကပ်စရာ မလိုတော့။ ဆယ်တန်းကို အောင်အောင်ဖြေမည်၊ စာပေးစာယူ

www.burmeseclassic.com

www.burmeseclassic.com


သင်တန်းတက်ကာ ဘွဲ့ယူမည်။ ဘွဲ့ရသည့်အခါ ရာထူးလည်း တက်မည်။ အလုပ်လည်း ပူတောင့်ပန်းပင် ရှာစရာမလိုတော့။ မိမိတစ်ကိုယ်စာအတွက်တော့ တာဝန်ယူနိုင်မည်မှာ သေချာလေသည်။ ဖေဖေတို့ မေမေတို့ တစ်ယောက်စာ တာဝန်ပေါ့ရင်ကော နည်းလား။

'သူ့ဆီကိုတော့ ငါသမီး အောက်ကျနောက်ကျခံပြီး သွားပြောနေစရာ မလိုဘူးနော်၊ ဖေဖေက သူလိုလူမျိုးကို ဘယ်တုန်းကမှ အထင်မကြီးခဲ့ဘူး၊ လုပ်တာချင်းအတူတူ သူ့အတွက် သူ နေရာရအောင် ယူတတ်တဲ့လူစား'

ဖေဖေက တစ်ခါတစ်ရံ သည်လိုပဲ သူတစ်ပါးကို ဝေဖန်တတ်သည်။

ဖေဖေသည် သူ့ယုံကြည်ချက်နှင့် မကိုက်ညီလျှင် ထိုလူမျိုးကို ဘာကြီးပဲဖြစ်နေနေ အထင်မကြီးတတ်ပေ။ ဖေဖေ၏ ပေတံသည် ရာထူးအဆင့်အတန်း မဟုတ်၊ ခံယူချက်သာ ဖြစ်လေသည်။ ထို့ကြောင့်လည်း လူတချို့က ဖေဖေ့ကို လန့်ကြသည်။ ဝေးဝေးက ရှောင်ကြသည်။ သို့ဖြင့် ဖေဖေသည် လူကန့်လန့်ကြီးဖြစ်ကာ တချို့နေရာတွင် အစွန်းသို့ရောက်နေသလို ဖြစ်ရလေသည်။ ဤသည်ကို ဖေဖေက မသိ။ ရီရီမှာကသာ မြင်သည်။

'မပြောပါဘူး ဖေဖေရယ်၊ သမီးက ဖေဖေ သိသလားလို့ မေးကြည့်တာပါ'

ရီရီမှာက ပါးနပ်စွာ လှီးလွှဲပြောလိုက်ရသည်။ တော်ကြာ အလုပ်ရလာလျှင် ဖေဖေက သူ မကြိုက်သူကို သွားပြောလို့ရသည်ဟု ထင်ကာ ဒေါသဖြစ်နေမှာ စိုးရသေးသည်။ ဪ ဖေဖေ။ အင်မတန် ရိုးစင်းလွန်းလှတဲ့ ဖေဖေ။

www.burmeseclassic.com

www.burmeseclassic.com


မေမေကတော့ ဖေဖေ့ ကွယ်ရာမှာ တိုးတိုးကျိတ်ကျိတ်မှာသည်။

'ညည်းအဖေကို သိပ်လဲပြောပြမနေနဲ့၊ ကိုယ်လုပ်စရာရှိတာလုပ်၊ အဲဒီဌာနက တက်လမ်းလဲမြန်သတဲ့၊ ငါ မေးမြန်းကြည့်ပြီးပြီ၊ ဘွဲ့ရတာနဲ့ သုံးရာကျော်ရမှာ၊ အလုပ်တစ်ခုရဖို့ဆိုတာ လွယ်သမှတ်လို့၊ ဒါတွေ ညည်းအဖေက နားလည်တာ မဟုတ်ဘူး'

'သမီးသိပါတယ် မေမေ၊ မေမေကသာ ဘာမှ သွားမပြောနဲ့၊ တော်ကြာ မေမေလုပ်တာနဲ့ သိသွားဦးမယ်'

သည်သို့ဖြင့် သားအမိနှစ်ယောက် ကျိတ်ကြံကြရသည်။

အလုပ်ခန့်စာရလာတော့ ဖေဖေ့ကို ချက်ချင်း မပြောရဲသေး။ မိုးလေဝသ အခြေအနေကြည့်ပြီး ဖေဖေ စိတ်ကြည်လင်နေသည့်အချိန်မှာ ပြောလိုက်၏။ တော်သေးရဲ့။ ဖေဖေက ဘာမျှ အပြစ်မပြော။

ရီရီမာတို့ သားအမိကတော့ အလုပ်မဝင်ခင်ကပင် လခထုတ်ရက်ကို တွက်ချက်၍ မျှော်နေမိကြလေသည်။

+ + +

ရီရီမာကတော့ သူ့ကိုယ်သူ စောစီးစွာ ဘဝကို ရုန်းကန်ရချည့်ဟု မိမိကိုယ်ကို ဝမ်းပန်းတနည်း ဖြစ်မနေပေ။ အဘယ့်ကြောင့်ဆိုသော် သူတို့အသက်အရွယ်နှင့် အလုပ်လုပ်နေသူမိန်းကလေးတွေ ဒုနှင့်ဒေး။ ရန်ကုန်မြို့၏ ရုံးတကာမှာ ဆယ်ကျော်သက် မိန်းကလေးတွေ သွားလာလှုပ်ရှားနေကြသည်မှာ အဆန်းတကြယ်မဟုတ်တော့။ တချို့က ရီရီမာတို့ထက်ပင် ချို့တဲ့သည်။ တချို့ကတော့ အခြေအနေကောင်းသည်ပေါ့။

အလုပ်ဝင်သည်ဆိုလျှင်ပင် ရုံးဝတ်စုံနှစ်စုံ ချုပ်လိုက်ရ၍ ငွေတစ်ရာကျော် ထွက်သွားသည်။ သို့သော် ရုံးဝတ်စုံ ဝတ်ရခြင်းကိုပင် ကျေးဇူးတင်ရ

www.burmeseclassic.com

www.burmeseclassic.com


သေး၏။ အဝတ်အစားသာ အပြိုင်အဆိုင်ဝတ်ရမည်ဆိုလျှင်တော့ လခနှင့် ကာမိမည်မထင်။ တချို့ စာရေးမလေးများတော့ ဝတ်နိုင်စားနိုင်သည်ကို တွေ့ရ၏။ ဘယ်ပုံဘယ်နည်းနှင့် ဝတ်နိုင်စားနိုင်သည်လည်း ရီရီမာ ဉာဏ်မမီ သေးပေ။

သမီးအလုပ်ရပြီဆိုတော့ မေမေသည် နံနက်စာကို ဖေဖေ့အတွက် ကြော်ပေးနေကျ ထမင်းကြော်တွင် အစာပိုထည့်ကာ တစ်အိမ်လုံးစားဖို့ လုံလုံလောက်လောက် ကြော်သည်။ ထမင်းဘူးကတော့ ခါတိုင်းထက်ပိုပြီး မထူးခြားနိုင်သေး။ အရွက်နှင့် အသားရောရာတွင် မောင်လေးအတွက် သာမက ရီရီမာ့အတွက်ပါ အသားဖတ်လေး ပိုပိုသာသာ ထည့်ပေးရသဖြင့် မေမေပဲ လျှော့စားရလေသည်။

ကြိမ်ခြင်းအသစ်လည်း မဝယ်နိုင်သေးလေတော့ တချို့သော မိန်းကလေးလိုပင် သားရေအိတ်ကို ပခုံးမှာလွယ်၊ ထမင်းဘူးကို လက်မှာပိုက် ပြီး ရုံးကိုလာရ၏။ လမ်းလျှောက်ပြီးလာလို့ရသည့် ခရီးဆိုလျှင် မည်မျှ ကောင်းမည်လဲ။ ဘယ်လောက်ဝေးဝေး လျှောက်ရ လျှောက်ရ။ ရီရီမာ ဘတ်စ်ကား မစီးချင်။ သို့သော် မတတ်နိုင်။ ရန်ကင်းမှနေ ဆူးလေအထိ ဖယ်ရီကားကလည်း အဆင်မပြေသေး၍ ဘတ်စ်ကားကိုပင် အားကိုးရ၏။ ဖေဖေ့ရုံးနှင့် တစ်လမ်းစီဖြစ်နေ၍ တော်ပါသေးရဲ့။ ဖေဖေ့ကိုတော့ တစ်ခါ တစ်ရံ ရုံးမှ ကားလာကြိုသည်။ အရာရှိတစ်ယောက်နှင့်လည်း လမ်းကြုံ နေသောကြောင့် ဖြစ်၏။

ဘတ်စ်ကားစောင့်ရသည့် အချိန်နှင့် စီးရသည့်အချိန်ကို တွက်ဆကာ အိမ်မှ တစ်နာရီခန့် စောထွက်ရသည်။ ရုံးကိုရောက်တော့ ကိုးနာရီခွဲ။ အလုပ်ဝင်စဆိုတော့ အချိန်လည်းတိကျရ၏။ အန်ကယ်ကြီးရုံးမှာ တစ်ခါ တွေ့ဖူးသူ သွဲ့သွဲ့အေးသည် ရီရီမာနှင့် ဌာနခွဲတစ်ခုတည်း လာကျလေသည်။

www.burmeseclassic.com

www.burmeseclassic.com


သူက ဦးဝိစာရကနေပြီး မာဇဒါကားတစ်စီးဖြင့် ရုံးတက်သည်။ အလုပ်လိုချင်တာချင်း တူသော်လည်း အခြေခံချင်း မတူကြ။ အရာရှိ သားသမီးချင်း တူသော်လည်း အဆင့်ချင်းမတူကြ။ သို့သော် ရီရီမာ၏ အေးဆေးမှုကြောင့် အားလုံးနှင့် အဆင်ပြေစွာ ပေါင်းနိုင်ခဲ့သည်။ ဆယ်တန်းမအောင်သေးဘဲ အလုပ်ရသည်ကိုတော့ မည်သူကမျှ မေးငေါ့ တိုက်ခိုက်မနေတော့။

ရုံးကိုရောက်လျှင် လက်မှတ်ထိုး၊ နေရာကိုသွား၊ ဖုန်ကလေးဘာလေးခါ၊ ကုလားထိုင်မှာ ခေတ္တထိုင်ပြီး အမောဖြေရသည်။ ပြီးတော့ ဘေးဘီက အပေါင်းအသင်းတွေကို နှုတ်ဆက်ရ၏။

'မိရွှေမာ ဒီနေ့ ဘာဟင်းပါလဲ'

ဘေးစားပွဲမှာထိုင်သော လက်နှိပ်စက် စာရေးမလေး မအေးက လှမ်းမေးသည်။ မေးစရာ ဒါပဲရှိသေး၏။ ခဏကြာလျှင် သားအကြောင်း၊ သမီးအကြောင်း ပြောတတ်သော မမတွေတို့၊ ဖိနပ်တွေ လပေးယူရောင်းသော ဒေါ်သန်းကြည်တို့ ရောက်လာကြပေမည်။ ရုံးခန်းထဲမှာလည်း ဆူဆူညံညံ စည်စည်ကားကား ဖြစ်လာမည်။ စကားကို ရယ်စရာလိုလိုနှင့် အနှောင့်အသွားမလွတ်စွာ ညစ်ညစ်ပတ်ပတ်ပြောတတ်သော စာရေးကြီး ကိုသန်းတင် ရောက်လာကာ အော်ကြ၊ ဟစ်ကြ၊ တွန်းကြ ထိုးကြပေလိမ့်မည်။

'ဖလံတောင်ဇွေးနဲ့ ပုစွန်ကြော်လေ၊ မမအေး စားချင်ယူစား'

ရီရီမာက မအေးထက် ဟင်းကောင်းသည်။ မအေးသည် ချဉ်ပေါင်ကြော်၊ ကင်ပွန်းရွက်ကြော် စသည်တို့ကို ပုစွန်ခြောက်မပါဘဲ ငါးပိနိုင်နိုင်နှင့် ကြော်တတ်သူဖြစ်၏။ သို့သော် သူ့ဟင်းများသည် အချဉ်အစပ်ကဲကာ စားကောင်းတတ်သဖြင့် ကျန်လူများက ဟင်းချင်းဖလှယ်စားရန် ဝန်မလေးကြပေ။

www.burmeseclassic.com

www.burmeseclassic.com


'အေး ကောင်းတယ်၊ ဖလံတောင်ငှေးကို ပေါ်ဦးပေါ်ဖျားစားနိုင်တာ သူ့ငွေးပဲ'

မအေး အပြောကို ရီရီမာ စိတ်ထဲက ပြုံးလိုက်မိသည်။ မေမေသည် သည်လိုကိစ္စများတွင် ကျင်လည်၏။ တညင်းသီး ပေါ်စဆိုလျှင်လည်း မေမေ ရအောင်ဝယ်သည်။ မေမေ ဈေးသွားချိန်သည် သူများတကာလို နံနက်စောစော မဟုတ်။ နေမွန်းတည့်လုလု ၁၁ နာရီကျော်၊ ဈေးကွဲစပြုပြီ။ စောစောစီးစီး အိပ်ရာမှ ထလာရသော ဈေးသည်များလည်း ငိုက်မျဉ်းစပြုပြီ။ နံနက်စာ စားပြီး တရေးတမောအိပ်ရန် ပြင်ဆင်နေကြပြီ။

သည်အချိန်မှာ မေမေက ဈေးသို့ဝင်၏။ အိမ်ပြန်ရန် ဟန်ပြင်နေသော လမ်းဘေးဈေးသည်များက ဟင်းသီး ဟင်းရွက်များကို ဆစ်သည့်ဈေးနှင့် ပေးလိုက်ကြလေသည်။ သားငါးရုံမှာလည်း တောင်းများ၊ ဇလုံများကို ဆေးကြောနေခိုက် အကြွင်းအကျန် သားတုံး ငါးတုံးများကို ချိန်ခွင်ထဲ ပစ်ထည့်ပြီး ပေးလိုက်ကြလေသည်။ တချို့က ချိန်ပင် မချိန်တော့။ လက်ဖြင့် မှန်းဆ၍ ပေးလိုက်ကြလေ၏။

သည်အဖြစ်တွေကို မည်သူ သိနိုင်တာမှတ်လို့။ ဖေဖေပင် လုံးစေ့ပတ်စေ့ သိချင်မှ သိမည်။ ဖေဖေက သူ့လခကို အကွက်စေ့စေ့သုံးတတ်သူအဖြစ် မေမေ့ကို တစ်ခါတစ်ရံ ချီးကျူးတတ်သော်လည်း မည်သည့်နည်းဖြင့် အကွက်စေ့အောင် လုပ်နေရသည်ကိုတော့ သိမည် မထင်ပေ။

ယခုဆိုလျှင် ရီရီမာ အလုပ်ရသည့်အတွက် မေမေ့မှာ ကြွေးတင်နေသည်။

ရီရီမာ့အတွက် အဝတ်အစားချုပ်ဖို့၊ ဖိနပ်ဝယ်ဖို့ကအစ ငွေက လိုလာသည်ဆိုတော့ သူ အပူကပ်နေကျ သူ့အစ်မဆီက သွားချေးရသည်။ မေမေ့အစ်မက မေမေ့လို အရာရှိကတော်လည်း မဟုတ်။ သူ့ယောကျ်ား

www.burmeseclassic.com

www.burmeseclassic.com


ကလည်း ဘယ်တုန်းကမှ ဘာမှ ပြောစမှတ်ရှိသည့်လူ မဟုတ်။ သာမန်ဈေးသည်ဖြစ်၏။ သူ့ယောကျ်ားက ကီလီမှာ သစ်သီးရောင်းသည်။ အတော်လေးချောင်လည်၏။ ဟိတ်ဟန်မရှိ။ နှစ်ယောက်လုံး ရိုးသားသည်။ မေမေက အစ်မဆီမှာ ပိုက်ဆံချေးနေရသည့်တိုင် အစ်မက မေမေ့ကို လေးစားပြီး အစ်မယောကျ်ားကလည်း ဖေဖေ့ကို တရိုတသေဆက်ဆံလေသည်။

ရုံးပေါ်မှာ တစ်စ တစ်စ လူစုံလာသည်။

သွဲ့သွဲ့အေးသည် အစကောင်းဖြင့် ပုံဆန်းဆန်းချုပ်ထားသော ရုံးဝတ်စုံ အဖြူရောင်အင်္ကျီနှင့် လုံချည်အသစ်ကိုဝတ်ကာ ဒေါက်ဖိနပ်ဖြူဖြူလေးနှင့် ခပ်ကြွကြွလေး လှမ်းဝင်ခဲ့သည်။ သွဲ့သွဲ့အေးသည် အမြဲတမ်းကြွကြွရွရွလေး နေနိုင်သူဖြစ်သည်။ သူ့အဖေကလည်း ဌာနဆိုင်ရာအရာရှိကြီး တစ်ဦးပင်။ သို့သော် သွဲ့သွဲ့အေးက သူ့အဖေ၏ ဌာနမှာမလုပ်။ သည်ဌာနမှာ လာလုပ်သည်။ အစက သည်သဘောကို ရီရီမှာ နားမလည်။ အလုပ်ခွင်ဝင်ပြီး မကြာခင်ကမှ သဘောပေါက်လာရ၏။ အပေးအယူ အလဲအလှယ် သဘောတွေ များစွာ သက်ဝင်နေသည်။ သည်အကြောင်းတွေကို ဖေဖေ့ကို မပြောရဲ။ အထူးသဖြင့်တော့ ရီရီမှာ လုပ်ရသည့် ဌာနသည် ဦးမြဖေ၏ လက်အောက်မှာ ရှိသည်ဆိုသည်ကို လုံးဝ မပြောရဲသေးပေ။ တစ်နေ့နေ့မှာတော့ ဖေဖေ သိသွားလိမ့်မည်။ ထိုအခါ မည်သို့ရင်ဆိုင်ရမည်ကို ရီရီမှာ မတွေးရဲပေ။

သွဲ့သွဲ့အေးသည် သားရေအိတ်လှလှလေးကို စားပွဲပေါ်ပစ်တင်လိုက်၏။ လည်ကုပ်ပေါ်တွင် ဝဲနေသော ဆံပင်ကို လက်တစ်ဘက်ဖြင့် သပ်လိုက်ရင်း လက်မှတ်ထိုးရမည့် စားပွဲဆီသို့ လျှောက်သွားသည်။ စာရေးကြီး ဦးစိန်ချစ်က ဘောလ်ပင်ကို အသင့်လှမ်းပေးသည်။ အထက်ဖား အောက်ဖိ ဆိုသည့်လူမျိုးကို ရီရီမှာ ကြားရုံသာ ကြားဖူးခဲ့သည်။ မမြင်ခဲ့

www.burmeseclassic.com

www.burmeseclassic.com


စဖူးပေ။ ယခု ဦးစိန်ချစ်နှင့်တွေ့ရမှ သည်လိုလူမျိုး ဖြစ်ရမည်ဟု တွေးမိ၏။ လက်နှိပ်စက် စာရေးမလေးတွေ၊ အောက်တန်းစာရေးမ စုတ်ချာချာလေးတွေ ငါးမိနစ် နောက်ကျလျှင် မင်နီဝိုင်းဖို့ တကဲကဲ ဖြစ်နေသော ဦးစိန်ချစ်။ သွဲ့သွဲ့အေးတို့လို မိန်းကလေးမျိုးက 'အိမ်ကကား ပျက်နေလို့ ဦးစိန်ချစ်ရယ်' ဆိုလျှင် သွားကြီး တဖြဲဖြဲနှင့် ရယ်ကျဲကျဲ လုပ်နေတတ်သည်။

အောက်တန်းစာရေးချင်း တူသော်လည်း၊ တစ်ချိန်တည်းမှာ အလုပ်ခွင်ဝင်တာချင်း တူသော်လည်း ရီရီမာနှင့် သွဲ့သွဲ့အေးမှာ အခွင့်အရေးချင်း မတူပေ။ သွဲ့သွဲ့အေးက မကြာခင်မှာ ပြုလုပ်ဦးမည်ဖြစ်သည့် ဌာနတွင်း စာမေးပွဲကို ဝင်ဖြေရမည်။ ထိုအခါ အောင်မြင်လျှင် ရာထူးတိုးမည်။ အောင်မည်မှာလည်း သေချာသလောက် ဖြစ်သည်။ ရီရီမာ့အဖို့တော့ မျှော်လင့်ချက် မရှိသေး။ သည်နှစ် ဆယ်တန်းကိုအောင်ပါမှ မျက်နှာပန်း လှပေမည်။

သွဲ့သွဲ့အေးသည် သူ့ခုံရှိရာသို့ပြန်လာပြီး ခပ်ရွှရွှလေး ထိုင်လေသည်။ ပြီးတော့ ရီရီမာရှိရာ သမင်လည်ပြန်လှည့်ကြည့်ကာ လှမ်းနှုတ်ဆက်သည်။ သွဲ့သွဲ့အေးသည် အလုပ်သင်အရာရှိ ဒေါ်ကြင်ရီတို့၊ လက်ထောက်အရာရှိ ဒေါ်ရင်မြတို့ဘေးမှာ ထိုင်ရလေသည်။ ရီရီမာကတော့ မအေးတို့၊ မငယ်တို့ဘေးမှာ ထိုင်ရသည်။ သို့သော် သွဲ့သွဲ့အေးက ရီရီမာ့ကိုသာမက တစ်ခန်းလုံးနှင့် သင့်မြတ်အောင် ပေါင်းသင်းတတ်သည်။ ထို့ကြောင့် သူတစ်ပါးတွေက ကွယ်ရာမှာ ဘယ်လောက်ပဲ သွဲ့သွဲ့အေးအကြောင်း အတင်းပြောပြော၊ ရှေ့တင်မှာတော့ ချိုချို ချိုချို ဖြစ်နေကြသည်။

ရီရီမာကတော့ ဖေဖေ့ဆီက အမွေလေး နည်းနည်းပါးပါး ပါလာလို့ ပဲလား မသိ။ စိတ်ထဲက မပါလျှင် နှုတ်က မသွက်တော့ပေ။ မျက်နှာကိုလည်း အချိန်တိုင်းမှာ ပြုံးမထားတတ်တာက ခက်လှသည်။ ထို့ကြောင့် ရီရီမာမှာ

www.burmeseclassic.com

www.burmeseclassic.com


သွဲ့သွဲ့အေးလောက် လူချစ်လူခင် မများပေ။ ပြီးတော့ ရိရိမာ့အဖေ မည်သူမည်ဝါဆိုတာ မည်သူကမျှမသိ။ သွဲ့သွဲ့အေးတို့ ဖေဖေက ဌာနမှူးနှင့် တစ်ချိန်တုန်းက နိုင်ငံရေး လုပ်ဖော်ကိုင်ဘက်တွေဆိုတာ တစ်ရုံးလုံးက သိပြီးပြီ။ သည်တော့လည်း ဒေါ်ကြင်ရီတို့၊ ဒေါ်ရင်မြတို့က သွဲ့သွဲ့ သွဲ့သွဲ့ နှင့် တစ်သွဲ့တည်း သွဲ့နေကြလေတော့သည်။

'မာရေ၊ နေ့လယ်ကျရင် သွဲ့နဲ့ အဖော်လိုက်ခဲ့ပါဦးကွယ်'

သွဲ့သွဲ့အေးက ရိရိမာ့စားပွဲမှာ လက်နှစ်ဘက်လာထောက်ရင်း ပြောလိုက်သည်။

သွဲ့သွဲ့အေးသည် ရုံးချိန်အတွင်း အပြင်သွားချင်လျှင် ရိရိမာ့ကိုသာ အဖော်ခေါ်၏။ ရိရိမာကလည်း ငြင်းရမှာအားနာသည်နှင့် လိုက်လိုက် သွားရတတ်သည်။ အလုပ်ဝင်သည်မှာ မကြာသေး။ အပြင် ခဏခဏ ထွက်သည်ဟု သူများအပြောခံရမှာလည်း စိုး၏။ သူများတကာက ဘာမျှ မပြောသည်ထားဦး။ ရိရိမာ့ ပင်ကိုစိတ်ကလည်း အလုပ်တစ်ခုကိုလုပ်ပြီ ဆိုမှတော့ တာဝန်ကျေအောင် လုပ်ချင်သည်။ ညာဝါးဖြီးဖြန်းပြီး နေရမည့် အလုပ်မျိုးကို ရိရိမာ ရွံရှာ၏။ ဒါလည်း ဖေဖေ့အမွေ ထင်ပါရဲ့။ ဖေဖေ ကတော့ ရုံးမှာ တိကျပြတ်သားလွန်း၍ လူတကာမေးငေါ့စရာ လူ့ခွစာကြီး ဖြစ်နေရသည်။ ဖေဖေ့ရုံးမှာ ရိရိမာ အလုပ်မလျှောက်ခြင်းကတော့ ဖေဖေ နှင့် တစ်ရုံးတည်းမနေလိုသောကြောင့် ဖြစ်၏။ ဖေဖေကလည်း သူ့ရုံးမှာ လုပ်ဖို့ တစ်ခါမျှ စကားဦး မသန်းဖူးပေ။

'သွဲ့ ဘယ်သွားချင်လို့လဲ'

သည်တစ်ခါတော့ ငြင်းလိုက်ရလျှင် ကောင်းမည်ဟု တွေးမိ၏။

'ဒီနားတင်လေ၊ ဆေးခန်းကိုပါ၊ ခေါင်းကိုက်ပျောက်ဆေးလေး သွားတောင်းချင်လို့'

www.burmeseclassic.com

www.burmeseclassic.com


သွဲ့သွဲ့အေးက ဘေးလူများမမြင်အောင် မျက်စိမှိတ်ပြရင်း ပြော သည်။ ရီရီမာ သိလိုက်ပါပြီ။ ဗိုလ်ချုပ်ဈေးလား၊ လဟာပြင်လား။ တစ်ခုခု ပါပဲ။ ဖိနပ်ဝယ်ဖို့ ဖြစ်ချင်ဖြစ်မည်။ အင်္ကျီရွေးဖို့ ဒါမှမဟုတ် အင်္ကျီစဝယ်ဖို့ တစ်ခုခုပါပဲ။

'မမမြများ အားမလားပဲ'

ရီရီမာက မယုတ်မလွန်ပြောသည်။

'ဟွန်း၊ ဒီအဘွားကြီးတွေနဲ့ မသွားချင်ပါဘူး၊ ခဏလေးပါ မာရဲ့'

'လိုက်သွားလိုက်ပါ မာရယ်၊ ဒါမှမဟုတ် မမအေး လိုက်ခဲ့ရမလား'

ဘေးမှ မအေးက မနေသာ၍ ဝင်ပြောသည်။

'ဟင့်အင်း၊ ဒီက သူ့ကိုခင်လို့ ခေါ်တာကို၊ ဒီတစ်ခါတည်းပါ၊ နောက် မခေါ်တော့ဘူး'

သွဲ့သွဲ့အေးက ခပ်နွဲ့နွဲ့ကလေး ပြောပြန်သဖြင့် ရီရီမာ မနေသာ တော့။ သည်တစ်ခါတော့ လိုက်သွားဦးမည်။ နောက်ဆိုလျှင် အပြတ်ငြင်း မည်ဟု စဉ်းစားပြီး နေရာမှ ထရသည်။ ပြင်ပြီးသားစာရွက်များကို မအေး လက်နှိပ်စက်ရိုက်ရန် ပေးခဲ့၏။ ရီရီမာက ရုံးစာများကို ဖတ်ရှုပြင်ဆင်ရ၏။ လက်နှိပ်စက်စာရေးသာသာပါ။ သွဲ့သွဲ့အေးကတော့ စာရင်းဇယား ကိုင်ရ သည်။ သို့သော် သူ့အလုပ်တွေကို မိန်းကလေးများနှင့် အရောတဝင် နေချင်လေ့ရှိသော ရုံးအုပ်စာရေးကြီး ကိုသန်းတင်က ဒိုင်ခံကူလုပ်ပေးသည်။ လူသစ်မို့ ကူညီတာပါ ပြောသော်လည်း သူ့သဘောကို သိကြသော အခန်းသားတွေက လှောင်ရယ်ကြသည်။

ရီရီမာသည် သွဲ့သွဲ့အေးနောက်က လိုက်သာလာရသည် စိတ်က မပါလှပေ။ အထူးသဖြင့် အပြင်ထွက်မည်ဆိုလျှင် ထွက်ခွင့်စာရွက်ကို ဦးမြဖေ အခန်းထဲဝင်ကာ လက်မှတ်ထိုးခိုင်းရမည်။ ရီရီမာသည် ဦးမြဖေနှင့်

www.burmeseclassic.com

www.burmeseclassic.com


တွေ့ရမှာ အလွန်စိတ်ညစ်လေသည်။ လက်မှတ်မထိုးပေးမီ စကားပြောနေတာက ဆယ့်ငါးမိနစ်လောက် ကြာဦးမည်။ သွဲ့သွဲ့အေးကလည်း စကားစ ရှည်ပါဘိ။

ဦးမြဖေကို တွေ့စက ဖေဖေ ပြောသလောက်လည်း သဘောမဆိုးပါဘူးဟု အောက်မေ့မိ၏။ ရီရီမာတို့သားအမိကို ရင်းရင်းနှီးနှီးပင် လက်ခံတွေ့ဆုံကာ ရေးဟောင်းနှောင်းဖြစ်တွေ မေးသည်။ ဇာတိမြို့မှာ နိုင်ငံရေးလုပ်ခဲ့စဉ်က အကြောင်းတွေကိုပြောပြီး တဟားဟား ရယ်နေသေးသည်။

'ဒီလောက်တော့ ကူညီရမှာပေါ့ဗျာ၊ တစ်ချိန်တုန်းက မမတို့အိမ်ဟာ ကျွန်တော်တို့ စားအိမ် သောက်အိမ်ဖြစ်ခဲ့တာ ဘယ်မေ့ပါ့မလဲ'ဟု ပွင့်လင်းစွာ ပြောသေးသည်။

'အစ်ကိုကြီးရော ဘယ်ဌာနရောက်နေသလဲ'ဟု မေးသည်။

မေမေက ဖေဖေ့ဌာနနှင့် အလုပ်အကိုင်ကို ပြောပြသည်။ ဦးမြဖေ အံ့သြသွားဟန်တူသည်။

'အစ်ကိုကြီးက အရင်ကလိုပဲ ခွတီး ခွကျကြီး ထင်ပါရဲ့'

ဦးမြဖေက မှတ်ချက်ချခဲ့၏။

'အေးကွယ်၊ ထုံးစံအတိုင်းပဲ'

ဦးမြဖေက တဟားဟား ရယ်သည်။

'သမီးကတော့ မမနဲ့ တူတယ်'

ဦးမြဖေ၏ မှတ်ချက်ကို သဘောမကျလှသော်လည်း ရီရီမာ ပြုံးနေလိုက်ရသည်။ တကယ်တော့ ရီရီမာဟာ ဖေဖေ့သမီးလေ၊ ဖေဖေ့စိတ်ဓာတ်ဘက်ကို တစ်ဝက်ကျော်ပါနေသည်ဆိုတာ ပြောပြချင်၏။ ဦးမြဖေ၏ ရယ်ရွှင်ပြုံးသော မျက်နှာကိုကြည့်၍ ဖေဖေ့မိတ်ဆွေ ဟိုအန်ကယ်ကြီးလောက် ဖြောင့်မတ်ပုံ မရဘူးဟု တွေးမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com


ရီရီမှာ သည်ဌာနကို ရောက်လာသည်မှာတော့ အဆန်းမဟုတ်တော့ချေ။ ကိုယ်နှင့်ပတ်သက်ရာ နေရာကိုပဲ ရောက်ရမည်ပေါ့။ သို့ဖြင့် ရီရီမှာသည် တစ်စုံတစ်ယောက်၏ တပည့်လက်သားအဖြစ် ကျရောက်ခဲ့ပြီဆိုတာ များမကြာမီမှာ နားလည်ရရှိလေသည်။ အလုပ်ခွင်ဝင်မှ တကယ့်လူ့ဘဝထဲ ရောက်လာတာပဲဟု ရီရီမှာ တွေးခဲ့မိ၏။ သို့သော် ဒါတွေကို ရီရီမှာ ကျော်လွှားရမှာပဲ။ ရီရီမှာ့ ရည်ရွယ်ချက်က ကိုယ့်တစ်ယောက်စာ စရိတ်စကကို မေမေ့ကို ဒုက္ခမပေးရဘဲ ရှေ့တက်လမ်းကို လှမ်းနိုင်ဖို့ပင်။

'ဟော၊ ဒီကလေးနှစ်ယောက် ဘယ်သွားဦးမလို့လဲ'

အခန်းထဲ ဝင်မိလျှင်ပင် ဦးမြဖေက ရင်းနှီးစွာ လှမ်းပြောလိုက်သည်။ သွဲ့သွဲ့အေးသည် သွက်လက်စွာပင် စားပွဲနားသို့ လှမ်းသွားသည်။

'မေမေရယ်လေ၊ ကောင်းကောင်းနေမကောင်းလို့ လဟာပြင်မှာ ဆေးဝယ်ခိုင်းတယ်၊ ဖေဖေ့ရုံးက ကောင်လေးတွေခိုင်းရင် ဖြစ်လျက်သားနဲ့ သမီးကိုပဲ အပူကပ်ချင်တာ'

သွဲ့သွဲ့အေး၏ အကြောင်းပြချက်များက တစ်နေ့လျှင် တစ်မျိုး မရိုးနိုင်ပေ။

'ဟောဒီ ကောင်မလေးကကော'

ရီရီမှာ့ဘက်လှည့်ကာ ခပ်ပြုံးပြုံးမေးသည်။ ရီရီမှာ သည်လူကြီး၏ အပြုံးကို အစကတည်းက မနှစ်သက်။ ယခု ပို၍ပင်မကြိုက်တော့။ သူ့သတင်းအချို့ကို ပါးစပ်ပေါင်း တစ်ထောင်ရှိသော ရုံးသူရုံးသားများဆီမှ ကြားခဲ့ရပြီ ဖြစ်သည်။

''ထုံးစံအတိုင်း အဖော်ပေါ့ ဆရာရယ်၊ ဖေဖေကလေ တစ်ယောက်တည်း အပြင်မထွက်ရဘူး မှာထားလို့'

www.burmeseclassic.com

www.burmeseclassic.com


ဦးမြဖေသည် စာရွက်ကိုဆွဲကာ လက်မှတ်မထိုးသေးဘဲ တစ်နေရာသို့ တယ်လီဖုန်း ဆက်နေလိုက်သေးသည်။ သူတို့နှစ်ယောက်ကို ခေတ္တထိုင်စောင့်ရန် လက်ကာပြသည်။ သွဲ့သွဲ့အေးက အေးအေးဆေးဆေး ဝင်ထိုင်ပြီး စားပွဲပေါ်မှ နယူးဝိခ် စာအုပ်ကို လှန်လှောနေသည်။ ရီရီမာ စိတ်မရှည်စွာ စောင့်နေရသည်။ ဖေဖေ့ရုံးကို တစ်ခေါက်ရောက်ဖူးစဉ် ဖေဖေသည် တယ်လီဖုန်းလာလျှင် တိုတိုတုတ်တုတ် အကြောင်းပြန်တတ်တာ သတိရသည်။

ဟဲ ဟဲ ဟဲ၊ အင်း၊ ဟုတ်လား၊ ဒါပေါ့ ဒါပေါ့နှင့် တယ်လီဖုန်းကို ခပ်ကြာကြာလေး ပြောနေသေးသည်။ နောက်ဆုံး 'ကောင်းပြီ၊ ကောင်းပြီ၊ တွေ့ကြသေးတာပေါ့'ဟု အဆုံးသတ်ကာ တယ်လီဖုန်းကို ညင်သာစွာ ချလိုက်သည်။

ရီရီမာ သက်ပြင်းလေး တိတ်တခိုး ချမိသည်။

'ဘယ့်နှယ်လဲ၊ မမတစ်ယောက်ကော နေကောင်းရဲ့လား၊ မတွေ့ရတာ ကြာပြီ'

စာရွက်ပေါ်မှာ လက်မှတ်ထိုးပေးရင်း ရီရီမာ့ဘက် လှည့်ကာ မေးလိုက်သည်။ ရီရီမာက အလိုက်သင့်ပြုံးကာ ခေါင်းညိတ် ပြလိုက်၏။ ရုံးကိုရောက်မှ ရီရီမာသည် ပြုံးတတ်သောအကျင့်ကိုလည်း ရခဲ့သည်။ မည်သို့သော အပြုံးမှန်းတော့ သူ့ကိုယ်သူ သရုပ်မခွဲတတ်ပေ။ ပုံစံ မမှန်မှန်းတော့ သိသည်။

'ဒီနှစ် ဆယ်တန်း ဖြေမလို့ဆို'

'ဟုတ်ကဲ့ ဆရာ'

'ဘယ်ကျူရှင် တက်မှာလဲ'

'မသိသေးပါဘူး'

www.burmeseclassic.com

www.burmeseclassic.com


'အင်း ကျူရှင်ခနဲ့၊ ကားခနဲ့၊ လခမှကျန်ပါတော့မလား'

ရီရီမာ ပြုံးနေပြန်သည်။

'မကျန်လဲ ဘယ်တတ်နိုင်မှာလဲဆရာရဲ့၊ ဆရာတို့လို လခကောင်းတဲ့ အရာရှိ သားသမီးမှ မဟုတ်တာ'

သွဲ့သွဲ့အေးက မေးလေးငေါ့၍ ဝင်ပြောဏ်။

'ညည်းအဖေလောက် လခမကောင်းပါဘူးအေ၊ ရီရီမာတို့ အဖေ ကလဲ မလုပ်ချင်လို့ပါ၊ သူ့အရည်အချင်းနဲ့ ဒီထက်ကောင်းတဲ့နေရာ ရောက်နိုင်ပါတယ်၊ မဟုတ်ဘူးလား'

ရီရီမာ ပြုံးလိုက်မိဏ်။

ဒီတစ်ခါတော့ တကယ်ပြုံးခြင်းဖြစ်သည်။ ဖေဖေကတော့ ဘယ်တော့ မှလဲ လခကောင်းမှာ မဟုတ်ပါဘူး။ ဖေဖေသာ ဒီလိုနေရာမျိုးမှာ ရောက် နေရင်လဲ ရုံးကိစ္စ မဟုတ်တဲ့အကြောင်းတွေကို တယ်လီဖုန်းထဲမှာ အကြာကြီး ပြောနေမှာ မဟုတ်ဘူး။ ရုံးက ကောင်မလေးတွေကိုလည်း အကြာကြီး စကားလက်ခံပြောနေမှာ မဟုတ်ဘူးဟု တွေးမိသောကြောင့် ဖြစ်လေသည်။

သွဲ့သွဲ့အေးက ခပ်ထေ့ထေ့လေး စကားဆက်နေပြန်သည်။ ဦးမြဖေက တဟဲဟဲ ရယ်နေဏ်။ ရီရီမာက သတိပေးသည့်သဘော သက် ရောက်အောင် လက်မှတ်ထိုးပြီးသား စာရွက်ကို လှမ်းယူသည်။ ကုလားထိုင်မှ ထမည့်ဟန်ပြုသည်။ သည်တော့မှ သွဲ့သွဲ့အေးက နေရာမှ ထသည်။ အခန်းထဲကထွက်လာကြသည်ကို အခန်းပြင်ဘက်က စာရေးမလေးတွေက ကြည့်နေသည်။ သူတို့ဘာသာ ဘာကြောင့်ပဲကြည့်ကြည့် ရီရီမာ ရှက်ရွံ့သလို ဖြစ်မိပြန်လေသည်။

ထုံးစံအတိုင်း သွဲ့သွဲ့အေးက အင်္ကျီချုပ်ဆိုင်သို့သွားသည်။ ရက်ချိန်း မမှန်သော စက်ဆိုင်ကို သွဲ့သွဲ့အေးနည်းတူ ရီရီမာ စိတ်ဆိုးမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com


သည်လိုသာ အခေါက်ခေါက်အခါခါ လာနေရလျှင် မခက်ပါလား၊ သို့သော် သူတို့နည်းတူ ရုံးဝတ်စုံနှင့် မိန်းကလေးပေါင်းများစွာ ဗိုလ်ချုပ်ဈေးထဲမှာ လူးလာခတ်နေသည်ကို မြင်ရတော့ စိတ်သက်သာရာ ရသွားသလိုလိုရှိသည်။

သွဲ့သွဲ့အေးသည် အင်္ကျီရွေးပြီးနောက် ဈေးကို တစ်ပတ်ပတ်နေလိုက်သေးသည်။ အထည်အဆင်ဆန်းများကိုကြည့်ရင်း သွဲ့သွဲ့အေးက လခထုတ်လျှင် ဝယ်ပစ်မည်ဟု ကြုံးဝါးနေသော်လည်း ရီရီမာကတော့ သူနှင့် ဘာမျှမဆိုင်သလို ခံစားရသည်။ ရီရီမာလည်း မိန်းကလေးငယ်ရွယ်သူမို့ ဝတ်ချင်စားချင်စိတ် ရှိသည်ပင်။ သို့သော် မီးဖိုချောင်ထဲမှာ ချွေးတလုံးလုံးနှင့် ချက်ပြုတ်စီမံနေသော မေမေ့ကို မြင်ယောင်ပြီး သည်စိတ်တွေကို ချိုးနှိမ်ရ၏။ လခထုတ်လျှင် မေမေ့ကို ရှုသားစလေးတစ်စ ဝယ်ပေးမည်ဟု စိတ်ကူး၏။

ဈေးကပြန်ရောက်တော့ ရုံးပေါ်မှာ ထမင်းစားကြသည်။ ထမင်းစားပြီး အမျိုးသမီးအချို့ စကားဝိုင်းဖွဲ့ကြ၏။ သွဲ့သွဲ့အေး၏ အသံလေးက ညံစီနေသည်။ အရာရှိသမီး၊ ဘွဲ့ရပြီးသား၊ ရုပ်ရည်ချောမောသူ သွဲ့သွဲ့အေး၏ အပါးမှာ မျက်နှာလိုအားရ ဝိုင်းဖွဲ့နေသူကလည်း မရှား။ ရီရီမာတို့ ဌာနမှာ ခွင့်ကိစ္စ၊ လစာကိစ္စများကို ဆောင်ရွက်ပေးရသဖြင့် အလုပ် သိပ်မများလှ။ ရီရီမာကတော့ ပင်ကိုစိတ်ကိုက မနေတတ်၍ သူနှင့်ပတ်သက်ရာကို စောစောပြီးထားစေရန် ကုန်းလုပ်သည်။ သည်လိုလုပ်တော့လည်း အချို့က ချီးကျူးပေမင့် တချို့က မသိမသာ မဲ့ချင်သည်။ အလုပ်ဝင်စမို့ပါ။ ပညာ အရည်အချင်းက နည်းတော့ ပြုတ်သွားမှာစိုးမှာပေါ့တဲ့။ လူကြီးကို မျက်နှာလုပ်ချင်လို့တဲ့။

ရီရီမာ အလုပ်ခွင်ဝင်ရခြင်းသည် အမိရင်ခွင်ထဲမှ ငှက်ကလေးတစ်ကောင် ကျယ်ပြန့်သော လောကကြီးထဲသို့ ရုတ်တရက် ဝင်ရောက်သွားသည်နှင့် တူလှတော့သည်။

\+ \+ \+

www.burmeseclassic.com

www.burmeseclassic.com


ရန်ကုန်မြို့ပေါ်မှာ ဘတ်စ်ကားကျပ်သည့်အကြောင်းကိုပြောလျှင် ပင်လယ်ထဲမှာ ရေရှိသည်ဟု ပြောသည်နှင့် အတူတူပင်ဖြစ်ပေမည်။ အထူးအဆန်းကိစ္စတစ်ရပ် မဟုတ်တော့။ မေမေက လမ်းစရိတ်သာသာ ထည့်ပေးလိုက်သော ပိုက်ဆံမျှသာ ပါသည်ဆိုသော်လည်း သားရေအိတ် ကလေးကို ရင်ခွင်မှာ ဖိကပ်ထားမိ၏။ အနည်းဆုံးသားရေအိတ်အခွဲခံရလျှင် သားရေအိတ်အသစ် ဝယ်နေရမည်။ ရုံးက မိန်းကလေးတချို့ သားရေအိတ်အခွဲခံရပေါင်းများသဖြင့် အသစ်မဝယ်ဘဲ ဖာထေး၍ သုံးကြသည်ကိုတွေ့ရသည်။ ချုပ်ရာတွေများလာတော့ 'ကင်းခြေများဒီဇိုင်း' ဟု နာမည်ပေးကြသည်။

ကားမှတ်တိုင်ကနေပြီး အိမ်ကို ခပ်သုတ်သုတ်လမ်းလျှောက်ရ၏။ ရီရီမာအတွက် အချိန်ပို သိပ်မရှိလှ။ လေးထပ်တိုက်ကို အပြေးအလွှားတက်ပြီး အိမ်ထဲရောက်ရောက်ချင်း ထမင်းဘူးနှင့် သားရေအိတ်ကို ပစ်ချလိုက်သည်။ ရေတစ်ခွက်ကိုခပ်ကာ တစ်ဝကြီးသောက်သည်။

'စာရေးမကြီး ပြန်လာပြီ'

မောင်ငယ်က လှမ်းစသည်။ ညီမလေးက ညနေကျောင်းဆိုတော့ အိမ်ပြန်မရောက်သေး။

'မေမေရေ ဘာဟင်းချက်လဲ'

ရီရီမာက မီးဖိုထဲကို လှမ်းအော်ကာ မေးသည်။ မေမေကတော့ ရယ်စရာလည်း ကောင်းသည်။ ဘာမျှ ဖွယ်ဖွယ်ရာရာ မချက်ဘဲနှင့်ကို မီးဖိုထဲက ထွက်ရသည် မရှိ။ တစ်ခါတစ်ခါတော့ မေမေက ပြောသည်။

'ဟဲ့၊ အသားဆီပြန်ဟင်းတစ်ခွက်ချက်ရတာ မြန်တယ်ဟဲ့၊ ကရိကထမများဘူး၊ ဟင်းရွက်သင်ရ၊ ငါးပိချက်ရ၊ ပဲပုပ်ထောင်းရနဲ့ အဲဒါတွေက ကြာတာ'

www.burmeseclassic.com

www.burmeseclassic.com


အိမ်မှာ ပုံးရည်ကြီးတို့၊ ပဲပုပ်တို့၊ ငါးပိချက်တို့ကို အားထားစားရတတ်သည်။ ထိုဟင်းလျာများက အသားမပါသော်လည်း ထမင်းမြိန်စေ၏။ ဖေဖေက သွေးတိုးတတ်တော့ ဒန့်သလွန်ရွက်ကိုလည်း ဟင်းချိုချက်ပေးရတတ်ရာ ဆားပေါ့သော ဟင်းရည်ချိုချိုကို အားလုံး ဝိုင်းသောက်ကြလေသည်။

'ပဲကြီးနဲ့ ဆူးပုပ်နှပ်တယ် သမီး၊ သရက်သီးဆားရည်စိမ်လေးနဲ့ စားသွားမလား'

ရီရီမာ မေမေ မမြင်သာအောင် နှာခေါင်းရှုံ့လိုက်မိသည်။ ပဲကြီးကို ဖေဖေတို့ မေမေတို့ကသာ အညာမှာကြီးပြင်း၍ ကြိုက်နှစ်သက်သော်လည်း ရီရီမာကတော့ ခံတွင်းမတွေ့ပေ။ အညာမှာလိုလည်း ဆီနိုင်နိုင်နှင့် ချက်နိုင်သည် မဟုတ်။ တစ်ယောက်တည်းစားသွားရမှာထက်စာလျှင် ကျူရှင်က ပြန်လာမှ မောင်နှမတွေနှင့် စကားဝိုင်းဖွဲ့စားလျှင် ကောင်းမည်ဟု တွက်လိုက်သည်။

'ပြန်လာမှ စားမယ် မေမေ၊ မေမေ့သမီး ပြန်လာရင် သမီး ပြန်လာမှ စားလို့ ပြောလိုက်ပါ'

ရီရီမာသည် ရုံးဝတ်စုံကို လဲလှယ်ပြီး လွယ်အိတ်လွယ်ကာ ပြန်ထွက်ခဲ့သည်။ တက်ထရွန်လုံချည်ပြောင်နှင့် ရှပ်အင်္ကျီအကွက်သေးသေးဝတ်လိုက်တော့ ရီရီမာသည် ကလေးတစ်ယောက်အသွင်ပြောင်းကာ သွက်လက်ပေါ့ပါးသွားသည်။ အကြီးဆုံးမို့သာ ဦးဆောင်ရသော်လည်း ရီရီမာ နုနယ်ငယ်ရွယ်သေးတာကို တွေးမိပြီး ဒေါ်သင်းကြည် မကြာခဏ ကရုဏာသက်စွာ ငေးကြည့်မိတတ်သည်။ ယခုတော့ လှမ်း၍ မကြည့်အားတော့ပေ။ သားသမီးတွေ ထမင်းမြိန်စေရန် ငါးပိကို အဖျော်ကောင်းကောင်းလေး စီမံနေရသောကြောင့် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com


ရီရီမာသည် လှေကားမှ ခပ်သွက်သွက်ကလေး ပြေးဆင်းခဲ့၏။ လမ်းထိပ်က ကွမ်းယာဆိုင်မှာ ငှက်ပျောသီးတစ်လုံးကို ပြားသုံးဆယ်ပေးကာ ဝယ်လိုက်ပြီး လမ်းလျှောက်ရင်း အခွံနွှာစားသွားသည်။ ကျူရှင်ကိုရောက်မှ ရေတစ်ခွက်ကို ဦးစွာသောက်၏။

နာမည်ကြီးကျူရှင်မဟုတ်သော်လည်း ဆရာကတော့ စေတနာကောင်းပါသည်။ ရာထူးအသင့်အတင့်ရှိသော လူတစ်ယောက်၏သား။ ဘွဲ့ရပြီး ရုံးတစ်ရုံးမှာ အလုပ်လုပ်သည်။ ဝင်ငွေအပိုရှာသည့်အနေထက် ဝါသနာပါ၍ဟု အကြောင်းပြကာ လူလေးငါးဆယ်ယောက်နှင့် ကျူရှင်လေးဖွင့်ထားခြင်းသာ ဖြစ်သည်။ အသော့အထေ့ ပြက်လုံးတွေ နားမထောင်ရသော်လည်း စိတ်ရှည်လက်ရှည်ရှင်းပြသဖြင့် ရီရီမာတို့ လူငယ်တစ်သိုက်ကတော့ သဘောကျသည်။

'ဘယ်လိုဖြစ်နေတာလဲ၊ ရေတွေချည်း ဖိသောက်နေ'

နောင်နောင်သည် ရီရီမာ့ကို အမြဲစောင့်ကြည့်နေသူ ဖြစ်၏။ ရီရီမာတို့တိုက်နှင့် တစ်တိုက်ကျော်က ဖြစ်လေသည်။ တစ်ယောက်ချင်းတွေ့လျှင် အေးဆေး၍ ခင်မင်စရာကောင်းသေးသော်လည်း အပေါင်းအသင်းနှင့်အုပ်စုဖွဲ့နေသောအခါတွင်တော့ နောက်ရာ ပြောင်ရာမှာ ရဲတင်းလှသူ ဖြစ်သည်။

'ရေငတ်နေတာကိုး ဟ'

ရီရီမာသည် ရှေ့ဆုံးခုံမှာ သွားထိုင်၏။ တိုက်ခန်း၏ မျက်နှာစာလေးကို ကွယ်၍ အခန်းဖွဲ့ထားသော စာသင်ခန်းကလည်း ကျယ်ဝန်းလှသည် မဟုတ်ပေ။ နောင်နောင်သည် ရီရီမာ့နောက်မှာ လာထိုင်၏။

'ရီရီမာ၊ နင်အခု အလုပ်လုပ်နေပြီဆို'

လူမစုံသေးပေ။ ရီရီမာသည် ဗလာစာအုပ်တစ်အုပ်ကို ထုတ်ကာ ယပ်ခတ်နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com


'ဟော့၊ ငါ မေးနေတာ မကြားဘူးလား'

'သြော်၊ အေး'

'နင် ဘာလို့ အလုပ်လုပ်ရတာလဲ၊ အလုပ်မရှိဘဲနဲ့တောင် မအောင်ဘဲနဲ့ဟာ'

နောင်နောင်သည် သူ့စိတ်နှင့် နှိုင်းပြောခြင်းဖြစ်၏။ နောင်နောင့်အဖေသည် လခနည်းလှသူမဟုတ်ပေ။ နောင်နောင်က တစ်ဦးတည်းသောသားလည်းဖြစ်၍ ပူစရာ မရှိလှ။ သို့သော် နောင်နောင် ဆယ်တန်းဖြေနေသည်မှာ သုံးနှစ်ရှိပြီ။ လမ်းထိပ်က လက်ဖက်ရည်ဆိုင် သို့မဟုတ် တိုက်လှေကားရင်းမှာ နောင်နောင်တို့ လူသိုက်ကို ဂစ်တာနှင့်သော်လည်းကောင်း၊ အသားလွတ်ကြီးသော်လည်းကောင်း ထာဝစဉ် ဝိုင်းဖွဲ့နေသည်ကို တွေ့ရတတ်သည်။

ရီရီမာက ခပ်ပြတ်ပြတ်ပြောလိုက်လေသည်။ တခြားမိန်းကလေးများရောက်လာကြ၍။

'မအောင်လဲ ဘယ်တတ်နိုင်မလဲ'

'ငါက နင်အလုပ်လုပ်တာ မကြည့်ရက်လို့ ပြောတာပါဟယ်'

နောင်နောင် နောက်နားက ကပ်၍ပြောသည်။ တစ်ရပ်ကွက်တည်းအတူနေလာသည်မို့ နောင်နောင့်ကို ခင်မင်ခဲ့သော်လည်း ယခုတလောနောင်နောင့် အပြုအမူတွေ ရဲတင်းနေ၍ ရီရီမာ စိတ်တိုရလေသည်။

'နောင်နောင်၊ နင် ငါ့နောက်ကထိုင်ရင် အေးအေးဆေးဆေး ထိုင်နော်၊ စကား သိပ်မပြောနဲ့၊ ဆရာပြောတာ ဘာမှ မကြားရဘူး'

အခန်းကျဉ်းလေးထဲမှာ လူစုံလာ၏။ ရုံးကပြန်ရောက်ပြီး ခေတ္တနားနေပုံရသော ဆရာလည်း အခန်းထဲဝင်လာသည်။

ဆရာသည် ဆယ်တန်းကို သုံးလေးနှစ် အတွေ့အကြုံရှိပြီးသော တပည့်များအတွက် အရေးကြီးမည်ထင်ရသော ပုစ္ဆာများကို ရှင်းလင်း

www.burmeseclassic.com

www.burmeseclassic.com


တွက်ပြလေသည်။ ရီရီမာ ရုံးမှာလည်း အေးအေးဆေးဆေး ထိုင်မနေခဲ့ရ။ ဗိုလ်ချုပ်ဈေးကို ပတ်ခဲ့ရသဖြင့် မောနေသည်။ ဗိုက်ကလည်း ဆာနေသည်။ ဆရာ့အသံကလည်း တိုးသည်။ နောက်က နောင်နောင်ကလည်း တိုးတိုး တိုးတိုး ပြောနေသည်။ ဘာတွေမှန်းမသိ။ ပင်ပန်းနွမ်းနယ်လာသည်။ အိပ်ငိုက်ချင်လာသည်။

သို့သော် သည်နှစ် ဆယ်တန်းအောင်မှဖြစ်မည်ဟူသော စိတ်ဓာတ်ဖြင့် မျက်လုံးကို ကြိုးစား၍ဖွင့်ပြီး နားကိုလည်း အစွမ်းကုန် စွင့်ထားလိုက်လေသည်။

\+ \+ \+

'မမအေးက ခင်လို့ သတိပေးတာနော်၊ တစ်မျိုးမထင်ပါနဲ့'

'မထင်ပါဘူး မမအေးရယ်၊ မထင်ပါဘူး'

ရီရီမာ သက်ပြင်းလေးကို ခိုး၍ရှိုက်မိသည်။ ခက်သည်က သွဲ့သွဲ့ အေး သွားစရာရှိလျှင် မည်သည့်အခါမျှ တစ်ယောက်တည်း မသွားတတ်။ သူ့မှာ သွားစရာ လာစရာ ကိစ္စတွေကလည်း များပါဘိ။ အပြင်သွားတာက ထားဦး၊ ဟိုအခန်းထဲကို အကြောင်းမဲ့ သွားသွားနေတာ ခက်သည်။ သူ သွားတိုင်းလည်း ရီရီမာကို လက်တို့ခေါ်သည်။ အထဲရောက်တော့လည်း ဘာမျှမဟုတ်။ အလုပ်အကြောင်းမေးသလိုလိုနှင့် ဟိုအကြောင်း၊ သည် အကြောင်းရောက်သည်။ ဦးမြဖေက ဖြူဖြူချောချော။ မိန်းကလေးများ သဘောကျလောက်သည့် ရုပ်မျိုးပဲ။ အသက်ကြီးပေမင့် အရွယ်တင်သည်။ သူ့မိန်းမနှင့် အိမ်ထောင်ရေးအဆင်မပြေကြောင်း ရုံးမှာ သတင်းဖြစ်နေသည်။

'အဲဒါ တမင်ကြေညာနေတာ'

www.burmeseclassic.com

www.burmeseclassic.com


မမအေးက တိုးတိုးပြောသည်။

'ခက်တယ် မမအေး၊ မာ့ကိုလဲခဏခဏ ခေါ်ပြီး စာတွေပြင်ခိုင်းတယ်၊ သူ မခေါ်လဲ သွဲ့က ခေါ်လို့ ပါသွားပြန်ရော၊ မာတို့နှစ်ယောက်က လူသစ်ဆိုတော့ သူများပြောချင်စရာ ဖြစ်နေမှာပဲ'

'သွဲ့ကိုတော့ သူ့အရှိန်အဝါနဲ့ လူတွေက မပြောရဲကြဘူး'

မမအေးက မရဲတရဲပြောပြန်သည်။ မမအေးပြောသည့် အဓိပ္ပာယ်ကို ရီရီမာ နားလည်သည်။ မြေနိမ့်ရာ လှံစိုက်တတ်ကြသည်ပဲ။ ရီရီမာကလည်း မိဘအရှိန်အဝါကို ထုတ်ဖော်သုံးစွဲတတ်သူ မဟုတ်။ ဖေဖေက လက်ရှိရာထူးအဆင့်အတန်းအားဖြင့် ဩဇာအာဏာ ကြီးမားလှသည်မဟုတ်သော်လည်း နာမည်ကိုပြောလိုက်လျှင်တော့ လေးစားလောက်သည့် ပုဂ္ဂိုလ်တစ်ယောက်မှန်း သိနိုင်သည်သာ။

'မာကတော့ အလုပ်ဝင်ရင် အလုပ်အကြောင်းပဲသိရမယ်၊ ကိုယ့်အတွက်လဲ ကိုယ်ပိုင်ဝင်ငွေလေးရမယ်၊ ဒီလောက်ပဲ တွက်ထားခဲ့တာ၊ အလုပ်ထဲရောက်တော့ သိစရာအကြောင်းတွေက များလိုက်တာလွန်ရော၊ ဒါပေမယ့်လဲလေ အိမ်ရောက်တော့လဲ ဒီအကြောင်းတွေ မတွေးအားတော့ပါဘူး၊ ကျူရှင်တက်ရ၊ စာကျက်ရနဲ့ ပင်ပန်းလွန်းလို့ စာအုပ်ကိုင်ရင်း အိပ်ပျော်သွားတာချည်းပဲ'

မမအေးက ကြင်နာစွာ ပြုံးသည်။

'မမအေးလဲ သတိထားမိပါတယ်ကွယ်၊ အခု အသစ်ဝင်လာတဲ့ မိန်းကလေးတွေထဲမှာ မာက အသက်ငယ်ပေမယ့် လူကြီးလေးလိုပဲ၊ စဉ်းစားတတ်တယ်၊ တချို့က အပေါ်ယံလေးတင်ကြည့်ပြီး အထင်သေးချင်ကြတာ'

'ကျေးဇူးပဲ မမအေးရယ်၊ မာလဲ လူတွေ အပြောလွတ်အောင်ထက် ကိုယ့်ဘာသာ အနေမှန်ဖို့ပဲ ကြိုးစားတော့မယ်'

www.burmeseclassic.com

www.burmeseclassic.com


ပြောသာ ပြောရသည်။ သက်ပြင်းကိုတော့ တိတ်တိတ်လေး ရှိုက်မိသည်။

ဘဝကို စတင်ရင်ဆိုင်တိုက်ခိုက်ရခြင်းသည် စောလွန်းနေသလား။

\+ \+ \+

'သမီးလဲ အလုပ်လုပ်ချင်တယ် မေမေ'

နီနီမာကို အားလုံးက ဝိုင်းကြည့်ကြသည်။ နီနီမာသည် ခပ်တည်တည်နှင့် မည်သူ့ကိုမျှ မကြည့်ဘဲနေသည်။ မေမေက ထမင်းလုတ်ကို လက်ဖြင့် သိမ်းပြီးမှာ ပါးစပ်ထဲမထည့်သေးဘဲ နီနီမာ့ကို အံ့သြစွာ ငေးကြည့်နေသည်။

နီနီမာ ကလေးဆန်မှန်း၊ ဆိုးတတ်မှန်းတော့ တစ်အိမ်လုံးက သိသည်။ တစ်စုံတစ်ခုကို မကျေနပ်လျှင် ပထမ စကားမပြော ဆောင့်အောင့်နေမည်။ သို့မဟုတ် ငြိမ်သက်မည်။ ထို့နောက် မည်သူမျှ အရေးမယူလျှင် သူ မကျေနပ်တာကို တစ်နည်းနည်းဖြင့် ထုတ်ဖော် ပြသတော့သည်။

ယခု နီနီမာ စကားစလိုက်ခြင်းသည်လည်း တစ်စုံတစ်ရာကို မကျေနပ်ကြောင်း ပြတော့မည်မှာ သိသာသည်။ နီနီမာသည် သည်နှစ်မှ ရှစ်တန်းဖြေရမည် ဖြစ်သည်။ ဘယ်လိုလုပ်ပြီး အလုပ်လုပ်လို့ ရမလဲ။

'နင်က ဘာလုပ်မလို့လဲ၊ ဖေဖေတို့ရုံးမှာတော့ သန့်ရှင်းရေးအလုပ်သမားတွေ လိုတယ်လို့ကြားတယ်'

စိုးပိုင်က နောက်တတ် ပြောင်တတ်သူ ဖြစ်သည်။ နီနီမာ မပြုံးမရယ်ဘဲ မောင်ငယ်ကို မျက်စောင်းဖြင့် ပစ်ထိုးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com


'လုပ်မယ် လုပ်မယ်၊ တံမြက်စည်းလှည်းတဲ့ အလုပ်ပဲရရ လုပ်မယ်၊ အိမ်မှာ အလုပ်မရှိတော့ မျက်နှာငယ်တယ်၊ ဖေဖေကလဲ အလုပ်လုပ်တဲ့သူမှ ချီးကျူးတယ်၊ မေမေကလဲ အလုပ်လုပ်တဲ့သူမှ ဦးစားပေးတယ်'

မေမေ မျက်နှာပျက်သွားသည်။ ရီရီမာသည် အလိုက်မသိတတ်သည့် ညီမကို မေမေ စိတ်ဆင်းရဲအောင် ပြောရပါမည်လားဟု မာန်မဲပစ်ချင်သော်လည်း နီနီမာသည် ပြောပြီးလျှင် ပြီးပြီးပျောက်ပျောက် ဖြစ်သွားတတ်သည်ကို သတိရကာ နွဲ့ဆိုးဆိုးသော ညီမကို ခွင့်လွှတ်လိုက်တော့သည်။

'ငါက ဘာတွေများ အခွင့်အရေးတွေ ပိုရနေလို့လဲအေ၊ ဘာလဲ ညည်းထမင်းဘူးထဲမှာ ဟင်းနည်းပြန်ပြီလား'

'ဒါလောက်ကတော့ ရိုးနေပါပြီ'

မေမေက ရီရီမာ့ကို လက်ကုတ်ပြီး အသာနေရန် ပြောလိုက်သည်။ နီနီမာသည် ထမင်းဝိုင်းမှ ခပ်ဆောင့်ဆောင့်လေး ထသွားသည်။ ဘာပဲဖြစ်ဖြစ် သူ မကျေနပ်ကြောင်းကို ပြသလိုက်ရပြီဖြစ်သဖြင့် သူ့ကိစ္စ ပြီးသွားပြီ ဖြစ်၏။

'အမေ့သမီး ဘာဖြစ်လို့လဲ'

ရီရီမာက တိုးတိုး မေးသည်။

'ကျောင်းဖွင့်စဆိုတော့ သူက လွယ်အိတ်အသစ်လိုချင်သတဲ့အေ၊ လွယ်အိတ်က အကောင်းကြီးရှိသေး၊ တစ်နှစ်တစ်လုံး ဘယ်ဝယ်နိုင်မလဲလို့ ပြောမိလို့'

ရီရီမာ သိလိုက်၏။ မေမေက ရီရီမာ့ လခထဲက ရီရီမာ့အတွက် ပလတ်စတစ်ခြင်းလှလှလေးတစ်လုံး ဝယ်ပေးသည်။ ထမင်းဘူးကြီး လက်က ကိုင်ပြီး ဘတ်စ်ကား တိုးစီးရသည်ကို အခက်အခဲတွေ့ရမည် စိုးသောကြောင့် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com


'ဝယ်ပေးလိုက်ပါ မေမေရယ်၊ အဟောင်းကို စိုးပိုင်အတွက်ထား လိုက်၊ သူက အစားစားရရင် ကျေနပ်တဲ့ကောင်'

'ရတယ် ရတယ်၊ သူ့လွယ်အိတ်တစ်လုံး ဝယ်မယ့်အစားဝက်သား တစ်ပိသာလောက်ဝယ်ပြီး ကောင်းကောင်းချက်စားလိုက်မယ်'

အိမ်မှာ မောင်နှမတစ်တွေနှင့် သည်လို ပြောဆိုနေထိုင်ရသည့် ဘဝကို တန်ဖိုးရှိမှန်း ယခုမှ ပိုသိလာရလေသည်။ မိသားစုကြားမှာ ကလေးလို အပူအပင်မရှိ နေရခြင်းသည် ပြင်ပအလုပ်ခွင်တွင် ကျင်လည်ရ သည်ထက် နှစ်သက်ဖွယ်ကောင်း၏။ သို့သော် မိသားစုပြဿနာကို တစ်ဘက်တစ်လမ်းမှ ကူညီဖြေရှင်းဖို့ အလုပ်ခွင်ကို ဝင်ခဲ့ရသည်ပင်။ နောက်ဆုံးတော့ ရုံးကိစ္စ ရုံးမှာထားကာ အိမ်ကိစ္စ အိမ်မှာဖြေရှင်းတမ်း ဟူသော စိတ်ကို မသင်ကြားရဘဲ မွေးမြူတတ်လာသည်။

'ဖေဖေကော ပြန်မလာသေးဘူးလား မေမေ'

'ရုံးဆင်းရင် သူ့အပေါင်းအသင်းတွေဆီ ဝင်ဦးမယ်ပြောတာပဲ၊ ထုံးစံအတိုင်း အာလူးပေးဦးမှာပေါ့'

'ပေးပါစေ မေမေရယ်၊ အစကတော့ ဖေဖေ ပြောတာတွေဟာ အပိုတွေချည်းပဲ ထင်ခဲ့တာ၊ ခုမှ တချို့ဟာတွေဟာ အတော့်ကို ဟုတ်ပါ လားလို့ သိလာရတယ်'

အငယ်နှစ်ယောက် အနားမှာမရှိတော့၍ သားအမိနှစ်ယောက်တည်း မီးဖိုခန်းလေးထဲမှာ ကျန်ရစ်သည်။ မေမေသည် ရီရီမာ့ကို အကြီးဆုံးသမီး ဖြစ်သည်နှင့်အညီ အစစအရာရာ တိုင်ပင်ရလေသည်။

'ဘာတွေများ ဟုတ်ရပြန်တာလဲ၊ ဆိုစမ်းပါဦး'

မေမေက ပန်းကန်တွေကို ဆေးကြောရင်း လှမ်းမေးသည်။

www.burmeseclassic.com

www.burmeseclassic.com


ရီရီမာက မေမေဆေးပြီးသား ပန်းကန်များကို စင်ပေါ်တင်ပေးရင်း သူ့ ခံစားချက်ကို မေမေနားလည်အောင် မည်သို့ပြောရပါလိမ့်ဟု စဉ်းစားနေလေသည်။ မေမေသည် ဖေဖေ့ကို အမြဲနှာခေါင်းရှုံ့၍ ရှုတ်ချတတ်သော်လည်း တကယ်တမ်း အထင်သေး နှိမ့်ချလိုခြင်း မဟုတ်ဟု နားလည်လာသည်။ တစ်ချိန်တုန်းက ဖေဖေ့ကို ကြည်ညိုလို့သာ အားလုံးကိုဆန့်ကျင်၍ ယူခဲ့သည် မဟုတ်ပါလား။

'ဖေဖေ ပြောပြောနေကျလေ၊ ဖောက်ပြန်တတ်တဲ့လူစားဆိုတာ'

'ဟေ'

မေမေက ကြီးကြီးကျယ်ကျယ်ပြောလိုက်သော ရီရီမာ့ကို လှမ်းကြည့်သည်။

'ဟုတ်တယ် မေမေရဲ့၊ အရင်တုန်းကတော့ ဖေဖေဟာ သူများကို တမင်တကာ ခွကန့်လန့်တိုက်ပြီး ရှုတ်ချနေတာလို့ ထင်မိတယ်၊ နောက်တော့မှ ဖေဖေ ဘာ့ကြောင့် ဒီလိုပြောတယ်ဆိုတာ သဘောပေါက်လာတယ်'

မေမေသည် နားဝေးလှသူတော့ မဟုတ်ပေ။ ရီရီမာ့စကားကို နားလည်သွားဟန်ဖြင့် ခေါင်းညိတ်သည်။ တစ်ဆက်တည်းမှာပင် သမီးအတွက် စိုးရိမ်ပူပန်သွားသည့် လက္ခဏာလည်း မြင်ရသည်။

'ဘယ်နေရာမဆို အလိုက်အထိုက်ကြည့်နေပေါ့ သမီးရယ်၊ ကိုယ်ကောင်းရင် ခေါင်းဘယ်မှမရွှေ့ဘူးလို့လဲ တစ်ဘက်သတ်မတွေးနဲ့ သမီး၊ တစ်ခါတလေတော့လဲ သူများအပြောလွတ်အောင်ကို နေပြရတာလဲရှိတယ်'

'ဟုတ်ကဲ့ပါ မေမေ'

သားအမိနှစ်ယောက်လုံး မည်သည်ကို ရည်ရွယ်၍ ပြောနေမှန်း သိနားလည်ကြသည်။

'သမီး အလုပ်လုပ်ရတာ ငယ်လွန်းပါတယ်ကွယ်၊ ဆယ်တန်းအောင်ပြီးရင် ထွက်လိုက်တော့၊ ကျောင်းကိုပဲ အေးအေးဆေးဆေး တက်'

www.burmeseclassic.com

www.burmeseclassic.com


မေမေ အစိုးရိမ်လွန်သွားလေပြီ။

'မထွက်ဘူး မေမေ၊ အခု မလုပ်လဲ နောက်လုပ်ရမှာပဲ၊ စောစော လုပ်တော့ စောစော အတွေ့အကြုံရတာပေါ့၊ သမီးအတွက် စိတ်မပူနဲ့'

မေမေသည် ခေတ္တငိုင်သွား၏။ ပြီးမှ ခပ်တိုးတိုးပြောသည်။

'ညည်းအဖေရှေ့တော့ ရုံးက အကြောင်းတွေ သိပ်မပြောနဲ့အေ'

\+ \+ \+

'သွဲ့ကတော့ သူ့ကို ခင်လို့ပါတဲ့၊ သွဲ့ကို ခုလို ရောင်ဖယ်ဖယ်လုပ်တာ နားမလည်ဘူးတဲ့၊ သွဲ့က အကျင့်စာရိတ္တပျက်နေတဲ့ မိန်းကလေးမို့လား တဲ့'

သွဲ့သွဲ့အေး၏ စိတ်နာစကားများကို တစ်ဆင့်ပြန်ကြားရသည်။ ရီရီမှာ အနေအထိုင် ဆင်ခြင်ရခြင်းသည် သွဲ့သွဲ့အေးနှင့် မိတ်ဆွေ ပျက်ပြားစရာ ဖြစ်လာရသည်။ သည်အတွက် ရီရီမှာ စိတ်မကောင်း။ သွဲ့သွဲ့အေးသည် ခင်မင်စရာတော့ ကောင်းသားပင်။ အထင်အမြင်လွဲမှားမှုအတွက် ရီရီမှာက ဖြေရှင်းနိုင်မည့် နည်းလမ်းကို ရှာသည်။ မတွေ့။

ရုံးတွင်းက သတင်းစကားတွေကလည်း ပျံ့နှံ့နေသည်။ ချဲ့ကားသည့် စကားတွေက မကြားဝံ့စရာ။ ရီရီမှာတောင်မှ အရှောင်ကောင်းလို့ လွတ်တာတဲ့။ ရုက်စရာလည်းကောင်းသည်။ ဝမ်းနည်းစရာလည်းကောင်းသည်။ မေမေ ပြောသလိုပင် ကိုယ်ကောင်းလျှင် ခေါင်းဘယ်မှမရွေ့ ဆိုသော်လည်း နုနယ်သော မိန်းကလေးတစ်ယောက်အတွက် ကြမ်းတမ်းလွန်းလှသည်။

သွဲ့သွဲ့အေးကတော့ ဘာကိုမျှ မမှု။ ရီရီမှာ့ကိုတောင် အရွဲ့တိုက် လိုက်ပြီး တစ်ယောက်တည်း လျှောက်သွားသည်။ ဝင်ချင်သည့်နေရာ ဝင်သည်။ ထွက်ချင်သည့်နေရာ ထွက်သည်။ ရီရီမှာကတော့ ဖားကိုလည်း မတုဝံ့ပေ။ တုလိုစိတ်လည်း မရှိ။ အိမ်မှာ မေမေ ဟင်းချက်စရာဖိုး

www.burmeseclassic.com

www.burmeseclassic.com


ပြေလည်ဖို့၊ ညီမလေးကို လွှယ်အိတ်အသစ် ဝယ်ပေးဖို့၊ မောင်လေးကို အသားဟင်းများများ ကျွေးနိုင်ဖို့လောက် စိတ်မလှုပ်ရှားပေ။

ရုံးရယ်၊ အိမ်ရယ်၊ ကျူရှင်ရယ်၊ သည်သုံးနေရာကို အကွက်စေ့အောင် ကူးသန်းရင်း သူ့ဘာသာ လုံးချာလိုက်သည်။

ရီရီမှာ စာမေးပွဲဖြေကာနီးတော့ ခွင့်ယူရ၏။ ကျူရှင်လောက်နှင့် စိတ်မချနိုင်ဘဲ အထူးသင်တန်းတွေ၊ မှတ်စုတွေ တကာရ ကျက်ရနှင့် ပင်ပန်းလှ၏။ သည်ကြားထဲမှာ ဖေဖေက သွေးတိုးပိုလာသဖြင့် မေမေက အနားယူသင့်သည်ဟု ယူဆကြောင်း ပြောသည်။ ဖေဖေ စကားကို ကျယ်လောင်ကျယ်လောင် သိပ်မပြောနိုင်တော့။ 'ငါ အနားယူရင် မင်းတို့ ဘာနဲ့သွားစားမလဲ' စိုးရိမ်ကြောင့်ကြသော စကားကို ပထမဆုံးအကြိမ် ဖွင့်ဆိုလေသည်။

မေမေက မရဲတရဲပြောသေး၏။

'မဝင်းကတော့ ခေါ်သား၊ ဘာမှ ပင်ပင်ပန်းပန်း မလုပ်ရပါဘူး၊ သူ့ဘေးက ကူရုံပါပဲ တဲ့'

မဝင်းဆိုသည်မှာ မေမေ့ အစ်မ ဖြစ်၏။ ဈေးရောင်းဖို့ခေါ်ခြင်း ဖြစ်ပေမည်။ ဖေဖေသည် ခါတိုင်းလို မေမေ့ကို ဒေါသတကြီး မအော်တော့။ ညာတာလာပုံ ရသည်။

'ငါ မသေခင် မင်း သားသမီးတွေ လက်လွှတ်ရင်တော့ မင်း ဘာပူစရာလိုသလဲကွာ၊ ဒါကြောင့် ငါ့ သားသမီးတွေကို ဘဝမှာ နေတတ် ထိုင်တတ်အောင် သင်ပေးနေရတာကွ၊ အထူးသဖြင့် စိတ်ဓာတ်ပဲ၊ လူငယ် ဆိုတာ စိတ်ဓာတ်မြင့်မြင့်ထားရတယ်၊ အလုပ်လုပ်ရမယ်၊ ငါတို့ခေတ်ထက် ပိုလုပ်ရမယ်၊ ခေတ်က ပြောင်းလဲလာတာနဲ့အမျှ လူဦးရေက တိုးပွားလာ တယ်၊ စရိတ်က ကြီးလာတယ်၊ နေစရာကျပ်တည်းလာတယ်၊ ဒီတော့ အစစအရာရာ ခက်ခဲကျပ်တည်းမှာပဲ၊ အဲဒါကို ကိုယ်နဲ့ ကိုယ့်မိသားစုလေး

www.burmeseclassic.com

www.burmeseclassic.com


ပြေလည်ရင်ပြီးရောဆိုပြီး ရသမျှ အခွင့်အရေး သိမ်းကျုံးယူတဲ့ သူဟာ အလကားလူပဲ၊ ဒီလိုလူမျိုးဟာ ဘယ်လိုပဲ စည်းစိမ်အာဏာနဲ့ နေရ နေရ အဓိပ္ပာယ် မရှိပါဘူး’

မေမေ မျက်နှာလွှဲစပြုသည်။ မေမေသည် ဖေဖေနှင့် ကာလများစွာ အတူနေခဲ့ရ၍ ဖေဖေ့ စကားများသည် သူ့အတွက် ရိုးနေပေမည်။

ဖေဖေ မောနေသည်။ သို့သော် ဖေဖေသည် သူပြောချင်ရာ ပြောရမည်ဆိုလျှင် ပြီးဆုံးအောင်ပြောရမှ ကျေနပ်သူဖြစ်၏။ ရီရီမာက ဖေဖေ့စကားကို စိတ်ဝင်စားကြောင်း ပြသရသည်။

‘ဖေဖေဟာ ရာထူးဂုဏ်ရှိန်နဲ့ ငွေကြေးအရတော့ အလကားဖြစ်ချင်ဖြစ်နေမယ်၊ ဒါပေမယ့် အလုပ်ဝတ္တရားကျေပွန်တဲ့၊ အခွင့်အရေးမယူတဲ့ နိုင်ငံသားတစ်ယောက်အနေနဲ့တော့ နိုင်ငံအတွက် တန်ဖိုးရှိအောင်နေခဲ့တယ် ဆိုတာ သားသမီးတွေ သဘောပေါက်စေချင်တယ်၊ ဖေဖေ့ သားသမီးတွေကိုလဲ ဒီလိုပဲ ဖြစ်စေချင်တယ်’

BURMESE CLASSIC .com

ဖေဖေ့ အသံသည် တိုးသွားသည်။

ရီရီမာကတော့ ဖေဖေ့ကို လေးစားစွာပင် ကြည့်နေပါသည်။ ဖေဖေ့ကို အပေါ်ယံအားဖြင့်ကြည့်လျှင် လူ့ခွစာကြီးဟု ထင်ကြသော်လည်း ရီရီမာ မထင်ရက်တော့။ ဖေဖေသည် သူရသမျှ ရာထူးလေးအတွက်ပင် အပြည့်အဝ စေတနာထားကာ ထမ်းဆောင်ပေးခဲ့သည်။ တချို့ တချို့သော လူတွေနှင့် နှိုင်းယှဉ်ပြီး ဖေဖေ့ကို ပိုလေးစားလာရလေ၏။

\+ \+ \+

ရီရီမာ စာမေးပွဲကို အထူးကြိုးစားပြီး ဖြေသည်။

သားသမီးသုံးယောက် စာမေးပွဲဖြေရေးအတွက် မေမေလည်း ပင်ပန်းလှသည်။ ဈေးကို ပိုပြီးနောက်ကျမှသွားသည်။ မီးဖိုထဲဝင်ချိန်က ပိုကြာ

www.burmeseclassic.com

www.burmeseclassic.com


လာသည်။ ထမင်းစားပွဲကတော့ ဖွယ်ဖွယ်ရာရာ ဖြစ်လာ၏။ သို့သော် မေမေသည် ဖေဖေ့အလစ်မှာ ဈေးက အစ်မဆီ သွားသွားနေတာကို ရီရီမာက သိနေသည်။

စာမေးပွဲ ဖြေနေသည့်အခိုက်မှာ ရီရီမာအားလုံးကို မေ့ထားလိုက်၏။ သည်စာမေးပွဲသည် ရီရီမာအတွက် ဘဝစာမေးပွဲလည်း ဖြစ်သည် မဟုတ်လား။

စာမေးပွဲပြီး၍ ရုံးပြန်တက်သည့်နေ့မှာ သတင်းထူးများကို ကြားရလေသည်။

ဦးမြဖေတစ်ယောက် တခြားဌာနကို ပြောင်းသွားသည်တဲ့။ သူကတော့ သူ့အကျိုးအတွက် သူလုပ်စရာရှိတာလုပ်ပြီး အချိန်တန်တော့ လိုရာရောက်အောင် တက်လှမ်းသွားတတ်သည့် သူပဲ။

သွဲ့သွဲ့အေးက အလုပ်သင်အရာရှိစာမေးပွဲ ဖြေဆိုအောင်မြင်သည်တဲ့။ နောက်ဆုံးသတင်းကတော့ ကောင်းသည်ဟု ဆိုရမည်လား မသိ။ ရီရီမာက ဌာနတွင်း မွမ်းမံသင်တန်းတစ်ခုကို တက်ရမည့်သူတွေထဲတွင် ပါသည်။ ပြီးလျှင် အလုပ်အားဖြင့်လည်း တစ်ဆင့်တက်နိုင်သည်။ နေရာအားဖြင့်လည်း တစ်နေရာသို့ ပြောင်းရွှေ့ရဖွယ်ရာရှိသည်။

ရီရီမာ အားမလျှော့ပါ။

စာမေးပွဲကိုလည်း သေသေချာချာ အောင်မြင်လိမ့်မည်ဟု မျှော်လင့်သည်။ အနာဂတ်သည် လင်းနေသည်။ မွမ်းမံသင်တန်းတက်ရလျှင်လည်း ပျော်စရာ ကောင်းတာပါပဲ။ တိုးတက်လာခြင်းပဲပေါ့။

သို့သော် တခြားနေရာ ပြောင်းရွှေ့ရလျှင် ဘယ်နေရာမျိုးကိုများ ရောက်လေမည်လဲ။ မေမေ့ကို ပြောပြလျှင်တော့ စိတ်ပူရှာပေလိမ့်မည်။ နယ်တွေ ဘာတွေများ ရောက်သွားလျှင် ဒုက္ခ။

www.burmeseclassic.com


ရီရီမာ သူ့အတွက် မပူသော်လည်း မေမေ့အတွက် စိတ်ပူ၏။ ရီရီမာသည် မေမေ့အတွက် တအားဖြစ်၏။ လ၏ အလင်းရောင်ရှိသော်လည်း ကြယ်လေးပါ လင်းလက်နေက ပိုကောင်းမည် မဟုတ်ပါလား။

ဆယ့်နှစ်လုံးတန်းက တိုက်ခန်းလေးထဲမှာ ဖေဖေ့ ဦးဆောင်မှုရယ်၊ မေမေ့ထိန်းသိမ်းမှုရယ်၊ ရီရီမာရဲ့ ကြိုးစားချက်ကလေးရယ် ပေါင်းစည်းကျားကန်ထားမှ မောင်လေး၊ ညီမလေးတွေအတွက်လည်း ပိုမိုအင်အားပြည့်နိုင်မည်။ ဒါမှလည်း ဖေဖေ့ အစဉ်အလာကို ရီရီမာတို့ မောင်နှမအားလုံး ထိန်းသိမ်းနိုင်မည်။ ရီရီမာတို့အတွက် အမွန်အမြတ်ပြုထားရမည့် အစဉ်အလာကို ချမှတ်ပေးခဲ့သည့် ဖေဖေ့ကိုလည်း ရီရီမာ ရင်ထဲက လှိုက်လှဲစွာ ကြည်ညိုလေးစားမိသည်။

BURMESE CLASSIC .com

မည်သို့သော အကြောင်းဖြင့်မှ ရီရီမာတို့ကို အရှက်မရစေခဲ့သော ဖေဖေ၊ သားသမီးတွေအတွက်လည်း ဖေဖေ အရှက်မရစေရဟု ရီရီမာ သန္နိဋ္ဌာန်ချမိလေသည်။

ဖေဖေပြောသလို ရီရီမာတို့ မောင်နှမတစ်တွေ အားလုံး လက်လွတ်သည်အထိ ဖေဖေလည်း အသက်ရှင်နေပါစေဦး။ ပြီးတော့ ဖေဖေပြောနေကျ စကားများထဲမှ 'လူတွေဟာ နိုင်ငံအတွက် အလုပ်လုပ်ကြရမယ်၊ နိုင်ငံကလဲ လူတွေအတွက် တာဝန်ယူရမယ်၊ ဒီလိုမှ မဟုတ်ရင်တော့' စသည် စသည်တို့ကို ကြားယောင်ပြီး ရီရီမာ အားတင်းလိုက်သည်။

ရုံးမှ သတင်းထူးကိုယူဆောင်၍ ဘတ်စ်ကားကို တိုးဝှေ့စီးရင်း ရီရီမာသည် သူတို့မိသားစု၏ ဘုံဗိမာန်လေးဆီသို့ ပြန်လာခဲ့လေသည်။

[ ရှုမဝ ။ ။ ဇွန်၊ ၁၉၈၂ ]

မိုးမိုး (အင်းလျား)

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ ၏

## စာပေ နှင့် ဘဝဖြစ်စဉ် မှတ်တမ်း

၁၉၄၄၊ အောက်တိုဘာ ၂၄ ။အမည်ရင်း ဒေါ်စန်းစန်းကို ဒိုက်ဦး မြို့၌ အဖ ဦးထွန်း၊ အမိ ဒေါ်မြရင် တို့မှ မွေးဖွားသည်။

၁၉၅၂ ။ဒိုက်ဦးမြို့ အစိုးရ အထက်တန်းကျောင်းတွင် စတင် ပညာသင်ကြားသည်။

၁၉၅၆ ။စတုတ္ထတန်း စကောလားရှစ်ဆု ရသည်။

၁၉၅၉ ။သတ္တမတန်း ကျောင်းသူဘဝတွင် ကဗျာများ စတင် ရေးသားသည်။ ကျောင်းစာကြည့်တိုက်နှင့် နံရံကပ် စာစောင် ကော်မတီများတွင် အမှုဆောင်အဖြစ် ဆောင် ရွက်ခဲ့သည်။

၁၉၆၀–၁၉၆၄ ။အထက်တန်းကျောင်းသူ ဘဝတွင် ခရိုင်အလိုက် စာစီစာကုံးပြိုင်ပွဲများ၌ ဆုရရှိခဲ့သည်။

၁၉၆၄ ။တက္ကသိုလ်ဝင်တန်း အောင်မြင်သည်။

၁၉၆၅ ။ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ်တွင် သင်္ချာ အဓိကဖြင့် တက်ရောက်သင်ကြားသည်။

၁၉၆၅၊ မတ် ။တိုင်းရင်းမေဂျာနယ်တွင် ရွက်လှပန်းလေး ကိုယ့်ဘဝ ကဗျာကို စတင် ရေးသားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

| | |
|---|---|
| ၁၉၆၈၊ ဇန်နဝါရီမှ နိုဝင်ဘာ | ။မြောက်ဥက္ကလာပမြို့နယ် အ၊ မ၊ က ၂၃ တွင် မူလတန်းပြ ဆရာမအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ |
| ၁၉၆၉၊ နိုဝင်ဘာ၊ ၆ | ။မျိုးညွန့် (စာပေလောက) နှင့် လက်ထပ်သည်။ |
| ၁၉၇၀၊ မေ | ။တိုင်းရင်းမေဂျာနယ်တွင် *ပြင်ဆင် ချယ်သ မျက်လုံးအလှ* ဆောင်းပါးကို စတင်ရေးသားခဲ့သည်။ |
| ၁၉၇၂၊ စက်တင်ဘာ | ။ငွေတာရီမဂ္ဂဇင်းတွင် *အိမ်နီးချင်း* အမည်ရှိ ပထမဦးဆုံး ဝတ္ထုတိုကို ရေးသားခဲ့သည်။ |
| ၁၉၇၂–၇၈ | ။မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၊ ပါတီ သုတေသန ဌာနခွဲတွင် သုတေသနလက်ထောက်အဖြစ် တာဝန် ထမ်းဆောင်ခဲ့သည်။ |
| ၁၉၇၄၊ အောက်တိုဘာ | ။*ပျောက်သောလမ်းမှာ စမ်းတဝါး* အမည်ရှိ ပထမဆုံး လုံးချင်းဝတ္ထုရှည်ကို ရေးသားခဲ့သည်။ ယင်းဝတ္ထုဖြင့် **၁၉၇၄ ခုနှစ် အမျိုးသားစာပေဆု** ရခဲ့ သည်။ |
| ၁၉၇၅၊ ဖေဖော်ဝါရီ | ။*ပွင့်တချို့ ကြွေတချို့* ကို ရေးသားခဲ့သည်။ |
| ၁၉၇၅၊ ဩဂုတ် | ။*ရွက်လှပန်း* ကို ရေးသားခဲ့သည်။ |
| ၁၉၇၆၊ မေ | ။*ငပလီဇာတ်လမ်း* ကို ရေးသားခဲ့သည်။ |
| ၁၉၇၆၊ အောက်တိုဘာ | ။*အချစ်ဆိုသောအရာ* ကို ရေးသားခဲ့သည်။ |
| ၁၉၇၇၊ မေ | ။*ဘယ်သူလာကူပါ့မယ်* ကို ရေးသားခဲ့သည်။ |
| ၁၉၇၈၊ ဧပြီ | ။*မှတစ်ပါးအခြားမရှိပြီ* ကို ရေးသားခဲ့သည်။ |
| ၁၉၇၈၊ ဇူလိုင် | ။*သဗ္ဗေသတ္တာ အဝေရာဟောန္တု* ကို ရေးသားခဲ့သည်။ |
| ၁၉၇၈၊ နိုဝင်ဘာ | ။*မှ တစ်ဆင့်* ကို ရေးသားခဲ့သည်။ |
| ၁၉၇၈ | ။*ပျောက်သောလမ်းမှာစမ်းတဝါး* ကို ရုရှား ဘာသာဖြင့် ထုတ်ဝေခဲ့သည်။ |

www.burmeseclassic.com

| | | |
|---|---|---|
| ၁၉၇၉၊ | ဩဂုတ် | ။*ရွှေတိဂုံကိုမြင်လျှင်* ကို ရေးသားခဲ့သည်။ |
| ၁၉၇၉၊ | ဒီဇင်ဘာ | ။*ငြိမ်းကိုရှက်ပါ* ကို ရေးသားခဲ့သည်။ |
| ၁၉၈၀၊ | ဧပြီ | ။*ဂျိုး* ကို ရေးသားခဲ့သည်။ |
| ၁၉၈၀၊ | ဇွန် | ။*မဂ္ဂဇင်းဝတ္ထုရှည်များ* ကို ထုတ်ဝေခဲ့သည်။ |
| | | ယင်းစာအုပ်ဖြင့် **၁၉၈၀ ပြည့်နှစ်၊ အမျိုးသား စာပေ ဝတ္ထုတိုပေါင်းချုပ်ဆု** ကို ရရှိခဲ့သည်။ |
| ၁၉၈၀၊ | အောက်တိုဘာ | ။*သမုဒ္ဒရာ ခုနစ်စင်း မြစ်မင်း တစ်ဆယ့်သုံးသွယ်* ကို ရေးသားခဲ့သည်။ |
| ၁၉၈၀ | | ။*ဘယ်သူလာ ကူပါ့မယ်* ကို ရုရှားဘာသာဖြင့် ပြန်ဆို ထုတ်ဝေခဲ့သည်။ |
| ၁၉၈၁၊ | ဖေဖော်ဝါရီ | ။*ကြွေမလိုနဲ့ဝေ ဝေမလိုနဲ့ကြွေ* ကို ရေးသားခဲ့သည်။ |
| ၁၉၈၁၊ | အောက်တိုဘာ | ။*ပန်းရိုင်းတစ်ရာ* ကို ရေးသားခဲ့သည်။ |
| ၁၉၈၁၊ | ဒီဇင်ဘာ | ။*ညီမလေးက အချစ်ကို ကိုးကွယ်သတဲ့လား* ကို ရေးသားခဲ့သည်။ |
| ၁၉၈၂၊ | ဖေဖော်ဝါရီ | ။*မသုမမွှေစာရီ* ကို ရေးသားခဲ့သည်။ |
| ၁၉၈၂၊ | မေ | ။*ဝတ္ထုတိုများ ၁* ကို ထုတ်ဝေခဲ့သည်။ |
| | | ယင်းစာအုပ်ဖြင့် **၁၉၈၂ ခုနှစ် အမျိုးသားစာပေ ဝတ္ထုတို ပေါင်းချုပ်ဆု** ရရှိခဲ့သည်။ |
| ၁၉၈၂၊ | စက်တင်ဘာ | ။*ဝေဒနာကြာနီပွင့်* ကို ရေးသားခဲ့သည်။ |
| ၁၉၈၂၊ | ဒီဇင်ဘာ | ။*သုံးလွန်းတင်မှကြိုး* ကို ရေးသားခဲ့သည်။ |
| ၁၉၈၂ | | ။*မှတစ်ပါး အခြားမရှိပြီ* နှင့် *ပျောက်သောလမ်းမှာ စမ်းတဝါး* တို့ကို ဂျပန်ဘာသာဖြင့် ထုတ်ဝေခဲ့သည်။ |
| ၁၉၈၃၊ | ဇွန် | ။*နာမကျန်းသည် အိုနှင်းဆီ* ကို ရေးသားခဲ့သည်။ |

www.burmeseclassic.com

www.burmeseclassic.com

| | |
|---|---|
| ၁၉၈၃၊ ဩဂုတ် | ။*မြန်မာပြည်မှာ နေကြသည်* ဝတ္ထုတိုများ စာအုပ်ကို ထုတ်ဝေခဲ့သည်။<br>*ကြွေရင် အတူတူကြွေမယ်* ကို ရေးသားခဲ့သည်။ |
| ၁၉၈၅၊ ဇွန် | ။*မီးရောင်အောက်ကိုဝင်လျှင်* ကို ရေးသားခဲ့သည်။ |
| ၁၉၈၅၊ အောက်တိုဘာ | ။*မေတ္တာကမ်းနား အချစ်သစ်ပင်* ကို ရေးသားခဲ့သည်။ |
| ၁၉၈၅၊ ဒီဇင်ဘာ | ။*ထိုနေ့က မီးမလာပါ* နှင့် *မိုးမိုး(အင်းလျား)* ၏ *မဂ္ဂဇင်း ဝတ္ထုရှည်များ* ကို ထုတ်ဝေခဲ့သည်။ |
| ၁၉၈၆၊ ဇူလိုင် | ။*ဝတ္ထုတိုများ ၂* ကို ထုတ်ဝေခဲ့သည်။ ယင်း စာအုပ်ဖြင့် **၁၉၈၆ ခုနှစ် အမျိုးသားစာပေ ဝတ္ထုတိုပေါင်းချုပ်ဆု** ရရှိခဲ့သည်။ |
| ၁၉၈၇၊ ဧပြီ | ။*ခံတက်နုကလေးတွေ ညှိုးချိန်တန်တော့* ကို ရေးသားခဲ့သည်။ |
| ၁၉၈၈ | ။**Afro-Asian Writers** မှ ထုတ်ဝေသော **Lotus** မဂ္ဂဇင်းတွင် *စကားမဆိုဝံ့အောင်* ဝတ္ထုတိုကို အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြခဲ့သည်။ |
| ၁၉၈၉၊ ဩဂုတ် | ။*အိမ်နီးချင်း* ဝတ္ထုတိုကို ဂျပန်ဘာသာဖြင့် Fujinno Tomo အမျိုးသမီး မဂ္ဂဇင်းတွင် ဖော်ပြခဲ့သည်။ |
| ၁၉၈၉၊ ဩဂုတ် မှ | ။စံပယ်ဖြူမဂ္ဂဇင်း တာဝန်ခံအယ်ဒီတာအဖြစ် |
| ၁၉၉၀၊ မတ် | ဆောင်ရွက်ခဲ့သည်။ |
| ၁၉၉၀၊ မတ် ၁၃ | ။ကွယ်လွန်သည်။ |

www.burmeseclassic.com

www.burmeseclassic.com

ခင်စိုး၊ မိုးကျော်၊ မတာ၊ မည်သို့ပြော၊ ရီရီမာ
မြန်မာပြည်မှာနေကြသည် အမည်ရှိ ဝတ္ထုတိုများ
[illegible]မှာ ၁၉၈၀ မှစတင်၍ ၁၉၈၂ အထိ
လအလိုက်ထုတ်မဂ္ဂဇင်းများတွင် ရေးသားခဲ့သည့်
မြန်မာပြည်အတွင်းရှိ လူငယ်များ၏ လှုပ်ရှား
ရုန်းကန် နေထိုင်ကြပုံကို ထင်ဟပ် ပေါ်လွင်စေရန်
ကြိုးပမ်းထားသည့် ဝတ္ထုများဟု ဆိုနိုင်ပေသည်။

BURMESE CLASSIC .com

ခင်စိုး၊ မိုးကျော်၊ မတာ၊ မည်သို့ပြော၊ ရီရီမာ

# မြန်မာပြည်မှာနေကြသည်

**မိုးမိုး(အင်းလျား)**

www.burmeseclassic.com